ဗုဒ္ဓမြတ်စွာသာသနာ
ပွင့်ကာပြုခဲ့သည်

# မဇ္ဈိမဉာဏ် သိဘို့ရန်

- ရှုကွက် = သတိပဋ္ဌာန်
- ရှုဉာဏ် = မဂ္ဂင်
- လမ်းကြောင်း = မဇ္ဈိမပဋိပဒါ

မူလဓမ္မာစရိယ ဆရာဦးကြည်

၈၆၀၉

၃၊၈

# မဇ္ဈိမဥဂ္ဂါကော်သိဘို့ရန်

သစ္စာဒီပက

မူလဓမ္မာစရိယ

## ဆရာဦးကြည်

(ပွင့်လင်းစာပေ)　　　　　　　　　　အဘိုး－၂၀/။

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်
အမှတ် (၄၆၄၇)

ပထမအကြိမ်ရိုက်နှိပ်ခြင်း
အုပ်ရေ—၂၅၀၀
၁၃၃၃-ခု၊ ဝါဆိုလ
(၁၉၇၁-ခု၊ ဇူလိုင်လ)

ပုံနှိပ်ထုတ်ဝေသူ။ ဦးမြင့်သိန်း၊ နဝဒေးပုံနှိပ်တိုက် (၀၁၅၀)
ပွင့်လင်းစာပေထုတ်ဝေရေး (၀၂၅၈)၊
အမှတ်(၁၃)၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။ (ဖုံး—၅၁၂၈၉)

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁ | ပဏာမ .... | | ၁ |
| ၂ | သတိပဋ္ဌာန်သည် သာသနာ | .... | ၉ |
| ၃ | သတိပဋ္ဌာန်မမှန်လျှင် ဘာဝနာမဖြစ် | .... | ၁၁ |
| ၄ | သတိပဋ္ဌာန်အားထုတ်မှ အရိယာဖြစ်သည် | .... | ၁၂ |
| ၅ | သတိပဋ္ဌာန်နှင့်မဂ္ဂင် .... | .... | ၁၃ |
| ၆ | မည်သည့်ဆရာကိုရှာရမည်နည်း | .... | ၁၇ |
| ၇ | သတိပညာ သာသနာ .... | .... | ၂၀ |
| ၈ | ချမ်းသာဆင်းရဲတွေ့နေက အစားထိုးရှုရန် | .... | ၃၁ |
| ၉ | အကယ်၍မခံသာကဲ့သော် | .... | ၃၃ |
| ၁၀ | တိဿထေရ် .... | .... | ၃၅ |
| ၁၁ | ဂေါဓိကထေရ် .... | .... | ၃၈ |
| ၁၂ | သောဏကောဠိဝိသ .... | .... | ၄၁ |
| ၁၃ | ဥတ္တရသာမဏေ .... | .... | ၄၄ |
| ၁၄ | ရုပ် နာမ် ဆိုတာဘာလဲ .... | .... | ၅၀ |
| ၁၅ | မိမိစကားဖြင့်သိမှုရမည် .... | .... | ၅၅ |
| ၁၆ | ရှုဒေါင့်ပြောင်းဖို့လိုသည် | .... | ၆၁ |
| ၁၇ | ပညတ်ဖြင့် အချိန်ကုန်လှပြီ | .... | ၆၃ |
| ၁၈ | ပညတ် ပရမတ် .... | .... | ၆၅ |
| ၁၉ | အရိယာရှာနည်း .... | .... | ၇၀ |

# အမှားပြင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၁ | ၄ | လူကိုတိုင် | လူကိုယ်တိုင် |
| ၂ | ၁၄ | နယူ၊ | နာယူ၊ |
| ၄ | ၁ | အထကထာ | အဋ္ဌကထာ |
| ၉ | ၉ | အဗ္ဘာဝိက္ခဏ | အဗ္ဘာစိက္ခဏ |
| ၁၂ | ၇ | အထကထာ | အဋ္ဌကထာ |
| ၁၂ | ၁၉ | သောတပန်မှ | သောတာပန်မှ |
| ၁၃ | ၁၉ | ဒီဃနိကာယ် | ဒီဃနိကာယ် |
| ၁၄ | ၃ | စထုတ္တ | စတုတ္ထ |
| ၁၄ | ၁၁ | ချဒ္ဓ | ရုဒ္ဓါ |
| ၁၅ | ၁ | ဝိဟာရတိ၊ | ဝိဟရတိ၊ |
| ၁၉ | ၈ | တိဌန္တိ | တိဋ္ဌန္တိ၊ |
| ၁၉ | ၁၂ | ဩဝံဒါမိ၊ | ဩဝဒါမိ၊ |
| ၂၂ | ၉ | ထိုဖေါတ်ပြန်မှု | ထိုဖေါက်ပြန်မှု |
| ၂၃ | ၉ | သတိပဌာန်ဟုသည် | သတိပဋ္ဌာန်ဟူသည် |
| ၃၈ | ၄ | အဘိဉာဏ် | အဘိညာဏ် |
| ၃၉ | ၁၀ | တပြိုင်နတ် | တပြိုင်နက် |
| ၄၂ | ၇ | လမ်းဖြစ်နေအော | လမ်းဖြစ်နေသော |
| ၄၆ | ၃ | တွက်လာခဲ့ရာ | ထွက်လာခဲ့ရာ |
| ၄၇ | ၁–၄ | သုဿာန် | သုသာန် |
| ၄၈ | ၂၂ | အဘိဉာဏ် | အဘိညာဏ် |

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၄၉ | ၁၁ | အာဒိနဝေါ | အာဒီနဝေါ |
| ၄၉ | ၁၂ | သုဒိဋ္ဌော | သုဒိဋ္ဌော၊ |
| ၅၁ | ၂၀ | အပေါင်းပြစ်သော | အပေါင်းဖြစ်သော |
| ၅၅ | ၁၁ | ဖေါပြန်သဘော | ဖေါက်ပြန်သဘော |
| ၅၆ | ၇ | ဂဟာဏုဂေါ | ဂဟာဏူပဂေါ |
| ၅၆ | ၇ | အစိန္တေယျောတိ | အစိန္တေယျောဟိ |
| ၅၆ | ၁၉ | ပဟာဏု | ဂဟာဏူ |
| ၅၈ | ၁၁ | ဝိဉာဏ | ဝိညာဏ |
| ၅၉ | ၂ | ပရမတ္ထကထံ | ပရမတ္ထကထံ |
| ၅၉ | ၄ | မရမတ္ထသစ္စာ | ပရမတ္ထသစ္စာ |
| ၆၀ | ၁ | ဝိဉာဏ်နာမ် | ဝိညာဏ်နာမ် |
| ၆၂ | ၂၀ | ဌက ကထာများ | ဌကထာများ |
| ၆၃ | ၁၉ | ကျွန္ရုပ်တို့ကား | ကျွန်ုပ်တို့ကား |
| ၇၂ | ၁၃ | စရန္တေပိ | စရန္တောပိ |
| ၇၂ | ၁၄ | ဒုဇ္ဇနာ | ဒုဇ္ဇာနာ |
| ၇၂ | ၂၃ | ဤပုဂ္ဂိုလ်ကာ | ဤပုဂ္ဂိုလ်ကား |
| ၇၇ | ၁ | ှသိကြောင့် | မသိမှုကြောင့် |
| ၈၀ | ၂၂ | ပ ပုဏ္ဏာတိ၊ | ပါပုဏ္ဏာတိ၊ |
| ၈၈ | ၁၇ | ပဗ္ဗဇ္ဇိတေန | ပဗ္ဗဇိတေန |
| ၈၉ | ၁၇ ၁၈ | ိရိယာ | ဝိရိယ |
| ၉၀ | ၁၁-၁၂ | ဒိရိယ | ဝိရိယ |

# အမှားပြင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၉၁ | ၆—၇ | ဝိရိယ | ဝိရိယ |
| ၉၂ | ၁ | ပဗဇ္ဇာ | ပဗ္ဗဇ္ဇာ |
| ၉၂ | ၄ | ဆိုပြီး | ဆိုပြီ၊ |
| ၉၆ | ၅ | ယူပြု | ဟုပြု |
| ၁၀၅ | ၈ | ပန္တာစ | ပနှ္တာစ |
| ၁၀၅ | ၁၉ | ကြင့်သည်မမည် | ကျင့်သည်မမည် |
| ၁၀၈ | ၂၁ | ပရမတ္ထ | ပရမတ္တ |
| ၁၀၉ | ၁၇ | ပရမတ္တ | ပရမတ္ထ |
| ၁၁၀ | ၅ | ယုတ္တကေ၊ ယေဝ | ယုတ္တကေယေဝ |
| ၁၁၃ | ၉ | သတ္တနံ | သတ္တာနံ |
| ၁၁၅ | ၁၇ | အနတ္တသံဟိတော | အနတ္ထသံဟိတော |
| ၁၁၇ | ၅ | အနတ္တသံဟိတော | အနတ္ထသံဟိတော |
| ၁၁၈ | ၈ | အနတ္တသံဟိတော | အနတ္ထသံဟိတော |
| ၁၁၈ | ၁၅ | သဒ္ဓါ | သဒ္ဒါ |
| ၁၁၉ | ၅ | အနတ္တသံဟိတော | အနတ္ထသံဟိတော |
| ၁၂၂ | ၂ | အတ္တေနေဝမေ အတ္တော | အတ္ထေနေဝမေ အတ္ထော |
| ၁၂၈ | ၁၆ | တုပိတာဝါ | ကုပိတာဝါ |
| ၁၂၉ | ၈ | ဂိတာ | ဝိတာ |
| ၁၂၉ | ၁၅ | အကုသိုလ်ဖြစ်၍ | ကိလေသာဖြစ်၍ |
| ၁၃၁ | ၁၀ | ဖိုလ်တရားတို့၌ | ဖိုလ်တရားတို့ |

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၁၃၂ | ၈ | သပန္နမယမတ္တာနံ | သမုန္နမယမတ္တာနံ |
| ၁၃၅ | ၁၁ | ကေ | ကေုံ |
| ၁၃၈ | ၁ | တကျိုးပေးသော | အကျိုးပေးသော |
| ၁၃၉ | ၁ | အရှင်မဟာကဿပ | အရှင်အာနန္ဒာ |
| ၁၄၃ | ၆ | သဘောမျှ | သဘောမှု |
| ၁၄၆ | ၇ | ကာယဝိဉာဏ် | ကာယဝိညာဏ် |
| ၁၅၅ | ၃ | ဘ့တွက် | အတွက် |
| ၁၅၆ | ၁၃ | အပ္ပဗာဓာ | အပ္ပါဗာဓာ |
| ၁၅၇ | ၂၀ | တတာ | တထာ |
| ၁၅၈ | ၁၁ | အပ္ပါဗာဓော | အပ္ပါဗာဓာ |
| ၁၆၂ | ၂၁ | သုခဝေဒနဥ္ဇ | သုခဝေဒနဥ္စ |
| ၁၆၃ | ၁၈ | ပရမတ္တ | ပရမတ္ထ |
| ၁၆၇ | ၇ | ညာဏ်နှင့် | ဉာဏ်နှင့် |
| ၁၇၂ | ၇ | အတိအကြ | အတိအကျ |
| ၁၇၃ | ၇ | ရချက်နှင့် | ၇-ချက်နှင့် |
| ၁၇၄ | ၁၈ | အဆင့်အဆင့် | အဆင့်ဆင့် |
| ၁၇၅ | ၁၂ | ဟဌတုဌော၊ | ဟဋ္ဌတုဋ္ဌော၊ |
| ၁၇၅ | ၁၃ | ဖူဋ္ဌသရီရော | ဖုဋ္ဌသရီရော |
| ၁၇၇ | ၁၄ | နှစ်ပါးစု | နှစ်ပါးစုံ |
| ၁၇၉ | ၈ | မေဇာနံ | မေဇဝနံ |
| ၁၇၉ | ၉ | မိတိ” | မိတိ” |

# အမှားပြင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၁၇၉ | ၁၁ | အားရုံ၌ | အာရုံ၌ |
| ၁၈၀ | ၁၁ | တာဝတိဿတု | တာဝတိံဿတု |
| ၁၈၁ | ၇ | ညဏ်ရင့်လာသော | ဉာဏ်ရင့်လာသော |
| ၁၈၂ | ၄ | ရှိပါမည်လော | ဖြစ်ပါမည်လော |
| ၁၉၂ | ၁ | အဖြေ တ,ခုတည်းရ သည်ကို | အဖြေရသည်ကို |
| ၁၉၂ | ၂၁ | တဟိယ | တတိယ |
| ၂၀၁ | ၁၈ | အာဒိကေ | အာဒိကေ |
| ၂၀၄ | ၆ | နိဗ္ဗာန်နံ | နိဗ္ဗာနံ |
| ၂၀၅ | ၆ | နိဗ္ဗာနမ္တိ၊ | နိဗ္ဗာနန္တိံ |
| ၂၀၅ | ၉ | မဟာတဗ္ဗေ | ပဟာတဗ္ဗေ |
| ၂၀၆ | ၁၃ | နိဗ္ဗာနတိ | နိဗ္ဗာနာတိ |
| ၂၀၉ | ၁၃ | ထို ရိယတ်သင်နည်း | ထိုပရိယတ်သင်နည်း |
| ၂၁၁ | ၂ | စရိယတ် | ပရိယတ် |
| ၂၁၁ | ၁၅ | မဟာဖုဿရေဝထေရ် | မဟာဖုဿဒေဝထေရ် |
| ၂၁၁ | ၂၀ | မဟာဖုဿရေဝထေရ် | မဟာဖုဿဒေဝထေရ် |
| ၂၁၂ | ၅ | မဟာဖုဿရေဝထေရ် | မဟာဖုဿဒေဝထေရ် |
| ၂၁၂ | ၁၇ | မဇ္ဈန္တိံကတ္တေရော | ပဇ္ဈန္တိံကထေရော |
| ၂၁၃ | ၁၄ | ဗဟိဟောထ | ဗဟိဟောာထ |
| ၂၁၅ | ၃ | အပ္ပိဆဿ | အပ္ပိစ္ဆဿ |
| ၂၁၅ | ၃ | လောကုတ္တရာဓမော | လောကုတ္တရဓမ္မော |
| ၂၁၅ | ၉ | အပ္ပိဆ | အပ္ပိစ္ဆ |

# ဤစာအုပ်ဖြစ်ပေါ်လာရခြင်း
# အကြောင်းရင်း

ကျွန်ုပ်တို့သည် မဇ္ဈိမပဋိပဒါ ကျင့်စဉ် အလုပ်တရားကို၊ ဦးထွန်းလွင်နှင့် ဆွေးနွေးခြင်းဖြင့် "မဇ္ဈိမပဋိပဒါရှင်းချက်" ဟူသောစာအုပ်ငယ်ဖြစ်ပေါ်လာပြီးနောက်မကြာမီ(တလအတွင်း) အရပ်ရပ်မှ စာရေး၍ ဆွေးနွေးခြင်း၊ လူကိုတိုင်လာရောက် ဆွေးနွေးခြင်း စသည်ဖြင့် 'မဇ္ဈိမပဋိပဒါလမ်းစဉ်' အလုပ်တွင်စိတ်ဝင်စား လာကြသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်ဖွယ်ရာဖြစ်ပါသည်၊ယင်းကဲ့သို့ စာရေး၍ ဆွေးနွေးကြရာတွင် အချို့တို့မှာ—

၁—မိမိတို့ လက်ကိုင်လက်စွဲ ပြုထားသော ဝါဒကို မှတည်၍ ဆွေးနွေးခြင်း။

၂—မိမိတို့၏ 'မှု' ဝါဒဟု ယူထားသော လမ်းစဉ်ကို ဝေဖန်သည်ထင်၍ ဆွေးနွေးခြင်း–

၃—ပင်ရင်း ဗုဒ္ဓမြတ်စွာ၏ တရားတော်မှန်ကို လေ့လာသိရှိလို၍ ဆွေးနွေးခြင်း။ အားဖြင့် ၃ မျိုး တွေ့ရှိရလေသည်။

ထိုသုံးမျိုးတို့တွင် အမှတ်စဉ်–၃–အရ ဆွေးနွေးကြသော ပုဂ္ဂိုလ်များအတွက် သာသနာတော်တွင် အားတက်ဝမ်းမြောက်ရပါသော်လည်း–အမှတ်စဉ်-၁ နှင့်-၂-အရ ဆွေးနွေးကြသော ပုဂ္ဂိုလ်များအတွက် ဝမ်းနည်းစရာဖြစ်ရပါသည်၊ အကြောင်းကို ဆိုသော်....

ဤဗုဒ္ဓမြတ်စွာ သာသနာတော်တွင်—ဗုဒ္ဓဘုရား၏ သံသရာပြတ်ကြောင်း နိဗ္ဗာန်ရကြောင်း တရားတော်ကို-ပဌမဦးယုံကြည်

ချက်ဖြင့်–တရားရှာခြင်း၊ တရားအားထုတ်ခြင်း ဖြစ်ပါသော်လည်း နောက်ကာလ အတန်ကြာလာသောအခါ အခြားသော ဗုဒ္ဓ၏ ဒေသနာ နည်းအမျိုးမျိုးတို့ကို၊ နားမလည်ဘဲ၊ နားလည်အောင်မလေ့လာဘဲ-မိမိတို့၏ စွဲလန်းယုံကြည်ချက် တခုအပေါ်တွင် အခိုင်အမာ ရပ်တည်သျက် မြတ်စွာဘုရား၏'အနေက ပရိယာယမွဲ' ဖြစ်သည့် အထူးထူးသော နည်းနာနယ များကို အခြားသော ပုဂ္ဂိုလ်များက ပေါ်ပြဟောကြားကြသည့် အခါ 'ဗုဒ္ဓ၏ တရားတော်'ဟုပင် ရိုးဖြောင့်မှန်ကန်စွာ အာရုံမပြုနိုင်လုံး မသွင်းနိုင်တော့ဘဲ မိမိတို့သတ်ဖြတ်နေသည့် (တဏှာ-မာန-ဒိဋ္ဌိ) ကိလေသာတို့-တိုးပွားစည်ပင်၍ ဘုရားတရားတော်ကိုပင် ပြန်လှန်ဝေဖန်မိကြလေသည် သို့ဖြစ်၍–ကျွန်ုပ်ဘို့သည် ...

'ပရိယတ္တိသာသနမူလံ'

ဟူသောပရိဘာသာအရ 'ဗုဒ္ဓမြတ်စွာ၏ သာသနာပင်ရင်းသည်-သင်ကြား၊ လေ့လာ၊ နယူ၊ မှတ်သားရမှု၊ သာသနာ့ဗဟုသုတရှိမှု သုတဝါအရိယသာဝက ဖြစ်မှုသည် အထူးလိုအပ်ကြောင်းသိမြင်ရလျက်, ထိုသို့ သဘောပေါက် နားလည်မှုရှိအောင် သင်ယူမှတ်သားမှု (ပရိယတ်) ရှိမှသာလျှင် ဗုဒ္ဓ၏လမ်းစဉ်မှန် (ပဋိပတ်) ကိုဉာဏ်ဖြင့် တွေ့သိအောင် အားထုတ်နိုင်မည် ဖြစ်၍ ထိုထိုကိလေသာတို့၏ ငြိမ်းအေးမှု (ပဋိဝေဓ) ကိုရရှိခံစားနိုင်မည် ဖြစ်ကြောင်းကိုလည်း သတိထားမိသည်ဖြစ်ရကား–ဗုဒ္ဓတရားတော်၏ သဘောမှန်ကို 'ယထာဘူတ' ကျအောင်မသိဘဲ၊ သိအောင်နားလည်အောင် မလေ့လာဘဲ မည်သို့ပင် အားထုတ်စေကာမူ–လိုအပ်သော ပန်းတိုင်သို့ ရောက်မည်မဟုတ်ကြောင်းကို

"ယထာဘူတံ အဇာနန္တာ၊ သုဒ္ဓိကာမာပိ ယေဇနာ၊
ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော" ဟု-ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင် သတိပေးထားလေသည်။

"ဤသာသနာတော်၌ စင်ကြယ်သော နိဗ္ဗာန်ကို အလိုရှိကြပါကုန်သော အမျိုးကောင်းသား ယောဂီများတို့သည်၊ ဗုဒ္ဓမြတ်စွာ၏ ဟုတ်မှန်တိုင်းသော တရားသမ်းစဉ်ကို နားမလည် မသိဘဲလျက် အရိုးကြေကြေ အရေခမ်းခမ်း မည်ကဲ့သို့ပင်ကြိုးပမ်းအားထုတ်နေကြ ပါသော်လည်း၊ ယင်းကဲ့သို့ အမှန်တရားကို မသိကြဘဲ ပင်ပန်းခံမှုသည် မိမိတို့ အလိုရှိအပ်သော (နိဗ္ဗာန်) ပန်းတိုင်သို့ ရောက်မည် မဟုတ်ချေ" ဟူသည်တည်း။

ကျွန်ုပ်တို့သည်ကား—ဗုဒ္ဓ၏ တရားတော်ကို အရင်းအကျဆုံး၊ ပဓါနအကျဆုံးကို ရှာဖွေလေ့လာ သုံးသပ်လျက်ရှိရာ—တရားတော်၏ တိုး၍တိုး၍ သိမ်မွေ့နက်နဲသည်ကိုမိမိတို့၏ ဉာဏ်ထောက်နိုင် မှီနိုင်သမျှ - ဒေသနာတော်နှင့် ညှိနှိုင်းကြည့်ရာတွင်အလွန်နူးညံ့ သိမ်မွေ့လှသော (ပရမတ္ထ) ဓမ္မများကို လောကီပညတ်နယ်သားသတ္တဝါ ထိုထိုများအား—နားလည်အောင် 'ဉာဏဝိလာသ, ဒေသနာဝိလာသ' တို့ဖြင့် လိမ္မာကျွမ်းကျင်စွာ (ကောယနမင်္ဂ) တခုတည်းသော ကိလေသာငြိမ်းအေးကြောင်း ခန္ဓာဒုက္ခငြိမ်းအေးကြောင်း(နိဗ္ဗာန်)တရားကိုနည်းပေါင်းအထွေထွေ၊ ပရိယာယ်ပေါင်းအနန္တ၊ ဓမ္မက္ခန္ဓာအဝဝတို့ဖြင့် နားလည်မှုမရှိသောသတ္တဝါတို့ကို နားလည်စေရန် ဟောတော်မူသော မြတ်စွာဘုရား၏ 'မဟာကရုဏာသမာပတ္တိ' ဉာဏ်တော်, 'သဗ္ဗညုတ' ဉာဏ်တော်တို့ကို ပိုမိုကြည်ညိုလာရသည်ဖြစ်၍—မြတ်စွာဘုရား၏ အလိုတော်ကျပရမတ္ထဓမ္မကို တတ်စွမ်းသမျှ၊ သိရှိသမျှဖေါ်ထုတ်ပြရသည်ဖြစ်ရကား (တဏှာ-မာန-ဒိဋ္ဌိ) သံသရာချဲ့ အစွဲသမားတို့အား (ပုဂ္ဂလဓိဋ္ဌာန်အားဖြင့်) ရည်ညွှန်းခြင်း အာရုံပြုခြင်းလုံးဝမရှိဘဲ ဗုဒ္ဓ၏တရားတော်ကို ဖေါ်ထုတ်ပြသသော နေရာဖြစ်၍၊ ဗုဒ္ဓ၏ ဟောဖေါ်ချက်(ပါဠိတော်) နှင့် ထိုဟောတော်

မှုချက်ကို သိရှိအောင် အနက်ဖော်ပြသော (အဋ္ဌကထာဋီကာ) စကားအဆိုအမိန့် အဆုံးအဖြတ် အရသာ အလုပ်သဘောနှင့် စပ်ဟပ်ညွှန်ပြမည် ဖြစ်ပါ၍-ရပ်ဝေးရပ်နီးမှ ဆွေးနွေးကြသော ယောဂီသူတော်စင်တို့မှ အစပြု၍ ဗုဒ္ဓ၏ပင်ရင်း တရားမှန်ကို ခမ္မဓိဋ္ဌာန်ကျကျ လေ့လာမှတ်သားလိုသော သူတော်ကောင်းတို့ အတွက်နှစ်သက် ဝမ်းမြောက်စွာ လေ့လာနိုင်ကြပါစေရန် ရေးသားသည်ဖြစ်ပါကြောင်း။

ဦးကြည်
သစ္စာဒီပက–မူလဓမ္မာစရိယ



“နမော သစ္စဒီပကဿ သမ္မာသမ္ဗုဒ္ဓဿ”

သစ္စဒီပကဿ+သစ္စာလေးချက် ဓမ္မစက်ကို ဟောမြွက်ဖော်ပြ ဆုံးမတော်မူတတ်ထသော၊ သမ္မာသမ္ဗုဒ္ဓဿ – ညေယျငါးတန် တရားမှန်ကို သယမ္ဘူဖြစ် ရွှေဉာဏ်စစ်ဖြင့် ကိုယ်တော်တိုင်သိမြင် တော်မူပြီးသော မြတ်စွာဘုရားအား (အဟံ-သစ္စာလေးတန်စိတ် ရည်သန်၍ သိရန်အားထုတ် အကျွန်ုပ်သည်) နမော-ဒုက္ခသစ္စာ ဉာဏ်ခန္ဓာဖြင့် **နောင်လာဇာတိ** ဖြစ်မရှိရာ နိဗ္ဗူတာသို့ မြန်စွာ ရောက်မူ **အာရုံပြု၍** ဂရုဂါရဝ ပဏာမဖြင့် ကြည်ဆွသဒ္ဓါရှိခိုး ပါ၏ မြတ်စွာဘုရား။

မြတ်စွာဘုရား၏ ဒေသနာတော် ဟောစဉ်သည် သတ္တဝါ အမျိုးမျိုးအတွက် ထိုသတ္တဝါတို့အား ၎င်းတို့၏စရိုက် ဣန္ဒြေအနု အရင့်စသည်တို့နှင့် လျော်သော-တနည်းအားဖြင့်- ထိုထိုသတ္တဝါ တို့ သိမှိုနိုင်မည့် ဉာဏ်အလျောက် ပရိယာယ်ပေါင်းများစွာတို့ ဖြင့်အနည်းနည်း အဖုံဖုံမည်မျှပင် မျိုးစုံအောင် ဟောပြောထား ပါသော်လည်း-ရည်သန်ချက်ပန်းတိုင် (နိဗ္ဗာန်) သို့ ရောက်ရန် လမ်းစဉ်ကား—တကြောင်းတည်းပင်ဖြစ်၏ တမျိုး တည်းပင်ဖြစ် ၏၊ ပရမတ်ကိုသိမြင်ရန် တခုတည်းပင်ဖြစ်၏ ထိုရည်သန်ချက် လမ်းစဉ်မှလွဲ၍ အခြားတပါးသော(ဝါ) ရာဂ-ဒေါသ-မောဟ

(ကိလေသာ) ဖက်သို့ သွေ့ဖည်စေမည့် တရားမျိုး မဟုတ်ကြောင်းကို–

'ယံရက္တိံ ဘဂဝါဗောဓိ မဏ္ဍေအပရာဇိတပလ္လင်္ကေ၊လ။ကေတုလာယ တုလိတံဝိယစ တထမေဝဟောတိအဝိတထံ'

(အင်္ဂုတ္တရဌကထာ-ကော်နိပါတ်ကေဟုဂ္ဂလဝဏ္ဏနာ–၈၅)

(မူလပဏ္ဏာသဌကထာမူလပရိယာယသုတ်အဖွင့်––၅၂)

(ပါထိကဝဂ္ဂ ဌကထာပါသာဒိကသုတ်အဖွင့် –– ၉၈)

နှင့်-'တထာဂတပုဒ်အဖွင့်' တို့တွင် အကျယ်တဝင့်ရှိပေသည်။

"အဓိပ္ပါယ်မှာ-မြတ်စွာဘုရားသည်-မဟာသက္ကရာဇ်-၁၀၃ ခုကဆုန်လပြည့်နေ့ညတွင် ဗောဓိမဏ္ဍိုင်ဝယ် အပရာဇိတပလ္လင်၌နေတော်မူလျက် မာရ်ငါးပါးကို နှိမ်နင်းအောင်မြင်တော်မူ၍-သစ္စာလေးပါးနှင့်တကွ အလုံးစုံသော သိသင့်သိထိုက်သည့် တရားဟူသမျှကို သယမ္ဘူမှန်၊ ပင်ထွက်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်တော်မူပြီးလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်၊ ၎င်းနောက် မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့်နေ့ ညတွင်ကုသိနာရုံ အင်ကြင်းစုံတို့၏ အကြား၌ ခန္ဓာမကြွင်းအပ် အနုပါဒိသေသနိဗ္ဗာနဓါတ်ဖြင့် ဒုက္ခဓာတ်သိမ်း ငြိမ်းတော်မူသည်၊ ထိုသို့ဘုရားဖြစ်သည်မှစ၍၊ ခန္ဓပရိနိဗ္ဗာန်ဝင်စံသည့် တိုင်အောင်(၄၅နှစ်) ဘုရားသက်တမ်း တလျှောက်လုံး၌–ဟောတော်မူအပ်သောအလုံးစုံသော ဓမ္မဝိနယ – ဓမ္မက္ခန္ဓာဟူသမျှတို့သည် – အနက်အဓိပ္ပါယ်သဘောအားဖြင့်၎င်း"အမှတ်အသား အက္ခရာအားဖြင့်၎င်း၊ အပြစ်ကင်းစင်သည်–အယုတ်အလျော့မရှိသည်· အပိုအလွန်မရှိသည်–အလုံးစုံသော အခြင်းအရာအားဖြင့် ပြည့်စုံသည်၊ထိုဒေသနာတော်တို့၏ အနှစ်သာရကား --ရာဂကို၊ နှိမ်နင်းကြောင်း၊

ဒေါသကိုနှိမ်နင်းကြောင်း၊ မောဟကိုနှိမ်နင်းကြောင်း တို့သာ ဖြစ်၍ တလုံးတပါဒမျှ ထိုအနှစ်သာရမှ ဆံခြည်မျှလောက်ပင် ချွတ်ယွင်းတိမ်းပါး-သွေဖည်သွားခြင်း မရှိဘဲ မချွတ်မယွင်းမှန်ကန်ခြင်းသာဖြစ်သည်ဟု ပြလေသည်။

အဋ္ဌကထာ ဆရာတို့၏ ဆိုလိုချက်မှာ-ဓမ္မက္ခန္ဓာ၊ ရှစ်သောင်းလေးထောင် စသည်အားဖြင့် နည်းအထွေထွေဝေဖန်၍ ဟောထားသည်ကား - သံသရာဝဋ်မြစ် ပြတ်ကြောင်း—သစ္စာလေးပါး သိကြောင်းတခုတည်းသောလမ်းစဉ်(နိဗ္ဗာန်ဟူသော) တခုတည်းသော ရည်သန်ချက်သို့ ပို့ဆောင်သောတရားချည်းသာဖြစ်၍—ရာဂ–ဒေါသ–မောဟ ကုန်ဘို့သာဖြစ်ကြောင်း၊ ထိုရာဂ-ဒေါသ-မောဟဟူသော နိဗ္ဗာန်၏ ဆန့်ကျင်ဘက် ကိလေသာ ဖြစ်သောတရားတို့သို့—ဆံခြည်တပင်မျှလောက်ပင် တိမ်းပါး သွေဖည်ခြင်း ဖြင့်ငြင်းခုန်စရာ မရှိကြောင်းကို မြတ်စွာဘုရား၏'ဂေါဓမ္မော' တရားဟူ၍ ဖေါ်ပြပေသည်။

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာလည်း – လောက သုံးပါးတွင် ဘုရားဟူ၍ ဖြစ်ပွင့်လာရခြင်းသည် ခန္ဓာသံသရာ ပြတ်ကြောင်း တရားနှင့် ခန္ဓာသံသရာပြတ်မှု တခုသာဖြစ်သည်ကို သိစေလိုရင်း ဖြစ်သည်၊ ထိုခန္ဓာသံသရာပြတ်ကြောင်း တရားသည်လည်းအမှန် သဘော (ယထာဘူတ) ဉာဏ်သို့ ရောက်လာလျှင် အမျိုးမျိုး အစားစား မရှိတော့ချေ၊ တမျိုးတည်းသာဖြစ်ကြောင်း သိလာ ရမည်ဖြစ်၏၊ အထက်ပါ အဋ္ဌကထာတို့ ဖေါ်ပြကြသည်မှာ ထိုဆရာတို့၏ သဘော (အာဘော်)မဟုတ်ပေ၊ မြတ်စွာဘုရား ကိုယ်တော်တိုင် တိုက်ရိုက်ကြေညာခဲ့သည်ကိုညွှန်ပြပုံကား– –

"ယဥ္စ စုန္ဒ ရတ္တိံ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈတိ၊ ယဉ္စ ရတ္တိံ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတိ၊ ယံ ဧတသ္မိံ အန္တရေ ဘာသတိ လပတိ နိဒ္ဒိသတိ၊ သဗ္ဗံ တံ တထေဝ ဟောတိ၊ နော အညထာ"

(သုတ်ပါထေယျပါဠိတော် ပါသာဒိကသုတ်-၁၁၁)

"စုန္ဒ – ချစ်သားစုန္ဒ၊ တထာဂတော – ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ငါဘုရားသည်၊ ယံရတ္တိံ –အကြင် မဟာသက္ကရာဇ်-၁၀၃-ခု၊-ကဆုန်လပြည့်နေ့ညဥ့်၊ အနုတ္တရံ-အတု မရှိ မြတ်သော၊ သမ္မာသမ္ဗောဓိံ- အလုံးစုံသော တရားအပေါင်း ကို၊ အဘိသမ္ဗုဇ္ဈတိ-ကိုယ်တော်တိုင် ထိုးထွင်းသိသဖြင့် ဘုရား အဖြစ်သို့ရောက်၏၊ ယံရတ္တိံ အကြင်မဟာသက္ကရာဇ်-၁၄၈-ခု၊ ကဆုန်လပြည့်နေ့ညဥ့်၊ အနုပါဒိသေသာယ နိဗ္ဗာန ဓာတုယာ ခန္ဓာအကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့်၊ ပရိနိဗ္ဗာ ယတိ–ခန္ဓာဒုက္ခ,သံသရာဒုက္ခမှ ကင်းငြိမ်းပြတ်စဲ၏၊ ဧတသ္မိံ အန္တ ရေ-ထိုဘုရားဖြစ်သည်မှ ခန္ဓပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းသည်အထိ ဘုရားတဖြစ်အတွင်း၌၊ ယံ–အကြင်ဓမ္မက္ခန္ဓာတရားတခုကို၊ ဘာ သတိ-ဟော၏၊ လပတိ–ပြော၏၊ နိဒ္ဒိသတိ– ညွှန်ပြ၏၊ တံသဗ္ဗံ ထိုအလုံးစုံ ငါဘုရား ဖြစ်သည်မှ ပနိဗ္ဗာန်ပြုသည့်အတွင်း၌၊ ဟောသမျှ၊ ပြောသမျှ၊ညွှန်ပြသမျှ၊ဥဿုံအလုံးစုံသည်၊ တထေဝ- မချွတ်မယွင်းဖြောင့်စင်းမှန်ကန်စွာ ကိလေသာသတ်သော တရား တို့သာလျှင်၊ဟောတိ-ဖြစ်၏၊ အညထာ–ကိလေသာသတ်တရားမှ သွေဖည်၍ကိလေသာအားပေးသည့်သဘောမျိုးသည်၊နော ဟော တိ–မဖြစ်"

ဗုဒ္ဓဘုရား၏သဘောထားကို သိလောက်ပြီ၊ မြတ်စွာဘုရား၏ တရားတော်သည်၊ လမ်းစဉ် တမျိုး ပုံစံ တမျိုး မဖြစ်မရှိချေ၊ မိမိတို့အားထုတ်သော ဘုရား၏ တရားတော်သည် ပညာဉာဏ်ဖြင့် သိမြင်ရာ၌တမျိုးစီ-တပုံစီဖြစ်နေပါက မိမိတို့၏လုပ်နည်း၊ လုပ်ဟန်ကို ပြန်စစ်ဖို့လိုလိမ့်မည်၊ မိမိကိုယ်ကို မိမိမစစ်ဝံ့ဘဲ၊ ဒေသနာတော်ကို မလေ့လာဘဲ အထင်ကြီး၍ အဓိမာနဖြစ်နေက-မိမိအတွက် နစ်နာမည်၊ အကယ်၍ အဓိမာန ဖြစ်နေရုံတွင် မနေဘဲ ပြန်လှန်၍ ငြင်းခုန်က ဘုရားကိုပင် စွပ်စွဲပြစ်(တထာဂတ အဗ္ဘာဝိက္ခဏ) ဖြစ်၍ လွန်စွာအပြစ် ကြီးချေသည်၊ မိမိသည် အလုံးစုံသော တရားအားလုံးကို သိနေသူမဟုတ်ကြောင်း သတိထားရန်လိုပေသည်။

## "သတိပဋ္ဌာန်သည် သာသနာ"

မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်သည် တကြောင်းတည်းသော လမ်းစဉ်အရ-ရာဂ-ဒေါသ-မောဟဘေးတို့ကုန်ရာ နိဗ္ဗာန်သို့ သွားကြောင်း ဖြစ်၍ ထိုရာဂ-ဒေါသ-မောဟတို့ကုန်စေသော လုပ်ငန်းကား-သတိပဋ္ဌာန်လုပ်ငန်းသာလျှင်ဖြစ်၏၊ သို့အတွက် သတိပဋ္ဌာန် အလုပ်သည် သာသနာအလုပ်၊ သတိပဋ္ဌာန်သည် သာသနာမည်ပေသည်၊ မြတ်စွာဘုရား၏ ဟောကြားညွှန်ပြထားသော လမ်းစဉ်မှန်အတိုင်း အားထုတ်က-မြတ်စွာဘုရားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မြတ်စွာဘုရား၏ သာသနာတည်တံ့ကြောင်း- ထိုသတိပဋ္ဌာန် လုပ်ငန်းကိုမလုပ်က-မြတ်စွာဘုရားရှိသည်ဖြစ်စေမရှိသည်ဖြစ်စေသာသနာဆုတ်ယုတ်ကြောင်း

မတည်တံ့ကြောင်းကို (မဟာဝဂ္ဂသံယုတ်ပါဠိတော်အညတြ ဗြာဟ္မဏသုတ်-၁၅၁-တွင် ဟောထားလျက်ရှိသည်)။

(စီရဋ္ဌိတိသုတ်-၁၄၉ တွင်ဝင်း၊ ပရိဟာနသုတ်-၁၅၀တွင်ဝင်း ရှိသေးသည်)

ပုဂ္ဂိုလ်အားဖြင့်လည်း....

"ယော-အကြင်ပုဂ္ဂိုလ်သည်-ဗုဒ္ဓေသု-မြတ်စွာဘုရားတို့သည်၊ ဓရန္တေသုပိ မျက်မှောက်ထင်ရှား ရှိနေပါသော်လည်း - စတ္တာရော—လေးပါးကုန်သော၊ သတိပဋ္ဌာနေ-သတိပဋ္ဌာန်တရားတို့ကို-နဘာဝေတိ-အားမထုတ် မပွားများ၊ တဿ ထိုပုဂ္ဂိုလ်အား၊ သဒ္ဓမ္မော—သူတော်ကောင်း တရားတည်းဟူသော သာသနာတော်သည်၊ ဒေဝဒတ္တာဒီနံဝိယ-ဒေဝဒတ်၊ အစရှိသောသူတို့ကဲ့သို့၊ အန္တရဟိတောနာမ-ကွယ်ပျောက်ခြင်း မည်သည်၊ ဟောတိ—ဖြစ်၏"။

(မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ-၂၆၀)

ထို့ကြောင့် မြတ်စွာဘုရား၏ သာသနာတော်သည် သတိပဋ္ဌာန်လုပ်ငန်းသာဖြစ်၍—ထိုလုပ်ငန်းကို မလုပ်သူသည် (နိဗ္ဗာန်ဟူသော) ပဋိဝေဓသာသနာ ကွယ်လေသည်၊ ဘုရားကိုဖူးမြင်နေရရုံနှင့် ဘုရားလက်ထက်တော်ကို မှီရုံမျှနှင့် သာသနာတွင်းရောက်သည်၊ သာသနာတည်သည်ဟု မဆိုရ၊ မြတ်စွာဘုရားကို ပကတိမျက်စိဖြင့် ဖူးမြင်ရသူ ဝက္ကလိအား "ငါဘုရားကိုမြင်သည် မမည်" ဟု မိန့်ဆိုသည်ကို ထောက်၍ မြတ်စွာဘုရား၏ သာသနာတော် တည်ဆောက်ပုံသည် အလွန်သဘာဝ ကျလေသည်၊

ထိုသဘာဝကျသော သာသနာတော်ကို သက်ဝင် ယုံကြည်၍· သာသနာလုပ်ငန်း လုပ်လိုသောသူသည် သက်တော်ထင်ရှား ဘုရားကိုမှီသည် မမှီသည်ကို စဉ်းစားစရာမလိုဘဲ သာသနာ အစစ်လုပ်ငန်းကိုသာလျှင် ယထာဘူတကျအောင် လေ့လာအား ထုတ်ဖို့ရှိလေသည်။

## "သတိပဋ္ဌာန်မမှန်လျှင်ဘာဝနာမဖြစ်"

သတိပဋ္ဌာန် အားမထုတ်လျှင်-သာသနာမတည်သကဲ့သို့-အား ထုတ်ပုံအားထုတ်နည်း—သတိပဋ္ဌာန်မမှန်လျှင်လည်း ဘာဝနာမ ဖြစ်ပေ၊ သတိပဋ္ဌာန်သည် လေးပါးရှိသည်၊ ဖေါက်ပြန်မှုကို ဦးတည်ရှုသော (ကာယာနုပဿနာ) ခံစားမှုကို ဦးတည်ရှုသော (ဝေဒနာနုပဿနာ) အသိ ဖောက်ရာကို ဦးတည်ရှုသော (စိတ္တာ နုပဿနာ) ပရမတ်သဘော တရားကိုသာ ဦးတည်ရှုသော(ဓမ္မာ နုပဿနာ) ဟူ၍ လေးမျိုးရှိလေသည်။

သတိပဋ္ဌာန်အလုပ် အားထုတ်သူသည် ထိုလေးပါးတို့တွင် တပါးပါး ဦးတည်ချက်နှင့် အားထုတ်နေသူဖြစ်ရမည်၊ ထိုလေး ပါးသည် အကျဉ်းချုပ်အားဖြင့် ဖေါက်ပြန်သဘော၊သိသဘော (ရုပ်နာမ်) ဖြစ်သည်၊ ရှုကွက်၊ အရှုခံဖြစ်သည်၊ အရှုခံ(ရုပ်နာမ်) မမှန်လျှင် သတိပဋ္ဌာန်မဖြစ်၊ ဘာဝနာလည်း မဟုတ်ချေ၊ သို့ဖြစ်၍ (ဝိပဿနာဘူမိ)အခြေခံ(ရုပ်နာမ်)မှန်ကန်မှ သတိပဋ္ဌာန်မှန်သည် ဘာဝနာမှန်သည်။

ယသ္မာပန– အကြင့်ကြောင့်ကား—ကာယဝေဒနာစိတ္တ
ဓမ္မေသု-ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာ
နုပဿနာ၊ ဓမ္မာနုပဿနာတို့တွင်၊ ကဥ္စိဓမ္မံ၊ တစုံတခု
သောသတိပဋ္ဌာန်ကို၊အနာမသိတွာ မသုံးသပ်၊ မရှုမှတ်
ပါဘဲ၊ဘာဝနာနာမ၊ပညာဘာဝနာ၊ဝိပဿနာဘာဝနာ
မည်သည်၊နတ္ထိ- မရှိ....

ဟူ၍ သတိပဋ္ဌာန် အဋ္ဌကထာတွင် မှတ်ချက် ပြထား
လေသည်၊ ဘာဝနာအလုပ်အားထုတ်ခြင်းသည် သတိပဋ္ဌာန်
လုပ်ငန်းပင်ဖြစ်ရာ တရား အားထုတ်သည်ဆိုတိုင်း သတိပဋ္ဌာန်
မဟုတ်ပုံ၊ ဘာဝနာမဖြစ်ပုံကို သတိထားရမည်ဖြစ်သည်။

## "သတိပဋ္ဌာန်အားထုတ်မှအရိယာဖြစ်သည်"

သတိပဋ္ဌာန်သည် မြတ်စွာဘုရား၏ နိဗ္ဗာန်သွားကြောင်း တခု
တည်းသော လမ်းစဉ်အမှန်၊ အဆုံးအမ သာသနာဖြစ်၍ထိုအဆုံး
အမ သတိပဋ္ဌာန်ကျစွာ အလုပ်မှန်လာလျှင် သောတာပန်အစ
ရဟန္တာအထိအရိယာဖြစ်ပုံကို (မဟာဝဂ္ဂသံယုတ်ပါဠိတော်ပဒေ
သသုတ်တွင်—)

စတုန္နံ ခေါ အာဝုသော သတိပဋ္ဌာနံပဒေသံဘာဝိတတ္တာ
သေခေါ ဟောတိ – သတိပဋ္ဌာန်တရားကို တစိပ်တဒေသ
အားထုတ်ပါက သောတာပန်မှ အရဟတ္တမဂ် ပုဂ္ဂိုလ်
အထိဖြစ်နိုင်ကြောင်း – ဟောတော်မူ၍....

"သတိပဋ္ဌာန်တရားကို အပြည့်အစုံ အပြီးအစီး အားထုတ်က
အရဟတ္တဖိုလ် (ရဟန္တာ) ဖြစ်နိုင်ကြောင်း"၊ (သမတ္တသုတ်တွင်)

ဆက်လက်၍ ဟောထား ပေရာ-ဤဘုရား သာသနာတော်တွင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ရဟန္တာဖြစ်လိုသူ ပရမတ္ထ သံဃာ အရိယာဖြစ်လိုသူ ယောဂီများတို့သည် မိမိတို့ကို အရိယာ အဖြစ်သို့ ရောက်အောင် ပို့ဆောင်မည့် သတိပဌာန်အလုပ်ကို လုပ်ရန် သတိပဋ္ဌာန်မှန်အောင် အားထုတ်နိုင်ရန် အရေးကြီးလှ ရကား-ထိုအလုပ်တရား မှန်ကန်ဘို့အတွက် တိုက်တွန်းဖေါ်ပြ ရခြင်း ဖြစ်ပေသည်။

## "သတိပဋ္ဌာန်နှင့်မဂ္ဂင်"

(မဟာဝဂ္ဂသံယုတ်ပါဠိတော်) ပဒေသသုတ်တွင်-သတိပဋ္ဌာန် တရားလေးပါးကို အပြည့်အစုံ (အပြီးအစီး) မဟုတ်ဘဲ-တစိပ်တ ဒေသအားထုတ်လျှင် သောတာပတ္တိမဂ်ပုဂ္ဂိုလ်မှစ၍-အရဟတ္တ မဂ်ပုဂ္ဂိုလ် (သေခ) ဖြစ်နိုင်ကြောင်းဟော၍-သမတ္တသုတ်တွင် သတိပဋ္ဌာန်တရား လေးပါးကို အပြည့်အစုံ (အပြီးအစီး) ပွား များအားထုတ်ပါက အရဟတ္တဖိုလ် (ရဟန္တာ) ပုဂ္ဂိုလ်အထိ (အသေခ) ဖြစ်ကြောင်း ဟောတော်မူချက်အရ-မြတ်စွာဘုရား၏ သာသနာတွင် ဤအရိယာဖြစ်မှုသည်သာ အဓိက-ပဓါနဖြစ်ရ ကား-အရိယာဖြစ်ကြောင်း တရားသည်-အလိုအပ်ဆုံး၊ အရေး အကြီးဆုံး ဖြစ်လေသည်။

တဖန်ဒီဃနိကာယ် မဟာဝဂ္ဂပါဠိတော်မဟာပရိနိဗ္ဗာနသုတ် တွင်-"ချစ်သား သုဘဒ်-ငါဘုရား၏ သာသနာတော်၌သာလျှင် အရိယာဖြစ်ကြောင်း မဂ္ဂင်ရှစ်ပါးရှိသဖြင့်ထိုမဂ္ဂင်အလုပ်ဖြင့်သာ

သောတာပန်ဟူသော ပထမသမဏ၊ သကဒါဂါမ်ဟူသော ဒုတိယသမဏ၊ အနာဂါမ်ဟူသော တတိယသမဏ၊ ရဟန္တာဟူသော စတုတ္ထသမဏ သံဃာတော်ကိုရအပ်၏ ငါဘုရား သာသနာမှ တပါး တခြားသော သာသနာ တို့၌ရင်း၊ သာသနာပ ကာလ များ၌ရင်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာ ဟူသောသမဏ (သံဃာ) တို့ကိုမရအပ်၊ မနေကောင်း၊ မဖြစ်၊ မရှိချေ-အဘယ်ကြောင့်ဟူမူ-အရိယာသမဏ ဖြစ်ကြောင်း မဂ္ဂင်တရားရှစ်ပါးတို့မရှိသောကြောင့်တည်း'' ဟုဟောတော်မူသည်။

ထိုစကားနှစ်ရပ်သည် ပါဠိတော်ချည်းဖြစ်၍-ပဌမ မဟာဝဂ္ဂ သံယုတ်ပါဠိတော် စကားသည် အရှင်သာရိပုတ္တရာနှင့် အရှင်အနုရုဒ္ဓရဟန္တာကြီး နှစ်ပါး ဆွေးနွေးချက်ဖြစ်၍--ဒုတိယစကားသည် မြတ်စွာဘုရား ကိုယ်တော်တိုင် ပရိနိဗ္ဗာန်စံဝင်တော် မူကာနီး သုဘဒ္ဒပရိဗိုဇ်ကို ဟောကြားသော စကားဖြစ်လေသည်။

ပဌမစကားသည် သာဝကဟောပင်ဖြစ်သော်လည်း-အခြားဘုရားဟော ပါဠိတော်များတွင် ပါဝင်ပြီးသားများ ဖြစ်သောကြောင့် မြတ်စွာဘုရား သဘောတူညီပြီးသာဓုခေါ် အတည်ပြုထားရကား ဘုရားဟောအတိုင်းပင် မှတ်ယူရလေသည်။

ထိုတွင် ''သတိပဋ္ဌာန်ကြောင့် အရိယာဖြစ်သည်၊ မဂ္ဂင်ကြောင့် အရိယာဖြစ်သည်'' နှစ်ရပ်တွင် ၂ မျိုး ၂ စား-ခရီး ၂ ကြောင်းကဲ့သို့ထင်စရာ ရှိသော်လည်း-စင်စစ်မှာ တကြောင်းတည်းသော လမ်းခရီးသာဖြစ်လေသည်။ ဖြစ်ပုံအတို ချုပ်ကား....

''သတိပဋ္ဌာန်သည် အရှုခံရုပ်နာမ်၊ မဂ္ဂင်သည်ရှုဉာဏ်'' ဖြစ်သည်။ ထိုစကားကိုချဲ၍ ဆိုဦးအံ့....။

၁။ "ကာယေကာယာနုပဿီ ဝိဟာရတိ"
"ဖေါက်ပြန်မှု အစု၌ • ဖေါက်ပြန်မှုအစုဟူ၍အကြိမ်ကြိမ်ရှုလျက်နေ၏"

၂။ "ဝေဒနာသု ဝေဒနာနုပဿီ ဝိဟာရတိ"
"ခံစားမှုတို့၌ ခံစားမှုတို့ဟူ၍ အကြိမ်ကြိမ် ရှုလျက်နေ၏"

၃။ "စိတ္တေစိတ္တာနုပဿီ ဝိဟာရတိ"
"သိမှု၌– သိမှုဟူ၍ အကြိမ်ကြိမ်ရှုလျက် နေ၏"

၄။ "ဓမ္မေသု ဓမ္မာနုပဿီ ဝိဟာရတိ"
"သဘော တရားတို့၌ သဘော တရားတို့ ဟူ၍ အကြိမ်ကြိမ်ရှုလျက်နေ၏"

ဤကား အလုပ်ကိုညွှန်ပြသည့်သတိပဋ္ဌာန်တရားလေးပါးဖြစ်သည်၊ ထိုတွင်....

၁။ ဖေါက်ပြန်မှု

၂။ ခံစားမှု

၃။ သိမှု

၄။ သဘောတရား

ဤလေးပါးသည်အရှုခံရမည့် သတိပဋ္ဌာန်လေးပါး(တနည်း) ရုပ်နာမ် ၂ ပါးဖြစ်သည်၊ သတိပဋ္ဌာန်ဟူသည် စူးစိုက်မှု၊ ဂရုစိုက်မှုကြောင့် သိလာမြင်လာရသော–ရုပ်နာမ် သဘောတရား ဖြစ်သည်၊ ထို-အရှုခံရမည့် ရှုကွက်သတိပဋ္ဌာန် ရုပ်နာမ်ကို....

၁။ ဖေါက်ပြန်မှုဟူ၍ အကြိမ်ကြိမ်ရှုလျက်နေ၏၊

၂။ ခံစားမှုဟူ၍ အကြိမ်ကြိမ်ရှုလျက်နေ၏။

၃။ သိမှုဟူ၍ အကြိမ်ကြိမ်ရှုလျက်နေ၏။

၄။ သဘောတရားတို့ဟူ၍ အကြိမ်ကြိမ်ရှုလျက်နေ၏။

ဤသို့ ရှုနေသိနေမှုသည် (မဂ္ဂင်ရှစ်ပါး)မဂ္ဂင်ဉာဏ်(ရှုဉာဏ်) ဖြစ်လေသည်၊ အရှုခံ သတိပဋ္ဌာန်(ရုပ်နာမ်)နှင့် ရှုဉာဏ် (မဂ္ဂင်) တို့ ပေါင်းမှ 'ကောယနမဂ်' တကြောင်း တည်းသော လမ်းခရီးဖြစ်လေသည်၊ ရှုဉာဏ်မဂ္ဂင်မပါဘဲ၊ သတိပဋ္ဌာန်မမှန်ဘဲ ဘာဝနာအလုပ်မဖြစ်ပေ၊ ထို့ကြောင့်'အကြင့်ကြောင့်ကား-ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ သတိပဋ္ဌာန် လေးပါးတို့တွင် တပါးပါးသောသတိပဋ္ဌာန်ကိုမရှုမှတ်မပွားများဘဲ- ဘာဝနာဟူ၍ မဖြစ်ကြောင်း' မဟာဝဂ္ဂဋ္ဌကထာ-၃၃၉-တွင် ပြဆိုထားသည်။

သို့ဖြစ်ရကား-သတိပဋ္ဌာန်၊အလုပ်အားထုတ်လိုသော ယောဂီသည်၊ ရှုကွက်သတိပဋ္ဌာန်မှန်ဘို့၊ ရှုဉာဏ်မဂ္ဂင်မှန်ဘို့သည် မိမိ၏ ရည်ရွယ်ချက် သံသရာဝဋ်မှ ထွက်မြောက်ရမှု၊ အောက်ဆုံး အပါယ်လွတ်မှုထက် အရေးကြီးသည့်အတွက်၊ စီစစ်မှု၊ လေ့လာမှု၊ နားလည်အောင် သင်ကြားမှတ်ယူမှုတို့ကို ရှာဖွေရမည် ဖြစ်သည်၊ သတိပဋ္ဌာန်အလုပ် ချွတ်ယွင်းလျှင် မိမိတို့လိုအပ်သော အရိယမဂ်ချွတ်ယွင်းကြောင်းကို-

"ယေသံ ကေသဉ္စိ ဘိက္ခဝေ စတ္တာရော သတိပဋ္ဌာနာ ဝိရဒ္ဓါ၊ ဝိရဒ္ဓေါ တေသံ အရိယောမဂ္ဂေါ သမ္မာဒုက္ခက္ခယ ဂါမိ"

(မဟာဝဂ္ဂသံယုတ် ဝိရဒ္ဓသုတ်-၁၅၇)။

"ချစ်သားတို့၊ သတိပဋ္ဌာန်လေးပါးတို့ကို မမှန်ကန်ဘဲ ချွတ်ယွင်းစေသူ ပုဂ္ဂိုလ် ဟူသမျှတို့အား၊ ကောင်းစွာ ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အရိယမဂ်ကို ချွတ်ယွင်းစေသည် မည်၏။"

ဟုဟောတော်မူထားသောကြောင့် မိမိတို့သည်။ သတိပဋ္ဌာန် ဆိုရုံမျှ၊ ဝိပဿနာဆိုရုံမျှနှင့် မစီစစ် မလေ့လာဘဲ မလုပ်သင့်ကြောင်း....

"ယထာဘူတံ ဘိက္ခဝေ ဉာဏာယ သတ္ထာပရိယေသိတဗ္ဗာ"

ဟူသော မိန့်မှာချက်ကို သတိ ပြုသင့်လေသည်၊ ဟုတ်မှန်သောအတိုင်း ဉာဏ်ပညာဖြင့် သိရန် အမှန်အကန် ညွှန်ပြတတ်သော 'ဆရာ'ကို မရမက ရှာမှီးအပ်ကြောင်း အထပ်ထပ်မှာတော်မူသည်။

## မည်သည့်ဆရာကို ရှာရမည်နည်း

'ဆရာရှာရမည်' ဟူရာ၌၊ ယခုခေတ်တွင် 'ပုဂ္ဂိုလ်ကို ရှာဖွေနေသည်'ကိုသာ တွေ့ရသည်၊ မြတ်စွာဘုရား ရည်ညွှန်းထားသော ဆရာဟူသည်....

"ယောဝေါ အာနန္ဒမယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သောဝေါ မမစ္စယေနသတ္ထာ"

(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်-၁၈၂)။

"အာနန္ဒ-ချစ်သားအာနန္ဒာ၊ မယာ-ငါဘုရားသည်၊ ဝေါ-သင်ချစ်သားတို့အား၊ ယောဓမ္မောစ-အကြင်သုတ် အဘိဓမ္မာ

ကိုလည်း၊ ဒေသိတော-ဟောတော်မူအပ်ပြီ၊ ယောဝိနယောစ- အကြောင် ဝိနည်းကိုလည်း၊ ပညတ္တော-ပညတ်အပ်ပြီ၊ သော-ထိုငါ ဘုရား ဟောကြား ပညတ်အပ်သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်း ဓမ္မက္ခန္ဓာတို့သည်၊ မမစ္စယေန -ငါဘုရား ပရိနိဗ္ဗာန်ပြုပြီး၍ မရှိသည့်နောက်၊ ဝေါဘုမှာကံ-သင်ချစ်သားတို့အား ၊သတ္ထာ-ဆုံးမမည့် ဆရာတို့ပင်တည်း"

ဟုညွှန်ခဲ့ပေသည်။ သုတ်ဝိနည်း အဘိဓမ္မာ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့သည် ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးသည့်နေ၌ ငါဘုရား ဟောခဲ့သလို၊ ပြနဲ့သလို ပညတ်ခဲ့သလို ငါဘုရား၏ ကိစ္စတို့ကို ဆောင်ရွက်သိမ့်မည်၊ သို့အတွက် သင်တို့အား ဆုံးမမည့်ညွှန်ပြမည့် ဆရာဟူ၍ မှတ်ယူရမည်ဟု ဟောတော်မူထားသည်ကို ရှင်းလင်းစေရန် အဋ္ဌကထာ ဆရာ၏ ထပ်ဆင့်ညွှန်ပြချက်ကား....

"တေန တေနာ ကာရေန ဣမေ ဓမ္မေ ဝိဘဇိတွာ ဝိဘဇိတွာ သုတ္တန္တ ပိဋကံ ဒေသိတံ၊ တံသကလမ္ပိ သုတ္တန္တပိဋကံ မယိ ပရိနိဗ္ဗုတေ တုမှာကံ သတ္ထုကိစ္စံ သာဓေဿတိ။လ။ ဣတိ ဣမာနိ စတုရာ သီတိ ဓမ္မက္ခန္ဓသဟဿာနိတိဋ္ဌန္တိ၊ အဟံ ဧကောဝ ပရိနိဗ္ဗာယာမိ အဟဉ္စ ခေါပန ဒါနိဧကော ဩဝဒါမိ၊ အနုသာသာမိ၊ မယိပရိနိဗ္ဗုတေ ဣမာနိ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ တုမှေ ဩဝဒိဿန္တိ၊ အနုသာသိဿန္တိ"

(မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ—၁၈၃)။

"တေနတေနာကာရေန-ထိုထိုသို့သော အခြင်းအရာအားဖြင့် (မယာ-ငါဘုရားသည်) ဣမေဓမ္မေ-ဤသတိပဋ္ဌာန်-သမ္မပ္ပဓာန်

တရားတို့ကို၊ဝိဘဇ္ဇိတွာ ဝိဘဇ္ဇိတွာဝေဖန်၍၊ဝေဖန်၍၊ဒေသိတံ-
ဟောအပ်၏၊သကလမ္ပိ-အလုံးစုံလည်းဖြစ်သော၊တံသုတ္တန္တပိဋကံ
ထိုသုတ္တန်ပိဋကတ်သည်၊ မယိ-ငါဘုရားသည်၊ ပရိနိဗ္ဗုတေ-
ပရိနိဗ္ဗာန် ပြုပြီးသည်ရှိသော်၊ တုမှာကံ-သင်ချစ်သားတို့အား၊
သတ္ထုကိစ္စံ-ဘုရားကိစ္စ (ဆရာကိစ္စ)ကိုသာဓေယျတိ-ပြီးစေလတ္တံ့
ပြီးစီးအောင် ဆောင်ရွက်လတ္တံ့။လ။ဣတိ—ဤသို့၊ ဣမာနိ စတု
ရာသီတိ ဓမ္မက္ခန္ဓ သဟဿာနိ—ဤရှစ်သောင်း လေးထောင်
သော ဓမ္မက္ခန္ဓာတို့သည်။ တိဋ္ဌန္တိ—တည်ရှိကုန်၏၊ အဟံ—ငါ
ဘုရားသည်၊ ဧကောဝ-တပါးတည်းသာလျှင်၊ ပရိနိဗ္ဗာယာမိ-
ပရိနိဗ္ဗာန်ပြု၏၊ ပန-စင်စစ်သော်ကား၊ ဒါနိဣဒါနိ—ဤ ယခု
အခါ၌ ၊အဟံ- ငါဘုရားသည်၊ တုမှေ—သင်ချစ်သား တို့ကို၊ဧကေ
ကောဝ—တပါးတည်းတည်းသာလျှင်၊ ဩဝါဒါမိ-ဆုံးမ၏၊အနု
သာသာမိ—ကံမြစ်၏၊ မယိ- ငါဘုရားသည်၊ ပရိနိဗ္ဗုတေ-ပရိ
နိဗ္ဗာန်ပြုပြီးသည်ရှိသော်၊ ဣမာနိ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာ
နိ — ဤရှစ်သောင်းလေးသောင်သော ဓမ္မက္ခန္ဓာတို့သည်၊တုမှေ
သင်ချစ်သားတို့အား၊ ဩဝဒိဿန္တိ—ဆုံးမကြကုန်လတ္တံ့၊ အနု
သာသိဿန္တိ—ကံမြစ်ကြကုန်လတ္တံ့ ”။

မိမိတို့၏ သံသရာထွက်ကြောင်း သတိပဋ္ဌာန်ကိစ္စ၊ မဂ္ဂင်ကိစ္စ
သည် ဘုရား၏တရားသာဖြစ်သည်၊ ထိုလုပ်ငန်းတို့ကို ပြုလုပ်အား
ထုတ်မည့်သူသည်၊ ထိုလုပ်ငန်းတို့ကို နည်းအမျိုးမျိုးဖြင့် သိအောင်
ညွှန်ပြပေးသော ဓမ္မက္ခန္ဓာ(ဆရာ)ဘုရားတို့ကိုသာလျှင် မေးမြန်း
လျှောက်ထား ညှိနှိုင်းရမည်၊ မိမိ မတတ်မသိက တတ်သိနားလည်
သော ပုဂ္ဂိုလ်တို့သို့ ဆည်းကပ်ရမည်၊ ထိုပုဂ္ဂိုလ် (ကလျာဏ)၏

ဓမ္မက္ခန္ဓာနှင့် ညီနိုင်းညွှန်ပြချက်ကိုသာလျှင် ဂရုဂါရဝဖြင့် လေးလေးနက်နက် နာခံမှတ်သားရမည်၊ ဓမ္မက္ခန္ဓာနှင့်မညီနိုင်းသော....

* အထူးမှာ 'ကျုပ်တို့တော့ စာမတတ်ပါ'ဆို၍ လုပ်ငန်းစဉ်ကိုပြောပြရာ၌ ဓမ္မက္ခန္ဓာညွှန်ပြချက်နှင့် ကိုက်ညီပါက၊ထိုပုဂ္ဂိုလ်၏ဟောပြမှုမျိုးကိုလည်း လိုက်နာအပ်ပေသည်၊ အဘယ့်ကြောင့်နည်း ယခု ဘုရားမရှိတော့သည့်အခါတွင် ဘုရား ဟောထားခဲ့သော ဓမ္မက္ခန္ဓာများသည် မိမိတို့အလုပ်ဖြစ်ရန် ညွှန်ပြနေသော 'ဆရာ'များ ဖြစ်သောကြောင့်ပေတည်း။

အချို့တို့ကား-ကာလာမ (ကေသမုတ္တိ) သုတ်ပါ"မာပိဋကသမ္ပဒါနေန"ဟူသော ပုဒ်ကို အကောက်မှား၍၎င်း၊ မိမိတို့သန်ရာဘက်သို့ဆွဲ၍၎င်း၊ ဓမ္မက္ခန္ဓာနှင့် အတိုက်မခံနိုင်၍၎င်း၊ ပေါက်ကရပြောတတ်ပေရာ၊ ဘုရားကို စွပ်စွဲပြစ် အပြင် ဓမ္မက္ခန္ဓာကိုလည်း တော်လှန်ပြစ် ဖြစ်နေသည့်အတွက် မည်သည့်တရားကို အားထုတ်၍မှ မရနိုင်တော့ကြောင်း သတိထားဘို့သင့်လေသည်။

## သတိပညာသာသနာ

မြတ်စွာဘုရား၏အဆုံးအမသည် 'သတိအခြေခံသော ပညာသာသနာဖြစ်သည်' သတိဟူသည် ဂရုစိုက်မှုဖြစ်၍၊ ပညာဟူသည် ထိုဂရုစိုက်မှုကြောင့် သိလာသော ပရမတ် သဘောကို လေ့လာပွားများသော အလုပ် ဖြစ်လေသည်၊ ဤနှစ်ရပ် ပြည့်စုံပါက၊ မြတ်စွာဘုရား၏ အဆုံးအမ (သာသနာ) ပြည့်စုံ လေသည်၊ အမိပ္ပါယ်မှာ—သံသရာဝဋ်ပြတ်လေသည်၊ရည်မှန်းချက်(ပန်းတိုင်) နိဗ္ဗာန်သို့ရောက်လေသည်။

"သစ္စော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော ၊အယံ ဝေါ အမှာကံ အနုသာသနီ"

(သုတ်မဟာဝါနှင့်မဟာဝဂ္ဂသံယုတ်ပါဠိတော်များ)။

"ဘိက္ခဝေ-ချစ်သားတို့၊ ဘိက္ခု-သံသရာကို ဘေးဟု ရှုမြင်တတ်သော ယောဂီသည်၊ သစ္စော ဂရုစိုက်မှုရှိလျက်၊ သမ္ပဇာနော-ဆင်ခြင်ဉာဏ်ဖြင့် သိလျက်၊ ဝိဟရေယျ-နေရာ၏၊ အယံ-ဤသည်ကား၊ ဝေါတုမှာကံ-သင်ချစ်သားတို့အား၊ အမှာကံ-ငါဘုရားတို့၏၊ အနုသာသနီ-အဆုံးအမတော်တည်း"

ဤစကားရပ်သည် မြတ်စွာဘုရားသာ သနာတော်တရပ်လုံး၏ ဥပဒေသပင်ဖြစ်သည်၊မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်တွင် သတိ ပညာ နှစ်ရပ်စုံပါက၊ သာသနာ၏ ပြည့်စုံခြင်းဖြစ်ကြောင်း အကျဉ်းပြခြင်းဖြစ်ပေသည်။ ထိုသတိဟူသော ဂရုစိုက်မှု၊သမ္ပဇဉ်ဟူသော ပညာနှင့်သိနေရမှုသည်၊ အဘယ်ကို ဂရုစိုက်၍ အမှန် အကန် သိနေ ရမည်နည်း ဆိုသော်....လက်ရှိ ရုပ်နာမ်ခန္ဓာကိုယ်ကို သတိပဋ္ဌာန်နည်းနှင့် ခွဲကြည့်လိုက်လျှင်....

၁။ (ကာယ) ဖေါက်ပြန်မှု

၂။ (ဝေဒနာ) ခံစားမှု

၃။ (စိတ္တ) သိမှု

၄။ (ဓမ္မ) သဘောတရား၊

ထိုလေးမျိုးတို့သည်(ခန္ဓ)အစုအပုံထည်းတွင် အမှန်ကို အမှန်ဟုသိလိုသော ယောဂီအတွက် သိစရာ အမှန်တရားတို့ဖြစ်သည်။

၁။ (ကာယ) ဖေါက်ပြန်မှုကို ဖေါက်ပြန်မှုဟူ၍ မှမ်းဋ္ဌာန်ကျကျ အမှန်အတိုင်း သိနေခြင်းသည်၊"ကာယာနုပဿနာ သတိ

ပဋ္ဌာန်”ဖြစ်လေသည်၊ ယင်းဖေါက်ပြန်မှုသည် (အာနာပါန) ထွက်လေဝင်လေဖေါက်ပြန်မှုမှုစ၍ ၊တဆယ့်လေးမျိုး ဟောထား ပေသည်။ ထိုဖေါက်ပြန်မှုမျိုးစုံကို ဂရုစိုက်ထားမှုကြောင့် အမှန် အကန် သိနေရမှုသည်‘သတိအလုပ်၊ သတိပဋ္ဌာန်အလုပ်’ဖြစ်သည် မည်သည့် ဖေါက်ပြန်မှုကိုမဆို (ပရမတ်ချုပ်)အမှန် ဖေါက်ပြန်နေ သည်ကိုအမှန်အတိုင်းသိနေပါက၊ သတိပဋ္ဌာန်ဖြစ်သည်၊သို့ရာတွင် ဘာဝနာကား မဖြစ်သေးပေ။

ဘာဝနာဟူသည် ‘ဘာဝေတဗ္ဗ’ ‘ဘာဝိတ’ ပွားများခြင်း၊ ရှုမှတ်ခြင်းတို့ဖြစ်ရာ၊ထိုဖေါက်ပြန်မှုစသောသဘောတို့၌၎င်းတို့၏ လက္ခဏာကို သိအောင် ရှုမှတ်ခြင်း မပြုသေးဘဲ၊ အခြေခံဖြစ် သော ‘ဖေါက်ပြန်တတ်သည့်သဘော’ကို သိရုံ မှတ်ရုံသာ ရှိသေး သည်ဖြစ်၍ သတိနယ်တွင်သာ ရှိသေးရကား....

“ကာယေ ကာယာ နုပဿနာ ဘာဝေန္တောသတော”

ဟူသော(စူဠနိဒ္ဒေသ ပါဠိတော် ၃၈၊ ၄၃။ မဟာနိဒ္ဒေသ ပါဠိတော်-၇)တို့အရ ဟောတော်မူထားသည် ဖြစ်သောကြောင့် သတိနေရာတွင်သာ ရှိနေသေးသည်။ မည်သည့် ဖေါက်ပြန်မှုဟု သိသိ၊ ဂရုစိုက်မှုကြောင့် သိလာရသမျှသည် သတိနယ်၌သာ ရှိ သေးသဖြင့်၊ ပညာ၊ ဘာဝနာ၊ ဝိပဿနာနယ်ထဲသို့ မရောက်သေး ပေ။

တနည်းသော် ထို(သတိ) ဂရုစိုက်ထားမှုကြောင့် သိရသော တရားများသည် လောကီဘုံသား သမုတိပညတ်နယ်သားတို့ အ တွက် ပရမတ် အမှန်တရားကို ပညတ်နှင့်တွဲ၍ ဟောနေရသော ကြောင့် ပညတ် မကင်းသေးရကား၊ ပရမတ်၏ သဘောတရား

(အနိစ္စ–ဒုက္ခ–အနတ္တ)မထင်နိုင်မီ သိနေရသော အခိုက်အတန့်ကို 'သတိ'နှင့် သိရခြင်းဟုဆိုသည် ။

ကာယနှင့် ပတ်သက်သော 'ထွက်လေ၊ ဝင်လေ၊ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ခက်မာ၊ ပူအေး၊ လှုပ်ရှား၊ ယိုစေး' စသည့် ပညတ်မကင်းသော ပရမတ် (ဝါ) သတ္တဝါတို့ နားလည်စေမှု အတွက် ပညတ်နှင့်တွဲ၍ ဟောနေရသောကြောင့် ပရမတ် စစ်စစ်တို့၏ သဘောတရား'ဖြစ်ပျက်'ကို မမြင် မရှုနိုင် သေးရကား၊ ဂရုစိုက်မှုကြောင့် သိနေရသော သတိပဋ္ဌာန်ကို ဆိုလိုသော ဖြစ်လေသည်၊ သတိပဋ္ဌာန်ဟုသည်မှာလည်း သတိပြဋ္ဌာန်းသော(ဝါ) ဂရုစိုက်မှု အဓိကထားသော တရားဖြစ်ပေရာ၊ သတိ ဦးစီးနေသော အခိုက်သာ ဖြစ်သေးသည်။

ဖောက်ပြန်မှုအပေါင်း၌'ဖောက်ပြန်မှုတို့'ဟူ၍ပိုင်နိုင်စင်ကြယ်စွာ သိမြင်နေသော (ဝါ)ဖောက်ပြန်မှု မျိုးစုံမှလွဲ၍ မည်သည့် ပုဂ္ဂိုလ်၊သတ္တဝါစသည်မှမဟုတ်၊ ဖောက်ပြန်မှုမျှသာဟုတ်သည်ဟု ယုံကြည်ချက်–ခံယူချက်တို့ ပြည့်စွာ ရှိနေသော ယောဂီအား ဝိပဿနာပိုင်း တက်၍ရှုရန်အတွက် ဉာဏ်ပညာဝင်တော့မည် ဖြစ်သောကြောင့် 'ထွက်လေ–ဝင်လေ၊သွား၊ရပ်၊ထိုင်၊လျောင်း၊ ခက်မာ၊ ပူအေး၊ လှုပ်ရှား၊ ယိုစေး'စသော အမှတ်အသား ပညတ်များ ပါလာ၍ ရတော့မည်မဟုတ်ပေ၊ ပရမတ်တို့၏ သဘော တရားကိုသာ ငင်းသင့်၏ သဘာဝလက္ခဏာ၊ သာမညလက္ခဏာ တို့ဖြင့် ရှုမြင်ရမည်ဖြစ်၍– ထိုလက္ခဏာတို့မှန်သော မရောက်သော ပညတ် အခိုပ်အရောင်များ ပါလာ၍ မရတော့ပေ၊

'ပညတ္တိ'ဌပေတွာ' ဟူသော ပုဒ်ဖြင့် ဝိပဿနာကို အသုံးပြုသွားသည်၊ ထိုပညတ်နိမိတ်တို့မပါဘဲ ဖယ်ခွါထားနိုင်ပါမှ(ဝါ) ပရမတ်ကိုပရမတ်အတိုင်းမြင်ပါမှ ၎င်းတို့၏သဘောကို 'အနိစ္စာဒိအာကာရေန' ဖြင့် အမှန်ဖြစ်ပျက်ကို အမှန်ဖြစ်ပျက်ဟု သိနိုင်မြင်နိုင်မည်ဖြစ်ရကား....ပရမတ်ဝိပဿနာကို ပညတ်မတွဲဘဲ ရှုမြင်နိုင်မှုအတွက် သတိပဋ္ဌာန် ပါဠိတော်တွင် မြတ်စွာဘုရားသည် ...

"ကာယသ္မိံ၊ ဖေါက်ပြန်မှုသဘော၌။ သမုဒယဝယဓမ္မာနုပဿီ၊ ဖြစ်ခြင်းပျက်ခြင်းကို ရှုလ. ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏"

ဟု နောက်ဆုံး ဟောတော် မူထားပေရာ၊ သတိဖြင့် သိခဲ့ရသော ဖေါက်ပြန်မှုဟူသည် 'ဖြစ်ပျက်ဘဲ' ဟု သိနေ ရှုနေသောယောဂီအား 'သတိ၊ ပညာ သာသနာပြည့်စုံတော့သည်' ထိုကဲ့သို့ဖေါက်ပြန်မှုကို ဖြစ်ပျက်ရှုနိုင်သည့် အခြေရောက်မှ 'သတိပဋ္ဌာန်၊ ဘာဝနာ၊ သတိပဋ္ဌာန်ပွားသည်၊ သတိအခြေခံ၍ ပညာဖြင့် မြင်ခြင်းဖြစ်သည်'ဟု ဆိုအပ်ပေသည်။

'ကတမာစ ဘိက္ခဝေ သတိပဋ္ဌာန ဘာဝနာ၊ ဣဓဘိက္ခဝေ ဘိက္ခု သမုဒယ ဓမ္မာနုပဿီ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာ နုပဿီ ကာယသ္မိံ ဝိဟရတိ၊ သမုဒယဝယ ဓမ္မာနုပဿီ ကာယသ္မိံ ဝိဟရတိ။လ။ အယံဝုစ္စတိ ဘိက္ခဝေ သတိပဋ္ဌာန ဘာဝနာ"

(မဟာဝဂ္ဂ သတိပဋ္ဌာန သံယုတ် ဝိဘင်္ဂသုတ်- ၁၆၈)။

သတိနှင့်ရုပ်နာမ်ဟူသော 'ဖေါက်ပြန်မှု၊ သိမှု' သာဘိ ဌာန်တွင် အပြီးအဆုံးမဟုတ်ဘဲ၊ ထိုသတိပဋ္ဌာန် ရုပ်နာမ်၏ သဘော

တရားကို သိအောင်၊ မြင်အောင်၊ သဘောပေါက်အောင် ဖြစ်ပျက်ရှုနိုင်မှ သင်္ခါရုပ္ပဒါန်ဘာဝနာ ဖြစ်ကြောင်း၊ သတိပဋ္ဌာန်ကို ပွားများအားထုတ်သည် မည်ကြောင်း၊ ဝိပဿနာဖြစ်ကြောင်း၊ ဘာဝနာဖြစ်ကြောင်းကို ကိုယ်တော်တိုင် ဟောတော်မူထားခြင်း ဖြစ်ရာ၊ အံပြီးအဆုံး လေ့လာ၍ကြည့်ရှုရန် လိုအပ်ကြောင်း၊ သို့မှ သတိပညာ သာသနာ ပြည့်စုံမည်ဖြစ်၍ ဂရုတစိုက် လေ့လာဘို့ လိုပေသည်။

(ဤကား ကာယာနုပဿနာ ရှုပုံကို အလုပ် သဘော ဖြစ်အောင် အရှင်းဆုံး-အတိုဆုံး ဘာသာပြန် ညွှန်ပြချက် ဖြစ်ပေသည်)။

"ဝေဒနာနုပဿနာ" ချမ်းသာကို ခံစားခိုက်၊ ချမ်းသာကို ခံစားသည်၊ ဆင်းရဲကိုခံစားခိုက် ဆင်းရဲကိုခံစားသည်၊ ချမ်းသာ မဟုတ်၊ ဆင်းရဲမဟုတ်သည်ကို ခံစားရာ၌ ချမ်းသာမဟုတ်၊ ဆင်းရဲမဟုတ်သည်ကို ခံစားသည်ဟု ပုဂ္ဂိုလ်သတ္တဝါ၊ အကောင် အထည်နှင့်ကွဲအောင် (ဝါ)ပညတ် အကြီးစားကို ပဋ္ဌမ ကွာအောင်....

"ဝေဒနာသု ဝေဒနာ နုပဿနာ ဘာဝေဝေန္တော သတော"

ဟူသောအတိုင်း'သတိ'ဂရုစိုက်မှုကြောင့် သိနေရသော သတိ ပဋ္ဌာန်ကို 'ဝေဒနာနုပဿနာသတိပဋ္ဌာန်'ဟု ခေါ်သည်၊ ဤချမ်းသာ ဆင်းရဲစသည် ခံစားရာ၌'ချမ်းသာ-ဆင်းရဲ'ဟူသော ပညတ် ကိုပင်'ခံစားမှု'ပရမတ်နှင့်တွဲ၍ ပဋ္ဌမတွင် မှတ်နေရသည်။ ယင်းသို့ မှတ်မှုကြာလာ၍ ချမ်းသာဆင်းရဲ(ပညတ်)နှင့် ခံစားမှု(ပရမတ်) ကွဲလာသောအခါ၌ကား....

ဝေဒနာသု-ခံစားသော သဘောတို့၌၊ သမုဒယ ဝယဓမ္မာ နုပဿီ-ဖြစ်ခြင်းပျက်ခြင်းကိုရှုလေ့ရှိသည်ဖြစ်၍၊ဝိဟရတိ-နေ၏ ဟု သတိ နောက်တွင်ပညာသင်အောင် ဟောတော်မူထားပေရာ၊ ပရမတ် တို့၏ လက္ခဏာ ဖြစ်ပျက်ကို ပညတ် အာရုံထင်ခိုက် (ဝါ) ပညတ်ချမ်းသာဆင်းရဲစသည်နှင့် တွဲသိနေသော အချိန်တွင် မည်သို့မျှ မထင်နိုင်သဖြင့် 'ခံစားမှုသဘော' ပရမတ်သို့ ရောက် ကာမှ ၎င်းတို့၏ သဘောသဘာဝ ဖြစ်ပျက်ကို ဟောတော်မူသည်၊ ထိုပရမတ်ကို ဟောချိန်တွင် 'ဝေဒနာသု-ခံစားသော သဘော တို့၌'ဟူ၍ 'ချမ်းသာ-ဆင်းရဲ' ဟူသော ပညတ်မတွဲတော့ဘဲ ပရမတ် ကိုသာဟောလေသည်၊သို့မှသာသတိပဋ္ဌာန်နှင့်သတိပဋ္ဌာန် ဘာဝနာ သတိနှင့်ပညာစုံတော့သည်။

'ဝေဒနာ'ဟူသည်မှာ ပါဠိ၊ 'ခံစားမှု' ဟူသည်မှာ မြန်မာ ဘာသာဖြစ်၍၊ မိမိတို့ နားလည်သော ဘာသာနှင့် ရှုမှတ်မှ မှန် ကန်စွာ သိနိုင်မည်ဖြစ်ရာ၊ မိမိတို့ အသုံးအနှုန်း မဟုတ်သော 'ဝေဒနာ'ဟူသော ပါဠိသုံးကို သုံးစွဲနေသဖြင့် အလုပ်စခမ်းတွင် ဖေါက်ဖေါက်ပြန်ပြန် ဖြစ်လေသည်၊ အချို့လည်း ဝေဒနာ နုပဿနာရှုသည်ဆို၍၊ ဆင်းရဲမှု မခံသာမှုတွေ့လာမှ ရှုတတ်ပေရာ ထိုဆင်းရဲမှု-မခံသာမှုကို'ဝေဒနာ'ဟု နာမည်တပ်လေသည်၊ 'ဝေ ဒနာရှုသည်-ဝေဒနာပေါ်သည်'ဟု ပြောလျှင် ဆင်းရဲ(ဒုက္ခ)ကို ပြောသည်ဟုသိနေရတော့ရာ၊အမှတ်မမှန် မှုကြောင့်ရှုချက်လည်း လွဲလေတော့သည်။

တဖန်'ခံစားမှု' ပရမတ်ကို ရှုရမည့်အစား၊ ဆင်းရဲကိုရှာ၍ ဆင်းရဲဖြစ်အောင် လုပ်ယူကြ၊ ၎င်းကြသည်မှာ မည်သည့် ဝိပဿနာ

ရှုနည်းမှ မဟုတ်ပေ၊ ပညတ်မကင်းသော သတိကားဖြစ်သည်။ ဘာဝနာပညာမဖြစ်ပေ၊အကြောင်းမူဝိပဿနာဘာဝနာဟူသည် မည်သည့် ချမ်းသာဆင်းရဲ ပညတ်မှမပါသော'ခံစားမှု'သဘော တရားတို့၏ ဖြစ်ပျက်ကို သိနေရခြင်းကြောင့် ပေတည်း။ ထိုသို ပညတ်ဖြစ်သော ချမ်းသာဆင်းရဲကို ရှုသိနေမှုသည် မြတ်စွာ ဘုရား၏ မဇ္ဈိမပဋိပဒါ လမ်းဖြောင့်မကျဘဲ၊ အစွန်း တဖက်သို့သာ ရောက်သွားကြောင်း နောက်ပိုင်းတွင် ဖေါ်ပြလတ္တံ့။

XXXXX

"စိတ္တာနုပဿနာ"ရာဂစိတ်ဖြစ်ခိုက်၊ ရာဂစိတ်ဖြစ်နေတယ်၊ ဒေါသစိတ်ဖြစ်ခိုက် ဒေါသစိတ်ဖြစ်နေတယ်" စသည်ဖြင့် စိတ် ဖြစ်နေဆဲ လိုက်၍လိုက်၍ သိနေခြင်းသည် ငါသိသည်မဟုတ်၊ စိတ်ဟူသော တရား ကသာ သိနေခြင်း ဖြစ်၍၊ ပုဂ္ဂိုလ် သတ္တဝါ လွတ်အောင် ရှေးဦးစွာ မှတ်သိရသော သတိဟူသည့် ဂရုစိုက်လုပ်ငန်းဖြစ်ရာ 'စိတ္တာနုပဿနာသတိပဋ္ဌာန်' လုပ်ငန်း စခြင်းဖြစ်လေသည်၊ ယင်းကဲ့သို့ မိမိစိတ်ကို မိမိသိမှုးလ လာခြင်း ကြာရှည်လာသောအခါ စိတ်ဖြစ်ပေါ်တိုင်း-ဖြစ်ပေါ်တိုင်း သိ-သိသွားခြင်းဖြင့် အသိစိတ်သည် ပုဂ္ဂိုလ် သတ္တဝါ အတ္တတခုခု မဟုတ်ကြောင်း ရိပ်မိလာမည် 'ဖြစ်ပေါ်နေသော စေတသိက် ပရမတ်နှင့် သိနေသော စိတ်ပရမတ်' တို့သာဖြစ်ကြောင်းယုံကြည် ချက် ခံယူချက် ပြည့်ဝလာသောအခါ၊ ထိုထို ဖြစ်ပေါ်လာသည့် သဘောတရားကို မူတည်၍ အမှန်ကို သိတတ်သော ဉာဏ်သည် အနီးကပ်လေ လာသောအခါ....

“စိတ္တသ္မိံ—ဖြစ်ပေါ်ဆဲ အသိဉာဏ်၊ သမုဒယ ဝယဓမ္မာနုပဿီ—ဖြစ်ခြင်း ပျက်ခြင်း သဘောကို ရှုလေ့ရှိသည်ဖြစ်၍ ဝိဟရတိ-နေ၏”။

ပညတ်ဟူသော-ရာဂစိတ်၊ ဒေါသစိတ်ဟု သိမှတ် နေရာမှ ရာဂ-ဒေါသ-မောဟ နာမည်ပညတ်များ မပါတော့ဘဲ၊ ပရမတ် အသိဟူသော ‘သိဟူသော’ သဘောပရမတ်ကိုထိုပရမတ်၏သဘော တရားအတိုင်း ဖြစ်ပျက်ဟုရှုမြင်နိုင်သောအခါ ဝိပဿနာဖြစ်လာ သည်၊ ဘာဝနာဖြစ်လာသည်၊ သတိပဋ္ဌာန်ပွားခြင်းဖြစ်လာသည်၊ အမည်တပ်၍မှတ်နေ သိနေမှုသည်ပညတ်ဖြစ်၍၊ ထိုအမည်ပညတ် မတတ်ဘဲ ‘သဘော’ ကိုသာ အမှန်သိအောင် ရှုကြည့်တတ်က ပရ မတ်သို့ ရောက်လေသည်။

ဆိုလိုသည်မှာ ဖြစ်ပေါ်ခိုက်စိတ်ကို ‘ရာဂစိတ်ဘဲ၊ ဒေါသစိတ် ဘဲ’ စသည် သိနေရုံဖြင့် ‘စိတ္တာနုပဿနာဘာဝနာ’ မဖြစ်သေးပုံကို သတိရှိရာသည်။

“ဓမ္မာနုပဿနာ” ပရမတ္ထဝစနံသစ္စံ၊ ဓမ္မာနံ ဘူတကာရဏာ” ဟူသော သိလက္ခဏ်စသော အဋ္ဌကထာများ ဖေါ်ပြချက် အရ၊ အနှင်းခံ-အခြေခံဖြစ်သော ရုပ်နာမ်ကို ပညတ်မတွဲဘဲ ‘သ ဘောတရား’ ပရမတ်သက်သက်ကိုသာ တိုက်ရိုက် ရှုရသောနည်း ဖြစ်သည်၊ ရုပ်နာမ်တို့၏ ဟုတ်မှန်သောသဘောကို ဟုတ်မှန်သော သဘော(ပရမတ်)အတိုင်း ရှုသိ ရခြင်းဖြစ်ချကား… ‘နီဝရဏ တရား၊ ခန္ဓာ၊ အာယတန၊ ဗောဇ္ဈင်၊ သစ္စာ ဟူသော တရားတို့ကို သဘောတရားအတိုင်း သတိနှင့်ကပ်၍ ပညာဉာဏ်ဖြင့် ဖြစ်ပျက် ကို တိုက်ရိုက်ရှုနိုင်လေသည်၊ သို့ရာတွင် မည်သည့် သတိပဋ္ဌာန်၊

ကာယ-ဝေဒနာ၊ စိတ္တဖြစ်စေ၊ ဤရုပ်နာမ်ခန္ဓာမှ ဖြစ်သည်ချည်း မှန်သောကြောင့်——

၁။ (ကာယ)ဖေါက်ပြန်မှု၊ အားလုံးတို့သည် ၄။ (ဓမ္မ)သ
၂။ (ဝေဒနာ)ခံစားမှု ⎬သောတရား ဖြစ်ပျက်ချည်းသာ
၃။ (စိတ္တ)သိမှု ⎭ တည်း။

ဟု ရုပ်နာမ်တို့၏ သဘောတရား အားလုံးကို 'ဓမ္မာနုပဿနာ' ဖြစ်ပျက်ရောက်အောင် ရှုသွားရသည်၊ မည်သည့် သတိပဋ္ဌာန် မဆို သတ္တဝါတို့၏ စရိုက်ကိုလိုက်၍ ဖေါက်ပြန်မှု (ကာယ-ရုပ်)၊ ခံစားမှု(ဝေဒနာ-နာမ်)၊ သိမှု(စိတ်-နာမ်)တို့ကို ဦးတည်၍ ရှုနိုင်ရန် 'ဒေသနာဝိလာသ'ဖြစ်တော်မူသော မြတ်စွာဘုရားသည် နည်းအသွယ်သွယ်-ပရိယာယ်အဖုံဖုံတို့ဖြင့် အစုံအစုံ ဟောတော်မူသွားသည်မှာ 'ဓမ္မ'ဟူသော ပရမတ်သက်သက်ကို သိနိုင်ခဲ၊ မြင်နိုင်ခဲသည်၏အဖြစ်ကြောင့် ရှေးဦးစွာ ပညတ်တင်၍ ဟောတော်မူသည်။

"တသ္မာ ဗုဒ္ဓါ ပဌမံ သမ္မုတိကထံ ကထေတွာ၊ ပစ္ဆာ ပရမတ္ထကထံ ကထေန္တိ"

(သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ—၃၁၆)။

"ထို့ကြောင့် မြတ်စွာဘုရားတို့သည် ရှေးဦးစွာ လူ့အသုံးအနှုန်း၊ လူ့ဝေါဟာရ၊ လူ့အသိဟူသည့် လောကစကားကို ဟောတော်မူပြီးမှ၊ နောက်တွင် သဘောတရားဟူသော ပရမတ် စကားကို ဟောတော်မူကြကုန်၏"။

"တထာဟိ သမ္မုတိသစ္စ မုခေနေဝ ပရမတ္ထ သစ္စာဓိ ဂမော ဟောတိ" (နေတ္တိ ဌကထာ-၁၀၀)။

"ထိုအတူ လောက ဝေါဟာရ အသုံးအနှုန်းကို အရင်းခံ အခြေပြု၍ ပရမတ္ထသစ္စာဟူသောသဘောသို့ ရောက်ခြင်းဖြစ်၏" ဟုဖော်ပြတော်မူကြပေရာ၊ ကာယ၊ ဝေဒနာ၊ စိတ္တတို့ကို ပညတ်နှင့်တွဲ၍ သိစေ၊ နားလည်စေဘောင်မူပြီးမှ လိုအပ်သော ပရမတ်သို့ ရောက်အောင် ဒေသနာဟောပြောမှု၌ လိမ္မာကျွမ်းကျင်တော်မူသော မြတ်စွာဘုရားသည် 'ဓမ္မာနုပဿနာ' ပရမတ် ရှုပုံကို နောက်ဆုံးမှ ဟောပြတော်မူသည်။

သို့အတွက် မည်သည့် သဘိပဋ္ဌာန် အားထုတ်သည် ဖြစ်စေ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် မရောက်က မည်သူမျှ သစ္စာမသိနိုင်သဖြင့် မဂ်မဝင်နိုင်ပေ၊ ဆိုလိုသည်မှာ ကာယနည်း၊ ဝေဒနာနည်း စိတ္တနည်းအားဖြင့် တနည်းနည်းကိုအားထုတ်သော ယောဂီသည် မိမိရှုသော ဖေါက်ပြန်မှု (ကာယ)၌ ဖြစ်ပျက်(ဓမ္မ)သို့ ရောက်အောင် ရှုရသည်။ ဝေဒနာ၊ စိတ္တတို့ဖြင့် ရှုသော ယောဂီသည် မိမိ ရှုသော ခံစားမှု (ဝေဒနာ) သိမှု (စိတ္တ)တို့၌ ဖြစ်ပျက် (ဓမ္မ)သို့ ရောက်အောင်ရှုရလေသည်။

သစ္စာသိမှုဆိုသည်မှာလည်း၊ ဤဓမ္မာနုပဿနာ၌သာ ပါလေရာ၊ ပရမတ်တို့၏ သဘောတရား အမှန်တို့ကို လောကီနယ်တွင် သစ္စာသိအောင် အမှန်သိကြမှ လောကုတ္တရာ မဂ်အမှန် ဖိုလ်အမှန် (မဂ္ဂသမ္မာဒိဋ္ဌိ၊ဖလသမ္မာဒိဋ္ဌိ) ဖြစ်နိုင်လေသောကြောင့် ဘုရားဟောသော မည်သည့် သတိပဋ္ဌာန်ကို ဦးတည်ချက်နှင့် အားထုတ်စေကာမူ၊ ပရမတ္ထ သဘာဝကိုသာ ရှုရသည့် 'ဓမ္မာနုပဿနာ သတိ

ပဋ္ဌာန်သို့ရောက်အောင် ရှုနိုင် အားထုတ်နိုင်၍သစ္စာသိစေလိုသော ဆန္ဒနှင့် တိုက်တွန်းအပ်ပါသည်။

ဤကား မြတ်စွာဘုရား၏ သတိပဋ္ဌာန် တရား လေးပါးကို လုပ်ငန်းအကောက် ဟောတော်မူထားခြင်းဖြစ်သောကြောင့် လုပ်ငန်းကို တိကျကျ ထိရောက်စေနိုင်သော လေ့လာနည်း၊ ရှုနည်းတို့ကို လိုရင်း သို့ရောက်အောင် အတိုဆုံးနည်းဖြင့် ပြညွှန်အပ်ပါသည်။

## "ချမ်းသာ-ဆင်းရဲတွေ့နေက အစားထိုးရှုရန်"

ဝိပဿနာလုပ်ငန်းဟူသည် 'မူလပင်ကိုယ် အမှန်ရှိနေသည့် ပရမတ်သဘောတို့ကို ၎င်းတို့၏ ပင်ရင်း ပရမတ်အတိုင်း အမှန်သိနေရသည့် ဉာဏ်အလုပ်ဖြစ်ပေသည်' ထိုအမှန်ကို အမှန်ဟုသိနေရမည့် ဉာဏ်သည်၊ ပရမတ်ဟူသော ရုပ်နာမ်အမှန် ပေါ်တွင်သာ အမှန်အတိုင်း သိနေက၊ မည်သည့် ကိလေသာမှ မဝင်နိုင်ရကား၊ မည်သည့် ပြဿနာမှ ဝင်မည် မဟုတ်ပေ၊ ဆိုလိုသည်မှာ....ရုပ်နာမ် ပရမတ်ဟူသော 'ဖေါက်ပြန်ဖြစ်ပျက်' နေသည့်အမှန်သဘောတို့ကို မဇ္ဈိမပဋိပဒါဟူသော မဂ္ဂင်ဉာဏ်သည် သိစရာ ရုပ်နာမ်တို့၏ဖြစ်မှု ပျက်မှု သဘာဝ တရားမှလွဲ၍၊ အခြားဘာမျှ သိစရာ မရှိသဖြင့် မိမိသိရမည့်ဘာဝ ဝန်အရ၊ ဖြစ်ပျက်ကိုသာလျှင် သိနေပါက၊ အလုပ် သဘော မှန်ကန်နေ၍ မဇ္ဈိမပဋိပဒါကျပေသည်။ ထိုသဘာဝကို သိနေမှုမှလွဲ၍ (ဝိပရိဏာမဖြစ်သော) ဣရိယာပုထ်၏ နှောက်ယှက်မှု၊ ဝေဒနာက္ခန္ဓာ နာမ်၏ အာရုံလိုက်စား ခံစားမှုတို့ကြောင့်

အရှုခံ ရုပ်နာမ်၌၊ ချမ်းသာမှု၊ ဆင်းရဲမှုတို့သည် (ကာယဝိညာဏ်) ကိုယ်သိဖက် ရောက်သွားသဖြင့် ညာဏ်၏ရှုချက် မဟုတ်တော့ဘဲ (ဝေဒနာ)နာမ်၏ သိချက်သာ ဖြစ်နေတော့သောကြောင့်ရှုညာဏ်တွင် အနှောက်အယှက် ဖြစ်ရပေသည်။

ထိုအခါတွင် ကောင်းမှု-မကောင်းမှု၊ ချမ်းသာမှု-ဆင်းရဲမှုစသော ပညတ်အာရုံကို လိုက်သိခံစားသော ဝေဒနာ နာမ်၏ကိစ္စသာဖြစ်သောကြောင့် ပရမတ်(ရုပ်နာမ်) ဖေါက်ပြန်ဖြစ်ပျက်သဘောကို ရှုသော မဇ္ဈိမ ပဋိပဒါ ဝိပဿနာ ရှုညာဏ် ရပ်ဆိုင်းသွားပေသည်။

နာမ်၏ကိစ္စ ဖြစ်နေပေ၍၊ နာမ်ဟူသည်လည်း အရှုခံတရားဖြစ်သောကြောင့် ၎င်းကို အရှုခံနေရာမှန်တွင် ပြန်ထား၍၊

'ငါ့မ-ငါ့အား၊ ခေါ-စင်စစ်၊ အယံသုခါဝေဒနာ-ဤချမ်းသာ ခံစားမှုသည်၊ ဥပ္ပန္နာ-ဖြစ်ပြီ၊ သာစ-ထိုချမ်းသာခံစားမှုသည်လည်း၊ ပဋိစ္စ-အကြောင်းစွဲ၍ ဖြစ်ပေါ်လာခဲ့၏၊ နောပဋိစ္စ-အကြောင်းကို မစွဲဘဲဖြစ်ပေါ်သည်မဟုတ်၊ ကိံပဋိစ္စ-အဘယ်ကိုစွဲ၍ဖြစ်ပေါ်လာသနည်း၊ ဣမမေဝ ကာယံပဋိစ္စ-ဤခန္ဓာရုပ်နာမ်ကို အစွဲပြု၍ ဖြစ်ပေါ်လာ၏၊ အယံပနကာယော-ဤခန္ဓာကိုယ်သည်ကား၊ အနိစ္စော-မမြဲ၊ သင်္ခတာ-အကြောင်းတရားတို့သည် ပြုပြင်အပ်၏၊ ပဋိစ္စသမုပ္ပန္နော-အကြောင်းကြောင့် ဖြစ်လာရ၏၊ အယံကာယော-ဤကိုယ်သည်၊ အနိစ္စံ-မမြဲပါဘဲ၊ သင်္ခတံ-ပြုပြင်အပ်ပါလျက်၊ ပဋိစ္စသမုပ္ပန္နံ-အကြောင်းကိုစွဲ၍ ဖြစ်ပါလျက်၊ ဣမံကာယံ-ဤကိုယ်ကို၊ ပဋိစ္စ-စွဲမှီ၍၊ ဥပ္ပန္နာ-ဖြစ်သော၊ သုခါဝေဒနာ-ချမ်းသာခံစားမှုသည်၊ ကုတောနိစ္စံဘဝိဿတိ-အဘယ်

မှာမြဲပါလိမ့်နည်း၊ ဣတိ-ဤသို့၊ သော-ထိုချမ်းသာခံစားရသော ယောဂီသည်၊ **ကာယေစ**-ကိုယ်၌ငင်း၊ သုခါယဝေဒနာယစ- ချမ်းသာခံစားမှု၌ငင်း၊ အနိစ္စာနုပဿီ-မမြဲသည်ကို ရှုလေ့ရှိ သည်ဖြစ်၍၊ ဝိရဟတိ-နေ၏၊ ဝယာနုပဿီ-အပျက်ကို ရှုလေ့ ရှိသည်ဖြစ်၍၊ ဝိရဟတိ-နေ၏"။

(ဝေဒနာသံယုတ်—၄၁၃)။

ချမ်းသာခံစားမှု၊ ဆင်းရဲခံစားမှုစသော ခံစားမှုဟူသမျှသည် ဤရုပ်နာမ်ခန္ဓာကို စွဲ၍ မှီ၍ ဖြစ်၏၊ ထိုအစွဲအမှီခံရသော ဤခန္ဓာ ကိုယ်သည်ပင်လျှင် မမြဲ၍ ပျက်နေသည်၊ ကံ၊ စိတ်၊ ဥတု၊ အာ ဟာရ- အကြောင်း အထောက်အပံ့ကြောင့်သာ ရပ်တည်နေရ သော အမှီခိုခံတရားဖြစ်သည်၊ အဝိဇ္ဇာ-တဏှာ-ကံစသောအတိတ် အကြောင်းကြောင့် ရလာ ဖြစ်လာရသော ဝိပါက-ဝဋ်ခန္ဓာ ပဋိစ္စသမုပ္ပါဒ် သဘောသာဖြစ်သည်၊ ကုန်တတ်သောသဘော၊ ပျက်တတ်သောသဘော၊ 'ဖြစ်ပျက်' ပါတကားဟုဝေဒနာသံယုတ် ဂေလညသုတ်တွင် မြတ်စွာဘုရား ညွှန်ပြသောအတိုင်း ရှုနိုင်လျှင် ချမ်းသာဆင်းရဲဟု သိနေသော 'ဝေဒနာ' နာမ်မှ 'မဇ္ဈိမပဋိပဒါ ဝိပဿနာ' ရှုဉာဏ်သည်၊ ၎င်း၏နေရာမှန်သို့ပြန်၍ ရောက်သွားပေ မည်၊ ဆိုလိုသည်မှာ'ဖြစ်ပျက်'ကို ပြန်ရှုနိုင်မှုပင်တည်း'ထိုဝေဒနာ နာမ်သိကိုပင် ဖြစ်ပျက်ရှုသွားရမည်'ဟုဆိုလိုသည်၊ အကြောင်း ကား ရုပ်နာမ်ဟူသည် ဝိပဿနာရှုဉာဏ်၏ အရှုခံ အာရုံဖြစ်သော ကြောင့်တည်း။

**"အကယ်၍မခံသာကဲ့သော်"** ခန္ဓာကိုယ်ထဲတွင် တွေ့သော (ဒုက္ခဝေဒနာ ဆင်းရဲခံစားရချက်သည် မခံသာကဲ့သော် ဘယ်သို့

ခွါ၍ရှုရမည်နည်း ဟူသော ဆွေးနွေးချက်၌၊ ဤနေရာတွင် ကျွန်ုပ်တို့တိုက်တွန်းလိုသည်မှာ ထိုဒုက္ခဝေဒနာကို ဤမျှမခံသာသော အဖြစ်သို့ရောက်အောင် တာရှည်လက်ခံထားရန်မဟုတ်ပေ၊ အဘယ့်ကြောင့်ဆိုသော်....ဝိပဿနာဉာဏ်ဖြစ်ဖို့အတွက် ရုပ်နာမ်ခန္ဓာတို့၏ ပရမတ္ထသဘောကို အခြေခံမှုမှန်လာလျှင် ထိုမျှဆင်းရဲဖြစ်အောင် လက်ခံလာနိုင်စရာ အကြောင်းမရှိချေ၊ ဝိပဿနာရှုသည်ဆိုရာတွင် ပညတ်မပါသော ပရမတ်တို့၏ ဖေါက်ပြန် ဖြစ်ပျက်နေသည့်သဘောမှန်ကိုသာအမှန်အတိုင်း မဂ္ဂင်ဉာဏ်ဖြင့်သိရရုံ ရှုသိရသော သဘောဖြစ်ရာ၊ ဒုက္ခဝေဒနာဤမျှတက်လာအောင် ထားစရာမလိုပေ၊ မခံသာမှု ဖြစ်ရအောင် တက်လာလျှင်ကား- ထိုဒုက္ခဝေဒနာ တွေ့နေရသော အချိန်သည်၊ ယောဂီအား ဝိပဿနာဉာဏ်လွတ်နေသော အချိန်ဟုမှတ်ပါ။

ထိုအခါမျိုးတွင် မိမိရှုဆဲ ဣရိယာပုတ်ကို ပြောင်းလိုက်ပါ၊ ပြင်လိုက်ပါ၊ မပြောင်းဘဲ၊ မပြင်ဘဲ တခုတည်းသောဣရိယာပုတ်ဖြင့် ရှုခြင်းမှာ ထိုဣရိယာပုတ်ကြောင့်ဖြစ်သော ဒုက္ခဝေဒနာကို တမင်ရှာဖွေသည်နှင့်တူလေသည်။

မြတ်စွာဘုရား၏ အလိုတော်မှာ—ဤသည့် ဒုက္ခ သစ္စာဖြစ်သော ရုပ်နာမ်မှာ 'သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း ကွေးခြင်း၊ ဆန့်ခြင်း,စသော များစွာသော ဣရိယာပုတ်၊ များစွာသော ကာယသင်္ခါရစသည့် ပြုပြင်ခြင်းမျိုးတို့ဖြင့် မည်သို့မည်ပုံ မျိုးစုံအောင် ပြုပြင်ပြောင်းလဲ နေစေကာမူ၊ မည်သို့မျှ တည်တံ့ခိုင်မြဲမှုမရှိပုံ၊ ချမ်းသာမပါပုံ၊ မိမိသဘောအရ မနေနိုင်ပုံ စသည်တို့ကို ဣရိယာပုတ်တိုင်း၊ ပြုပြင်မှုတိုင်း ဤရုပ်နာမ်

ခန္ဓာ၏ပင်ကို ဘာဘာဝကို သိစေလိုရင်း ဖြစ်ရကား၊ ဖြစ်ပျက် လျက်ရှိသော မူရင်း သဘာဝကို ဉာဏ်မမြင်သဖြင့် ဒုက္ခဆင်းရဲ တခုခုကို ကြာကြာထိုင်၍၊ ကြာကြာရပ်၍၊ ရှာဖွေလုပ်ယူနေ သော သဘောဖြစ်လေသည်။ မလွဲမကင်းသာသဖြင့် ကြုံတွေ့ရ သော ဒုက္ခတို့ကို ရင်ဆိုင်ရာ၌ ရှေးအခါက အရိယာလောင်းကြီး များ ဝေဒနာ ခွာပုံတို့မှာ....

"တိဿထေရ်" သာဝတ္ထိပြည်မှ သူဌေးသား တိဿသည် မြတ်စွာဘုရား၏ အထံတော်တွင် ရဟန်းပြု၍ အရဟတ္တဖိုလ် တိုင် အောင်သော၊ ကမ္မဋ္ဌာန်းကို သင်ကြားနာယူ ခဲ့ပြီးလျှင် တောသို့ ထွက်လာလျက်၊ တရားအားထုတ်ရန် သခ်ိမ်းကျောင်းငယ်ကို ဆောက်လုပ်၍ တရားအားထုတ်မည့်ဆဲဆဲတွင် လူသတ်သမားတို့ ရောက်လာ ဝိုင်းရံပြီးလျှင် သတ်မည်ပြုသောအခါ မသတ်ရန် တောင်းပန်သော် မရသည့်အဆုံး၌၊ ယနေ့ တညတာဆိုင်းငံ့ရန် ပြောသည်တွင် မည်သည့် အာမခံချက်ပေးမည်နည်းဟု လူသတ် သမားတို့က ဆိုလတ်သော်–၎င်း၏ ခြေ ၂ ချောင်းကို အနီးရှိ ကျောက်တုံးနှင့် ထုချိုးလိုက်၍....

"ဝဋ္ဋတိပါဠိဘောဂေ ါတိအာဟ"

"ဤမျှလောက်ဆိုလျှင် သင့်ပြီလား'ဟု အာမခံချက် ပေးသ ဖြင့် လူသတ်သမားတို့က စိတ်ချပြီးလျှင် အသီးသီး အိပ်စက်ကြ လေသည်၊ ထိုအခါတွင်....

"ထေရသာ ဝေဒနံ ဝိက္ခမ္ဘေတွာ သီလံ ပစ္စဝေက္ခတော ပရိသုဒ္ဓံ သီလံ နိဿာယ ပီတိပါမောဇ္ဇံ ဥပ္ပဇ္ဇိ၊ တတော အနန္တရမေဝ ဝိပဿနံ ဝဍ္ဎေတွာ တိယာမရတ္တိံ သမဏဓမ္မံ ကတွာ အရုဏုဂ္ဂမနေ အရဟတ္တံ ပတ္တော"

(သုတ်မဟာဝါ အဋ္ဌကထာ—၃၄၉)။

"ထေရသာ-မထေရ်အား၊ ဝေဒနံ- အာမခံချက်ပေးရသဖြင့် ခြေ ၂ ချောင်းကျိုးသော ဆင်းရဲခံစားမှုကို၊ ဝိက္ခမ္ဘေတွာ-ခွာ ပစ်၍၊ သီလံ-ရဟန်းပြုသည်မှ ယနေ့ကျအောင် ထိန်းသိမ်းခဲ့ရ သော သီလကို၊ ပစ္စဝေက္ခတော-ဆင်ခြင် စစ်ဆေးသည်ရှိသော်၊ ပရိသုဒ္ဓံသီလံ-စင်ကြယ်စွာရှိနေသော သီလကို၊ နိဿာယ-တွေ့ရှိ သမှုအမှီပြု၍၊ ပီတိပါမောဇ္ဇံ-နှစ်သက် ဝမ်းမြောက်ခြင်းသည်၊ ဥပ္ပဇ္ဇိ—ဖြစ်ပြီ၊ တတော—ထိုသီလစင်ကြယ်သဖြင့် ဝမ်းမြောက် နှစ်သက်ပြီးနောက်မှ၊ အနန္တရမေဝ-အစဉ်သဖြင့်၊ ဝိပဿနံ-မြတ်စွာ ဘုရားထံတော်ပါးမှ သင်ကြားယူလာ ဝိပဿနာကို၊ ဝဍ္ဎေတွာ ရှုမှတ်ပွားများလျက်၊ တိယာမရတ္တိံ—ညဉ့်သုံးယာမ် ကာလပတ် လုံး၊ သမဏဓမ္မံ—အရိယာဇာတ် ရဟန်းမြတ်ဖြစ်ကြောင်း တရား ကောင်းကို၊ ကတွာ-ပြုလုပ်အားထုတ်လျက်၊ အရုဏုဂ္ဂမနေ— အရုဏ်တက်အချိန်၌၊ အရဟတ္တံ- အရဟတ္တဖိုလ်သို့(ဝါ)ရဟန္တာ အဖြစ်သို့၊ ပတ္တော—ရောက်လေပြီ"။

တိဿမထေရ်၏ ဤအခြေအနေကို အဋ္ဌကထာ၌ အသေ အချာ ဖေါ်ပြထားပါလျက်၊ အချို့သောပုဂ္ဂိုလ်တို့မှာ ပေါင် ကျိုးသော ဒုက္ခဝေဒနာကိုရှု၍ ရဟန္တာဖြစ်သည်ဟု ဇွတ်ပြောနေ ကြသည်ကား ဆင်ခြင်စရာ ကောင်းပေသည်။

စိစစ်ကြည့်ရန်မှာ တိဿ မထေရ်သည် အာမခံအဖြစ်ဖြင့် ပေါင် ၂ ချောင်းကို ရိုက်ချိုးပြီးသည်နောက်၊ ဝိပဿနာရှုရန် အခြေခံဖြစ်သောမိမိ၏သီလ စင်ကြယ်မစင်ကြယ်ကို ပဋ္ဌမစစ်ဆေးသည် သီလစင်ကြယ်ကြောင်းကိုတွေ့ရှိရသဖြင့်စင်ကြယ်သောသီလ အခြေခံရသဖြင့်ဝမ်းမြောက်ခြင်း နှစ်သက်ခြင်းစသော ဥပစာရ စျာန်ဖြစ်လာသည်၊ ထိုစျာန်ကို တဆင့်တဖန် ဖယ်ပြန်၍ အစဉ် အတိုင်းမြတ်စွာဘုရား အထံတော်မှ သင်ကြား မှတ်ယူလာသော ရုပ်နာမ် မူလကမ္မဋ္ဌာန်းကို ပွားများ အားထုတ်ခြင်းဖြင့် အရုဏ် တက်အချိန်တွင် ရဟန္တာ ဖြစ်သွားကြောင်း အထင် အရှား သဘာဝကျစွာ ဖေါ်ပြထားပေသည်။

မဟာဝဂ္ဂဋီကာ ၂၀၃ တွင်လည်း ထိုပေါင်ကျိုးမှု ဒုက္ခ ဝေဒနာကြီးကို နှလုံးမသွင်း မရှုမှတ်ဘဲ ခွါထားပါသည်ဟု အတိုအလင်း ဆိုထားပုံမှာ....

"ဝေဒနံ ဝိက္ခမ္ဘေတွာတိ ဥရုဋ္ဌိဘေဒ ပစ္စယံ ဒုက္ခ ဝေဒနံ အမနသိကာရေန ဝိနောဒေတွာ"

ဟုလာရကား....ဒုက္ခဝေဒနာဖြစ်လာလျှင် ထိုဒုက္ခဝေဒနာကို မရှုဘဲ ခွါထား၍ မိမိ၏ရုပ်နာမ်မူရင်း သဘာဝကိုသာ ဝိပဿနာ ရှုရန် အလွန်အရေးကြီးပေသည်၊ ဒုက္ခနောက်၌ရှိသော ဒေါ မနဿသည် မိမိအား စိတ်ဆင်းရဲမှု ဖြစ်စေပါလျက်၊ ဒေါမနဿ ဖြစ်မှန်းမသိအောင် ဖုံးကွယ်၍ 'ဒေါတရားဘဲ'ဟု လှည့်စားချက် ကား အဝိဇ္ဇာအမှောင်ထု အားကြီးသူတို့ ခံရချက်ပင် ဖြစ်လေ သည်၊ ဆက်၍ လေ့လာပါဦး....

"ဂေါ်ဓိကထေရ်" မြတ်စွာဘုရားလက်ထက်တော် ဣသိဂိလိတောင် ကျောက်မဲလိုဏ်ဂူ၌ နေသော ဂေါဓိကထေရ်သည်၊ မြတ်စွာဘုရားအထံတော်တွင် သမထ ဝိပဿနာတရားကိုသင်ယူ၍ ထိုဂူ၌ ရှေးဦးစွာ သမထကို အားထုတ်ပြီး၊ ဈာန်အဘိညာဏ်ရပြီးမှ ဝိပဿနာကို အားထုတ်မည်ဟုကြံ၍၊ ပဌမ သမထကို အားထုတ်လေရာ ဈာန်ရသည်၊ ထိုဈာန်ကို အခြေပြု၍ ဝိပဿနာအားထုတ်လိုသော်လည်း ထိုမထေရ်၌ အနာရောဂါ ကပ်ရောက်လေသဖြင့် ဝိပဿနာကို တက်၍အားမထုတ်နိုင်သည်သာမက၊ ရရှိပြီးသော ဈာန်ပင် လျှောကျ ပျက်စီးခဲ့ရသည်မှာ ၆ ကြိမ်ပင် ရှိလေပြီ။

နောက်အခါတွင် မထေရ်အား လေ-သည်းခြေ-သလိပ် ဟူသော (တြိဒေါသ) ရောဂါလည်း အပြင်းအထန်ဖြစ်ဆဲ "ငါသည် ဝိပဿနာကို အားမထုတ်ရသဖြင့် ဘဝဂတိ မမြဲမည့်အတူတူ ဈာန်ရအောင် အားထုတ်ပြီး၊ ထိုဈာန်လက်ရှိနှင့်သေက ဗြဟ္မာဖြစ်နိုင်သေး၏" ဟု ကြံရွယ်လျက် အားထုတ်သောအခါ ဈာန်ပြန်၍ ရခိုက် ဈာန်မပျက်မီ 'သေအံ့" ဟု မိမိလည်ပင်းကို ဒါးဖြင့်လှီး၍ သတ်သေရန် အားထုတ်လျက်....

"ဥတ္တာနော၊ ပက်လက်။ နိပ္ပဇ္ဇိတွာ၊ အိပ်လျက်။ သတ္တေန၊ ဒါးဖြင့်။ ဂလနာဠိံ၊ လည်ချောင်းရိုးကို။ ဆိန္ဒိ၊ လှီးဖြတ်ပြီ။ ဒုက္ခာ၊ ဆင်းရဲလှသော။ ဝေဒနာ၊ ခံစားမှုတို့သည်။ ဥပ္ပဇ္ဇိံသု၊ ဖြစ်ကုန်ပြီ။ ထေရော၊ ဂေါဓိကထေရ်သည်။ ဝေဒနံ၊ သေလုမျှောပါး ဆင်းရဲလှသော ဒုက္ခ

ဝေဒနာကြီးကို။ ဝိက္ခမ္ဘေတွာ၊ ခွါပစ်၍။ တံယေဝဝေဒနံ၊ ထိုလည်ချောင်းရိုးကို လှီးဖြတ်သဖြင့် ခံရသော ဆင်းရဲကြီးကိုသာလျှင်။ ပရိဂ္ဂဟေတွာ၊ ရုပ်နာမ်တို့၏ ဓမ္မတာသဘောဟူ၍ သိမ်းဆည်းလျက်။ သတိံ၊ ရုပ်နာမ်ဟူသော အမှတ်သတိကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေလျက်။ မူလကမ္မဋ္ဌာနံ၊ မြတ်စွာဘုရားအထံတော်မှသင်ကြားယူဆောင်လာသော မူလကမ္မဋ္ဌာန်းကို။ သမ္မသန္တော၊ သုံးသပ်ရှုမှတ်အပ်သည်ရှိသော်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍။ သမသီသီဟုတွာ၊ ခန္ဓာဦးခေါင်းကိလေသာဦးခေါင်း ၂ ခုတို့၏တပြိုင်နက်ပြတ်သည်ဖြစ်၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြုလေပြီ”။

(သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ – ၁၆၈)။

ထိုသို့လည်ချောင်းရိုးကို လှီးဖြတ်သော မထေရ်အား၊ သေလုမျှောပါးဆင်းရဲလှသော ဒုက္ခဝေဒနာကြီးကိုပင် ပယ်၍၊ ခွါ၍၊ ပင်ရင်းဖြစ်သော မူလရုပ်နာမ်ကိုသာ ၎င်း၏ သဘာဝအတိုင်း ရှုမှတ်သွားသည်ကို အဋ္ဌကထာ ဖေါ်ပြထားသည်မှာ အလွန်ရှင်း၍ သဘာဝကျသည်၊ အပြင်အပမှ မမြှော်လင့်ဘဲတွေ့ရသည့် ဒုက္ခဝေဒနာမျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လက်ရှိ ရုပ်နာမ်ခန္ဓာကား၊ သူ့ဟာသူပင် အနိစ္စအချက်, ဒုက္ခအချက်,အနတ္တအချက်ပြနေလျက်မို့, ၎င်းတို့ကိုသာ ရှုရန်အရေးကြီးပေသည်။

အကယ်၍ ထိုဆင်းရဲ ဒုက္ခဝေဒနာကြီးကို မခွါဘဲ၊ ထိုဒုက္ခကြီးကိုသာ ကြည့်၍ ရှု၍ နေမည်ဆိုပါက၊ “သောက, ပရိဒေဝ,

ဒုက္ခ, ဒေါမနဿ”တို့ အဆင့်ဆင့်ဝင်ပြီး အကျိုး နည်းဘို့သာ ရှိလေသည်၊ ထို့ကြောင့် မထေရ်သည် ထိုဒုက္ခဝေဒနာကို အဘယ့်ကြောင့် ခွါသည်ကို သိရှိရန်....

“ဝေဒနံ ဝိက္ခမ္ဘေတွာတိ ဥပ္ပန္နံ ဒုက္ခ ဝေဒနံ ပဋိစ္စ၊ ဥပ္ပန္နံ အတ္တကိလမထံ အနုပ္ပါဒနဝသေန ဝိက္ခမ္ဘေတွာ”

(သဂါထာဝဂ္ဂသံယုတ်ဋီကာ - ၂၁၇)။

“ဝေဒနံဝိက္ခမ္ဘေတွာတိ၊ ဒုက္ခဝေဒနာကြီးကိုခွါပစ်၍ ဟူသည်ကား(သော၊ ထိုဂေါဓိကမထေရ်သည်) ဥပ္ပန္နံ၊ လက်ငင်းဖြစ်နေသော။ ဒုက္ခဝေဒနံ၊ ဆင်းရဲခံစားမှုကြီးကို၊ ပဋိစ္စ၊ စွဲမှီ၍။ ဥပ္ပန္နအတ္တကိလမထံ၊ ဖြစ်ပေါ်လာသော ကိုယ်စိတ်ညှင်းဆဲ ပင်ပန်းလှသော။ အတ္တကိလမထကို။ အနုပ္ပါဒနဝသေန၊ မဖြစ်ပေါ်စေသည်၏အစွမ်းအားဖြင့်။ဝိက္ခမ္ဘေတွာ၊ ခွာပစ်၍”

ဋီကာအလိုမှာလည်း ရှင်းလှသည်၊ အရှင်ဂေါဓိကသည် ထိုဆင်းရဲခံစားမှုကြီးကို မခွါခဲ့သည်ရှိသော်၊ ထိုဒုက္ခဝေဒနာကြီးကို အကြောင်းပြု၍၊ ထိုဒုက္ခကြောင့် အတ္တကိလမထ ဟူသော မိမိကိုယ်ကို ညှင်းဆဲပြစ်၊ အစွန်းတဖက်သို့ ကပ်ရောက် ရတော့မည်ဖြစ်၍၊ ထိုအတ္တကိလမထ ဟူသော အစွန်းသို့မရောက်စေခြင်းငှါ (ဝါ)ထိုအစွန်းလွတ်မှ ပဋိပဒါဉာဏ်လမ်းသို့ သက်ဝင်ခြင်းငှါ၊ ထိုဝေဒနာဒုက္ခကြီးကိုခွါ၍။ မဇ္ဈိမပဋိပဒါကျကျ ရှုသွားသည်ဟုလို၊ ဆက်လက်လေ့လာပါဦး....

"**သောဏကောဠိဝိသ**" ရာဇဂြိုဟ်ပြည်တွင် သောဏကောဠိဝိသ။ဟူသော သူဌေးသားသည် အတိတ်ဘဝအကျိုးပေးကြောင့် အလွန်နူးညံ့သော ခြေလက်အင်္ဂါရှိသည်၊ လက်ဖဝါး, ခြေဖဝါးတို့၌ လက်လေးသစ်ခန့် အမွေးများ ပေါက်နေသည်၊ တနေ့သော် ဘုရင်ဗိမ္ဗိသာရမင်းနှင့်အတူ၊ မြတ်စွာဘုရားထံ ဆည်းကပ်၍ တရားတော်ကိုနာရသောအခါ၊ သောတာပန်ဖြစ်လေသည်။

ငင်းနောက် သောတာပန် ဖြစ်ပြီးသော၊ သောဏသည် မြတ်စွာဘုရား၏အထံတော်၌ ရဟန်းပြုခြင်းငှါ ခွင့်တောင်း၍၊ ရဟန်းပြုပြီးသော် မြတ်စွာဘုရား၏ အထံတော်မှ အရဟတ္တဖိုလ်တိုင်အောင်သော တရားကိုသင်ယူခဲ့၍ 'သီတဝန' ဟူသောတောသို့ တရားအားထုတ်ရန် သွားပြီးလျှင်၊ စင်္ကြံနည်းဖြင့် ရုပ်နာမ်ခန္ဓာ၏သဘောကို လေ့လာ အားထုတ်လေရာ၊ အလွန်နူးနယ်သော ခြေဖဝါးတို့မှ ပေါက်ကွဲ၍၊ စင်္ကြံလမ်း တ လျှောက် လုံးတွင် သွေးချင်းချင်းနီရဲကုန်လျက်၊ ခြေတို့ဖြင့် မသွားနိုင်လတ်သော် လက်နှင့်ဒူးကို အသုံးပြု၍ လေးဖက်ထောက်လျက် စင်္ကြံသွားပြန်လေသည်၊ လက်တို့ဒူးတို့ဖြင့် တဖန် မသွားနိုင်မထောက်နိုင်လတ်သော်....

"ငါသည် လုံ့လ ဝီရိယ အစွမ်းကုန်ထုတ်လျက် အားထုတ်ပါသည်၊ မြတ်စွာဘုရား သာသနာတော်၌ ရှိကြသော သာဝကတို့တွင် လုံ့လဝီရိယရှိသူတို့သည် ငါ့ထက် ပိုလွန်သူရှိမည်မဟုတ်၊ ငါသည် ဤမျှ လုံ့လဝီရိယထား၍ အားထုတ်ပါသော်လည်း

အာသဝတရား, ကိလေသာတရားတို့မှ လွတ်ရန်ဝေး၍ အလင်းရောင်မျှပင် မရပါတကား၊ သို့ဖြစ်၍ ငါသည် လူထွက်ပြီးလျှင် စည်းစိမ်ချမ်းသာကို ခံစားလျက် ကုသိုလ် ကောင်းမှုတို့ကိုသာ ပြု၍နေတော့အံ့”ဟု စိတ်ပျက်အားနည်းသော အကြံအစည်ဖြစ်၍ ကြောင့်ကြမ့်ပင် နေလိုက်လေသည်။ ထိုအခါ မြတ်စွာဘုရားသည်ရဟန်းအများနှင့် သောဏရှိသော သီတဝန တောသို့ရောက်ရှိလာရာ သွေးများဖြင့် လမ်းဖြစ်နေအော စင်္ကြံကိုတွေ့၍ သိတော်မူလျှက်....

“ကဿန္နာယံ ဘိက္ခုဝေ စင်္ကမော လောဟိတေန
ဖုဋ္ဌောသေယျထာပိဂဝါဃာတနံ”

“ရဟန်းတို့ ဤစင်္ကြံလမ်း၌ သွေးချင်းချင်းနီနေသည်မှာနွားသတ်သောနေ့ရာကဲ့သို့ ဖြစ်နေသည်မှာ အဘယ်နည်း”ဟု မေးတော်မူလေလျှင် ရဟန်းတို့က“အရှင်သောဏ၏ လုံ့လဝီရိယနှင့် စင်္ကြံသွားမှုကြောင့် ခြေလက်များပေါက်ကွဲလျက် ယိုစီးထွက်ကျသော သွေးတို့ဖြစ်ပါသည်ဘုရား”ဟု လျှောက်ထားကြသော အခါ၊ မြတ်စွာဘုရားသည် အရှင်သောဏအထံသို့ ချဉ်းကပ်လျက်....

“ချစ်သားသောဏ—သင်သည်၊ ဤမျှလုံ့လဝီရိယထားလျက် အားထုတ်ပါသော်လည်းငါ့မှာကိလေသာအာသဝတို့မကုန်သည် ဖြစ်၍“ငါသည် လူထွက်အံ့”ဟု ကြံသည် မှန်သလား”ဟု မေးတော်မူရာ“မှန်ပါကြောင်း”လျှောက်သဖြင့် မြတ်စွာဘုရားသည်-

"ချစ်သား သောဏ—ပညာမပါသော ခန္ဓာကိုယ် ကို နှိပ်စက်ချုကျင့်ခြင်းသည် ငါဘုရား သာသနာ၏ အကျင့်မဟုတ်၊ သင်သည် သူဌေးသားဖြစ်စဉ်က စောင်းတီးဘူးသလား"

"တီးဘူးပါသည်ဘုရား"

"စောင်းကြိုးကို အလွန်လျော့၍တီးလျှင် နားထောင်ကောင်းသောအသံဖြစ်ပါမည်လား"

"စောင်းကြိုးလျော့တီးလျှင် နားထောင်၍ မကောင်းပါ"

"အလွန်တင်း၍တီးလျှင်ကော နားထောင်ကောင်းသလား"

"အလွန်တင်း၍ တီးလျှင်လည်း နားထောင်မကောင်းပါ"

"စောင်းကြိုးကို မည်ကဲ့သို့ ပြုလုပ်၍ တီးမှ နားထောင်ကောင်းသနည်း"

"မလျော့လွန်း-မတင်းလွန်းညှိ၍ တီးမှ နားထောင်၍ကောင်းပါသည်"

ချစ်သား သောဏ—ထို့အတူရချင်ညာဏ်ဇော နှင့် အလွန်လုံ့လပြုလျှင်လည်း လောဘဦးစီးလျက်၊ ပညာမလိုက်နိုင်သောကြောင့် (ဥဒ္ဓစ္စ) ပြန့်လွင့်ခြင်းဖြစ်၍ တရားမရနိုင်၊ လုံ့လဝီရိယအလွန်လျော့ပြီးလျှင်လည်း သိရမည့် တရားအပေါ်မှာ မသိနိုင်သောကြောင့် (ကောသဇ္ဇ) ပျင်းရိခြင်းဖြစ်လာသောကြောင့် တရားမရနိုင်၊ ထို့ကြောင့် လုံ့လဝီရိယ,ဉာဏ်,ဣန္ဒြေတို့ ညီမျှစွာ မဇ္ဈိမပဋိပဒါကျအောင် "ဝီကောဝေါဒ" ဒေသနာဖြင့် ဆုံးမတော် မူလေသည်။

၎င်းနောက် အရှင်သောဏသည် မဇ္ဈိမပဋိပဒါဖြင့် သက်သာစွာအားထုတ်လေရာ မကြာမီပင် ရဟန္တာဖြစ်ကြောင်းကို…

(ဝိနည်းမဟာဝါပါဠိတော်စမ္မက္ခန္ဓက ၂၆၇-၂၆၉)။

(အင်္ဂုတ္တရအဋ္ဌကထာ ပ ၁၇၁)။

(အပဒါနကထာ ဒု ၆၇)။

(ထေရဂါထာ အဋ္ဌကထာ ဒု ၂၂၉)။

ဤ၌ အရှင်သောဏသည် သွေးချင်းချင်း နီအောင် စင်္ကြံသွား၍ အားထုတ်ခြင်းမှာ ခန္ဓာကိုယ်ကို ဤမျှ နှိပ်စက်ညှင်းပန်းခြင်းဖြစ်၍ အတ္တကိလမထ ဖြစ်နေရကား၊ မည်သည့်နည်းနှင့်မျှ တရားမရနိုင်ပေ၊ နောက်တဖန် စင်္ကြံသွား၍ အားမထုတ်နိုင်သောအဆုံး၌၊ ငါသည် ဤမျှ အဆင်းရဲခံ၍ အားထုတ်ပါသော်လည်း တရားအရိပ်အရောင်မျှ မရလေသောကြောင့် အားထုတ်ခြင်းကို ရပ်ဆိုင်း၍ လူထွက်မည်၊ လူ့စည်းစိမ်ချမ်းသာ ခံစား၍ သာနေတော့မည်ဟုအကြံပြု၍နေသည်ကား၊ ကာမသုခလ္လိက အစွန်းဖက်သို့ ရောက်နေရကား ဤနည်းလမ်းဖြင့်လည်း တရားမရနိုင်ချေ၊ မြတ်စွာဘုရား၏မလျော့မတင်း'ဝိဏောဝါဒ'စောင်းတီး ဥပမာနှင့် ဟောမှ၊ (ဝါ) မဇ္ဈိမပဋိပဒါ ညွှန်ပြ နည်းပေးမှ ရဟန္တာဖြစ်သည်မှာ အဆန်းမဟုတ်ပေ၊ ဆက်၍ရှုဦးလော့။

"ဥတ္တရသာမဏေ" ရာဇဂြိုဟ်ပြည်တွင် ဗြာဟ္မဏမဟာသာလမျိုး၌ဖြစ်သော ဥတ္တရမည်သော သူငယ်သည် ရှေးရှေးသောဘဝများစွာတို့၌ ဆည်းပူးအပ်သောပါရမီသမ္ဘာရ ရှိသည့်အားလျော်

စွာ အရှယ်သို့ရောက်လျှင်ပင် ပုဏ္ဏားတို့ တပ်အပ်သော ဗေဒင်သုံးပုံတို့ကို အပြီးတိုင် တတ်မြောက်၏၊ အဆင်းလည်းလှ၏၊ ဥစ္စာဓနလည်း အလွန်ပြည့်စုံ၏၊ အကျင့်သီလလည်း အလွန်ကောင်းမွန်ပေရကား၊ သိရှိသမျှ လူအပေါင်း၏ နှုတ်ဖျားတွင် ချီးမွမ်းကြသော စကားဖြင့် ပြည့်လျက်နေ၏။

ထိုသတင်းကို ရာဇဂြိုဟ်ပြည်တွင် အမတ်ကြီးလည်းဖြစ်၍ တရားသူကြီးလည်းဖြစ်သော ဝဿကာရသည်၊ ဥတ္တရထံသို့ လာရောက်၍စုံစမ်းသည်တွင် သတင်းကောင်းသည့်အတိုင်း မှန်နေ၍ ဥတ္တရအား မိမိသမီးနှင့် ဆောင်နှင်းပေးစားလိုကြောင်း တိုက်ရိုက်ပင် ပြောတော့ရာ၊ ဥတ္တရသည် ဘဝများစွာက ဖြည့်ခဲ့သော ပါရမီသည် တိုက်တွန်းလေသောကြောင့် ထွက်မြောက်လိုသော စိတ်သာအားကြီးပြီးနေသဖြင့် "ကျွန်ုပ်၌ ဤလို စိတ်မျိုးမရှိပါ၊ ဆင်းရဲသုံးသရာမှ ထွက်မြောက်လိုသော စိတ်သာ ရှိပါသည့်အတွက် သည်းခံပါရန်" ပြောကြားသောအခါ၊ ဝဿကာရပုဏ္ဏားအမတ်ကြီးသည် သူ့စကားနှင့်သူ အရှက်ရလျက် ပြန်သွားလေသည်။

ဥတ္တရလည်း အိမ်တွင် ဆွမ်းခံကြွနေသော အရှင်သာရိပုတ္တရာကို ဆည်းကပ်လျက်၊ အခါအခွင့်သင့်တိုင်း တရားတော်ကို နာယူလေသည်၊ နောင်တွင် အသက် ၁၉ နှစ်ခန့် ရှိလာသောအခါ၊ အရှင်သာရိပုတ္တရာထံမှ သကၤန်းဝတ်၍ ရှင်သာမဏေအဖြစ်နှင့် နေလေသည်၊ တနေ့သောအခါ အရှင်သာရိပုတ္တရာ၌ အနာရောဂါတခု ကပ်ရောက်သောအခါ ဥတ္တရသာမဏေသည် ဆရာ

ဥပဇ္ဈာယ်၏ ရောဂါကင်းပျောက်စေရန်အတွက် ဆေးဝါး ခတ်စာရှာဖွေရန် နံနက်စောစော အိပ်ရာမှထ၍ သပိတ်ကိုယူလျက် ထွက်လာခဲ့ရာ၊ လမ်းခရီးတွင် ရေကန်တကန်တွေ့၍ထိုရေကန်ဘောင်မျက်နှာသစ်ရန် သပိတ်ကို ကန်ပေါင်ရိုးပေါ်တွင် ထားခဲ့ပြီး ကန်အတွင်းသို့ဆင်း၍ မျက်နှာသစ်လေသည်။

ထိုအချိန်တွင် မြို့တွင်း၌လည်း တိုက်၊ အိမ်တို့ကို နံရံမှ ဖေါက်ထွင်း၍ ခိုးတတ်သော ခိုးသူတို့သည် အိမ်တအိမ်တွင် ဖေါက်ထွင်း၍ခိုးသောအခါ အိမ်ရှင်များနိုးသဖြင့် ရရာပစ္စည်းထုပ်ကို ဆွဲလျက် ထွက်ပြေးကြလေရာ၊ အနီးအနားရှိ လူများပါဝိုင်း၍ လိုက်ကြသဖြင့် မြို့အပြင်ဖက် ရေကန်အရောက်တွင် ခိုးသူတို့သည် ကန်ပေါင်ပေါ်၌ တွေ့ရသည့် ဥတ္တရ၏သပိတ်ထည်းသို့ ၎င်းတို့ ခိုးယူလာသည့် ပစ္စည်းထုပ်ကို ထည့်၍ ပြေးကြလေသည်။

ဥတ္တရလည်း မျက်နှာသစ်ပြီး၍ ရေကန်မှ တက်လာရာ၊ ခိုးသူနောက်သို့ လိုက်လာသောလူတို့သည်၊ ဥတ္တရ၏ သပိတ်ထည်းတွင် ၎င်းတို့၏ပစ္စည်းကို တွေ့သဖြင့် ဥတ္တရအား "ခိုးသူ"ဟု စွပ်စွဲပြီးလျှင် လက်ပြန်ကြိုးတုပ်ချည်၍ (ဝဿကာရ) တရားသူကြီးထံသို့ ပို့အပ်လေသောအခါ တရားသူကြီးက....

'ပုဗ္ဗေ မမ စေနံ နာဒိယိ'

"သင်သည် ဟိုတုန်းက ငါ့စကားကို နားမထောင်ခဲ့"

'သုဒ္ဓပါသဏ္ဍိ ယေသု ဝုဗ္ဗဇိ'

"သူတော်ကောင်းယောင် ဆောင်ပြီး သက်နှီးဝတ်နေသည်"

ဟုမည်သို့မျှ မစစ်ဆေးတော့ဘဲ "သုသာန်ထုတ် လက်ဝါး ကပ်စင်တင် တံကျင်လျှို၍ သတ်စေဟု အမိန့်ချလိုက်လေသည်။

ထိုအမိန့်အတိုင်း အာဏာသားတို့သည်လည်း ဥတ္တရအား သုသာန်သို့ ဆွဲသွားရကျက်၊ လက်ဝါးကပ်စင်သို့ တင်ပြီးလျှင် သံမယ်နတို့ဖြင့်ရိုက်, သံတံကျင်ဖြင့် လျှိုလျက်သတ်ရန် အမိန့်ကို ဆိုင်းငံ့၍နေလေသည်။

ထိုအကြောင်းကိုမြတ်စွာဘုရားသည်ဉာဏ်တော်၌တွေ့မြင်ပြီး ဖြစ်ပေသည်။ သို့ရာတွင် ဥတ္တရ၏ ဉာဏ်အရင့်ကိုစောင့်လို၍ရင်း ထိုဥတ္တရ၏ ရှေ့က ပြုခဲ့သောကံကြောင့်ရင်း မဘားနိုင်ဘဲရှိခဲ့၏၊ နောက်မှ မြတ်စွာဘုရားကြွတော်မူလာပြီးလျှင် ဥတ္တရ၏ဦးခေါင်း ကို ပါရမီသမ္ဘာရကြောင့် အလွန်နူးညံ့သည့် လက်တော်ဖြင့် အသာအယာ သုံးသပ်လျက်....

"ဥတ္တရ ဣဒံတေ ပုရိမ ကမ္မဿဖလံ ဥပ္ပန္န"။

"ချစ်သား ဥတ္တရ –ဤကိစ္စသည် သင်၏ ရှေးဘဝက ပြုခဲ့ သည့် ကံ၏အကျိုးပင်ဖြစ်၏"

'တတ္ထတယာ ပစ္စဝေက္ခဏ ဗလေန အဓိဝါသနာ ကာဘဗ္ဗာ'

"သင်သည် မိမိ၏ကံအကြောင်းကိုသာဆင်ခြင်၍ သည်း ခြင်းကို ပြုပေတော့"

"သင်ချစ်သား၏ ယခုပစ္စက္ခတွင်မပြုလှူပ်မကျူးလွန်ကြောင်း ကို သုင်ကိုယ်တိုင် သိသကဲ့သို့ ငါဘုရားလည်း သိပေသည် သို့ရာ

တွင် သင်၏ရှေးရှေးသော ဘဝတို့က ပြုလုပ်ခဲ့သည့် (အပရာပရိယ) ကံသည် အကြောင်း ပေါ်သဖြင့် အကျိုးပေး လာရကား၊ ဤဘဝတွင် သင့်အား-လက်ဝါးကပ်စင်တင်၍ တံကျင်လျှိုသော သူတို့ကိုသော်၎င်း၊ အမိန့်ပေးသော တရားသူကြီးကိုသော်၎င်း၊ အမှုစွပ်စွဲသော ဥစ္စာရှင်တို့ကိုသော်၎င်း ရန်ညှိုးဖွဲ့ခြင်း အပြစ်တင်ခြင်း မပြုကောင်းပေရာ။

မိမိ၏ပြုလုပ်ကျူးလွန်ခဲ့သည့်အတိတ်ဘဝက ကံကိုသာ အပြစ်မြင်၍ ထိုကံသည် ဤဘပရုပ်နာမ် အကျိုးခံ ဝိပါက ဝဋ္ဋခန္ဓာသာဖြစ်၍ ဤရုပ်နာမ်ခန္ဓာမရမှသာအကျိုးပေးခွင့်လွတ်ငြိမ်းမည်ဖြစ်ရကား၊ မိမိ၏ပြုခဲ့သောကံကိုဉာဏ်ဖြင့်မြင်၍ဆင်ခြင်ပြီးလျှင်၊ ဤခန္ဓာပေါ်၌ အာလယပြတ်တောက်ကာ ရုပ်နာမ်ခန္ဓာ မရရာသော ခန္ဓာချုပ်ငြိမ်း ဝဋ္ဋဇာတ်သိမ်းသည့် နိဗ္ဗာန်သို့သာ အာရုံရှေးရှု သတိမူကာ အားထုတ်ပါလေတော့”

ဟု ဟောတော်မူရာ ဥတ္တရမှာ မြတ်စွာဘုရား၏ နူးညံ့ပြေပျောင်းသော လက်တော်, သာယာသန့်ရှင်းသော အဆုံးအမတရားတော်, သတ္တဝါအပေါ် ထားရှိသော မဟာကရုဏာတော်တို့ကြောင့် မခံစားရဘူးသော နှစ်သက်ဝမ်းမြောက်ခြင်း၊ ပီတိပါမောဇ္ဇဂရုဏ်များ တဖွားဖွားဖြစ်လျက်၊ ထိုပီတိအဟုန်ကျဆင်းသည်နှင့် လေ့လာဆည်းပူးထားသည့် ဝိပဿနာနည်းဖြင့် ရုပ်နာမ်ခန္ဓာတွင် သုံးသပ် ရှုမှတ် လိုက်သောအခါ၊ ဉာဏ်ကလည်း ရင့်ကျက်လာပြီ ဖြစ်သည့်အတိုင်း၊ မဂ်အဆင့်ဆင့်တက်၍ အလုံးစုံသော ကိလေသာတို့ ကုန်ခမ်းပြီးလျှင်၊ အဘိဉာဏ်ခြောက်ပါးနှင့်တကွ ရဟန္တာဖြစ်လေသည်။

ဆင္ဃာဘိညရဟန္တာ ဖြစ်သည့်အားလျော်စွာ၊ တံကျင်လျှိုခြင်း, လက်ဝါးကပ်စင်တင်ခြင်းတို့မှ ကျွတ်လွတ်ထွက်မြောက်၍ အနာမရှိ ပကတိချမ်းသာစွာ ကျောင်းသို့ကောင်းကင်မှ ပြန်ကြွလေသည်။ ကျောင်းသို့ပြန်ရောက်သဖြင့် မကောင်းသောသတင်းကိုသာ ကြားနေရသော သံဃာတော်တို့က....

"အာဝုသောတာ ဒိသံ ဒုက္ခံ အနုဘဝန္တော ကထံ၊တွံ ဝိပဿနံ အနုယုဉ္ဇိတုံ အသက္ခိ"

"ငါ့ရှင်-ဥတ္တရ။ ဤမျှလောက် ဆင်းရဲဒုက္ခကြီးကို တွေ့နေရပါလျက်၊ သင်သည် ခန္ဓာကိုယ်၌။ ဘယ်လိုနည်းနှင့် ဝိပဿနာ ရှုနိုင်ပါသလဲ"ဟု မေးရာ.... ဥတ္တရက—

"ပဂေဝမေအာဝုသော သံသာရေ အာဒိနဝေါ၊
သင်္ခါရာနဉ္စ သဘာဝေါ သုဒိဋ္ဌော၊ ဧဝါဟံ
တာဒိသံ ဒုက္ခံ အနုဘဝန္တောပိ အသက္ခိံ ဝိပဿနံ
ဝဍ္ဎေတုံ ဝိသေသံ အဓိဂန္တုံ"

"အရှင်ဘုရားတို့ - တပည့်တော်သည် ယခင် ကတည်းက သံသရာ၏အပြစ်ကို မြင်ပြီးသား ဖြစ်ပါသည်၊ ရုပ်နာမ် ၂ ပါးတို့၏ သဘာဝဖြစ်ပျက်ကိုလည်း ကောင်းစွာရှုမြင်တတ်ပါသည်။ ထို့ကြောင့် တပည့်တော်မှာ ဤတံကျင်လျှိုမှုဒုက္ခကြီးနှင့်ကြုံတွေ့ရပါသော်လည်း တပည့်တော်၏ ပဌမ ရှုနေကျတရားကို ရှုမြင်တတ်သည့်အတွက် မဂ်ဖိုလ် တရားထူးကို ရခြင်း ဖြစ်ပါသည် ဘုရား"ဟု လျှောက်လေသည်။

ဤသည်မှာ(အပဒါနဋ္ဌကထာ-ဒု ၂၉၁)အရ ဖော်ပြခြင်းဖြစ်သည်။

ဤ၌ ဘုရားကျောင်းတော်တွင် ရှိနေကြသော သံဃာတော်တို့သည်လည်း ဝိပဿနာရှုမှုနှင့်ဒုက္ခဝေဒနာကို ကွဲပြားစွာ သိပြီးဖြစ်ကြသည့်အတွက် ခွဲခြား၍ မေးလေသည်။ ဥတ္တရသာမဏေကလည်း ဤဒုက္ခမျိုးမတွေ့ရသေးမီ ရှေးအခါကပင်လျှင် အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သည့်အားလျော်စွာ၊ ခန္ဓာသံသရာ၏အပြစ်ကိုလည်း မြင်ထားပြီးသည့်အပြင်၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏သဘာဝဖြစ်ပျက်ကိုလည်း ရှုမြင်တတ်၍ ရှုမြင်နေသော တပည့်တော်အား ဤတံကျင်လျှိုမှု၊ လက်ဝါးကပ်စင် တင်မှုစသောဒုက္ခမျိုးတို့ မည်သို့ကြုံတွေ့စေကာမူ၊ ရုပ်နာမ်အမှန်ကို အမှန်အတိုင်း ရှုနိုင်မှုကြောင့် မဂ်ဖိုလ် တရားထူးကို ရပါသည်ဟုလျှောက်ထားချက်သည် အလွန်လျှင် မှန်ကန်၍ သဘာဝကျလှသောသဘောဖြစ်ပေသည်။

## ရုပ်နာမ်ဆိုတာဘာလဲ

“မဇ္ဈိမပဋိပဒါ ရှင်းချက် စာအုပ်အမှတ် ၃၄ တွင် ဦးထွန်းသွင်က ဖေါက်ပြန်တာကရုပ်တရား၊ သိတာကနာမ်တရား”ဟု ဖြေရာဆရာက“ဒီအခြေကစပြီး- ကျွန်တော်တို့ ပြင်ရလိမ့်မယ်၊ ရုပ်နာမ်ကွဲဘို့ဆိုတဲ့ကိစ္စမှာ အများက ဒီလိုဘဲ မှတ်ထင်နေကြတယ်” ဟူသော အချက်ကို ဆွေးနွေးကြရာ၌....

ရုပ်-နာမ်ဟူသော စကားသည် ပါဠိ'ရူပ'ကို ကာံခွန်လှသား၍ မျက်ခေါ်ထားသော စကားဖြစ်သည်၊ မြန်မာဘာသာ မြန်မာ စကားမဟုတ်ချေ။ ရုပ်ဟူသည်၊ နာမ်ဟူသည် ပါဠိလည်းမဟုတ်၊ မြန်မာလည်းမဟုတ်သဖြင့် ရုပ်နာမ်ဟု မှတ်နေပါက (ဝါ) တရား အလုပ်အားထုတ်ရာတွင် ရုပ်နာမ်ဟုဝင်မှတ်နေပါက၊ မိမိနား လည်သော ဘာသာမဟုတ်သောကြောင့် အဘယ်သို့သိမည်နည်း ဆိုလိုသည့်အဓိပ္ပါယ်မှာ သင်ကြားခြင်း၊ နာယူခြင်း၊ မှတ်သား ခြင်းတွင် ရုပ်နာမ်ဟုမှတ်စေကာမူ၊ ခန္ဓာကိုယ်တွင် အလုပ်သဘော နှင့် သိရာ၌ကား....မိမိတို့နားလည်သော ဘာသာအရ၊ သဘော လက္ခဏာကို သိဘို့လိုပေသည်။

မြတ်စွာဘုရား ညွှန်ပြရာ၌ 'ရူပံအနိစ္စံ အနတ္တာ' ဟု ဟော တော်မူရာ "ချစ်သားတို့-ဖေါက်ပြန်သော သဘောသည် ငါမ ဟုတ်" ဟု အဓိပ္ပါယ်ထွက်ရှိပေသည်၊ ယခုဝိပဿနာ အားထုတ် သူတို့ကား "ချစ်သားတို့-ရုပ်သည် ငါမဟုတ်" ဟုအနက်ပြန်သော အခါ မိမိတို့နားလည်ထားသော'ရုပ်' ဆိုသည်မှာ 'လူရုပ်,နွားရုပ်, ခွေးရုပ်, မိန်းမရုပ်,ယောကျ်ားရုပ် စသော အပေါင်း သဏ္ဌာန် ပုံဟန်ကို'ရုပ်'ဟုနားလည်နေရာ' ချစ်သားတို့-ရုပ်သည်ငါမဟုတ်' ဟုဆိုသောအခါ အဘယ်ရုပ်ကို ငါမဟုတ်ဟု မှတ်ရမည် မသိ ဖြစ်ကုန်သည်။

အချို့ကား အပေါင်းဖြစ်သော ပညတ်ရုပ်ကိုပင် 'ဒီရုပ်ကြီး ဟာ ငါမဟုတ်လို့၊ ကိုယ်မပိုင်လို့ အို-နာ-သေ ဖြစ်နေတာပေါ့' ဟု စိတ်ကူးရသလို အတွေးနှင့် အဖြေပေးကြလေရာ၊ မြတ်စွာ

ဘုရား၏ ပရမတ်'ရုပ်'၏ အဓိပ္ပါယ်ကို အဘယ်နည်းဖြင့် သိတော့အံ့နည်း။

ပရမတ္ထတရားလေးပါးကို "စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာန မီတိ သဗ္ဗထာ" "စိတ်စေတသိက် ရုပ်နိဗ် လေးရပ် ပရမတ်" ဟူသော အတိုင်း ပရမတ်ဖြစ်သော တရားတို့ကို ရေတွက်ပြထား၏၊ ထိုတွင် 'ရုပ်' ဟူ၍ပါလေရာ၊ ယင်းသည်လည်း ပရမတ်ဖြစ်၍ ၎င်းကို သိရာ၌ ပရမတ် အနေနှင့်သာ သိဘို့ရှိလေသည်၊ အပေါင်းဟူသော'သမူဟ'ပုံဟန်ဟူသော'သဏ္ဌာန'တလုံးတစုံတည်း ဟူသော 'ဃန' စသော ပညတ်တို့နှင့် သိရမည် မဟုတ်ပေ၊ ၎င်း'ရုပ်'၏ သဘောလက္ခဏာမှာ....

'ရုပ္ပတီတိရူပံ' ဖေါက်ပြန်တတ်သောသဘော၊ ပြောင်းလဲတတ်သောသဘော၊ မတည်ငြိမ်သောသဘော စသော အမူမတူ ကွဲပြားတတ်သော လက္ခဏာအသွင်အပြင် ရှိလေသည်၊ ၎င်းကို သိလိုသော ယောဂီသည် ထိုထိုပြောင်းလဲဖေါက်ပြန်လျက်ရှိသည့် သဘောလက္ခဏာတို့ကို သိရှိနေခြင်းဖြင့်'ရုပ္ပတီတိရူပံ' ကိစ္စပြီးလေသည်၊ ရုပ်ဟူ၍ အလုပ် လုပ်ရာတွင်မှတ်၍ မရပေ၊ မှတ်ရေလည်း မလိုပေ။

ဤဖေါက်ပြန်ချက်, ပြောင်းလဲချက်တို့သည်၊ ဤခန္ဓာတွင် အမျိုးမျိုးအဖုံဖုံရှိလေသည်၊ ဤဖေါက်ပြန် ပြောင်းလဲမှုမျိုးမှ လွဲ၍ ဘာမျှ ရှိသည်မဟုတ်၊ ခြေဖျားမှ ဆံဖျား တိုင်အောင် တကိုယ်လုံး, တကောင်လုံးတွင် ဖေါက်ပြန်မှု အမျိုးမျိုးသာ ရှိသည်ဟု သိနေလျှင် မည်သည့်'ရုပ်'ဟူသော နမ်းမှတ်မျိုးမဟုတ်

တော့ပေ။ ထိုဖေါက်ပြန်မှုဟူသည် 'ဖေါက်ပြန်မှုကို' ကိုယ်တိုင် သိနေသော ကိစ္စဖြစ်သည်။ ရုပ်ဟုသာမှတ်ရ–ဘာမှန်းမသိရသော အမှတ်မျိုးမဟုတ်ပေ။

ထိုဖေါက်ပြန်တတ်သော သဘောကိုပင် မြန်မာလို သိရမှတ်ရ ရာ၌၊ သဘောပေါက်ဖို့ပင် မလွယ်လှပေရာ၊ ၎င်းကိုသိနိုင်မှတ်နိုင်ဖို့ အတွက် ပညတ်တင်၍ သိရရုံ မှတ်ရရုံအားဖြင့် တောင့်ခြင်း၊ တင်း ခြင်း၊ ပူခြင်း၊ အေးခြင်း၊ လှုပ်ခြင်း၊ တွန်းခြင်း၊ ယိုစီးခြင်း၊ ဖွဲ့စီး ခြင်း၊ ကျင်ခြင်း၊ ထုံခြင်း၊ ရှခြင်း၊ မွခြင်း၊ ယားခြင်း၊ ကိုက်ခြင်း၊ နွေးခြင်း၊ ရှိန်ခြင်း စသောအားဖြင့် သိသောက်သော ပြောင်းလဲ မှုများကို နာမည်ပညတ်တပ်၍မှတ်ခြင်း, ခေါ်ခြင်းသာ ဖြစ်လေ သည်၊ ဤသည်တို့မှာ "ဖေါက်ပြန်တတ်သော သဘောကို သိရရုံ မှတ်ရရုံ ပညတ်တင်ထားသော နာမည်တို့သာဖြစ်၍၊ ပရမတ်'ရုပ်' ဟူသော သဘောသို့ကား မရောက်ပေ၊ 'ရုပ္ပတီတိရူပံ'သည်'ဖေါက် ပြန်တတ်သောသဘော'ဟူသည့်ပရမတ်ဖြစ်ရာ၊ မိမိတို့၏သက်တ ပညတ်နှင့် နာမည်ကို မှတ်နေမှုကား 'ဖေါက်ပြန်တတ်သောသ ဘော'ဟူသည့် ပရမတ်သို့မရောက်သဖြင့် 'ရုပ်ကိုသိသည်ဟု မဆို နိုင်' ထို့ကြောင့်....

"လောကဝေါဟာရံ ဂဟေတွာ သညာဝိပလ္လာသေန

သဠာနာတိ ပထဝီ"ဟု မူလပဏ္ဏာသဋ္ဌကထာ ၂၆ တွင် အတိအလင်းဆိုထားပေသည်။

"လောကဝေါဟာရံ၊ လောကလူတို့ ခေါ်ဝေါ် သတ်မှတ် သုံးစွဲအပ်သောပညတ်ကို။ ဂဟေတွာ၊ ယူခဲ့၍။ သညာဝိပလ္လာသေန

အမှတ်မှားခြင်းဖြင့်၊ ပထဝီတိ၊ ခက်မာတောင့်တင်းစသော ပထဝီဟူ၍။ သညာနာတိ၊ မှတ်၏။”

(တေဇော-ဝါယော-အာပေါ-ထို့အတူ)။

သညာဝိပလ္လာသ၊ အမှတ်မှားလျှင်။ စိတ္တဝိပလ္လာသ၊ အသိမှား၍။ ဒိဋ္ဌိဝိပလ္လာသ၊ အမြင်အစွဲမှားမည်၊ မှားလျှင် သက္ကာယဒိဋ္ဌိဖြစ်လေသည်။

သို့ဖြစ်လျှင် ‘ဥပရိပဏ္ဏာသ ပါဠိတော် ဓါတုဝိဘင်္ဂသုတ်၌’ ‘ဆဓါတုယော အယံ ဘိက္ခုပုရိသော’

မြတ်စွာဘုရား ဟောချက်....သတိပဋ္ဌာန်ပါဠိတော် ကာယာနုပဿနာ ဓါတုမနသိကာရပိုင်း၌ ‘ဓာတုသော ပစ္စဝေက္ခတိ’ ဟူသော ဟောချက်....နိဒါနဝဂ္ဂ ရာဟုလသံယုတ်ပါဠိတော်တွင် ....

‘ပထဝီဓါတုခေါ ရာဟုလ’ ဟူသော ဟောချက် .. သဠာယတနသံယုတ် ကို သုကောပမသုတ်ပါဠိတော်တွင်‘စတုန္နံ ဓါတူနံ သမုဒယဉ္စအတ္တင်္ဂမဉ္စယထာဘူတံ ပဇာနာတိ’စသော ဟောချက်တို့သည်‘ဓါတ်ကိုရှုရမည်ဟု ဟောသည် မဟုတ်လော’ဟု ထပ်ဆင့်မမေးရဘဲ ဆက်လက်၍ ရှင်းပေးအံ့။

လုပ်ငန်း၏ အရင်းခံဖြစ်သော သတိပဋ္ဌာန်ပါဠိတော် ဓါတုမနသိကာရပိုင်းတွင်ဟောကြားသော ...

‘ပထဝီစသော ဓါတ်တိုက်မှတ်ရမည်’ ဆိုသည်မှာ နွားသတ်သည့် ဥပမာဖြင့် “ဤခန္ဓာကိုယ်သည်၊ ငါ၊ သူ၊ လူ၊ နတ်၊ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်ကြောင်း ဓါတ်ကြီးလေးပါး သဘောမျှသာ

ရှိကြောင်းကို ပုဂ္ဂိုလ်၊ သတ္တဝါနှင့် ဓါတ်တဆင့် ခွဲလာခြင်းဖြစ်သည်’’ထိုဓါတ်တို့သည် ပရမတ်အားဖြင့် ‘ရုပ်’ ဖေါက်ပြန်ဝတ်သော သဘောတို့သာဖြစ်၍။ရှုရာတွင်ကား....‘ကာယသ္မိံ’၊ထိုဓါတ်ဟူသော ဖေါက်ပြန်မှု၌၊ သမုဒယဝယဓမ္မာနုပဿီ၊ ဖြစ်ခြင်းပျက်ခြင်းကို ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏’ဟု ဟောတော်မူရာ၊ ဓါတ်အနေရောက်ရုံ ပညာတ်ဖြင့်တင်၍ ရှုနေရန် မဟုတ်ကြောင်း ထင်ရှားလေသည်။

‘အပရိညာတံတဿာတိဝဒါမိ’ဟူသော ပါဠိတော် ဟောချက်တွင် ရုပ်နာမ်ဟူသော ပိုင်းခြားသိရမည့်တရားကို ပိုင်းခြားသိစရာ၊ ပရမတ်ရုပ်နာမ်ကိုမသိဘဲ၊ ပထဝီမျိုးစုံ အမည်တင်၍ သိနေမှုမျိုးကို၊ (ဝါ)‘ဖေါက်ပြန်သဘော’ဟုသိရမည့်ကိစ္စတွင် ထိုပရမတ်ကို မသိဘဲ ပထဝီ-အာပေါစသည်ဖြင့်ရှင်း၊ တောင့်တင်းမှု၊ ယိုစီးမှုမှတ်ထင်နေရုံဖြင့် ပရမတ်သဘောကို မသိမခြင်း အလုပ်မဖြစ်ကြောင်း ဟောတော်မူသည်။(ပညတ်-ပရမတ် ရှေ့နားတွင် ဆက်လေ့လာပါ)။

**“မိမိစကားဖြင့်သိမှရမည်”** မြတ်စွာဘုရား လက်ထက်တော်တွင် မြတ်စွာဘုရားသည် တရားတော်ကို ဟောရာ၌၊ တနေရာ တကြိမ်တည်းဟောရာတွင် ထောင်ပေါင်း များစွာသော တရားနာပရိသတ်တို့မှာ ဘာသာစကား အမျိုးမျိုးပြောသော လူမျိုးပေါင်းစုံတို့ဖြစ်ရာ၊ တရားနာနေသော သတ္တဝါ အပေါင်းအားမြတ်စွာဘုရားသည် ‘မဂဓ’ ဟူသော ဘုရားစကားတော် ပါဠိဘာသာ သက်သက်သာဖြစ်လေသည်။ သို့ရာတွင် ဘာသာစကား

မျိုးစုံ ပြောသော တရားနာပရိသတ်သည် မိမိ မိမိ တို့နားလည်သဘောပေါက်သော ဘာသာစကားဖြင့်သာလျှင် ၎င်းတို့၏ နားအတွင်းသို့ ဝင်ကြောင်းကို....

"ကောဝေ ဘဂဝတော ဓမ္မဒေသနာဃောသော
ကေသ္မိံ ခဏေ ပဝတ္တမာနေ နာနာဘာသာနံ သတ္တာ
နံ အတ္တနော အတ္တနော ဘာသာဝသေန အပုဗ္ဗံ အစ
ရိမံ ဂဟဏူပဂေါ ဟောတိ၊ အစိန္တေယျာတိ ဗုဒ္ဓါနံ
ဗုဒ္ဓါနုဘာဝေါတိ၊ သဗ္ဗသတ္တာနံ သကသကဘာသာ
နုရူပတော သောတပထံ အာဂစ္ဆတီတိ ဝေဒိတဗ္ဗံ"

(ဥဒါနဋ္ဌကထာ-၁၀။ ဣတိဝုတ္တကဋ္ဌကထာ-၁၉။)

"ကောဝေ၊ တပါးတည်းတဆူတည်းသာလျှင်ဖြစ်သော။ ဘဂဝတော၊ မြတ်စွာဘုရား၏ ကေသ္မိံ ခဏေ၊ တခုသော အချိန်ခဏ၌။ ဓမ္မဒေသနာဃောသော၊ ဟောတော်မူသော တရားအသံသည် ပဝတ္တမာနေ၊ ဖြစ်တော် မူသည်ရှိသော် (ဝါ) ဟော တော်မူလတ်သော်။ နာနာဘာသာနံ၊ စကားအမျိုးမျိုး ပြောကြကုန်သော သတ္တာနံ၊ လူမျိုးပေါင်းစုံတို့အား၊ အတ္တနော အတ္တနော ဘာသာဝသေန၊ မိမိ မိမိတို့၏ ပြောဆိုနားလည်သော စကား၏ အစွမ်းအားဖြင့် အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်း (ဝါ) တပြိုင်နက်။ ဂဟဏူပဂေါ အနက်အဓိပ္ပါယ်ကိုသူတတ်သည် ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ မှန်၏။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏ ဗုဒ္ဓါနုဘာဝေါ၊ မြတ်စွာဘုရားတို့၏ တန်းခိုးတော်သည်။ အစိန္တေယျာဘိ၊ မကြံစည်နိုင်သော အံ့ဩဖွယ်ပင်တည်း။ သဗ္ဗသတ္တာနံ၊ တရားနာ

သူ အားလုံး လူတို့၏။ သက သက ဘာသာနှုရူပတော၊ မိမိ မိမိတို့၏နားလည်သောစကားအနက်အဓိပ္ပါယ်အားလျော်သော ဘာသာပြန်ချက်ဖြင့် သောတပထံ၊ ၎င်းတို့၏နားအတွင်းသို့ အာဂစ္ဆတိ၊ ကြွားရောက်၏။ ဣတိ၊ ဤသို့ ဝေဒိတဗ္ဗံ၊ သိအပ်၏”

ယင်းသို့ဖေါ်ပြထားသည်ကို လေ့လာလျှင်၊ ဘုရားကိုယ်တော်တိုင် ဟောသော တရားတော်သည်‘မာဂဓပါဠိ’ပင်ဖြစ်သော်လည်း တရားနာသူအားလုံးသည် မာဂဓပါဠိတတ်များချည်းမဟုတ်ချေ၊ သို့ရာတွင် ၎င်းတို့နားလည်သော စကားအနက်အဓိပ္ပါယ်ဘာသာ ပြန်ပြီးသား ၎င်းတို့၏နားအတွင်းသို့ ဝင်ရောက်သွားရခြင်းသည် မြတ်စွာဘုရား၏တန်ခိုးတော်သာဖြစ်လေသည်။

ဤနေရာတွင်သတ္တဝါတို့ ကျွတ်လွတ်သည်မှာ တန်ခိုးတော်ကြောင့်ဟု အယူမမှားဘို့လိုသည်၊ ကျွတ်လွတ်တတ်သော သစ္စာတရားကိုနားလည်စေမှုသာတန်ခိုးတော်ဖြင့်ဖြစ်၍၊မိမိတို့နားလည်၍ သစ္စာသိအောင် သိမှုကား၊ ထိုသတ္တဝါတို့၏ အလုပ်သာဖြစ်သည်။ ဆိုလိုရင်းမှာ–မိမိတို့ နားလည်သဘောပေါက်မှ မိမိလုပ်ငန်းဖြေဝင့်မည်ကို သဘောပေါက်ဖို့ပင်ဖြစ်သည်၊ ယခုအခါတွင်လည်း ဘုရား၏‘ရူပံ’ဟူသော ပါဠိဟောချက်ကို မိမိတို့နားလည်သော သဘောမဟုတ်သည့်‘ရုပ်’ဟု ဘာသာပြန်ခြင်းထက် မိမိတို့နားလည်၍ အလုပ်ဖြစ်သော ‘ဖေါက်ပြန်သဘော’ဟု သဘောပေါက်လျှင် လိုအပ်သော အနက်အဓိပ္ပါယ်ပါလာသောကြောင့် အားထုတ် သူတိုင်းသည် မိမိတို့ သဘောပေါက်မှု အရေးကြီးကြောင်းသိဘို့လိုသည်။

"ပထဝီဓါတု အာပေါဓါတု တေဇောဓါတု ဝါယောဓါတု ဘူတရူပံနာမ"

'ပထဝီဓါတ်၊ အာပေါဓာတ်၊ တေဇောဓါတ်၊ ဝါယောဓါတ် တို့ဟူသည် အခြေခံဘူတရုပ်ကြီးတို့မည်ကုန်၏'သတ္တဝါ ဟူသော အဆင့်မှ ဓါတ်ဟူသောအဆင့်, ၎င်းဓါတ်မှ ရုပ်ဟူသော ပရမတ် အဆင့်သို့ရောက်မှ အကျိုးပြီးမည် ဖြစ်ရကား၊ ပညတ်အမှတ် အသားဖြင့် အချိန်ကုန်မခံဘဲ၊ ပရမတ်သဘောရောက်အောင်သာ ကြိုးစားဖို့ရှိလေသည်။

ဥပရိပဏ္ဏာသပါဠိတော်တွင်'ချစ်သား-ရဟန်း၊ဤယောကျ်ား စသောသတ္တဝါ၌'ပထဝီ၊အာပေါ၊တေဇော၊ဝါယော၊အာကာသ ဝိညာဏ'ဟူသော ဓါတ်ကြီးခြောက်ပါးတို့ သာရှိကုန်၏။ ဆက်၍ ဟောပုံကို လေ့လာလျှင် ၎င်းဓါတ်ခြောက်ပါးတွင် ရုပ်မသား ကြောင်း တွေ့ရမည်၊ ဤနေရာထွင် ခွဲ့နေသဖြင့် အကျိုးမရှိချေ။

နိဒါနဝဂ္ဂရာဟုလသံယုတ်ဓါတုသုတ်တွင်လည်း ၎င်းနည်းပင် စင်စစ်မှာ မြတ်စွာဘုရားတို့မည်သည်သတ္တဝါတွေ သံသရာဝဋ်မှ လွတ်၍နိဗ္ဗာန်သို့ရစေတတ်သော'ပရမတ်ချည်းသာ'ဟောလိုသည် သတ္တဝါတို့ကား ပညတ်နယ်သား သမုတိ ဂိုဏ်းဝင်များဖြစ်ကြ၍၊ ပရမတ်ကို လုံးဝနားမလည်၊ ထိုသူတို့ နားလည်မှုရစေရန် ပရမတ် အမှန်တရားတို့ကို သတ္တဝါတို့ နားလည်သော ပညတ်နှင့် တွဲ၍ ဟောရလေသည်။ ထို့ကြောင့်....

"တသ္မာ ဗုဒ္ဓါ ပဌမံ သမ္မုတိကထံ ကထေတွာ ပစ္ဆာ ပရမတ္ထကထံ ကထေန္တိ"ဟူ၍ သီလက္ခန်အဌကထာ၌ရှင်း....

"သမ္မုတိသစ္စ မုခေနေဝ ပရမတ္ထသစ္စာ ဓိဂမော ဟောတိ"ဟူ၍ နေတ္တိအဌကထာ၌ရှင်း....

အထင်အရှား ဖေါ်ပြထားလေသည်။

သတ္တဝါတို့ နားလည်စေမှု အရင်းပြု၍ ဟောတော်မူသော် လည်းအမှန်တရား ပရမတ်သို့ရောက်အောင် မသွားနိုင်လျှင်ကား သံသရာမှမလွတ်၍ နိဗ္ဗာန် မရနိုင်ချေ။

'နာမ်'ဆိုသည်မှာလည်း၊ ထို့အတူ ပါဠိစကားကို ဖျက်၍ ခေါ်ထားသော ပါဠိမကျ, မြန်မာမကျ စကားလုံးပင်ဖြစ်သည် 'နမတီတိနာမံ'အာရုံကို ညွှတ်တတ်, ကိုင်းတတ်, ရှိုင်းတတ်သော အနက်သဘောဖြစ်သည်။ ထိုနာမ်ဟူသော သဘောတွင်....

'ခံစားသဘော'
'မှတ်သဘော'
'စေ့ဆော်သဘော'
'အာရုံဝတ္ထုအားလျော်စွာသိသဘော'

ဟူ၍ လေးမျိုးရှိရာ၊ သူ့လက္ခဏာနှင့်သူ ညွှတ်သိ သိခြင်းပင် ဖြစ်သည်၊ ထိုသိနေသော သဘောတခုကို ဝေဒနာနာမ်ဟူ၍

ရင်း၊ သညာနာမ်ဟူ၍ရင်း၊ သင်္ခါရနာမ်ဟူ၍ရင်း၊ ဝိညာဏ်နာမ်ဟူ၍ရင်း အသီးသီး လက္ခဏာကိုလိုက်၍ ခွဲနေ ရသော်လည်း ဝိပဿနာအလုပ်အားထုတ်ရာတွင် အာရုံကိုညွှတ်မှုသိမှု တခုသာထားရလေသည်၊ ခံစားတတ်သော သဘောကိုရင်း၊ မှတ်တတ်သောသဘောကိုရင်း၊ စေ့ဆော်တတ်သော သဘောကိုရင်း၊ သိတတ်သော သဘောကိုရင်း၊ ရင်းတို့သည် မိမိ မိမိတို့၏ လက္ခဏာအားဖြင့် မည်သို့ပြားစေကာမူ၊ ဖေါက်ပြန်မှု တခုကို သိနေရာ၌၊ မကွဲမပြား တသိတည်းသာထား၍ သိနေရလေသည်။

ထိုညွှတ်တတ်၊ သိတတ်သော သဘောကို 'နာမ်' ဟုခေါ်ရာ မိမိတို့နားလည်ထားရမည်ကား... 'သိသဘော' ပင် ဖြစ်လေသည်၊ သို့ဖြစ်၍ ဤခန္ဓာကိုယ်တွင် 'ဖေါက်ပြန်သဘော-သိသဘော' ဟူ၍ ၂ မျိုးသာရှိသည်၊ ထိုဖေါက်ပြန်သဘော, သိသဘောမှ လွဲ၍ မည်သည့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ယောကျ်ား၊ မိန်းမ ဟူ၍ လုံးဝမရှိကြောင်း....မိမိစိတ်တွင် ယုံကြည်ချက်, ခံယူချက် ပြည့်ဝစွာ လက်ခံထားနိုင်လျှင် အဆိုအားဖြင့် 'ရုပ်နာမ်ကွဲပြီ' သဘောအားဖြင့်'ဝိပဿနာရှုရန်အခြေခံရသွားပြီ' ဟု ဆိုလိုသည်။

အတိုချုပ်၍ ဆိုရလျှင် ဓါတ်အားဖြင့် 'ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်' စသည်အားဖြင့် မှတ်နေမှု ပထဝီ ဆိုသည်မှာလည်း 'လက္ခဏပထဝီ၊ သသမ္ဘာရပထဝီ၊ အာရမ္မဏပထဝီ၊ နိမိတ္တပထဝီ၊ သမုတိပထဝီ' စသော ပထဝီမျိုးစုံ ခေါ်မှုအဖုံဖုံစသည်တို့ကို ပရမတ် မသိမည့်အတူတူဖြင့် အချိန်ကုန်ခံ၍ မှတ်မနေလိုတော့ဘဲ၊ မြတ်စွာဘုရား၏ဆန္ဒတော်အရ၊ သိ

စေလိုသော ပရမတ်ဆီသို့ အမြန်ဆုံးရောက်ရှိ သိမှတ်နိုင်ရန်သာ အဓိကထား၍ ညွှန်ပြရခြင်းဖြစ်ပေသည်။

ဝိပဿနာ အလုပ်ဟူသည် လေ့လာရာတွင်ကျယ်ကျယ်ပြန့်ပြန့် လေ့လာရသော်လည်းအလုပ်သဘောရှုရာတွင်ကားကျဉ်းနိုင်သမျှ ကျဉ်းအောင်ပြု၍ရှုရလေသည်၊ရှုရာတွင်ကျယ်ပြန့်နေလျှင် အလုပ်ခရီးမတွင်တော့ပေ၊ ဤယခု ဖေါ်ပြရေးသားနေသော အပိုင်းသည်'ရုပ်နာမ်'ဆိုသည်ကို ပရမတ် အနေရောက်အောင် မည်သို့နှလုံးသွင်းရှုမှတ်ရမည်ကို ဖေါ်ပြခြင်းဖြစ်ရာ၊ မိမိတို့၏ ပရမတ် အစုအဝေးဖြစ်သော ဤခန္ဓာကို သတိနှင့် ဂရုစိုက်လိုက်က သူ့ကိုစွသူ၊ သူ့သဘောသူ ဆောင်နေသော ပရမတ်သဘောတို့ကို အသေအချာတွေ့နိုင်သည်၊ မတွေ့ဟူ၍မရှိပေ၊ ထိုသို့ အမှန်တွေ့နေသော သဘောတို့ကိုသာမိမိကအသိမှန်နှင့်သိရန်အတွက် ဖေါ်ပြရေးသားချက်ဖြစ်သည်။

**"ရှုဒေါင့်ပြောင်းဖို့လိုသည်"** ကျွန်ုပ်တို့သည် လောကီပညတ်နယ်သားများဖြစ်၍၊ နေရာတကာတွင် ပညတ် ရှုဒေါင့်ကချည်း ကြည့်သည်၊ ပညတ်မြင်သါလျှင် အမှန်ဖြစ်သည်ဟုလည်း ဆုံးဖြတ်ထားကြသည်။ ဝိပဿနာရှုရာတွင်ကား၊ ကျွန်ုပ်တို့၏ကြည့်နေကျ,ရှုနေကျ ပညတ်အရှုချိုး, အမြင်မျိုးဖြင့် လုံးဝဆန့်ကျင်သော ပရမတ်ရှုဒေါင့်ဘက်က ကြည့်မှ,ရှုမှ မြင်မှုရမည်ဖြစ်၍ မိမိတို့၏ရှုဒေါင့်မှန်ဖို့လိုသည်၊ကျွန်ုပ်တို့သည်ဤခန္ဓာကိုယ်ကို ကြည့်ရှုသုံးသပ်ရာ၌၊ အမြင်အမျိုးမျိုးဖြင့် သုံးသပ်ကြသည်၊ ဤခန္ဓာကိုယ်ကား မည်သည့်အမြင်မျိုးဖြင့် သုံးသပ်စေကာမူ၊ သူ၏ ပင်

ကိုယ်သဘော, သူ၏ဓမ္မတာလမ်းစဉ်မှ ပြောင်းလဲသွေဖီ၍ သွားမည်မဟုတ်ပေ၊ ဤခန္ဓာကိုယ်ကို ကျွန်ုပ်တို့ သတိနှင့် ဂရုစိုက်ကြည့်၍၊ ခန္ဓာကိုယ်၏ သဘောကား မရပ်မနား ဖေါက်ပြန်မှုသူ့ကိစ္စကိုသာ သူဆောင်ရွက်နေ၏၊ ကျွန်ုပ်တို့ကမူ 'ပူသည်'ဟု ပညတ်ရှုဒေါင့်ကမြင်၏၊ ရုပ်နာမ်ခန္ဓာကား 'ဖေါက်ပြန်'မှုသာ ပြနေ၏၊ ကျွန်ုပ်တို့က'အေးသည်'ဟု ပညတ်ပြင့် မြင်ပြန်သည်၊ ရုပ်နာမ်ခန္ဓာကား 'ဖေါက်ပြန်မှု'ပင် ပြနေ၏။

ထိုသို့လျှင်ပရမတ်ဖြစ်သောဤရုပ်နာမ်ခန္ဓာသည်သူ၏အရှိလမ်းစဉ်ဖြစ်သော ပရမတ်သဘောချည်းပြနေပါလျက်၊ ကြည့်နေရှုနေသော ကျွန်ုပ်တို့၏အမြင်အသိတွင် အဘယ့်ကြောင့် ပညတ်အမြင်ဖြစ်နေပါသနည်း ဤရှုချက်မြင်ချက်သည်ပရမတ်ကိုပရမတ်အသိနှင့်မသိဘဲ၊ပရမတ်ကို ပညတ်အမြင်နှင့်မြင်မှုသိမှုကား သက်သက်မှားယွင်းမှုကြီးပင်ဖြစ်သည်၊ သက္ကာယဒိဋ္ဌိ၏ဝါဒအရပင်ဖြစ်သည်၊ အဘယ်ကြောင့်ဟူမူ၊ ရုပ်နာမ်တို့၏ အမှန်သဘော ပရမတ်ကို ကျွန်ုပ်တို့က ပညတ်ကမ္မည်းဆိုင်းဘုတ်တပ်၍ မတရားကြေညာပြီး မဟုတ်ကိုအဟုတ်၊ မမှန်ကိုအမှန်လုပ်၍ သိနေမှုကြောင့်တည်း....

"သင်္ကေတ ဝစနံသစ္စံ၊ လောကသမ္မုတိကာရဏာ၊
ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံဘူတကာရဏာ"

(နိဒါနဝဂ္ဂ၊ အင်္ဂုတ္တရ၊ သီလက္ခန်၊မူလပဏ္ဏာသ ဋ္ဌကထာများ)။

လောက၏ အသုံးအနှုန်း၊ အပြောအဆို၊ အမှတ်အသား၊ အရိပ်နိမိတ် လက္ခဏာများသည်၊ သမ္မုတိသစ္စာဟူသော 'ပညတ်

ဝေါဟာရ'များဖြစ်သည်၊ ပရမတ္ထသစ္စာ၏ သဘောသည် ထိုထို တရားတို့၏ သဘာဝလက္ခဏာ ဖြစ်ရကား ပရမတ်ဖြစ်သော 'ဖေါက်ပြန်တတ်သည့်သဘော'အရ၊ သူ့လက္ခဏာ သူဆောင်၍၊ သွား နေခြင်းကိုပင်လျှင် ကျွန်ုပ်တို့က မိမိတို့၏ အသုံးအနှုန်း၊ အမှတ်လက္ခဏာ သင်္ကေတအားဖြင့် လိုက်မှတ်နေခြင်းမှာ (ဆိုင်းဘုတ်ကမ္ဗည်းတပ်ပေးနေခြင်းမှာ) ပရမတ်ကို ရှုမြင်တတ်သော အမြင်နှင့်ကြည့်လျှင် လုံးဝဆန့်ကျင် မှားယွင်းလေသည်။

ဤသည်မှာ ပညတ်အားဖြင့် မြင်တိုင်း ရှုတိုင်း မှားသည်ဟုကား ကျွန်ုပ်တို့ မဆိုလိုပေ၊ ပရမတ်ကို မသိမမြင်တတ်သေးမီ၊ ပညတ်တင်၍ ရှုနေ သိနေရသည်ကား အမှန်ပင် ရှုရ သိရပါသေးသည်၊ သို့ရာတွင် မှန်လှပြီဟူ၍ကား လုံးဝမဆိုရချေ။ ပရမတ်ကို ရှုလောက်သိလောက်သော အခြေကို ရောက်နေပါလျက်(ဝါ) ပရမတ်ဝိပဿနာတက်၍ ရှုနေပါလျက်၊(ဝါ) 'ပညတ္တိံ ဌပေတွာ' ဟူသော ပညတ်ကိုခွာလျက်၊ ပရမတ်တို့၏ ပျက်သဘော၊ ဆင်းရဲသဘော၊ အစိုးမရသောသဘောဟူသော ဝိပဿနာ ဖြစ်ပျက်ရှုနေပါလျက်....ပညတ်အာရုံပေါ်တင်၍ ရှုနေလျှင်ကား၊ (ဝါ) ပညတ်အမှတ်ကို မလွှတ်နိုင်လျှင်ကားလုံးဝမှားလေသည်။အဘယ့်ကြောင့်ဟူမူ၊ ပညတ်ကို ဝိပဿနာမရှုရသောကြောင့်တည်း။

“ပညတ်ဖြင့်အချိန်ကုန်လှပြီ” ကျွန်ုပ်တို့ကား ဝိပဿနာကို တိုက်ရိုက်ရှုသောနည်းကို အသုံးပြုလေသည်၊ ပညတ်ဖြင့် အချိန်များစွာကုန်ခဲ့ပြီး၊ နောက်ထပ် ပညတ်အတွက် အချိန်မပေးနိုင်

တော့ပေ၊ ကျွန်ုပ်တို့၏ အသက်တမ်းသည်တိုတောင်းလှ၍၊ပရမတ် ကိုသိမှုပြီးမည့်ကိစ္စဖြစ်နေ၍ သိရမည့် ပရမတ်ကို သိအောင် လုပ် သွားရန်ကား သိလိုသော သူတိုင်း၏ ကိစ္စဖြစ်သည်။

"ကျုပ်တို့ကတော့ ဉာဏ်နုသေးလို့ ပရမတ်ကို တိုက်ရိုက်မရှု နိုင်သေးပါဘူး"ဟူ၍ ဆိုသူတို့မှာ မိမိကိုယ်ကို မိမိစိတ်လျှော့၍ (ခုရနိကွေ့ပ)ထားသူတို့အတွက်ကား၊ ကျွန်ုပ်တို့ လစ်လျူရှုရန်မှ တပါး အခြားမရှိချေ၊ စင်စစ် ပရမတ်ဟူသည် သဘောကို နား မလည်သေးခင် လေ့လာဆဲတွင် ခက်ခဲသည့်,နက်နဲသည့်, မြင်နိုင် ခဲသည်၊ သဘောကိုသိလာလျှင်ကား ပရမတ်ကို နေရာတကာ ရှောင်၍မလွတ်ပေ၊ ရှုဒေါင့်ပြောင်းရုံသာရှိသည်၊ သတ်သတ် (သမထလို)ရှာဖွေနေရသောတရားမျိုးမဟုတ်၊မိမိ၏ရှုဒေါင့်နှလုံး သွင်းမှန်ဖို့သာလိုသည် ဤအလုပ်သည် ဉာဏ်အလုပ် ပညာအ လုပ်ဟူ၍ စိတ်ချ မှတ်သားထားရာသည်၊ ဉပမာ-မိမိ၏ ခန္ဓာ ကိုယ်အတွင်းသို့ သတိနှင့်ဂရုစိုက်လိုက်လျှင် တွေ့ရတတ်သည်ကား ပညတ်ရှုဒေါင့်အတွက်....

"ထုံသည်၊ ကျင်သည်၊ ညောင်းသည်၊ ကိုက်သည်၊ ပူသည်၊ အေးသည်၊ လှုပ်သည်" စသည်များဖြစ်၍၊ ၎င်းကိုပင် ပရမတ် ရှုဒေါင့်ကကြည့်လျှင်....

"ဖေါက်ပြန်သည်၊ဖေါက်ပြန်သည်၊ ဖေါက်ပြန်သည်၊ ဖေါက် ပြန်သည်၊ ဖေါက်ပြန်သည်"ခန္ဓာကိုယ်က ပြသည့် လက္ခဏာမှာ မထူးခြား အတူတူပင်ဖြစ်ပါလျက်၊ ရှုမြင်သော မိမိ၏ ပညတ် အမြင်၊ ပရမတ်အမြင် အမြင်အသိ ကွာသွားခြင်းသာဖြစ်၍၊

အမြင်ပြောင်းကာ၊ အမှန်ကို အမှန်ဟု ရှုနိုင်-သိနိုင်ရန် ကြိုးစားကြ မိမိတို့ သိဖူးမှတ်ဖူးသော အမှတ်အသားမျိုးသည် အမှန်မဟုတ်ဘဲ အမှန်ပရမတ်ကို ပညတ်အမှားနှင့် တပ်ပြီးမှတ်နေပါကလားဟု သိသာလိမ့်မည်။

× × × × ×

"ပညတ်–ပရမတ်" ဝိပဿနာ ရှုဆိုသည်မှာ-ရုပ် နာမ် တို့၏ ပင်ကိုသဘောကို ညာဏ်နှင့် မှန်မှန် သိနေရခြင်းဖြစ်ရာ၊ ထိုညာဏ်ရှုရန်အတွက် ရှုကွက်အနေဖြင့် အရှုခံရမည့် ရုပ်နာမ် အမှန်မြင်ဘို့ အရေးကြီးပေသည်၊ ထိုအရှုခံရုပ်နာမ်ဟူသည် ပရမတ် ဖြစ်သဖြင့်၊ ရုပ်နာမ်အပေါ်တွင် ပရမတ်အမြင် မမြင်ပါက၊ဘယ် နည်းနှင့်မျှ ဝိပဿနာဖြစ်မည်မဟုတ်ပေ။ သို့အတွက် ရုပ်နာမ် အမှန်ကို အမှန်အတိုင်းမြင်ရန် သိရန် အရေးကြီးသည်နှင့်အမျှ၊ ပရမတ်ရုပ်နာမ်ကို ပရမတ်အတိုင်း မမြင်လျှင်၊ မြင်အောင် ဂရု စိုက်ဖို့ လိုသည်၊ မြို့ရွာ၊ ရပ်ကွက် စသော လောကနယ်ပယ် အသိုင်းအဝိုင်းအတွင်းက အသုံးအနှုန်း အမှတ်အသားမျိုးနှင့် ဝိပဿနာ ပရမတ်နယ်ပယ်တွင် လုံးဝသုံး၍မရချေ။

လောကီ ပညတ်နှင့် ပတ်သက်၍ သမုတိသစ္စာ ရှစ်ပါးကို မြတ်စွာဘုရား ဟောခဲ့၏၊ ၎င်းတို့သည် ဝိပဿနာနယ်ပယ်တွင် အသုံးပြုဘို့ မဟုတ်၊ မြတ်စွာဘုရားတို့သည် သမုတိသစ္စာကို မပယ်ကြောင်း လောကီနယ်တွင် အသုံးပြုရကြောင်းအတွက်သာ ဟောတော်မူခြင်းဖြစ်သည်၊ ဝိပဿနာ ပရမတ်အလုပ်အား ထုတ်

ရာတွင်ကား လုံးဝပါဝင်၍မရပေ၊ အရိပ်အရောင်မျှပင် လက်ခံ၍ မရကြောင်း ဝိပဿနာ၏ အန္တရာယ်ပင်ဖြစ်ကြောင်း ဟောတော်မူထားသည်။

"ပရမတ္ထသစ္စ၊ အမှန်ကို အမှန်ဟု သိမြင်အောင် အားထုတ်အပ်သော ပရမတ္ထသစ္စာသို့။ ပတ္တာပန၊ ရောက် သော်ကား။ သော၊ ထိုသမုတိသစ္စာသည်။ သစ္စနာမမေဝ၊ သစ္စာဟူသော အမည်သည်ပင်လျှင်။ နဟောတိ မဖြစ်တော့ပေ"။

ဟု 'ပရမတ္ထဒီပနီဋီကာ'တွင် လာသည့်အတိုင်း လောကနယ်တွင် သမုတိသစ္စာသည် လောကနယ်အလျောက် မည်မျှ မှန်ကန်စေကာမူ၊ သဘာဝနယ်, ပရမတ်နယ်တွင် 'သစ္စာ'ဟူသော အမည်ပင် မခံယူနိုင်လောက်အောင် မှားယွင်း ဖောက်ပြန်လေရကား၊ ဝိပဿနာအလုပ်နယ်ပယ်တွင် မိမိတို့၏ လောက အသုံးအနှုန်း ပညတ်ကို မှတ်ယူနေ၍ မရပေ။

ထို့ကြောင့် ခန္ဓာကိုယ်ကို သတိနှင့် ရှုကြည့်ရာ၌ မိမိတို့ အမှတ်အသား အသုံးအနှုန်းများမပါအောင် ဂရုစိုက်ရလေသည်၊ မည်သို့ဖြစ်စေ ခန္ဓာကိုယ်တွင် တွေ့ရသော သဘောတို့မှာ အမှန်ပရမတ်များဖြစ်၍ ပညတ်ဟူသော မိမိတို့၏ သမားရိုးကျ အမှတ်မျိုးမမှတ်ဖို့လိုသည်၊ 'ဖောက်ပြန်မှု' ပရမတ်သည်၊ 'ဖောက်ပြန်မှု' သာဖြစ်၍၊ 'ပူမှု-အေးမှု'ဟူ၍ မိမိတို့မှတ်တိုင်း အပူအအေး ဖြစ်မသွားနိုင်ပေ၊ ပရမတ်ဟူသော အမှန်သဘောတို့ဘည် အမြဲရှိနေ၍၊ ပညတ်အမှားမြင်နေမှုကြောင့်သာ ပရမတ်တို့ ပျောက်နေသည်ဟု ထင်ရရာ၊ မိမိတို့၏ အမှတ်မှား၊ အသိမှား၊ အမြင် အစွဲ

မှားကိုပယ်လိုက်က ပရမတ်တို့သည် အထင်အရှားပင် ပေါ်နေကြသည်၊ ထို့ကြောင့်ကျေးဇူးရှင်လယ်တီဆရာတော်က....

"ပရမတ်တို့ကို နေ့စဉ်မြင်လျက် မတွေ့ကြ၊ နေ့စဉ်တွေ့လျက် မသိကြ"ဟု ဆုံးမတော်မူသည်၊ မျက်စိဖြင့်မြင်ခြင်း၊ နားဖြင့်ကြားခြင်း၊ နှာခေါင်းဖြင့်နံခြင်း၊ လျှာဖြင့်စားခြင်း၊ ကိုယ်ဖြင့်ထိခြင်း၊ စိတ်ဖြင့်ကြံခြင်းတို့ကား ပရမတ်တို့ချည်းတည်း၊သတ္တဝါတို့ကား ထိုသတ္တုအာရုံတို့ ဆုံတွေ့သည့် ပရမတ်တို့ကိုပင် ပရမတ်ဟုမသိသည့် အတွက် "ငါမြင်၊ ငါကြား၊ ငါနံ၊ ငါစား၊ ငါထိ၊ ငါသိ"ဟူ၍ ပညတ်နှင့် နာမည်တပ်ယူသမျှ သက္ကာယဒိဋ္ဌိဖြစ်ဖို့လမ်းချည်းသာတည်း။

သက္ကာယဒိဋ္ဌိဟူသည်လည်း၊ ဤသို့ အမြင်အသိ မမှန်သောပညတ်ကြောင့်သာဖြစ်သည်၊ ပရမတ်အမှန်ကို အမှန်ဟု ရှုမြင်နေတတ်သူအဖို့၊သက္ကာယဒိဋ္ဌိသည်မည်သည့်နေရာကမှ ဝင်ခွင့်မရှိပေ၊ (သညာဝိပလ္လာသ) အမှတ်မှားမှု (စိတ္တဝိပလ္လာသ) အသိမှားမှု (ဒိဋ္ဌိဝိပလ္လာသ) အမြင်အစွဲမှားမှုတို့သည်၊ သက္ကာယဒိဋ္ဌိ ဝင်ရန်တံခါးဖွင့်ပေးသူတို့ဖြစ်ကြ၏၊ သက္ကာယဒိဋ္ဌိသည် ထိုမှားယွင်းချက် ၃ ချက်ကို အကြောင်းပြု၍ ဝင်ရောက်ခြင်း ဖြစ်လေသည်။

သက္ကာယဒိဋ္ဌိဟူသည် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး အမှန်ပရမတ်တရားကို မဟုတ်မရှိသော"ငါ၊ သူ၊လူ၊နတ်၊ ခေါင်း၊ ကိုယ်၊ ခြေ၊လက်၊နားရွက်၊ မျက်စိ၊ ပူ၊ အေး၊ ထုံ၊ ကျင်"စသည်မှတ်မှား၊ သိမှား၊ စွဲမှားကြောင့် ဖြစ်လေသည်၊ အမှန်ကို အမှန်မမြင်ဘဲ၊ အမှားမြင်ခြင်းသည်'သက္ကာယဒိဋ္ဌိ'ဖြစ်လေသည်၊ ဆိုလိုသည်မှာ ပရမတ်ကို ပညတ်အမြင်နှင့်မြင်လျှင်'သက္ကာယဒိဋ္ဌိ'ဖြစ်သည်။

ပုံစံကား....'ရူပံ အတ္တတော သမနုပဿတိ'

"ဖေါက်ပြန်တတ်သော ပရမတ်သဘောကို ငါဟု ပြောင်းပြန် ပညတ်အားဖြင့် ရှုမြင်ခြင်း" ဖေါက်ပြန်တတ်သော ပရမတ် သဘောကိုအမှန်အတိုင်း ဖေါက်ပြန်တတ်သော သဘောဟုမမြင် ဘဲ၊ ဖေါက်ပြန်တတ်သောသဘောမှတပါး တခြားပညတ် အမြင် များနှင့် ရှုမြင်ခြင်းကိုဆိုရာ ရုပ်နာမ် ပရမတ်အသိအမြင်ရှိပြီးသော အရိယာတို့ကိုမမြင်သူ၊ ပရမတ်ဘို့၏ လက္ခဏာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တို့ကို သိမြင်တတ်သော အရိယာတို့၏ တရား၌မလိမ္မာသူ အရိယာ ဖြစ်ကြောင်းတရားတို့၌ မယဉ်ကျေးသူ၊ အရိယာတို့တရားနှင့် မနီး စပ်သော ပုထုဇ္ဇန်တို့၌သာ မှတ်မှား၊ သိမှား၊ စွဲမှားကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်သည်ဟုဆိုသည်။

"ဥမ္မတ္တကောဝိယ ဟိပုထုဇ္ဇနော၊ သောယံ ကိဉ္စိယေန ကေနစိ အာကာရေန ဂဏှာတိ၊ အရိယာနံ အဒဿ ဝိတာဒိ ဘေဒမေဝဝါ တွေကာရဏံ"

(မူလပဏ္ဏာသ ဋ္ဌကထာ-ပ-၂၇)။

"ပုထုဇ္ဇန်ဟူသည် အမှန်ကိုအမှား၊ အမှားကိုအမှန်ဟု အရူး ကဲ့သို့ဖေါက်ဖေါက်ပြန်ပြန်မှားမှားယွင်းယွင်းသိနေမှတ်နေသည်၊ ထိုပုထုဇ္ဇန်သည် အမှန်တရားဟူသော ပရမတ်ကို အကြောင်း အမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ အမှတ်သင်္ကေတ ပရိယာယ် အသွယ် သွယ်ဖြင့် ကြံဖန်ရမ်းဆ၍စွဲယူတတ်၏၊ ဤသို့ အမှတ်မျိုးစုံ၊ အစွဲ မျိုးစုံဖြင့် မမှန်မကန်စွဲယူခြင်းသည်ပင်လျှင် အမှန်ကိုအမှန်ဟုသာ

သိသော အရိယာတို့ကို မတွေ့မမြင် မဆည်းကပ်၊ အရိယာတို့၏ တရား၌ လိမ္မာမှု၊ နားလည်မှု မရှိခြင်းအကြောင်းပေတည်း'' ဟု ဆိုထားရာ....

အမှန်ပရမတ်ကို ပရမတ်မှတပါး တခြားသောနည်းပရိယာယ် အမျိုးမျိုးဖြင့် ဖေါက်ပြန်မှားယွင်းစွာ ယူခြင်း၊ မှတ်ခြင်းသည် အရိယာတို့၏တရားမဟုတ်၊ အရိယာအဖြစ်သို့ ရောက်အောင် ပို့တတ်သော တရားမဟုတ်ကုန်၊ ၎င်းပြင်....

> ''ထာမပတ္တောဟိ တဏှာမာနဒိဋ္ဌိ ပပဉ္စေဟိ ဣစ္ဆမညနာ
> နာမေန ဝုတ္တောဟိမညတိ၊ ကပ္ပေတိ၊ ဝိကပ္ပေတိ၊နာနပ္ပ
> ကာရတော အညထာ ဂဏှာတိ''

ဤအမှန်သဘောဟူသည့် ပရမတ် 'ဖေါက်ပြန်မှုသဘော'ကို အနည်းနည်းအဖုံဖုံ ဖြင့် မှတ်များ၊ သိမှား၊ စွဲမှားပြီးသည်နောက်၌ ၎င်းပုထုဇ္ဇန်သည် ၎င်း၏စိတ်ကူးစွမ်းအားရှိသည်နှင့်အမျှ လိုချင်မှု (တဏှာ)ထောင်လွှားမှု(မာန)စွဲမှားမှု(ဒိဋ္ဌိ)ဟူသော သံသရာချဲ့ သမားတို့နှင့် ဤအမှန်ပရမတ်ကိုမူရင်းသဘော ပျောံသွားအောင် ထင်မှားမှု၊ ကြံမှားမှု၊ အထူးချဲ့ထွင်မှားမှု စသော အခြင်းအရာ အမျိုးမျိုး၊ အကြောင်းအမျိုးမျိုး၊ စိတ်ကူးရလျှင် ရသလို ရှာဖွေ ကြံဆ၍ မိမိတို့စိတ်ကူးရသလို စွဲယူခြင်းသည် အမှန်တရားတို့ ပျောက်ကွယ်၍ မမှန်ပညတ်တို့သာ အရာကျယ်နေရကား၊ ပညတ် ကိုသာလျှင် အသိအမှတ်များကြလေသည်၊ ယင်းသို့ ပညတ်နယ် ကျယ်လာသည်နှင့်အမျှ ထိုအမှတ် အသိ အစွဲမှားသည့် သက္ကာယ ဒိဋ္ဌိသည်လည်း ခိုင်မြဲလေသည်။

အမှန်ပရမတ်သည် အမှန်ပင် ဖြစ်နေရှိနေပါလျက်၊ပညတ်တို့ ဖုံးကွယ်ထားမှုကြောင့် မမြင်နိုင်ဘဲဖြစ်ရလေရာ၊ ပညတ်ကိုအာရုံ မထား၊ ဂရုမပြုသည်နှင့် ပရမတ်တို့ ပေါ်လာလေသည်၊ လောက တွင် ပညတ်ကို အဟုတ်မှတ်၍ အထင်ကြီးကာ၊ လောကနယ်ကျယ် အောင်ချဲ့နေကြသူတို့၏ သန္တာန်၌ ထိုပညတ်ဒုဒယ်သည် အလွန် ခိုင်ခန့်ရကား၊ တော်တော်နှင့်ပင် ပညတ်တို့ခွာ၍ မရတတ်ပေ၊ အတိအလင်းဆိုရမူ၊ လောက၌ စည်းစိမ်ဥစ္စာ တန်းခိုး အာဏာ စသော လွှမ်းမိုးအုပ်ချုပ်သည့် အမြင့်စား ပုဂ္ဂိုလ်တို့မှာ ၎င်းတို့ သည် ၎င်းတို့၏ စည်းစိမ်ဘန်းခိုးအာဏာစသည်တို့ကို၊ သတ္တဝါ တို့၏ ဆန္ဒအရ အလွန်စွဲလှန်းတတ်ကြလေရာ၊ စည်းစိမ်ကြီးလျှင် ကြီးသလို၊ တန်းခိုးကြီးလျှင် ကြီးသလို မိမိတို့၏ အားကိုးရာ အားထားရာ အနှစ်သာရဟု ထင်မှတ်စွဲလန်းကြလေသည်၊ ထိုအစွဲ အလန်းအမှားကြီးသည် ခွါမရ ဖျက်မရအောင် ခိုင်ခန့်လှရကား၊ ၎င်းကိုစွန့်၍၊(ဝါ) ထိုပညတ်ကိုခွါ၍ အမှန်ပရတ်ကို ရှုမြင်ဘို့ ကြိုးစားရာ၌ လွယ်ကူမည်မဟုတ်ပေ၊ အခွါခက်လှသော အခြေ အနေမျိုး ဖြစ်နေ၍ 'ဆက်နေလျှင်ဆက်မှား၊ ကြာနေလျှင်ကြာ မှား' ကလွဲ၍ ပရမတ်ကို မြင်ဖို့ခဲယဉ်းလေသည်၊ ပရမတ်ဟူသော အမှန်တရားကို မြင်လိုလျှင် အမှန်တရားကို အမှန်တရားဟု မြင် နေသော အရိယာကိုရှာ၍ ဆည်းကပ်ပါ။

"**အရိယာရှာနည်း**" အရိယာကိုရှာရာ၌ ပုဂ္ဂိုလ်၊ သဏ္ဍာန်ကို ကြည့်၍ ရှာနေက တွေ့မည်မဟုတ်ပေ၊ အရိယာဟူသည် အရိယာ ဖြစ်အောင် ပြုတတ်သော အမှန်တရားကို အမှန်ဟု သိမြင်နေ

သော သဘောဉာဏ်ရှိသူဖြစ်သည်၊ ပကတိသော လူတို့၏ မျက်စိ၊ နတ်တို့၏ မျက်စိဖြင့် အရိယာတို့ကိုမြင်နိုင်သော သဘောမရှိပေ။

စိတ္တလတောင်၌နေသော ရဟန္တာမထေရ်တပါး၏ အထံတွင် ဝတ်ကြီးဝတ်ငယ်ပြုလျက်နေသော တောထွက်ရဟန်းကြီးတပါး ရှိပေ သည်၊ တနေ့သော် ထိုတောထွက်ရဟန်း ကြီးသည် ရဟန္တာ မထေရ်၏ နောက်မှ ရဟန္တာ၏ သပိတ် သင်္ကန်းတို့ကိုယူလျက်၊ ဆွမ်းခံထွက်ခဲ့ရာ လမ်းခရီး၌ စိတ်ကူးစဉ်းစားမိသဖြင့်....

"အရိယာ နာမ ဘန္တေ ကီဒိသာ"

"အရှင်ဘုရား—အရိယာ ပုဂ္ဂိုလ်ဟူသည် ဘယ်လိုနေပါသလဲ ဘုရား"ဟုလျှောက်ရာ....

ရဟန္တာက—

"ဣဓေကစ္စော မဟလ္လကော အရိယာနံ ပတ္တစီဝရံ
ဂဟေတွာ ဝတ္တပဋိပတ္တိံ ကတွာ သဟ စရန္တောပိ
နေဝ အရိယေ ဇာနာတိ၊ ဧဝံ ဒုဇ္ဇာနာ အာဝုသော
အရိယာ"

"ငါ့ရှင်—လောက၌ အချို့သော သက်ကြီးအိုတို့သည် အရိယာတို့၏ သပိတ်သင်္ကန်းကိုယူ၍ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုကျင့်လျက် အတူတကွ နေထိုင်သွားလာ နေပါသော်လည်း အရိယာတို့ကို မသိပေ၊ ငါ့ရှင် အရိယာဆိုသည်မှာ ဤသို့ အသိခက်ပါသည်"ဟု ဆိုတော်မူသည်။

ဤသို့ ဆိုသော်လည်း ထိုရဟန်းကြီးသည် ဤပုဂ္ဂိုလ်က အရိယာဟူ၍ မသိပေ၊ ထိုကြောင့်....

"စက္ခုနာ၊ မျက်စိဖြင့်။ ဒဿနံ၊ မြင်ခြင်းသည်။ နဒဿနံ၊ အရိယာကို မြင်ခြင်းမဟုတ်။ ဉာဏေန၊ အသိဉာဏ်ဖြင့်၊ ဒဿနမေဝ၊ မြင်ခြင်းသည်သာလျှင် ဒဿနံ၊ အမှန်မြင်ခြင်းတည်း" ဟူ၍ 'မူလပဏ္ဏာသဋ္ဌကထာ' စသည်တို့တွင် ပြဆိုရာ၊ အရိယာ ဖြစ်လိုသော သူသည် အရိယာတို့ကို ရှာဖွေရာ၌ ပကတိ မျက်စိဖြင့် မရှာဘဲ၊ ဉာဏ်မျက်စိဖြင့်သာလျှင် ရှာဖွေရမည်ဟု ဆိုသားပေရာ။ မိမိ၌ အမှန်ကို အမှန်ဟု သိမြင်မည့် ဓမ္မဝိစယဉာဏ်အမှန်ကို ရှေးဦးစွာ မွေးမြူရမည်။

အရိယာကို ဆည်းကပ်သော ပုဂ္ဂိုလ်အား၊ အရိယာတို့၏ အဆုံးအမကို မှချရမည်ဖြစ်ရာ'သုတဝါအရိယသာဝကော' အရိယာ၏ တပည့်ဖြစ်သူသည် ရှေးဦးစွာ အမှားကို ပယ်ဖျောက်၍ အမှန်ကို အမှန်ဟုသိရန်....

"နရူပံ အတ္တတော သမနုပဿတိ"

"ဖေါက်ပြန်တတ်သော သဘောပရမတ်ကို ငါ၊သူ စသော ပညတ်အမြင်နှင့် မည်သည့်နည်းနှင့်မျှ မရှုမမြင်"

"နရူပံအတ္တတော သမနုပဿတိတိ ဧတ္ထ ရူပံအတ္တာတိ နသမနုပဿတိ၊အနိစ္စံ-ဒုက္ခံ-အနတ္တာတိ ပန သမနုပဿတိ"

"ဖေါက်ပြန်တတ်သောသဘောကို ငါ-သူစသော ပညတ်အမြင်နှင့် မရှုမမြင်ဟူသောစကား၌ ဖေါက်ပြန်တတ်သောသဘောကို ပညတ်အမြင်နှင့် ပြောင်း၍မရှု၊ တကယ်ရှုသည်ကား ပရမတ်ဖြစ်၍ ပရမတ်တို့၏ သွားရာ လမ်းကြောင်းဟူသော မမြဲခြင်း၊

ဆင်းရဲခြင်း၊ ငါမဟုတ်ခြင်းသဘောတို့ကိုကား ၎င်းတို့၏ သဘော တရားအတိုင်းရှုခြင်း၊ မြင်ခြင်းသည်ဖြစ်၏”

အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသည် ပရမတ် ရုပ်နာမ်တို့၌သာရှိသည်၊ ပညတ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှု၍မရ၊ ထိုလက္ခဏာ ၃ ချက် ထင်ခြင်းသည် ပရမတ်ရုပ်နာမ်၌သာထင်သဖြင့် လက္ခဏာမထင်၍ ရှုမရသောတရားကို ပညတ်ဟူ၍ မှတ်ရာ၏၊ တနည်း ‘ရုပ်’ ဟူသော ပရမတ်သဘောကို အတ္တတော-လက္ခဏာ မဝင်သော ငါ-သူ စသော ပညတ်အားဖြင့်၊ နသမနုပဿတိ၊ မရှုမမြင်။ ထို့ကြောင့် ဖေါက်ပြန်မှု ပရမတ်သဘောကို မမြင်ဘဲ၊ ပညတ်အားဖြင့် “ထို၊ ကျင်၊ ပူ၊ အေး၊ ကိုက်ခဲ စသည်ဖြင့် ရှုခြင်းမြင်ခြင်းသည် ပရမတ် ကို ပညတ်နှင့် ရှုနေမြင်နေသောကြောင့် ‘သက္ကာယဒိဋ္ဌိ’ ပင်ဖြစ်လေ သည်၊ အချုပ်မှာ....

“ဣမေ ပဉ္စက္ခန္ဓေ ကေနစိ ပရိယာယေန အတ္တတော နသမနုပဿတိ၊ သဗ္ဗာကာရေနပန အနိစ္စာ ဒုက္ခာ အနတ္တာတိ သမနုပဿတိ”

(မူလပဏ္ဏာသဋ္ဌကထာ ဒု-၂၆၀)။

“ဣမေပဉ္စက္ခန္ဓေ၊ ဤခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့ကို ကေန စိပရိယာယေန၊ တစုံတခုသော မည်သည့် နည်းပရိယာယ်နှင့်မျှ၊ အတ္တတော၊ လက္ခဏာမဝင်သောပညတ်အတ္တအားဖြင့် နသမနု ပဿတိ၊ မရှုမမြင်၊ ပန၊ မရှုမမြင်အပ်သော ပညတ်မှတပါး ရှုအပ် မြင်အပ်သော ပရမတ်ကိုပြဦးအံ့။ သဗ္ဗာကာရေန၊ အလုံးစုံသော အခြင်းအရာအားဖြင့် အနိစ္စာ ဒုက္ခာ အနတ္တာတိ၊ ပရမတ်တို့၏

လက္ခဏာဖြစ်သော မမြဲခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ ငါမဟုတ်သော သဘောတို့ဟူ၍ သမနုပဿတိ၊ ရှု၏။"

ထို့ကြောင့် ပရမတ်တို့၏ ပင်ကိုယ်အမှန်သဘောကို လေ့လာ၍၊ အမှန်ကိုအမှန်ဟု သိရ မှတ်ရမှုသည် ဝန်မလေးသော ကိစ္စဖြစ်သည်၊ မိမိတို့သည် သံသရာအဆက်ဆက်က သမုတိပညတ်၏ နယ်ပယ်တွင် ကြီးပြင်းလာရသောကြောင့်ငှင်း၊ ပတ်ဝန်းကျင်ပညတ်တို့က သွန်သင်မှုကြောင့်ငှင်း၊ ပညတ်ကိုပင် အမှန်ထင်၍ မှတ်လာခဲ့ရာ၊ အခြားနေရာတွင်ပညတ်နယ်ဖြစ်၍၊မည်ကဲ့သို့မှတ်ခဲ့စေကာမူ အရေးမကြီးလှသော်လည်း ပညတ်သံသရာမှ လွတ်မြောက်စေရန် အားထုတ်အပ်သော ပရမတ် ဝိပဿနာ အလုပ်ခွင်ကား....ထွက်မြောက်လိုသူသည် ထွက်မြောက်မည့် ပရမတ်ကိုသာလျှင် သိအပ်မြင်အပ် ရှုအပ်ပေသည်၊ ဘဝများစွာ ပညတ်နယ်တွင် နေသာခဲ့ရသော သတ္တဝါတို့မှာ တခါမျှ သံသရာက ထွက်ခွင့် မရခဲ့ပေ၊ ယခုထွက်ရအောင် ကြိုးစားရာ၌ မိမိတို့သိလာဘူး၊ မှတ်လာဘူးသော ပညတ်အမှတ်အသားတို့ဖြင့် မည်သည့်နည်းနှင့်မျှ ကျွတ်လမ်းလွတ်လမ်းသို့ ရောက်မည်မဟုတ်သည်ကိုရိပ်မိဖို့ကောင်းသည်၊ ရိပ်မိ သိရှိသည်နှင့်အမျှ၊ ကျွတ်လွတ် ထွက်မြောက်တတ်သည့် ပရမတ်သဘောကိုသာ သိအောင်မြင်အောင်အားထုတ်မည်ဟူသော သမ္မပ္ပဓါန် လုံ့လ၊ ဝိရိယမျိုးရှိရန် အထူးပင် လိုအပ်ရကား .. ပရမတ်ကို သိနိုင်မြင်နိုင်သော အရိယာတို့ကို ဉာဏ်ဖြင့် ရှာဖွေဆည်းကပ်မှသာ မိမိလည်း အရိယာဖြစ်နိုင်သည်ကို သတိပြု၍ ရှာဖွေဆည်းပူးအပ်လေသည်။

"ခန္ဓာငါးပါးအနတ္တ" ဤခန္ဓာကိုယ်သည် အရင်းခံသဘော အားဖြင့်၊ ရုပ်နာမ် ၂ ပါးဖြစ်၍ သရုပ် အရေအတွက်အားဖြင့် (ခန္ဓာငါးပါး)အစုငါးခုဟုဆိုအပ်လေသည်၊'ခန္ဓာ'ဆိုသည်ကား 'အပေါင်းအစု'ဟု အဓိပ္ပါယ်ထွက်ရှိလေသည်။ ထိုအပေါင်းအစု တို့သည် တမျိုးစီဖြစ်၍၊ လက္ခဏာတပါးစီခြားသော်လည်း ၎င်း တို့၏ သဘာဝမှာ 'အနတ္တ' ဟူသော 'သုံ့သဘော'ပင် ဖြစ်လေ သည်။

သရုပ်အားဖြင့် ငါးမျိုးအရေအတွက်ရှိသော ပရမတ်ရုပ်နာမ် သည်ဤခန္ဓာကိုယ်ပင်ဖြစ်၍၊သူသည်သူ၏ သဘာဝအတိုင်း အနိစ္စ ဖြစ်နေသည်၊ ဒုက္ခဖြစ်နေသည်၊ အနတ္တဖြစ်နေသည်၊ ကျွန်ုပ်တို့ သည် မိမိတို့၏ခန္ဓာကိုယ်ကိုဂရုစိုက်၍လေ့လာရာ၌ပရမတ်ဟူသော သဘောတို့၏ သွားရာလမ်းကြောင်းအတိုင်း ဖေါက်ပြန်ဖြစ်ပျက် လျက် အဆက်မပြတ် လှုပ်ရှားသွားလာ ချီတက်နေသည်ကိုတွေ့ရ မည်ဖြစ်၏၊ ဤသို့ဖြစ်ပျက်နေသည်ကို လေ့လာနေသော ညာဏ် သည် မိမိ၏လေ့လာချက်ကိုသာ မျက်ခြေမပြတ်ဖို့လိုသည်၊အရှုခံ ဖြစ်သော ရုပ်နာမ် ခန္ဓာ၏ကိစ္စကို ဝင်၍ မစဉ်းစားရချေ၊ လုံးဝ မစဉ်းစားရပေ၊ ရုပ်နာမ် ၂ ပါး ပေါင်းစုံထားသော ဤခန္ဓာ ၌....

၁။ 'ဖေါက်ပြန်တတ်သောသဘော'

၂။ 'ခံစားတတ်သောသဘော'

၃။ 'မှတ်တတ်သောသဘော'

၄။ **'စေ့ဆော်တိုက်တွန်းတတ်သောသဘော'**

၅။ **'အာရုံဝတ္ထု ပေါင်း ဆုံ မှုကြောင့် သိတတ်သော** သဘော'

ဟူ၍ ငါးမျိုး ရှိလေသည်၊ ၎င်းတို့ကို လေ့လာကြည့်ပါ၊ **ဖေါက်ပြန်တတ်သောသဘော** သည် ဖေါက်ပြန်မှုဟူသော 'သူ့သဘော'မှလွဲ၍ မည်သည့်ကိစ္စကိုမှ မဆောင်ရွက်တတ်။

**ခံစားတတ်သောသဘော** သည်လည်း ခံစားမှု'သူ့သဘော'မှ လွဲ၍ အခြားကိစ္စကို မဆောင်ရွက်။

**မှတ်တတ်သောသဘော** သည် မှတ်မှု 'သူ့သဘော'မှ လွဲ၍ အခြားကိစ္စကို မဆောင်ရွက်။

**စေ့ဆော်တိုက်တွန်းတတ်သောသဘော** သည် ၎င်း၏ 'သူ့ သဘော'မှလွဲ၍ အခြားကိစ္စကို မဆောင်ရွက်။

**သိတတ်သောသဘော** သည် သိမှု'သူ့သဘောကလွဲ၍အခြား ကိစ္စကို မဆောင်ရွက်။

ဤသဘောများကိုကြည့်လျှင် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်တွင် သူ့ကိစ္စနှင့်သူ့ သဘော ဆောင်ရွက်နေသော တရားတို့သာရှိ၍၊ မိမိဟူသော(အတ္တအနေ-ငါအနေ)နှင့် ပြုလုပ် စီမံနိုင်သော တခုသော တရားမျှမရှိကြောင်း သိသာလှပေသည်၊ ဤဏ်ဖြင့် ခန္ဓာကိုယ်ကို ကြည့်ရှုသောအခါ၌လည်း၊ ၎င်းတို့၏ ၎င်းတို့ဓမ္မတာ အလျောက် ပြုပြင်ဆောင်ရွက်နေသည်ကိုပင်၊ မရှိသော'ငါ'ဟူ၍ ၎င်း၊ 'သတ္တဝါ' 'ပုဂ္ဂိုလ်'ဟူ၍၎င်း ထင်မှတ်ကြလေရ၊ ထိုခန္ဓာ

အစုငါးခုတို့၏ သဘာဝ တရားတို့ကို မသိ၍ ကြောင့်ပေတည်း၊ မည်သည့်နည်းနှင့်မဆို ဤခန္ဓာကိုယ်သည်(အနတ္တ) သူ့သဘောဖြစ်ကြောင်းကို ရှေးဦးစွာ သိထားမှ တရားသဖြင့် ခန္ဓာကိုယ်တွင် ရှုကြည့်ရာ၌ အမှန်ကို တွေ့နိုင်လေသည်၊ မိမိရှုကြည့်ရမည့် အရှုခံ ဤခန္ဓာသည် မိမိ၏အလိုဆန္ဒသို့ မလိုက်မပါဘဲ၊ သူ့သဘောသာသူဆောင်နေသည်၊ ထို(အနတ္တ သူ့သဘောကို မိမိအနေနှင့် သဘောပေါက်အောင် မြင်တတ်ဖို့ လိုသည်၊ သူတို့၏ သဘောလက္ခဏာအမှန်ကိုမြင်ကအနတ္တဟူသော 'သူ့သဘော'ကို သဘောပေါက်လာမည်၊ ဤသို့ တရားသဖြင့်သိရန် လေ့လာသည့်ဉာဏ်သည် ထိုရုပ်နာမ်ခန္ဓာဟူသော(အနတ္တ)သူ့သဘောကို မိမိအနေနှင့် ဝင်စွက်လိုက်ပါက၊ ဉာဏ်သည် ဉာဏ်နေရာတွင် မရှိတော့ဘဲ၊ နာမ်ဘက်သို့ ကျလာလေသည်။

ပုံစံကား....တရားအားထုတ်မည့် ယောဂီသည်၊ မိမိ၏ရုပ်နာမ်ခန္ဓာတွင်းသို့ အသိဉာဏ်သွင်း၍ထားစဉ် ရုပ်နာမ်ဟူသော ပရမတ်တရားတို့၏ သူ့သဘော ဆောင်ရွက်နေချက်တို့ကို ရှေးဦးစွာ တွေ့လာမည်၊ ၎င်းမှာ 'ဖေါက်ပြန်တတ်သောသဘော'ဟူသည့် ရုပ်၏လက္ခဏာပင်တည်း၊ အမှန်ကိုအမှန်အတိုင်းသိရမည့်(ယထာဘူတ)ဉာဏ်သည် ဖေါက်ပြန်တတ်သည့် သဘောကို အမှန်အတိုင်း 'ဖေါက်ပြန်တတ်သည့်သဘော'ဟု သိနေက ဉာဏ်သည် ဉာဏ်၏သဘောအရ မှန်ကန်နေသည်။

ထိုသို့မဟုတ်ပါဘဲ'ပူသည်–ခအေးသည်'စသောပညတ်ကို သိနေက ခံစား၍ သိသော သဘောဖြစ်၍ ဉာဏ် မဟုတ်တော့ဘဲ

'**ဝေဒနာ**'နာမ်အရှုခံတရားဖြစ်သွားလေသည်၊ ရှုဉာဏ်ပရမတ်မှ အရှုခံပရမတ်ဖြစ်သွားလေသည်၊ ရုပ်နာမ်ခန္ဓာကား သူ့ကိစ္စသူ ဆောင်နေသည်၊ ရှုဉာဏ်ကား ထိုရုပ်နာမ်အရှုခံ ဘုံ၏ ဆောင်ရွက်ချက်ကို ဉာဏ်နှင့်မှန်းမှန်း လေ့လာနေသည်။

သို့အတွက် 'ပူသည်-အေးသည်' စသည်ဖြင့် သိနေမှုကား ဉာဏ်၏ကိစ္စမဟုတ်၊ နာမ်၏ ကိစ္စဖြစ်သဖြင့် ရှုချက်မှာ သည်၊ ရှုဉာဏ်သည် ပေါက်ပြန်တတ်သော ပရမတ်ရုပ်၏ သဘောကို ရှုမှတ်လေ့လာနေစဉ်၊ ထိုထိုရုပ်နာမ်ဘုံ၏ အနတ္တအရ သာလေ့လာသိရှိနိုင်သည်၊ ဉာဏ်အနေနှင့်စွက်ဖက်ရန်အကြောင်းမရှိချေ၊ ရုပ်နာမ်ပရမတ်တို့၏ သဘာဝလက္ခဏာအရ ပျက်နေပုံဖြစ်ခြင်း၊ ပျက်ခြင်းကြောင့် ဆင်းရဲပုံ၊ ထိုထိုသဘောလက္ခဏာတို့သည်၊ သူ့သဘောသူဆောင်နေသောကြောင့် အစိုးမရပုံ၊ ငါမဟုတ်ပုံတို့ကိုသာ သိနေပါက ထိုဉာဏ်သည် ဉာဏ်၏ရင့်ရာကျက်ရာသို့ ရောက်မည်ပင်....

> "ပရိပက္ကာ ကမေနေဝံ၊ ပရိဘာဝိတဘာဝနာ၊
> ပရိစ္စဇန္တိ သင်္ခါရေ၊ ပက္ခန္ဒန္တိ အသင်္ခတေ"
>
> (နာမရူပပရိစ္ဆေဒ၄ကထာ- ၁၅၂)။

"အစဉ်အတိုင်း ဝိပဿနာဉာဏ်သည် ပွားများအားထုတ်အပ်သော မဂ္ဂသစ္စာဘာဝနာကြောင့် တဆင့်ထက်တဆင့် ရင့်ကျက်လာသည်ဖြစ်၍ ရုပ်နာမ်နှစ်ဝ ဖြစ်ပျက် သင်္ခါရတရားတို့ကို စွန့်လွှတ်လျက်၊ ဖြစ်ပျက်တို့ချုပ်ဆုံးရာ-မဖြစ်မပျက်သော အသင်္ခတ နိဗ္ဗာန်သို့ ထိုဉာဏ်သည် ပြေးဝင်တော့သည်"။

ရှုညာဏ်သည် သခ်ိတပရမတ် ဟူသော 'ဖေါက်ပြန်သဘော၊ သိသဘော'တို့၏ သဘောတရား ဖြစ်ပျက်ကိုသာ သိရမည့် ဝတ္တရားအတိုင်း သိနေ ျါက၊ မိမိတို့အနေနှင့် မည်သို့မျှ ပြုပြင် လုပ်ဆောင်မပေးရဘဲ၊ ထိုသခ်ိတ ဖြစ်ပျက်ရုပ်နာမ်တို့ကို စွန့်လျက် မဖြစ်မပျက်ရာ အသခ်ိတ နိဗ္ဗာန်သို့ ပို့ဆောင် တတ်သောကြောင့် လက်ရှိပစ္စုပ္ပန်ပရမတ်ကို ပရမတ်အဘိုင်း သိနေမှုသာ အထူး လိုအပ်ပေသည်။

အချို့ဒုက္ခဝေဒနာတွေ့ပုံကို ဆွေးနွေးကြရာ၌၊ တွေ့လာသမျှ ဒုက္ခကို မလွှတ်တမ်းပေတော့၍ရှုက၊ ထိုဒုက္ခဝေဒနာ ချုပ်သွား သည်ဟုဆိုသည်ဟူသောစကား၌ ကျမ်းဂန်လာသောအရ ဖေါ် ပြရပါမူ'ဝေဒနာ'ဟူသော စကားသည် ဝိပဿနာ နေရာတွင် ဒုက္ခဝေဒနာ၊ သုခဝေဒနာဟုမဆို၊ ချမ်းသာဆင်းရဲသည်'ပညတ်' ဖြစ်၍'ခံစားမှု' သက်သက်သည် ပရမတ်ဖြစ်သည်၊ သို့အတွက် ချမ်းသာဆင်းရဲမဟူ'ခံစားသော'ပရမတ်ကိုသ ၁

"ဝေဒနာသု၊ ခံစားသော သဘောတို့၌ သမုဒယဝယဓမ္မာ နုပဿီ၊ ဖြစ်ခြင်း ပျက်ခြင်းကို ရှုလေ့ရှိသည်ဖြစ်၍ ဝိဟာရတိ၊ နေ၏"

ဟု သတိပဋ္ဌာန် ပါဠိတော်မှာပင် ဘုရားဟောတော်မူသည်၊ ထိုဝေဒနာရှုသော သူတို့သည် ဒုက္ခခံ၍ တွေ့လာသော ဆင်းရဲကို ဝေဒနာမှတ်နေသည်၊ 'ဝေဒနာဟူသည် ပရမတ်ဖြစ်၍ ဖြစ်ပျက် ဖြစ်ပျက်နေသည်၊ထိုဝေဒနာခံစားမှု၏သဘာဝဖြစ်ပျက်ကို မမြင် ဘဲ ဆင်းရဲသည်ကိုသာ ရှုမြင်နေလျှင်....

"ဒုက္ခံ ဝေဒယမာနဿ၊ ဝေဒနံ အပ္ပဇာနတော၊
ပဋိဃာနုသယော ဟောတိ၊ အနိဿရဏဒဿိနော"

ဟူသော ဝေဒနာသံယုတ်ပဟာနသုတ်အရ 'ဒုက္ခ၊ဒေါမနဿ၊ ဒေါသ'ဖက်သို့သာ ရောက်သွားပေမည်၊ ၎င်းပြင် သဘာဝလည်း မကျပေ၊ မကျပုံကား....ခန္ဓာကိုယ်တွင်ဖြစ်ပေါ် နေသော ပရမတ်သဘောတို့သည်၊ သူ့သဘောသူဆောင်၍ အနတ္တဖြစ်နေရာ ဤခန္ဓာသည် တနေ့တနေ့တွင် အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဖေါက်ပြန်နေသည်၊ ခံစားနေသည်၊ မှတ်နေသည်၊ပြုပြင်နေသည်၊ သိနေသည်ဖြစ်ရာ၊ သူတို့သဘောအရ သူ့ကိစ္စသူလုပ် သူပြုသူပြင်၊ ပြုနေကျ ပြင်နေကျ အနတ္တ သဘောအရ တားဆီးမရသည်ကို မိမိက'မပြင်ရ၊ မလုပ်ရ'စသည်ဖြင့် အနတ္တကို အတ္တအနေနှင့် သူ့သဘောကို ငါ့သဘော အနေနှင့် ပြုလုပ်နေခြင်းက ဤရုပ်နာမ် အနတ္တသဘောကို သဘော မပေါက်သည့်အပြင် မိမိ၏ ဉာဏ်လေ့လာရေး အလုပ်သည်ပင်လျှင် လေ့လာရေး မဟုတ်တော့ဘဲ 'ပြုပြင်ရေး' ဖြစ်သွားသဖြင့် သဘာဝမကျတော့ပေ၊ အလျဉ်းသင့်သဖြင့် အဋ္ဌကထာ ဆရာတို့ ညွှန်ပြသော တရားအားထုတ်ပုံ အစီအစဉ်ကို ဖေါ်ပြအံ့။

"စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ
ဥပါဒါယရူပံ ရူပန္တိ ဝဝတ္ထပေတိ၊ တဒါရမ္မဏာ
ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ နမန္တိဝေ။လ။
ဝိပဿနာ ပဋိပါဋိယာ သမ္မသန္တော လောကုတ္တရ
မဂ္ဂံ ပါပုဏာတိ"

(မူလပဏ္ဏာသအဋ္ဌကထာ ဒု-၂၃၈)။

(အလားတူ-မူလပဏ္ဏာသဋ္ဌကထာပ။ အဋ္ဌသာလိနီအဋ္ဌကထာ ဇူတိဝုတ်အဋ္ဌကထာစသည်တို့တွင်လည်း ဤအစီအစဉ်မျိုး ဖော်ပြထားသည်)။

"ဤခန္ဓာကိုယ်သည် ဘူတရုပ်ကြီး ၄ ပါး၊ ဥပါဒါရုပ် ၂၄ ပါး၊ ပေါင်း ၂၈ ပါးသော ရုပ်တို့ကို တခုစီ-တခုစီ မှတ်မနေဘဲ၊ ရုပ်မှန်သမျှသည်'ဖေါက်ပြန်တတ်သောအစု'ဟူ၍သာ မှတ်ထားလိုက်ပါ၊ နောက်မှ ဝေဒနာ-သညာစသော ၅၃ မျိုးသော အသိတရားတို့ကိုလည်း တမျိုးစီတခုစီ လိုက်၍ မှတ်မနေဘဲ၊'သိသဘောအစု'ဟူ၍သာ မှတ်ထားပါ (ထိုအကျဉ်းချုပ်ထားသော တရား ၂ မျိုးတို့သည် နောက်က အကြောင်းကင်း၍ ဖြစ်သည်မဟုတ်၊ အဝိဇ္ဇာ တဏှာ ကံ စသော အကြောင်းပစ္စည်း အထောက်အပံ့ကြောင့်သာဖြစ်ရ၏၊ ထိုသဘောတို့ကို ဉာဏ်ဖြင့် ကပ်၍ သိလိုက်ပါမူ ၎င်းတို့သည် သူတို့၏ဟုတ်မှန်သော သဘောလက္ခဏာဖြစ်သည့် ပရမတ်တို့၏ သဘောအတိုင်း ဖြစ်ပြီး၍ ပျက်တတ်သော သဘော၊ ဖြစ်ပျက်ဖြစ်ပျက် နှိပ်စက်တတ်သော ဆင်းရဲသဘော၊ မိမိအလိုအရမဟုတ်၊ အစိုးမရသောသဘောတို့ကိုသာသိနေရမည် ဖြစ်သည်။)

"ဝေါ၊ ဤသို့ တိလက္ခဏာနိ၊ ပျက်ခြင်း၊ ဆင်းရဲခြင်း၊ ငါမဟုတ်ခြင်းစသော သဘောတို့ကို အာရောပေတွာ၊ တင်၍ ပဋိပါဋိယာ၊ ရှုဉာဏ်အစဉ်အတိုင်း ဝိပဿန်၊ ပရမတ်အမြင်အတိုင်း ရှုသိအပ်သော တရားအလုပ်ကို သမ္မသန္တော၊ သုံးသပ် ရှုမှတ်အပ်သည်ရှိသော် လောကုတ္တရမဂ်၊ လောကုတ္တရာမဂ်သို့ ပါပုဏာတိ ရောက်၏"။

လုပ်ငန်းသက်သက်ကို ထုတ်၍ အဌကထာ ဆရာများကတိုတို ကျဉ်းကျဉ်းနှင့် တရားအားထုတ်နိုင်ပုံကို စီစဉ်ထား၏၊ မည်သည့် သတိပဌာန်နည်းမဆို၊ ဤညွှန်ပြချက်အတိုင်း အားထုတ်နိုင်၏၊ ကျွန်ုပ်တို့ သိသော မြန်မာစကားနှင့် ပြန်၍ အစီအစဉ် လုပ်ရ သော်....

"ခန္ဓာကိုယ်တွင် သတိထား၍ ဂရုစိုက်လိုက်လျှင် ၎င်းတွင် တွေ့ရသမျှသည် 'ဖေါက်ပြန်သဘော' ဟု မှတ်နေပါ"

၎င်းဖေါက်ပြန်မှုတခုခုကို သိနေသော သဘောကို 'သိသ ဘော' ဟု မှတ်ထားပါ။

"ထိုအချိန်တွင် ယောဂီ၌ ဖေါက်ပြန်သဘော၊ သိသဘော ဟူသော ၂ မျိုးသာရှိ၍ အခြား ဘာမျှမရှိဟု ပိုင်နိုင်စွာ သိလေ အောင် မှတ်သိ သိနေပါ၊ ထို ၂ မျိုးတို့သည် အဘယ့်ကြောင့် ဖေါက်ပြန်နေသနည်းဟု ဉာဏ်ဖြင့် အနီးကပ်လေ့လာပါ၊ ထိုအ ခါ ထိုသဘောတရား တို့သည်လည်းဖြစ်သည်၊ ဖြစ်ပြီးလျှင်လည်း တရွေ့ရွေ့တရိပ်ရိပ်နှင့် ပျက်နေသည်ကိုသိလာမည်၊ ထိုဖြစ်ပျက် ဖြစ်ပျက်နေခြင်းသည်ပင်ဆင်းရဲလှ၏ဟူ၍လည်းသိလာမည်၊ဤသို့ ပျက်၍ ဆင်းရဲနေသော ဤရုပ်နာမ်သည် သူ့သဘောအတိုင်း သူဖြစ်ပျက်နေ၍ မိမိအလိုဆန္ဒမဟုတ်သည်ကိုသိရသောဉာဏ်သည် ဤအစဉ်အတိုင်းသိ သိ-သိသွားခြင်းဖြင့်လောကုတ္တရာမဂ်ဉာဏ်သို့ ရောက်မည်" ဆိုသည်ကိုယုံမှားမရှိအပ်ပေ၊ ရှင်းနေသောအဓိပ္ပါယ် ကို ရှုပ်အောင်မကြံနှင့်၊ သို့အတွက် တရားအလုပ် အားထုတ်လိုသူ သည် မိမိ၏ရုပ်နာမ်ဖြစ်သော ခန္ဓာကိုယ်တွင် ရှိနေသည့် အမှန်

တရားကို အမှန်အတိုင်းသာ သိနေရန်အတွက် ကျွန်ုပ်တို့သည် အထပ်ထပ်အခါခါ တိုက်တွန်းရသည်၊ ညွှန်ပြ ရပေသည်မှာ အရေးကြီးသော အခြေခံဖြစ်သောကြောင့်ဖြစ်ပေသည်၊ ဤအခြေခံမှန်လာလျှင် ရှေ့တွင် တက်၍လုပ်ရန် အလွန် လွယ်ကူသွားမည်ဖြစ်သည်၊ မိမိ၏စိတ်ကူးဉာဏ်နှင့်ကြည့်၍ကား အမှန်တရားကို အမှန်အတိုင်း သိမည်မဟုတ်ပေ၊ အမှန်ရှိနေသောတရားကို အမှန်အတိုင်းသိသွားက၊ ဝိပဿနာအလုပ်သည် ပြဿနာဝင်စရာ၊ ရှုပ်ထွေးစရာ လုံးဝရှိမည်မဟုတ်ပေ၊ မြတ်စွာဘုရားသည် ရှင်းနေသောတရားကို ရှင်းရှင်းလင်းလင်း ဟောထားသည်၊ မိမိတို့ စိတ်အထင်နှင့် ဝင်ရှုပ်နေ၍သာ မရှင်းမလင်းဖြစ်နေသည်၊ မြတ်စွာဘုရားလက်ထက်တော်ကသော ဤသို့ထပ်၍ထပ်၍ ရှင်းနေရပါကသတ္တဝါ ဤမျှ ကျွတ်ကြမည်မဟုတ်ပေ။

"**ဘူတံဘူတတောပဿတိ**" ဣတိဝုတ် ပါဠိတော် ဒိဋ္ဌိဂတသုတ်တွင် 'ဘိက္ခဝေ၊ ချစ်သားတို့-ယော၊ အကြင်သူတို့သည် ဘူတံ၊ ရုပ်နာမ်တို့၏ ဟုတ်မှန်သော သဘောတရားကို ဘူတတော၊ ထိုရုပ်နာမ်တို့၏ ဟုတ်မှန်သော သဘောတရားအတိုင်း ပဿတိ၊ မဖောက်မပြန် မဇ္ဈိမပဋိပဒါ ဉာဏ်ပညာဖြင့် မှန်စွာမြင်၏"။

'ရုပ်'ဟူသည် 'ဖောက်ပြန်တတ်သောသဘော' 'နာမ်'ဟူသည် 'ညွှတ်ဘတ်သိတတ်သောသဘော'ရှိသည်ကို ၎င်းတို့၏ သဘောအမှန်အတိုင်း ဖြောင့်ဖြောင့်မတ်မတ်မှန်မှန်ကန်ကန် မဇ္ဈိမပဋိပဒာဉာဏ်ပညာဖြင့် မြင်သောအမြင်၊ သိသောအသိသည် မည်သည့်ပယောဂမျှမပါဘဲ သိနေရသာဖြင့် အမှန်သိဖြစ်လေသည်၊ မိမိတို့၏

စိတ်ကူးကြံစည်ချက် စွက်ဖက်စရာ အကြောင်းမရှိချေ။အရှုခံရုပ်နာမ်သည်'ဖေါက်ပြန်သဘော' 'သိသဘော' ရှိ၏၊ ရှုဉာဏ် မဇ္ဈိမ ပဋိပဒါသည် 'ဖေါက်ပြန်သဘော' 'သိသဘော' ဟု ရှုနေ၏ ဤသည်လျှင်အလုပ်ဖြစ်နေပြီ....

"ဘူတန္တိ ခန္ဓပဉ္စကံ၊ ဉာဒ်ဟိခန္ဓပဉ္စကံ နာမရူပမတ္တံ"

(ဣတိဝုတ္တကဋ္ဌကထာ-၁၇၀)။

"ဘူတန္တိ၊အမှန်တရားဘူတံဟူသည်ကားခန္ဓပဉ္စကံ၊ခန္ဓငါးပါး အပေါင်းတည်း။ ဟိ၊ အလုပ်သဘော ဖြစ်အောင်ပြဦးအံ့။ ဣဒံ ခန္ဓပဉ္စကံ၊ ဤခန္ဓာငါးပါးအပေါင်းဟူသည် နာမရူပမတ္တံ၊ ဝိပဿနာရှုရာတွင် သိရမည့် 'သိသဘော၊ ဖေါက်ပြန်သဘော' မျှသာတည်း"။

အဋ္ဌကထာဆရာက'ဘူတ'ဆိုသည်မှာ ခန္ဓာကိုယ်တွင် ထင်ရှားရှိနေသည့်ခန္ဓာငါးပါး အမှန်တရားကိုဆိုသည်၊ ယင်းခန္ဓာငါးပါးသည် ဝိပဿနာရှုရာတွင် ကျယ်ပြန့် နေသောကြောင့် အလုပ်သဘောနှင့် ရှုလိုမူကား ရုပ်နာမ်နှစ်ပါးဟူသော'ဖေါက်ပြန်သဘော၊ သိသဘော'ပင်တည်း... ဟု အရှုခံတရား၏ သဘောကို သိထားနိုင်ရန် ရှင်းလင်းပြီးနောက် ဆက်လက်၍ ရှုဉာဏ်ကို ပြပြန်သည်မှာ....

"ဘူတတော အဝိပရိတ သဘာဝတော သလက္ခဏတော သာမညလက္ခဏတောစ ပဿတိ"

'ဘူတတော'အရ၊ရှုဉာဏ်သည်(ဘူတ၏)'ဖေါက်ပြန်သဘော သိသဘော'အားဖြင့် အမှန်မြင်ခြင်း။

'အဝိပရိတသဘာဝတော'အရ၊ ၎င်းတို့၏ရုပ်သဘော၊ နာမ်သဘောအရ ဖေါက်ပြန်ပြောင်းလဲချက်တို့ကို အမှန်အတိုင်း သိမြင်ခြင်း။

'သလက္ခဏတော'အရ၊ ၎င်းရုပ်နာမ်တို့သည် သူတို့သူတို့၏ လက္ခဏာအသွင်ကိုသာ ဆောင်နေသည်ကိုသိမြင်ခြင်း။

'သာမညလက္ခဏတော'အရ၊ ဤအကြောင်း အထောက်အပံ့ မကင်းသော 'ဖေါက်ပြန်သဘော၊ သိသဘော'တို့သည်၊ ပရမတ် အနေအားဖြင့် ဖြစ်လည်းဖြစ်၍ အကြွင်းအကျန် မရှိအောင် ပျက်စီးချုပ်ပျောက်ကြသော အနိစ္စသဘော၊ ဖြစ်ခြင်းပျက်ခြင်း တို့သည် မပြတ်မလပ် နှိပ်စက်အပ်သောကြောင့် ဒုက္ခသဘော၊ ထိုဖြစ်မှုပျက်မှုတို့သည် တားမရ ဆီးမနိုင် စိုးပိုင်ခြင်းငှါ မတတ်သာသောကြောင့် အနတ္တသဘော၊ ထိုလက္ခဏာ ထိုသဘောတို့ကို မဇ္ဈိမပဋိပဒါသည် မိမိတို့၏ လုံ့လဥပယောဂမပါဘဲ၊ သဘာဝ တရားကို သဘာဝအတိုင်း သိမြင်နေခြင်းပင်တည်း။

ထို့ကြောင့် ဤရုပ်နာမ်၏ သဘောအမှန်ကို အမှန်အတိုင်း ဉာဏ်ရောက်နေမှုမှာ မိမိဟူသော ပုဂ္ဂိုလ်၊ သတ္တဝါ၊ တဦး တယောက်၏ စိတ်ကူးကြံစည်ချက် အမြင်မဟုတ်ဘဲ၊ မဂ္ဂသစ္စာ ဘာဝနာဉာဏ်၏အမြင်သာ ဖြစ်ကြောင်းကို အဋ္ဌကထာဆရာက ဆက်လက်၍ ရှင်းပုံမှာ....

"ဘူတတော အဝိပရိတ သဘာဝတော ဝိပဿနာ
ပညာသဟိတာယ မဂ္ဂပညာယဒိဋ္ဌာ"

"ရုပ်နာမ်၏ အမှန်သဘောကို ၎င်းတို့၏ သဘာဝအတိုင်း ရှုဉာဏ်သည်ဖေါက်ပြန်ခြင်းမရှိ၊ ပြောင်းလဲခြင်းမရှိဘဲ၊ ဝိပဿနာ ဉာဏ်ပညာနှင့် တကွဖြစ်သော မဂ်ပညာဖြင့်မြင်၍" ဟု ဆိုပေရာ....

မိမိတို့၏ စိတ်ကူးအမြင် မဟုတ်ပုံ ကို ပေါ်လွင်စေလေသည်။

ကျွန်ုပ်တို့၏ ယခုဝိပဿနာရှုနည်းမှာ သတိပဋ္ဌာန်ပါဠိတော်မှ အစ ဒေသနာအမျိုးမျိုး အဋ္ဌကထာ ဖွင့်ပြချက်အဖုံဖုံတို့ကို စွမ်းနိုင်သမျှ ညှိနှိုင်းစီစစ်ရာ၊ ဤသဘာဝထက် မပိုပေ၊ ကျွန်ုပ်တို့၏ အရှုခံရုပ်နာမ်အာရုံ သဘာဝမှန်မှု၊ ရှုဉာဏ် မဇ္ဈိမပဋိပဒါ မဂ္ဂင် သည် ထိုသဘာဝရုပ်နာမ်အနေမှန်ပေါ်တွင် မှန်မှန်သိနေမှုသာ ဖြစ်ရာ၊ အရှုခံရုပ်နာမ်ဟူသော 'ဖေါက်ပြန်သဘော၊သိသဘော' ကို ထိုသဘာဝ အတိုင်း ရှုဉာဏ်သည် သိနေရသည်မှတပါး၊ အခြားဘာမျှမရှိပေ၊ ဉာဏ်ရင့် လာလျှင် ထိုသဘောတို့သည် 'ဖြစ်ပျက်'နေသည်ဟူသော သဘာဝသစ္စာအမြင်နှင့်သာ ဉာဏ် တက်သွားမည်ဖြစ်သည်၊ သို့အတွက် ဤရှုချက် သဘောမှတပါး တခြားသောဆင်မြင်မှု၊ စိတ်ဆင်နှင့် ကြံစည်မှုတို့သည် မြတ်စွာ ဘုရား၏ သဘာဝသစ္စာတရားနှင့် ဆန့်ကျင်လေသည်။

မြတ်စွာဘုရား၏ သဘာဝသစ္စာဆိုသည်မှာ ဩကာသလော ကဓါတ်အတွင်းရှိ 'သဝိညာဏက၊ အဝိညာဏက၊ ဣန္ဒြိယဗဒ္ဓ၊ အနိန္ဒြိယဗဒ္ဓ စသော သက်ရှိသက်မဲ့အားလုံးအပေါ်တွင် ဖြစ်မြဲ ရှိမြဲသဘောတရားအမှန်ကို အမှန်အတိုင်းသိရန် စူးစမ်းလေ့လာ သော သဘောဖြစ်ရာ အနီးကပ်ဆုံးဖြစ်သော မိမိ၏ရုပ်နာမ်

သဘောတရားအမှန်ကိုအမှန်ကျသိရှိလျှင် ဩကာသလောကဓါတ် အတွင်း အားလုံးသော ရုပ်ဝတ္ထု၊ နာမ်ဝတ္ထုအစုစုကို အမှန်သိရ တော့သည်၊ ယင်းသို့လေ့လာရာတွင် 'ဝိစာရဏ' ဉာဏ်သည် တဖက်စောင်းနင်းဖြစ်နေလျှင် အမှန်အတိုင်း မသိမမြင်နိုင်တော့ ပေ၊ မည်သည့်ဘေးတဖက်တချက်ကိုမှ ဂရုမထား ဖြောင့်ဖြောင့် သွားနိုင်မှ လေ့လာချက်ဖြောင့်တန်း အောင်မြင်နိုင်သည်၊ ထို ဉာဏ်၏လမ်းစဉ်ကို 'မဇ္ဈိမပဋိပဒါ' လမ်းစဉ်ဟုခေါ်လေသည်။

"မဇ္ဈိမပဋိပဒါ"မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သုံးလောကထွဋ်ထား သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူသည်၊ ထိုနှစ် ဝါဆိုလပြည့် စနေ နေ့တွင် ဗာရာဏသီမြို့၊ မိဂဒါဝုန်တောဌ်ကောဏ္ဍညအမှူးရှိသော ရသေ့ ၅ ဦးနှင့်တကွ နတ်ဗြဟ္မာ ၁၈ ကုဋေတို့အား ဤသာသနာ၏ အမြုတေ ပင်မ ဖြစ်သော ရှေးဦးစွာသော 'ဓမ္မစက္ကပဝတ္တန သုတ်'တော်ကို မဇ္ဈိမပဋိပဒါ အရင်းခံကာ ကျငင်တည်ထောင် ကာ'ဤနေ့မှစ၍ ငါ၏သာသနာသည် ဤတရားဘဲ'ဟု ၃၁ ဘုံ ကို ကျေညာတော်မူသည်။

ကျွန်ုပ်တို့လေ့လာလိုက်စားနေသော ဗုဒ္ဓ ရှင်တော်ဘုရား၏ သာသနာ(အဆုံးအမ)သည် ဤမှစသည်။ ထိုအရင်းမှန်၍တိကျလှ သော သာသနာ့လုပ်ငန်းတရားတော်ကို ကျွန်ုပ်တို့သည် မိမိရေ နားလည်ဘို့လိုလေသည်၊ ဤတရားကို နားလည်လိုက်လျှင် ဗုဒ္ဓ ဘုရား၏ သာသနာတော် တလျှောက်လုံး ဟောတော်မူသော တရားတော်တို့ကို နားလည်ပြီးဖြစ်ပေါလိမ့်မည်၊ အဘယ့်ကြောင့်

ဆိုသော်မြတ်စွာဘုရား၏တရားတော်ဟူသည် မည်သည့်နေရာတွင် မည်သူ့ကိုဟောဟော နည်းပရိယာယ်သာ ပြောင်းသွားသည်၊ သဘာဝကား မူမပြောင်းဘဲ တမျိုးတည်းပင် ဖြစ်သောကြောင့် တည်း၊ ယင်းသို့ အခြေခံ မပြောင်းလဲဘဲ ခိုင်မြဲလှသော တခု တည်းသောလမ်းစဉ်ဖြစ်သည့် တရားကား အဘယ်နည်း မဇ္ဈိမ ပဋိပဒါပင်ဖြစ်သည်။

ထိုမဇ္ဈိမပဋိပဒါ၏ အရေးကြီးပုံ၊ တန်းဘိုးရှိပုံကား၊ ဗုဒ္ဓဘုရား ကလွဲ၍ ကျွန်ုပ်တို့အနေနှင့် အကုန်အစင် မသိနိုင်ပေ၊ ဒီပင်္ကရာ မြတ်စွာဘုရားထံမှ ဗျာဒိတ်ရ၍ ဘုရားအလောင်း ဖြစ်လာသော သုမေဓါသည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းသုခနှင့်ရင်းနှီး၍ ရှာသည်၊ မဇ္ဈိမပဋိပဒါကိုမတွေ့ မသိ၊ဒုက္ခနှင့်ရင်းနှီး၍ရှာသည် မဇ္ဈိမပဋိပဒါကို မတွေ့မသိချေ၊ ဘာကြောင့် မတွေ့မသိရသ နည်း၊ မဇ္ဈိမပဋိပဒါ၏ ဆန့်ကျင်ဖက် တရားတို့ကို အပေါင်းမှား နေသောကြောင့်ဟူသော အဖြေကိုမြင်ပြီး၍ ဘုရားစင်စစ် ဖြစ် တော်မူပြီးသော ဗုဒ္ဓဘုရားရှင်သည် အခြားသူတို့ မမှားကြစေ ခြင်းငှါ ပဉ္စဝဂ္ဂီတို့အား....

"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ"

"ချစ်သားတို့-ကိလေသာ အယုတ်ကို ခွါထုတ်လိုသောသူ သည် ဤအစွန်းတရား ၂ ပါးတို့ကို မမှီဝဲအပ်၊ ပယ်ရှင်းရမည်"

မြတ်စွာဘုရားသည် ကိုယ်တော်၏ နိဗ္ဗာန်အကျိုးငှါ သံသရာ ပြတ်ခြင်းအကျိုးငှါ ဟောတော်မူမည့် တရားတော်ကို ရှေးဦးစွာ

မဟောကြားသေးဘဲ၊ ထိုတရား၏ ဆန့်ကျင့်ဖက် ကိလေသာတို့ မနှောက်ရှက်နိုင်စေခြင်းငှါ ရှောင်ရှားရမည့်တရားတို့ကို ရှေးဦးစွာ ပယ်ရှင်းခိုင်းလိုက်ခြင်းဖြစ်သည်၊ ထိုစကားမှန်၏....

ပေါ်မိမင်းသား....ငါသည် စင်စစ် ဘုရားမဖြစ်မီ၊ ဥရုဝေလ တောမှ ထွက်၍ သေနာနိဂုံးတွင် တရားအားထုတ်မည့်ဆဲဆဲ၌ ရှေးက မကြားဘူး ကုန်သော ဥပမာ ၃ ချက်သည် ငါ့အား ညာဏ်၌ပေါ်လာ၏၊ ပဌမဥပမာကား-အစေးနှင့်တကွ စိုနေသော သဖန်းသားတချောင်းသည် ရေ၌လည်းစိမ်၍ထား၏၊ ထိုအခါ မီးကိုလိုသောယောကျ်ားတယောက်သည်မီးပွတ်ခုံကိုယူ၍လာပြီးလျှင် ထိုသဖန်းသားအစိုကို ရေမှယူ၍ မီးပွတ်ရာ၏၊ မီးကားထွက်မလာ မီးမဖြစ်ချေ၊ အကြောင်းမူ ထင်းကလည်းအတွင်း၌ အစေးဖြင့်စိုနေသည်၊ အပြင်ကလည်း ရေစိမ်ထားသောကြောင့် ဖြစ်၏။

ထို့အတူ တရားရလိုသော အချို့သမဏ ဗြာဟ္မဏတို့သည် ခန္ဓာကိုယ်အတွင်း၌လည်း ကိလေသာ အစေးအညှော် လိုချင်မှု လောဘတဏှာတို့ရှိနေ၏၊ အပြင်အပ၌လည်း ဝတ္ထုကာမတို့ဖြင့် ခြံရံနေ၏၊ ထိုတရားရလိုသူ သမဏ ဗြာဟ္မဏတို့သည် လုံ့လဝီရိယ စိုက်၍ မည်မျှပင် အားထုတ်စေကာမူ၊ ထိုလုံ့လ ဝီရိယကြောင့် ဖြစ်သော ကြမ်းထန်းစပ်ရှားကုန်သော ဆင်းရဲဒုက္ခတို့ကိုသာလျှင် ခံစားရမည်ဖြစ်၏၊ ညာဏ်အမြင် စင်ကြယ်သော သိအပ်သော တရားတို့ကို သိမည်မဟုတ်ပေ။

ဒုတိယဥပမာထင်လာသည်ကား....အစေးနှင့်တကွသော စိုနေသည့်သဖန်းသားတချောင်းသည်ရှိ၏၊ ရေမှဝေးသော ကုန်း၌တခုတွင်ထား၏၊ မီးကိုအလိုရှိသောယောကျ်ားသည်မီးပွတ်ခုံကိုယူခဲ့၍ ထိုသဖန်းသားထင်းအား မီးဖြစ်စေအံ့ဟု ပွတ်တိုက်ငြားအံ့၊ မီးမထွက်ရာချေ၊ အကြောင်းမူရေမှဝေးသော ကုန်း၌ထားစေကာမူ အတွင်း၌ အစေးအစို ရှိသောကြောင့်ဖြစ်၏။

ထို့အတူ တရားရှာသည့်အချို့သောသမဏဗြာဟ္မဏတို့သည် အပြင်အပ ဝတ္ထုကာမတို့နှင့် ဝေးကွာနေသော်လည်း ကိုယ်အတွင်းသန္တာန်ဝယ် လိုချင်မှုလောဘစသော ကိလေသာအစေးတို့ဖြင့် စိုစွတ်နေသောကြောင့် ထိုသူတို့သည် တရားရလို၍ လုံ့လဝီရိယကြီးစွာထားလျက် အားထုတ် ပါသော်လည်း ထိုလုံ့လဝီရိယအားထုတ်မှုကြောင့်ဖြစ်သော ကြမ်းထန်းစပ်ရှား ဆိုးရွားစွာသော ဆင်းရဲဒုက္ခတို့ကိုသာလျှင် ခံစားရမည်ဖြစ်၏၊ ဉာဏ်အမြင် စင်ကြယ်သည့် သိအပ်သော တရားတို့ကိုကား သိမည်မဟုတ်ပေ။

တတိယ ဥပမာ ထင်လာသည်ကား....ရေမှဝေးစွာ ကုန်း၌သာလျှင် ချထားအပ်သော ခြောက်သွေ့သော ထင်းချောင်းတခုသည်ရှိ၏။ မီးကိုလိုသော ယောကျ်ား တယောက်သည် လာ၍ ထိုထင်းချောင်းကိုယူပြီးလျှင် မီးဖြစ်စေအံ့ဟု မီးပွတ်ခုံဖြင့် ပွတ်တိုက်ငြားအံ့၊ ထိုထင်းချောင်းသည် ခဏချင်းဖြင့် သာလျှင် မီးထွက်ပေရာ၏၊ အကြောင်းမူ ထိုထင်းချောင်းသည်ရေနှင့်လည်း ဝေး၍ အလွန်ပင်ခြောက်သွေ့နေသောကြောင့်တည်း။

ထို့အတူတရားရှာသည့် အချို့သောသမဏ ဗြာဟ္မဏတို့သည် မိမိခန္ဓာကိုယ်အာ ရုံငါးသန္တာန်၌လည်း လိုချင်မှုလောဘတဏှာစ သောကိလေသာအညစ်အကြေးတို့ကို ပယ်ရှင်းပြီးဖြစ်၏၊ အပြင် အပ၌လည်း ဝတ္ထုကာမတို့ကိုဝေးစွာဖယ်ထားပြီးဖြစ်၏၊ ယင်းသို့ ကိလေသာ အစေးအညှော်တို့ မဖြစ်ပေါ်အောင် ပယ်ရှင်းထား သောသူတို့သည် တရားရရန်လို့လဝီရိယကြီးစွာထား၍အားထုတ် ရာ၌ ထိုလို့လဝီရိယကြောင့်ဖြစ်သော ဆင်းရဲတို့ကို ခံစားရသည် ဖြစ်စေ၊မခံစားရသည်ဖြစ်စေ ဉာဏ်အမြင်စင်ကြယ်၍ ထိုးထွင်းသိ ရမည့်တရားတို့ကို သိရမည်သာဖြစ်၏”ဟု ဥပမာ ၃ ချက်ထင်လာ ပေသည်။

(မဇ္ဈိမပဏ္ဏာသပါဠိတော်-ဗေါဓိရာဇကုမာရသုတ်– ၂၀၃။ သင်္ဂါရဝသုတ်–၄၃၀ တို့မှ အတိုချုပ်၍ မြန် မာ ပြန်သည်၊ အကျယ်ကို ၎င်းသုတ်တို့တွင် ကြည့်ကြပါ)။

ဤမဇ္ဈိမပဋိပဒါလမ်းစဉ်တရားကို ရှာဖွေခဲ့ရာ၌ အလောင်း တော်အဖြစ်က ထင်မြင်ခဲ့သည့် တတိယဥပမာအတိုင်း ရှာဖွေအား ထုတ်ခဲ့သဖြင့် တရားရလာပုံတို့ကိုပြန်လည် ဟောပြထားသဖြင့်ဤ မဇ္ဈိမပဋိပဒါနည်းအတိုင်း အားထုတ်၍ သံသရာ ပြတ်လိုသောသူ သည် ကိလေသာဖြစ်သည့် ဤအစွန်းတရား ၂ ပါးတို့ကိုမမှီဝဲအပ်၊ ပယ်ရှင်းရမည်ဟုဟောတော်မူသည်ကား –အလွန်ပင်သဘာဝကျ လှသည်၊ ထို့ကြောင့် တရားအလုပ် အားထုတ်လိုသူသည် အတွင်း အပြင် ကိလေသာကို ခွာထားပြီးဖြစ်ရမည်၊ တနည်း မိမိတို့၏ စိတ်သည် ကိလေသာအစွန်းတို့မှ ဝေးနေရမည်ဟူ၍....

"ပဗ္ဗဇိတေနာတိ ဂိဟိသံယောဇနံ ဆိန္ဒိတွာပဗဇ္ဇုပဂတေန" ဟု သံယုတ်အဋ္ဌကထာကရင်၊

'ပဗ္ဗဇိတေနာတိ ဂိဟိသံ ယောဇနံ ဝတ္ထုကာမံဆေတွာ'ဟု ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကရင်း ဆိုပြီး တရားအလုပ်အားထုတ်လိုသူသည် ထိုသူအားလျော်သော ဝတ္ထုကာမဟူသည့် အပြင် အာရုံများအပေါ်၌ ကိလေသာကာမအားဖြင့် ကပ်ငြိမှုကို ပယ်ရှင်းထား ဖြတ်တောက်ထားနိုင်ရမည်ဟု ဆိုလိုသည်၊ ကျွန်ုပ်တို့၏ မဇ္ဈိမပဏ္ဏာသပါဠိ သလ္လေခသုတ်တွင်လည်း....

"ကိလေသာယုတ်၊ နှင်ကာထုတ်၊ သမုတ်ဘိက္ခုသည်"

"ကာမ-အတ္တ၊ ယင်းနှစ်ဝ၊လုံးဝပယ်ရမည်"ဟူ၍ဆိုထားသည်။

သံသရာဝဋ်မှ လွတ်ကြောင်းတရားကို အားထုတ်ရာ၌ အတားအဆီးအကန့်အကွက် ဖြစ်သော ဤအစွန်းတရား ၂ ပါးကို မြတ်စွာဘုရားသည် အလုံးစုံသောတရားကို သိတော်မူသည်အားလျော်စွာ ကိလေသာ အနှောက်အယှက်ပေးရန်၊ တနည်း-ကိလေသာ ဝင်လာလျှင် ဝင်မှန်းသိ၍ ပယ်ဖျက်နိုင်ရန် ကြိုတင်၍ ဟောထားသည်ကား'မီးကိုလောင်မှငြိမ်းသတ်သည်ထက် မလောင်မီ တားဆီးသည်က သဘာဝကျလှပေသည်၊ အနာရောဂါကို ဖြစ်လာမှ ဆေးကုသခြင်းထက် မဖြစ်မီက မဖြစ်အောင် စောင့်ရှောက်ရာ သကဲ့သို့ ပေတည်း။ ဆက်လက်၍ မြတ်စွာဘုရားသည်....

## အစွန်းတရား ၂ ပါး

"ကတမေ ဒွေ၊ ယောစာယံ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ-ဟိနော ဂါမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယောစာယံ အတ္တကိလမထာ နုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော"

(ဓမ္မစက္ကပ္ပဝတ္တနသုတ်ပါဠိတော်)။

အစွန်းတရား ၂ ပါးတို့ဟူသည် အဘယ်နည်း—

၁။ **ကာမသုခလ္လိကဟူသောအစွန်းတပါး**....၎င်းသည်ယုတ်၏၊ရွာနေလူတို့၏ဥစ္စာဖြစ်၏၊ ပုထုဇ္ဇန်တို့၏ အလေ့အကျင့်ဖြစ်၏၊ အရိယာတို့၏ ဥစ္စာမဟုတ်၊ မဂ်ဖိုလ် အကျိုးစီးပွားနှင့်လည်းမစပ်။

၂။ **အတ္တကိလမထဟူသောအစွန်းတပါး**....၎င်းသည် ကိုယ်စိတ်ဆင်းရဲ၏၊ အရိယာဖြစ်ကြောင်း ဥစ္စာလည်းမဟုတ်၊ မဂ်ဖိုလ် အကျိုးစီးပွားနှင့်လည်းမစပ်။

သို့ကြောင့် မမှီဝဲအပ်၊ ပယ်ရှင်းရမည်ဟု ဟောတော်မူသည် ထိုအစွန်းတရားတို့၏ အပြစ်ကို အဌကထာ ဖေါ်ပြရာ၌....

"ယောစအယံ ဝတ္ထုကာမေသု ကိလေသ
ကာမသုခဿ အနုယောဂေါ"

"အလောင်းတော်၏ဥပမာထင်ပုံ ၃ ချက်တွင် ပဌမထင်သော ဥပမာအတိုင်း 'ရူပ၊သဒ္ဒ'စသော အာရုံငါးပါး ဝတ္ထုကာမတို့၌

ကိလေသာ ကာမအားဖြင့် ငြိကပ်မှု ယှဉ်တွဲမှုအားဖြင့် စိတ်အသို လိုက်ကာ သာယာခြင်း၌နှစ်နေမှု၊ သဘောကျ ကျေနပ်နေမှုတို့ ကြောင့်ယုတ်သည်၊ ရွာနေမြို့နေ လူတို့၏ အသုံးအဆောင်ဥစ္စာ၊ ပုထုဇ္ဇန်တို့အကြိုက် အလေ့ အကျင့်တို့သာဖြစ်၍ အရိယာ ဖြစ် ကြောင်းလည်းမဟုတ်၊ မဂ်ဖိုလ်၏အကျိုးစီးပွားလည်း မဖြစ်သော ကြောင့်''ဟု မဟာဝဂ္ဂဋ္ဌကထာ ပြလေသည်။

ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ၌ကား ...

> "ကာမသုခလ္လိကာ နုယောဂေါ ပစ္စုပ္ပန္နေ တဏှာဒိဋ္ဌိ
> သံကိလိဋ္ဌသုခတ္တာ၊ အာယတိဥ္စ ဒုက္ခဝိပါကတ္တာတဒ
> နုယုတ္တာနံ တဏှာဒိဋ္ဌိ ဗန္ဓနဗဒ္ဓတ္တာစ နသေဝိတဗ္ဗော"

"အာရုံငါးပါး ကာမဂုဏ် တရားဟူသော ဝတ္ထုကာမတို့၌ စွဲမြဲကပ်ငြိသည့် ကိလေသာကာမဟူသောတဏှာသည်၊ ယခုဘဝ မှစ္စုပ္ပန်မှာ 'ငါ့ဥစ္စာ၊ ငါ'ဟူသော တဏှာဒိဋ္ဌိ ဦးစီးမှုဖြင့် အလွန် ချမ်းသာဖွယ်၊ အလွန်နှစ်သက်ဖွယ်၊ စွဲမက်ဖွယ်ဟူ၍ စွဲလန်းနှစ် သက်လျက်၊ သေပြီးနောက် တမလွန် နောင်ဘဝ မှာလည်း ထိုစွဲလန်းမက်မောမှု တဏှာဒိဋ္ဌိသည် ဆင်းရဲကြမ်းထန်း ခါးစပ် သောအကျိုးကိုသာ ပေးမည် ဖြစ်သောကြောင့် ထိုတဏှာဒိဋ္ဌိ ၂ ပါးဦးစီး၍ ရစ်ပတ်တုတ်နှောင် ထားအပ်သော ဤဝတ္ထုကာ မ၌ ကိလေသာကာမအားဖြင့် စွဲမက်မှုသည် စင်စစ်အားဖြင့် ယုတ်၏၊ တရားမသိသူတို့၏ အကြိုက်ဖြစ်၏၊ ပုထုဇ္ဇန်တို့၏ မိစ္ဆာ ဖြစ်၏၊ အရိယာတို့၏ဥစ္စာမဟုတ် အရိယာဖြစ်ကြောင်း မဂ်ဖိုလ်

အကျိုးစီးပွားနှင့်လည်း မစပ် မဆိုင်၊ သို့ကြောင့် မမှိုဲအပ်ဟု ပြလေသည်။

အတ္တကိလမထ အစွန်းတခု၏ အပြစ်ကိုလည်း မဟာဝဂ္ဂ ဋ္ဌကထာ၌—

"အတ္တကိလမထာ နုယောဂေါတိ အတ္တနော ကိလ မထဿ အနုယောဂေါ အတ္တနော ဒုက္ခကရဏန္တိ အတ္ထော"

"အတ္တကိလမထာနုယောဂဟူသည်ကား မိမိနွေ့ကိုယ်အား စိတ်အားပင်ပန်းဆင်းရဲခြင်းနှင့်ယှဉ်သောကိုယ်စိတ်ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အကျင့်ဖြင့် မိမိကိုယ်အားနှိပ်စက်ခြင်းသည် ဆင်းရဲ၏ အရိယာတို့၏၊ ဥစ္စာလည်းမဟုတ်၊မဂ်ဖိုလ်အကျိုးစီးပွား နှင့်လည်း မစပ်သဖြင့် ဆင်းရဲဒုက္ခ ဖြစ်ကြောင်းသာဖြစ်၏"ဟု ပြဆိုလျက်–

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ကား....

"အတ္တကိလမထာ နုယောဂေါ ပစ္စုပ္ပန္နေ ဒိဋ္ဌသံကိလိဋ္ဌ ဒုက္ခတ္တာ အာယတိဥ္စ ဒုက္ခဝိပါကတ္တာတဒနုယုတ္တာနံ ဒိဋ္ဌ ဗန္ဓန ဗဒ္ဓတ္တာစ နသောဝိတဗ္ဗော"

မိမိကိုယ်ကို ပင်ပန်းဆင်းရဲစွာကျင့်မှ သံသရာဝဋ်မှ ထွက်မြောက်မည်ဟူသောအယူဖြင့် ကျင့်ကြသောသူတို့သည်၊ ယခုဘဝ ပစ္စုပ္ပန်မှာ ငါ၊ ဤကဲ့သို့ကျင့်မှဖြစ်မည်'ဟူသော သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ စသည့် မှားသောအယူဖြင့် ယူစွဲထားသောကြောင့် ဒိဋ္ဌိကိလေ

သာဖြစ်၍ ဆင်းရဲခြင်း၊ နောင်တမသွန် ဘဝတွင်လည်း ထိုဒိဋ္ဌိ အယူအစွဲကြောင့် ဆင်းရဲသောအကျိုး ခံစားရမည်ဖြစ်ရကား၊ ထိုဒိဋ္ဌိသည် ဦးစီး၍ ရစ်ပတ်နှောင်ဖွဲ့ခြင်း ခံရသောသူအား ကိုယ်စိတ်ဆင်းရဲခြင်း၊ အရိယာတို့၏ ဥစ္စာမဟုတ်ခြင်း၊ မဂ်ဖိုလ်အကျိုး စီးပွားလည်း မဟုတ်သဖြင့် ဤအစွန်းဘေး ကိုမမှီဝဲအပ်-ယူပြလေသည်။

ထိုစကား မှန်လှ၏ ၃၁ ဘုံတွင် အနာဂါမ် မဟုတ်သောသူတို့၏ကျင်လည်ရာ အရိယာမဟုတ်သောသူတို့၏ သွားရောက်ဖြစ်ရှိနေသော ၂၆ ဘုံကိုကြည့်လျှင် ထိုဘုံ ထိုဘဝတို့သို့ ရောက်ရာရောက်ကြောင်း အကျင့်လမ်းစဉ်သည် တဏှာဒိဋ္ဌိ ဦးစီးသော ကာမသုခလ္လိကလမ်းစဉ်၊ ဒေါသဒိဋ္ဌိဦးစီးသော အတ္တကိလမထ အကျင့်လမ်းစဉ် ၂ ခုကြောင့်သာ ဖြစ်ရာ-မြုပ်မျောလမ်းစဉ်သာ ဖြစ်လေသည်။

"ဩဃတရဏသုတ်" အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ညဉ့်သန်းခေါင်ယာမ်အချိန်တွင် နတ်သားတယောက်သည် လာရောက်၍....

"အရှင်ဘုရားသည် ဩဃလေးဖြာ သံသရာကို ဘယ်ပုံ ဘယ်နည်းကူးခဲ့ပါသနည်း" ဟု လျှောက်သောအခါ....မြတ်စွာဘုရားက....

"တကာနတ်သား-ငါသည် ရပ်မနေဘဲ၊ လက်ပစ် အားထုတ်မကူးဘဲ ဩဃလေးဖြာ သံသရာကို လွန်မြောက်ခဲ့သည်"

"အရှင်ဘုရားသည် အဘယ်သို့ ရပ်မနေဘဲ၊ အဘယ်ပုံ လက်ပစ်အားထုတ်မကူးဘဲ သံသရာကို လွန်မြောက်ခဲ့ပါသနည်း"

"တကာနတ်သား−ငါသည် အကြင်အခါ၌ ရပ်နေ၏၊ ထိုအခါ နစ်မြုပ်ရ၏၊ အကြင်အခါ၌ လက်ပစ် အားထုတ်ကူး၏၊ ထိုအခါ မျောပါးရ၏၊ ထို့ကြောင့် ငါသည် ရပ်မနေဘဲ၊ လက်ပစ်အားထုတ်မကူးဘဲ သံသရာကို လွန်မြောက်ခဲ့၏"

ဟု မိန့်တော်မူရာ၊ အစွန်း ၂ ပါးနှင့် မဇ္ဈိမပဋိပဒါ လမ်းစဉ်အကြောင်း နတ်သား သဘောပေါက်သွား၏၊ ထိုသဘောကို အဋ္ဌကထာရှင်းပြရာ၌....အစွန်း ၇ တွဲရှိရာတွင်....

"ကာမသုခလ္လိကာ နုယောဂဝသေန သန္တိဋ္ဌန္တော သံသီဒတိနာမ၊ အတ္တကိလမထာနုယောဂ ဝသေန အာယူဟန္တောနိဗ္ဗုယှတိနာမ"

(သဂါထာဝဂ္ဂသံယုတ္တဋ္ဌကထာ−၁၈)။

ဝတ္ထုအာရုံ ကာမဂုဏ်တို့၌၊ ကိလေသာကာမအားဖြင့် လိုက်စားခြင်းသည် ကာမသုခလ္လိကာနုယောဂဖြစ်၍၊ သံသရာတွင် နစ်မြုပ်ခဲ့ရသည်၊ အဘယ်ကြောင့်ဟူမူ၊ ကိလေသာဖြတ်တောက်မှုမပြုဘဲ၊ ကိလေသာဖြစ်အောင် ပွားအောင်သာ ပြုလုပ်နေခြင်းဖြင့် အသိတရားတို့ ရပ်နေသည်ဖြစ်၍ နစ်မြုပ်ရသည်။

ရလိုသောစိတ်ဇောသန်မှုနှင့်အားထုတ်သမျှသည်ကိုယ်၏ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့ဖြင့် ရင်းနှီး၍၊ မိမိကိုယ်ကို ညှင်းပန်း

နှိပ်စက်၍ ကျင့်သောကြောင့် လက်ပင်ကူးခြင်း ဖြစ်ရကား မျော ပါးရမည်ဖြစ်၏။

သံသရာမှ ကူးမြောက် လိုသူသည် အာရုံငါးပါးတို့၌ ကပ်ငြိ စွဲမက်နှစ်သက်မှု တစုံတရာရှိနေလျှင် အမှန်သဘော ရုပ်နာမ်ကို မသိသဖြင့် ရပ်နေသူ။ ရလိုဇောနှင့် မှန်သည်မှားသည် မဝေ ဖန်တော့ဘဲ၊ အပြင်းအထန် အခံခက်အောင် အားထုတ်သူသည် လည်း လက်ပစ်ကူးသည်မည်သောကြောင့် လွန်ပြေးသူ၊ ဤ ၂မျိုး စလုံးသည် သံသရာပြေးကြောင်း ကိလေသာ ဖြစ်သောကြောင့် ထိုအစွန်းတရားတို့ကို မမှီဝဲအင်ဟူ၍ ဘုရားညွှန်ပြခဲ့လေသည်။

"ပုန်းအောင်းသူနှင့်လွန်ပြေးသူ" လေးအသချေ်နှင့် ကမ္ဘာ တသိန်းအတွင်း၌ သိရှိသမျှကို ဘုရားထုတ်ဖော် ပြထားသည်၊ ဇရာမရဏ၏ လွတ်လမ်းအတွက် စိတ်ကူးရသလို၊ နားလည်သလို လုပ်လာသော ကိစ္စအားလုံးသည် မြုပ်လမ်း၊ သို့မဟုတ် မျော လမ်းသာဖြစ်ခဲ့သည်ကို အဖန်ဖန်အထပ်ထပ်ဖြစ်သော၊ ဖြစ်သေက သက်သေခံလျက် ရှိသည်။ ထိုမြုပ်လမ်း မျောလမ်းဟူသည် ဤကာမသုခလ္လိကဟူသော လမ်းစဉ်နှင့် အတ္တကိလမထဟူသော လမ်းစဉ် ၂ ရပ်ကြောင့် သံသရာမှာ ကျင်လည် ခဲ့ရကြောင်း ဘုရားရှင် သိပြီးဖြစ်လေသည်။

ဥရုဝေလတောသို့ထွက်၍ တရားရှာသောအခါ ရှေးဦး စွာ အာဠာရရသေ့ ထံနည်းခံ၍အားထုတ်သောအခါအလွန်ဆုံး'အာ ကိဉ္စညာယတနဘုံ' သို့ ရောက်ကြောင်း အကျင့်ဖြစ်မှန်းသိသည်နှင့်

ထိုတရားကိုရပါလျက် စွန့်ခွာ ထွက်သွားခဲ့လေသည်။ ထို့နောက် ရာမ၏သား ဥဒက အထံသို့ကပ်၍ နည်းခံအားထုတ်ခဲ့ရာ ပြီးဆုံးသောအခါ၊ အလွန်ဆုံး 'နေဝသညာနာသညာယတနဘုံ'သို့ ရောက်ကြောင်း အကျင့်ဖြစ်မှန်းသိသည်နှင့် ထိုတရားကို ရပြီးဖြစ်ပါလျက် 'ဤစတုတ္ထဈာန်တရားဖြင့် ရုပ်နာမ်ခန္ဓာ၏ ငြိမ်းငွေ့မှုလည်းမရ၊ တပ်မက်မှုလည်းမကွာ၊ ချုပ်ပြတ်မှုလည်း မဖြစ်သောကြောင့် ထိုဈာန်ကို အားမကိုးတော့ဘဲ တယောက်ထည်း ထွက်ခွာ၍ သေနာနိဂုံးသို့ မဇ္ဈိမပဋိပဒါ တရားရှာရန် ထွက်ခဲ့ကြောင်း မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇ သုတ်နှင့် သင်္ဂါရဝသုတ် တို့တွင် ဘုရားပြန်ဟောထားသည်။

ဤသည်ကိုထောက်၍ သံသရာကို လည်စေတတ်သော တရားမှာ ကိလေသာ၏ သတ္တိဖြစ်သော ကာမသုခလ္လိကာနုယောဂ လမ်းစဉ်နှင့် အတ္တကိလမထ လမ်းစဉ်သည် ကိလေသာကုန်ခြင်း မဖြစ်သည့်အပြင်၊ ကိလေသာပင် ထပ်၍ ဖြစ်နေသောကြောင့် ကိလေသာကင်းအောင်၊ ကုန်အောင် အားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ဤလမ်းစဉ် အစွန်းတရား ၂ ခုကို မမှီဝဲအပ်၊ ပယ်ရှင်းရမည်ဟု အခိုင်အမာ ဟောတော်မူသည်။

အမှန်တရား အမှန်လမ်းစဉ်ကိုမသိသောသူတို့သည် ဤအစွန်းတရား ၂ ပါးနှင့်သာ အပြောင်းအလဲ၊အလဲအလှယ် အားထုတ်၍ သံသရာကို သွားနေကြသည်။ ကိလေသာ မကင်းသေးသည့် သတ္တဝါတို့၏ ထုံးစံအတိုင်း အာရုံငါးပါး လိုက်စားပျော်ပါးမှု၊ ဘုံဘဝကို တောင့်တ၍ ကုသိုလ် ပြုမှုစသော ကာမသုခလ္လိက

နယ်တွင်'သဿတဒိဋ္ဌိ' အစွန်းနှင့်သာ အားထုတ်လျက် ရှိနေကြသည်ကိုအပြစ်ဟု မြင်သော အချို့ပညာရှိတို့သည် ထိုအာရုံလိုက်စားမှုတို့ကို လွန်စွာ စက်ဆုပ်ကြလျက် ထိုအပြစ်မှလွတ်ရန် ကာမဂုဏ်တို့ကို ရှောင်ခွာပယ်ပစ်၍၊ ယင်းကိလေသာတို့ ထကြွသောင်းကျန်းမှုတို့ကို နှိမ်နင်းလိုသဖြင့် အစားခြိုးခြံမှု၊ အဝတ်ခြိုးခြံမှု၊ အနေခြိုးခြံမှုစသော မိမိကိုယ်ကို ကိလေသာဖြစ်ခွင့်မရအောင် အမျိုးမျိုးသောနည်းတို့ဖြင့်နှိပ်စက်ညှဉ်းပန်းမှု'ဥစ္ဆေဒဒိဋ္ဌိ'ကို ပြုကြလေသည်၊ ဤသည်ကို....

"ယထာ စေ သမဏဗြာဟ္မဏာ ကာမသုခလ္လိကာနုယောဂံ ပရိဝေဇ္ဇေသာမာတိ ကာယကိလမထံ အနုခါဝန္တိ၊တတောမုစ္စိဿာမာတိ ကာမသုခံအနုခါဝန္တိ နစဝံဘဂဝါ"

(ပါတိကဝဂ္ဂဋ္ဌကထာ—ဂ၀)။

အချို့ကုန်သော သမဏဗြာဟ္မဏ ပညာရှိ အမည်ခံတို့သည် ကာမသုခလ္လိကာ အလုပ်ကို စက်ဆုပ် ရွံရှာသည်ဖြစ်၍ ရှောင်ခွါလတ်သော် အတ္တကိလမထ အကျင့်သို့ရောက်၏၊ အချို့မှာ အတ္တကိလမထအလုပ်ခွင်မှ ငြီးငွေ့၍ ရှောင်ထွက်ပြန်သောအခါ ကာမချမ်းသာခံစားသောအစွန်းသို့ပင် ပြန်၍ရောက်၏၊ မြတ်စွာဘုရားသည် ဤအပြစ်ကိုမြင်တော်မူသည်၊ သိတော်မူသည်ဖြစ်၍ အစွန်းလွတ်တရားကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်လေသည်။

သံသရာတွင် ကျင်လည်ကြသော အရိယာ မဖြစ်သေးသည့် ပုထုဇ္ဇန်များမှာ'သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အနည်းဆုံး ဤ၂မျိုးဖြင့်

သတ္တဝါဖြစ်နေကြသည်၊ ဘုံဘဝတွင် ပြောင်းရွှေ့နေကြသည်၊ သံသရာလွတ်ကြောင်း မဇ္ဈိမပဋိပဒါ မရမသိလျှင်ကား ဘုံဘဝထဲတွင်....

၁။ (သြလီယန္တိစေကေ) ပုန်းအောင်းသူနှင့်
၂။ (အတိဓါဝန္တိစေကေ) လွန်ပြေးသူ....

တို့သာရှိကြောင်း၊ ဘုံဘဝသံသရာမှာ ပုန်းအောင်းသူသည်၊ သဿတဒိဋ္ဌိဖြင့်'ကာမသုခလ္လိက'အရ သံသရာမှ မထွက်လိုဘဲ ဘုံဘဝထဲ၌သာ ကျင်လည်နေလျက် ပုန်းအောင်းကြောင်း.... လွန်ပြေးသူသည်လည်း သံသရာဘဝမှာ မဖြစ်ချင်ဘဲ'သေရင်ဘာမှမဖြစ်ပြီး၏' ဉစ္ဆေဒဒိဋ္ဌိဖြင့်'အတ္တကိလမထ'လွန်ပြေးကြောင်းကို ဣတိဝုတ်ပါဠိတော်တွင်ဟောဖော်ပါလျက်ရှိပြီ....

မြတ်စွာဘုရားသည် ဤအစွန်း ၂ ပါးကို အတိအလင်း ပယ်ရှင်း ခိုင်းသည်မှာ သံသရာမှထွက်မြောက်ရာမဇ္ဈိမပဋိပဒါလမ်းစဉ်နှင့်ဖီလာဖြစ်သောကြောင့် ဖြစ်သည်၊အစွန်း ၂ ပါး မှာ'သံသရာဖြစ်'အလုပ်၊ မဇ္ဈိမပဋိပဒါမှာ 'သံသရာပြတ်' အလုပ်ဖြစ်၍လုံးဝဆန့်ကျင်နေသောကြောင့်ဖြစ်၏၊ မြတ်စွာဘုရားသည် ဤသံသရာပြတ် မဇ္ဈိမပဋိပဒါအလုပ်ကို ရှာဖွေ တွေ့ရှိခဲ့ရသည်မှာ သံသရာထဲတွင် ရှိသမျှ သတ္တဝါတို့၏ သမရိုးကျ-မိရိုးဖလာ လမ်းစဉ်မှ ဆန့်ကျင်ခွါထွက်၍ ရှာဖွေခဲ့ရသည်၊ မိရိုးဖလာ အစွန်း ၂ ပါး အလုပ်မျှနှင့်ကား ဤသံသရာမှထွက်မြောက်ရာကို လေးအသင်္ချေနှင့် ကမ္ဘာတသိန်းတွင် ပြုလုပ်ခဲ့သည်များက သက်သေ အထင်အရှားပင် ဖြစ်ခဲ့သည်။

"ဧတေခေါ ဘိက္ခဝေ ဥဘောအန္တေ။လ။နိဗ္ဗာနာယ သံဝတ္တတိ"

ချစ်သားတို့-ငါဟောမည့် မဇ္ဈိမပဋိပဒါ လမ်းစဉ်ဟူသည် ထိုကဲ့သို့သံသရာတွင်မြုပ်တတ်သော ၊မျောတတ်သောလမ်းစဉ်မျိုး မဟုတ်၊ ထိုမြုပ်မျောလမ်းစဉ်မျိုးသို့ မထိမကပ်၊ မယှဉ်မစပ်ဘဲ၊ ထိုလမ်းစဉ်မျိုးမှတပါးတခြားဖြစ်သော အလယ်လမ်း အကျင့် မျိုးသည် သတ္တဝါတို့အား ဆင်းရဲသံသရာမှ ပြတ်သော ဉာဏ် အမြင်ဖြစ်စေခြင်းငှါ ကိလေသာမီး ငြိမ်းခြင်းငှါ၊ အမှန်တရား သစ္စာလေးပါးတို့ကို ဉာဏ်အထူးဖြင့် သိခြင်းငှါ၊ ထိုးထွင်း၍ သိ ခြင်းငှါ အနုပါဒိသေသနိဗ္ဗာန်အကျိုးငှါ ငါဘုရားတို့သည်သာ လျှင် ရှာဖွေ၍ ရလာသိလာရခြင်းဖြစ်သည်။

အကျင့်လမ်းစဉ်ဟုဆိုသဖြင့် အ ခြား သော အကျင့်ဟူ၍ သမုတ် မှတ်ယူကြသော 'အတ္တကိလမထ' ကိုယ်စိတ်ကို ပင်ပန်း ဆင်းရဲစေတတ်သော လမ်းစဉ် အကျင့်မျိုးမဟုတ်၊ ထိုလမ်းစဉ် အကျင့်မျိုးနှင့်မဆိုင်၊ တရားသဖြင့် ဖြောင့်မတ်မှန်ကန်စွာ သိအပ် သောလမ်းဖြစ်၍၊ 'သမ္မာပဋိပတ္တိ၊ သမ္မာပဋိပန္န' ဖြစ်ကြောင်း ကို အဋ္ဌကထာ၌....

"ဘဂဝါပန ဥဘောတေ အန္တေ ဝဇ္ဇေတွာယာသာ"
'အတ္ထိဘိက္ခဝေမဇ္ဈိမာပဋိပဒါတထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ' တိဝေံဝုတ္တာ သမ္မာပဋိပတ္တိတမေဝ ပဋိ ပန္နော၊ တသ္မာ 'နစအတ္တကိလမထာနုယောဂန္တိ အာဒိ မာဟ"

(ပါတိကဝဂ္ဂဋ္ဌကထာ-ဂဝ)။

မြတ်စွာဘုရားသည်ကား....အစွန်း တရား သံသရာ ချုပ်ကြောင်း ၂ ပါးကို ကြည်ဖယ်၍ အကြင် လမ်းစဉ်သည်ရှိ၏၊ ထိုလမ်းစဉ်ကို 'ချစ်သားတို့-ငါဘုရားသည် ထိုးထွင်း၍ သိမြင်အပ်သော ဉာဏ်မျက်စိ ပညာမျက်စိကို ပြုတတ်သော အလယ်လမ်းအကျင့် မဇ္ဈိမပဋိပဒါသည်ရှိ၏' ဟူ၍ ဟောတော်မူသော ဖြောင့်မတ်မှန်ကန်စွာ ကျင့်ဆောင် အားထုတ်အပ်သော သမ္မာပဋိပတ္တိ၊ ထိုလမ်းစဉ်အကျင့်ကိုသာလျှင် ကျင့်ဆောင် အားထုတ်အပ်၏၊ ထို့ကြောင့်'ကိုယ်ပင်ပန်းအောင် ညှင်းပန်းနှိပ်စက်တတ်သော အကျင့်မျိုး မဟုတ်'ဟု ဟောတော်မူကြောင်း ဖေါ်ပြထားလေသည်။

ကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ သာသနာ့ဝင်တို့ ဖြစ်သည် အားလျော်စွာ မြတ်စွာဘုရား၏ တခုတည်းသော လမ်းစဉ်ဖြစ်သည့် ဤမဇ္ဈိမပဋိပဒါအလယ်လမ်းအကျင့်ကို ကွဲပြားစွာသဘောပေါက်နားလည်ရန်အထူးအရေးကြီးစွာလိုအပ်လေသည်၊ ထိုတွင် ဗုဒ္ဓမြတ်စွာဘုရားသည် လိုအပ်သော မဇ္ဈိမပဋိပဒါအတွက် ရှေးဦးစွာ မလိုအပ်သော ကိလေသာတရားတို့ကို သိနှင့်ထားရန်နှင့်ပယ်ရှင်းပြီးသား ဖြစ်စေရန် ကြိုတင်ဟောခဲ့သည်မှာ သာမာန်ပေါ့ပေါ့ဆဆ မှတ်ယူ၍မရချေ၊ ထိုမသိုလားအပ်သော ကိလေသာဖြစ်သည့် အစွန်းတရားတို့သည် မဇ္ဈိမပဋိပဒါကို မည်မျှနှောက်ယှက်သည်ကို မဇ္ဈိမပဋိပဒါကျကျ တရားအားထုတ်ပါက ထင်ရှားစွာသိလိမ့်မည်ဖြစ်သည်။

၁။ ကာမသုခလ္လိကအစွန်းဟူသည်မှာ....သဿတဒိဋ္ဌိ ဦးစီးသည့် တဏှာဒိဋ္ဌိခေါင်းဆောင်သောလောဘအုပ်စု။

၂။ အတ္တကိလမထအစွန်းဟူသည်မှာ....ဥစ္ဆေဒဒိဋ္ဌိဦးစီးသည့် ဒေါသခေါင်းဆောင်သော ဒေါသအုပ်စု။

ဤအုပ်စု ၂ ခုကို မောဟ(အဝိဇ္ဇာ) အုပ်ချုပ်ထားသည်။ မဇ္ဈိမပဋိပဒါ အလုပ်အားထုတ်သောယောဂီသည် ထိုအုပ်စု ၂ ခုတွင် တခုခုနှင့် တွဲဖယ်မှီကပ်နေပါက၊ မဇ္ဈိမပဋိပဒါ မကျ တော့ပေ၊ 'အလယ်လမ်း မဖြောင့်တော့'ဟု သိလာလိမ့်မည်၊ သို့အတွက် မဇ္ဈိမပဋိပဒါ၏သဘောကိုသိရန်လေ့လာကြည့်ပါ။

"မဇ္ဈိမာတိ သံကိလိဋ္ဌ သုခဒုက္ခာနံ အဘာဝါ မဇ္ဈေဘာဝါ တိ မဇ္ဈိမာ"

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာဒု-၂၁၆)။

"မဇ္ဈိမာတိ၊ မဇ္ဈိမဟူသည်ကား သံကိလိဋ္ဌသုခဒုက္ခာနံ၊ ကိလေသာ အညစ်အကြေးနှင့်တကွသော ချမ်းသာဆင်းရဲတို့၏၊ အဘာဝါ၊ မဖြစ်ခြင်းကြောင့် မဇ္ဈေ၊ ထိုကိလေသာဖြစ်သောချမ်းသာဆင်းရဲတို့၏အလယ်၌ ဘဝါ၊ ဖြစ်သည်တည်း၊ဣတိတသ္မာ၊ထိုသို့ချမ်းသာဆင်းရဲ မဖြစ် မပါရသောသတ္တိကြောင့် မဇ္ဈိမာ၊ မဇ္ဈိမမည်၏"

ဟူ၍ ညွှန်ပြထားပေရာ၊ ချမ်းသာဟူသည် ကာမသုခလ္လိက အစွန်း၊ ဆင်းရဲဟူသည် အတ္တကိလမထ အစွန်း ဖြစ်နေသဖြင့် မဇ္ဈိမဟူသည် ထိုအစွန်းတို့ လွတ်အောင်သွားရပုံကို ဖေါ်ပြထားပေသည်၊ နောက်တဖန် အကျင့်လမ်းစဉ်အတွက် ဆက်လက်၍—

"သာဝေ နိဗ္ဗာနံ ပဋိပဇ္ဇန္တိ တော ယာတို ပဋိပဒါ"ဟုဆက်လက်၍ ဖွင့်ပြသွားသည်။

ဤချမ်းသာဆင်းရဲ ကိလေသာမပါသော လမ်းစဉ်ဖြင့်၊ ထို နိဗ္ဗာန်သို့သာလျှင် ရောက်အောင် ကျင့်အပ်သောကြောင့် ထိုအ ကျင့်သည်'ပဋိပဒါ'မည်၏။

ထိုကိလေသာတို့ ပါဝင်နေသော ချမ်းသာဆင်းရဲကိုလွတ် အောင်သွားရမည်၊ သို့မှ လမ်းစဉ်မှန်သည်၊ အကျင့်ဖြောင့်သည် ဟုဆိုသည်။

"မဇ္ဈိမာယ ပဋိပဒါယ အန္တဒွယ မနုပဂမ္မပဋိပန္နတ္တာ
ကာယ ဝစီမနောဝင်္ကကုဋိလဇိမှ ဒေါသပ္ပဟာနာယ
ပဋိပန္နတ္တာစ ဥဇုပ္ပဋိပန္နတ္တာစ ဥဇုပ္ပဋိပန္နော"

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ ပ-၂၁၂)

"ဤအကျင့် မဇ္ဈိမပဋိပဒါဖြင့် ကိလေသာဖြစ်သည့် အစွန်း ၂ဖက်သို့ မကပ်မမှီမူ၍ ကျင့်အပ်သော ကိုယ်၊ နှုတ်၊ စိတ်တို့၏ ကောက်ကျစ်စဉ်းလဲသော အပြစ်ကိုပယ်၍၊ မဂ္ဂင်ရှစ်ပါး အကျင့် မြတ်ကိုမဇ္ဈိမပဋိပဒါကျကျဖြောင့်မတ်စွာကျင့်ရသောကြောင့်" 'ဥဇုပ္ပဋိပန္န'မည်ကြောင်း 'သံဃာနုဿတိ' ပိုင်းတွင် ပြဆိုထား သည်။

ပရမတ္ထသံဃာဟူသော အရိယာဖြစ်ရန် ကျင့်အပ်သော အ ကြောင်းဂုဏ်ကို ဖေါ်ပြဖွင့်ဆိုရာ၌ မဇ္ဈိမပဋိပဒါ မကျလျှင် ကောင်းစွာကျင့်သည်မမည်၊ ဖြောင့်မတ်စွာ ကျင့်သည်မမည်၊ နိဗ္ဗာန်အကျိုးငှါ ကြင့်သည်မမည်၊ ရိုသေစွာ ဘုရားအဆုံးအမကို လိုက်နာကျင့်သည် မမည်ကြောင်း ဖွင့်ဆိုထားသည်၊ သို့ဖြစ်၍

အရိယာဖြစ်လိုသူတို့အတွက် မဇ္ဈိမပဋိပဒါ ကျင့်မှုသည် မည်မျှ အရေးကြီးကြောင်း သိသာနိုင်သည်၊ မဇ္ဈိမပဋိပဒါ လမ်းစဉ်သည် မြတ်စွာဘုရား၏ တခုထည်းသော လမ်းစဉ် ဖြစ်သောကြောင့် ထိုလမ်းစဉ်ဖြင့်သာလျှင် နိဗ္ဗာန်သို့ ပို့ဆောင်နိုင်သည့်အတွက် ထိုလမ်းစဉ်မှန်ရန် မည်မျှအရေးကြီးသည်ကို အထူး ဂရုစိုက်ဖို့လိုလေသည်။

"အစွန်း ၂ ပါးယူဆကြပုံ" ဗုဒ္ဓဘာသာဝင်တို့တွင် များသောအားဖြင့် ယူဆကြသည်ကား 'ကာမသုခလ္လိကာ' အစွန်းဟူသည် ကာမဂုဏ်ချမ်းသာကို စံစားနေ၍၊ လောကတွင် အပျော်အပါးလွန်နေသော ပုဂ္ဂိုလ်မျိုးသည် ဘုရားသွား၊ ကျောင်းတက်ရမည်ကိုပင် မသိသောသူများဟု ဆိုလိုယူဆသည်။

အတ္တကိလမထအစွန်းဟူသည်လည်း နိဂဏ္ဌတို့ကဲ့သို့ အကျင့်လွန်သူ၊ ပြင်းထန်သောအကျင့်ရှိသူ၊ ဤသာသနာမှတပါး တခြားတို့၌ရှိသော ဟိန္ဒူ ဘုန်းကြီးတို့ အကျင့်မျိုးသာဟု ယူဆကြသည်၊ သို့အတွက် ငါတို့သည် ဘုရားသွား ကျောင်းတက်လည်းရှိ၏၊ နိဂဏ္ဌတို့၏ အကျင့်မျိုးလည်းမကျင့်သောကြောင့် ငါတို့၌ အစွန်းတရားမျိုးဖြစ်မည်မဟုတ်၊ သာသနာပ အလုပ်မျိုးကိုသာ ဘုရားဆိုလိုရင်းဖြစ်သည်ဟုယူဆကြလေရာ သတိထားဖွယ်ရာဖြစ်သည်။

မြတ်စွာဘုရား၏ တရားလမ်းစဉ်ကို လိုက်နာ အားထုတ်လိုသူဗုဒ္ဓဝင်ါဒီသည်၊ မြတ်စွာဘုရား၏ စကားတော်ကို နားလည်ဘို့အရေးကြီးသည်၊ မိမိတိုက်ရိုက် နားမလည်လျှင် ဘုရားစကား (ပါဠိတော်)ကို အနက်ဖွင့်ဆိုသော အဋ္ဌကထာတို့ကို နှိုးနှောဘို့

ကောင်းသည်၊ မနှိုးနှောနိုင်လျှင် တတ်သိနားလည်သော လူ၊ ရဟန်းပညာရှိများကို ဆည်းကပ်ဖို့သင့်သည်၊ ထိုသို့မဟုတ်ပါတဲ မိမိတို့အထင်နှင့်သော်ငင်း၊ သိယောင်တတ်ယောင်ပြုသော ပုဂ္ဂိုလ်တို့၏ဟောပြောချက်ကို မှတ်သားနာယူမိ၍သော်ငင်း၊မိမိကဟုတ်သည်ဟု ယူမှတ်ခဲ့သော် မိမိမှာသာအကျိုးနည်းရာ၏၊ မိမိမှာသာ နစ်နာရာ၏။

အမှန်ကန်ဆုံးဖြစ်သော ပရမတ်တရားနှင့် မိမိတို့၏ ပညတ်အထင်သည် အလွန်ဝေးကွာလှ၏၊ ပုံစံတခုကို ထုတ်ဆိုရသော်၊ သဠာယတနသံယုတ်ပါဠိတော်တွင် အဂ္ဂသာဝက အရှင် သာရိပုတ္တရာနှင့် ပဋိသမ္ဘိဒါအရာတွင် ဧတဒဂ်ရသော အရှင်မဟာကောဋ္ဌိကတို့ အမေးအဖြေပြုလုပ်ရာ၌ အရှင်မဟာကောဋ္ဌိက -က

"ကိံ နုခေါ အာဝုသော သာရိပုတ္တ၊ စက္ခု ရူပါနံ သံယောဇနံ၊ ရူပါ နံ စက္ခုဿ သံယောဇနံ"

"ငါ့ရှင်-သာရိပုတ္တရာ မျက်စိသည်အဆင်း၏ (သံယောဇဉ်) အနှောင်အဖွဲ့လား၊ အဆင်းသည်မျက်စိ၏ (သံယောဇဉ်) အနှောင်အဖွဲ့လား"

"နခေါ အာဝုသော ကောဋ္ဌိက စက္ခု ရူပါနံ သံယောဇနံ၊ နရူပါ စက္ခုဿသံယောဇနံ၊ ယဉ္စတတ္ထ တဒုဘယံ ပဋိစ္စဉပ္ပဇ္ဇတိ ဆန္ဒရာဂေါ၊ တံတတ္ထသံယောဇနံ"

"ငါ့ရှင်-ကောဋ္ဌိက မျက်စိသည် အဆင်း၏ (သံယောဇဉ်) အနှောင်အဖွဲ့မဟုတ်၊ အဆင်းသည် မျက်စိ၏ (သံယောဇဉ်)

အနှောင်အဖွဲ့မဟုတ်ပါ၊ စင်စစ်သော်ကား ထိုမျက်စိအဆင်း ၂ခုကို စွဲ၍ ဖြစ်ပေါ်လာသော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည်ထို ၂ မျိုးလုံး၏(သံယောဇဉ်)အနှောင်အဖွဲ့ဖြစ်သည် (စသည်)....

ဤနေရာတွင် ကျွန်ုပ်တို့အထင်ကား မျက်စိဖြင့် မြင်အပ်သော ရူပါရုံ၊ နားဖြင့်ကြားအပ်သော သဒ္ဒါရုံ၊ နှာခေါင်းဖြင့် နံအပ်သော ဂန္ဓာရုံ၊ လျှာဖြင့် လျက်အပ်သောရသာရုံ၊ ကိုယ်ဖြင့် တွေ့ထိအပ်သော ဖေါဋ္ဌဗ္ဗာရုံ၊ စိတ်ဖြင့် ကြံအပ်သော ဓမ္မာရုံဟူသည့် အာရုံ ၆ ပါးသည် မိမိတို့၌ စွဲငြိနှောင်ဖွဲ့အပ်သော 'သံယောဇဉ်များ' ဟု မှတ်ယူထား၏၊ တနည်းလည်းသားမယားပစ္စည်း ဝတ္ထု မိမိတွယ်တာနေသော ရုပ်ဝတ္ထုတို့ကို 'သံယောဇဉ်' ဟု စွဲယူထားသဖြင့် 'ကျုပ်ကတော့ သံယောဇဉ်ကြီးပါတယ်' ဟူသော အသုံးအနှုန်းများသည် 'ရုပ်ဝတ္ထု' ကိုရည်ရွယ်၍ ပြောခြင်းဖြစ်သည်၊ 'တနေ့တော့ ဒီသံယောဇဉ်တွေကိုဖြတ်ရမှာဘဲ' ဟု ဆိုကြသည်မှာလည်း အကောင်အထည်ဖြစ်သော 'ရုပ်ဝတ္ထု' ကိုပင် သံယောဇဉ်မှတ်၍ ပြောနေခြင်းဖြစ်သည်။

စင်စစ် ဤပါဠိတော်အရ၊ သံယောဇဉ်ဆိုသည်မှာ အကောင်အသည် ဒြပ်သဏ္ဌာန်မဟုတ်သော တွယ်တာမှု၊ နှောင်ဖွဲ့မှု၊ ဆန္ဒရာဂခေါ်သော လောဘပင်ဖြစ်သည်ကို အရှင်သာရိပုတ္တရာ ဖြေသည်၊ ၎င်းတွယ်တာ နှစ်သက် နှောင်ဖွဲ့မှုဟူသော လောဘသည် အဘယ်၌ဖြစ်သနည်းဟူမူ၊ ထိုရုပ်ဝတ္ထုချင်း ထိခိုက်၍ ဖြစ်ပေါ်လာသည့် ပရမတ္ထသဘာဝပင်ဖြစ်ရာ 'မျက်စိနှင့်အဆင်းတိုက်တွေ့မှုကြောင့်' နှစ်သက်တွယ်တာမှု၊ သဘောကျမှု' ကိုပင် သံယောဇဉ်ဟူ၍ရင်း၊ အနှောင်အဖွဲ့ဟူ၍ရင်း၊ ဆန္ဒရာဂဟူ၍ရင်း၊ လောဘ

တဏှာဟူ၍ရင်း အမျိုးမျိုးနာမည်တပ်၍ ဖြစ်လာလေသည်၊ နား နှင့်အသံကြားရာ၌လည်း ထိုနည်းအတူသာတည်း။

အရှင်သာရိပုတ္တရာကား ဥပမာဖြင့် ဆိုပြန်သည်။

"သေယျထာပိ အာဝုသော ကာဠော စ ဗလီဗဒ္ဒေါ
သြဒါတော စ ဗလိဗဒ္ဒေါ ဧကေန ဒါမေန ဝါ။ လ။
သမ္ဗာန္ဓေါ ဝ ဒမာနော ဝ ဒေယျသိ"

"ငါ့ရှင်-ကော်ဋ္ဌိက' နွားနက်နှင့်နွားဖြူတို့ကိုတချောင်းတည်း သောကြိုးဖြင့် တွဲချည်ထားရာတွင် နွားနက်သည် လွတ်လပ်စွာ သွားလိုလျက် မသွားရခြင်းမှာ နွားဖြူကြောင့်လော၊ နွားဖြူ သည် လွတ်လပ်စွာ သွားလိုလျက် မသွားရခြင်းမှာ နွားနက် ကြောင့်လောဟုမေးရာ၊ မဟုတ်ပါဟုဖြေသည်၊ စင်စစ် နွားဖြူအ တွက် မလွတ်လပ်ခြင်း၊ နွားနက်အတွက် မလွတ်လပ်ခြင်းမှာ ၎င်း တို့ ၂ ကောင်ကို တွဲချည်၍ ထားသော ကြိုးကြောင့်သာဖြစ်၍ ထိုကြိုးသည်သာ နွားနက်၏အနှောင်အဖွဲ့၊ ထိုကြိုးသည်သာနွားဖြူ ၏အနှောင်အဖွဲ့(သံယောဇဉ်)ဟု အမှန်ကို ပြောလိုသူသည်ဤသို့ သာပြောရာ၏ဟု ဖြေလေသည်။

အမှန်အားဖြင့် ကိလေသာ သံယောဇဉ်စသည့် ပရမတ္ထ တရားတို့သည် အကောင်အထည် ဟူသော 'ရုပ်ဝတ္ထု' ပေါ်၌ တဖက်သတ်ပုံချ၍မရ၊ လှပသော အဆင်းရုပ်ကြောင့် သာယာ သော အသံကြောင့်စသည်ဖြင့် ကိလေသာ သံယောဇဉ်ဖြစ်ရာ၌ ကျွန်ုပ်တို့သည် ထိုအဆင်း ထိုအသံကိုသာလျှင် 'သူ့ကြောင့်'ဟု ရုပ်ဝတ္ထုကိုမဲသည်၊ အမှန်မှာ မမြင်အပ်သော ထိုအဆင်းပေါ်၌

စွဲမက်မှု၊ ထိုအသံပေါ်၌ သာယာမှုစသည်ဖြင့် အိပ်၍မရအောင် စွဲလန်းနေသည့်တိုင်အောင် ထိုအဆင်း၊ ထိုအသံကိုသာ 'သံယောဇဉ်၊ကိလေသာ'ဟု ယူထား၍ မိမိ၏စွဲမက်နေမှု၊ ဆန္ဒရာဂအတွင်း တဏှာလောဘကိုကား 'သံယောဇဉ်၊ကိလေသာ'ဟုပင် မယူကြပေ၊ သို့ကြောင့် အဖြတ်ရခက်လေသည်။

မြတ်စွာဘုရားသည်လည်း မျက်စိနှင့် လှပသောအဆင်း၊နတ်သမီးစသည်တို့ကိုပင် မြင်ပေသည်၊ သို့ရာတွင် မြတ်စွာဘုရားအား ထိုနတ်သမီးစသော လှပသော အဆင်းရူပါရုံ၌စွဲမက်မှု၊ ဆန္ဒရာဂ၊ လောဘတဏှာကို ပယ်ပြီးဖြစ်၍၊ သံယောဇဉ်မဖြစ်၊ ကိလေသာမဖြစ်ပေ၊ တဖန် ကျွန်ုပ်တို့ စွဲလန်းနှစ်သက်နေပါသည်ဆိုသော အဆင်းရူပါရုံ လှလှပပတခုကိုလည်း မြတ်စွာဘုရားသည်မြင်၏၊ မြတ်စွာဘုရား၌ ကိလေသာ သံယောဇဉ်မဖြစ်၊ ကျွန်ုပ်တို့မှာသာ ရာဂမီးလောင်၍ ဒုက္ခဖြစ်ရသည်၊ သို့ဖြစ်၍ ကိလေသာ သံယောဇဉ်ဟူသည် ရုပ်ဝတ္ထုတခုထည်းပေါ်တွင် ပုံချ၍လုံးဝမဖြစ်၊ မိမိ၌ ၎င်းရုပ်ဝတ္ထုပေါ်တွင် တွယ်တာမှု၊ မတွယ်တာမှု နှစ်သက် မနှစ်သက်ပေါ်တွင်သာ(ဝါ)မိမိစိတ်၏ နှလုံးသွင်းမှန်မှု၊ မမှန်မှုပေါ်တွင်သာ တည်နေကြောင်း မှတ်သားရမည်ဖြစ်သည်။

× × × × ×

"**ကာမသုခလ္လိက**" ဟူရာ၌လည်း 'ကာမဂုဏ် စည်းစိမ်ခံစားနေသော'ဟု အကောင်အထည် ရုပ်ဝတ္ထုကို ရည်ရွယ်၍ ဘုရားဟောသည်မဟုတ်၊ ထိုအာရုံ ကာမဂုဏ်တို့အပေါ်၌ စွဲလန်း နှစ်

သက်တွဲယ်တာတတ်သည့် သံယောဇဉ် ကိလေသာ ဖြစ်သော တရားကိုသာ ရည်ရွယ်၍ ဟောတော်မူသည်။

"သောကာမ ဘောဂိနောပိနသစ္စေ ဂရဟာတိ၊
နပသံသတိ၊ တပနိဿိတကေပိနသဗ္ဗေဂရဟာတိ၊
နပသံသတိ၊ ဂရဟိတဗ္ဗယုတ္တကေ၊ ယေဝ ဂရဟာတိ၊
ပသံသိတဗ္ဗယုတ္တကေ ပသံသတိ"

(သဠာယတနဝဂ္ဂဋ္ဌကထာ-၁၄၅)။

"မြတ်စွာဘုရားတို့သည်ကာမဂုဏ်ခံစားနေသူတိုင်းကို မကဲ့ရဲ့၊ မချီးမွမ်း၊ ပြင်းထန်စွာကျင့်သောပုဂ္ဂိုလ်တိုင်းကိုလည်း မချီးမွမ်း၊ မကဲ့ရဲ့ချေ၊ ကဲ့ရဲ့သင့်သောအကြောင်းရှိမှကဲ့ရဲ့၏၊ ချီးမွမ်းသင့်သောအကြောင်းရှိမှသာ ချီးမွမ်း၏ 'မြတ်စွာဘုရားသည်၊ ဤသူကား ကာမဂုဏ်ခံစားနေသောသူတည်းဟုလည်း အရမ်းကာရော အပြစ်မတင်၊ ဤသူကားခြိုးခြံခေါင်းပါးစွာ ကျင့်နေသည်ဟူ၍လည်း အရင်စလို မချီးမွမ်း၊ ကဲ့ရဲ့သင့်သော အကြောင်းရှိလာလျှင်ကဲ့ရဲ့၏၊ချီးမွမ်းသင့်သော အကြောင်းရှိလာလျှင် ချီးမွမ်း၏ ဟူသောစကားသည် အပြင်အပ ရုပ်ဝတ္ထုလောက် အဝတ်အစား အနေအထိုင်ကို ကြည့်ကာမျှနှင့် ဘုရားရှင်တို့ တံထွာ ဆုံးဖြတ်ရိုးမရှိပေ။

ဤကာမသုခလ္လိကကိုကြည့်ပါ၊ ဘုရားရှင်သည် ဤအစွန်းတရားကို မကပ်မငြိစေဘဲ လုံးဝပယ်ရှင်းရမည်ဟု ယတိပြတ် ဟောတော်မူထားသည်မှာ အပြင်အပ ရုပ်ဝတ္ထုလောက် မဟုတ်သည်မှာ ထင်ရှားလှသည်၊ ရုပ်ဝတ္ထုဟူသည်ကိလေသာသံယောဇဉ် ဖြစ်ကြောင်းကားမှန်၏၊ ဖြစ်ခြင်းမဟုတ်ပေ၊ မိမိ စိတ်၌သာလျှင်

ကိလေသာသံယောဇဉ်ဖြစ်လေသည်၊ မြတ်စွာဘုရား ပယ်ရှင်းခိုင်းသည်ကား-ထိုကိလေသာ သံယောဇဉ်ဖြစ်သော စိတ်ကိုသာ ဆိုတော်မူကြောင်းရှင်းနေသည်။

(ပါထိကဝဂ္ဂဋ္ဌကထာ ၈၀ တွင်)

"ဝတ္ထုကာမေသုကာမသုခလ္လိကာနုယောဂ" ဟူ၍ရှင်း-

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ ၂၁၅ တွင်)

"အယံဝတ္ထုကာမေသု ကိလေသ ကာမသုခဿ
ကိလေသ ကာမသုခနိဿယဿဝါ အနုယောဂေါ"

ဟု အသီးသီး ဖွင့်ဆိုတော်မူကြလေသည်။

ရူပသဒ္ဒစသော အဆင်းအသံ စသည်တို့၌ တွယ်တာစွဲလန်းနှစ်သက်တတ်သော သဘောမျိုးသည်သာ 'ကာမသုခလ္လိက' ဖြစ်၍ ပယ်ရမည်ဆိုသည်၊ ထိုအဆင်း အသံစသော ရုပ်ဝတ္ထုကိုမဆိုကြောင်း ရှင်းလင်းထားသည်ဖြစ်၍၊ မိမိတို့သည် ကာမဂုဏ်ချမ်းသာကို ခံစားနေခြင်းစသည်သည် မြတ်စွာဘုရား၏ ပယ်ရှင်းရမည်ဟူသောကာမသုခလ္လိကနှင့်မဆိုင်ချေ ထိုအာရုံတို့ကိုသာယာခင်မက်၊ နှစ်သက်တွယ်တာသည့်ဆန္ဒရာဂ လောဘတဏှာကိုသာဆိုသည်ဖြစ်၍၊ မည်သည့်နေရာတွင် ဖြစ်စေ၊ ဖြစ်လာသော ဆန္ဒရာဂတဏှာသည်'ကာမသုခလ္လိက' ဖြစ်၍ပယ်ရမည်သာ....

"ရူပေန သံကိလိဋ္ဌေန-သံကိလိဿန္တိမာဏဝါ၊
ရူပေသုဒ္ဓေဝိသုဇ္ဈန္တိ-နအက္ခာတံမဟေသိနာ၊
စိတ္တေနသံကိလိဋ္ဌေန-သံကိလိဿန္တိမာဏဝါ၊
စိတ္တေသုဒ္ဓေဝိသုဇ္ဈန္တိ- ဣတိဝုတ္တံမဟေသိနာ။
(မဟာဝဂ္ဂဋ္ဌကထာ ၃၃၈)။

"အပြင်အပရုပ်ဝတ္ထုညစ်နွမ်းသဖြင့် သတ္တဝါတို့ညစ်နွမ်းကုန်၏၊ ရုပ်ဝတ္ထုစင်ကြယ်မှ သတ္တဝါစင်ကြယ်၏ဟူ၍ မြတ်စွာဘုရား မဟောပေ၊ စိတ်ညစ်နွမ်းသဖြင့် သတ္တဝါတို့ ညစ်နွမ်းကုန်သည်၊ စိတ်စင်ကြယ်လျှင် သတ္တဝါစင်ကြယ်၏၊ ဤသို့သာလျှင် မြတ်စွာဘုရားဟောတော်မူသည်" ဟု ဖေါ်ပြသည်။

သို့ဖြစ်၍ သတ္တဝါတို့၏စိတ်၌ ကိလေသာအားဖြင့် ညစ်နွမ်းနေသဖြင့် မစင်မကြယ်ဖြစ်နေသည်ကို စိတ်၌ အညစ်အနွမ်းမရှိအောင် သတိပဋ္ဌာန်စသော တရားတို့ဖြင့် ဆေးကြောမှသာလျှင် 'သတ္တာနံဝိသုဒ္ဓိယာ'အရ သတ္တဝါစင်ကြယ်နိုင်ပေကား ထိုသတ္တဝါ၏စိတ်တွင် ကိလေသာ အညစ်အကြေးစင်ကြယ်ရန်သာ အဓိကဖြစ်သည်။

"**အတ္တကိလမထ**" ဟူရာ၌လည်း 'အားထုတ်နေသည်-ကျင့်နေသည်' ဆိုရုံနှင့်မပြီးပေ၊ အပြင်အပက မြင်ရသော ကျင့်နေသည်ဟူသည့် 'ရုပ်ဝတ္ထုမျှဖြင့် ၎င်းကို ရည်ရွယ်၍ ဘုရားမဟောချေ၊ ထိုကျင့်နေမှု၊ အားထုတ်နေမှုသည် ကိလေသာ အညစ်အကြေးဖြစ် မဖြစ်ကိုသာ ရည်ရွယ်သည်၊ ကိလေသာ ဖြစ်နေလျှင်ကား ထိုအကျင့်မျိုးကို မမှီဝဲအပ်၊ ပယ်ရှင်း ရမည်ဟုဆိုပေသည်၊ အားထုတ်သည်ဆိုတိုင်း၊ ကျင့်သည်ဆိုတိုင်း မှန်ပြီ ဟုတ်ပြီဟု မမှတ်ရ၊ ကိလေသာပါးအောင် နည်းအောင် ကုန်အောင် အားထုတ်ရာ၌ ကိလေသာဖြစ်နေလျှင် ထိုအကျင့်တရားမျိုးကို ဘုရား၏တရားဟူ၍ မဆိုနိုင်ပေ၊ ဆင်းရဲခြင်းသာဖြစ်သည့်တရားမျိုးဟုဆိုနိုင်ပေသည်၊ ထို့ကြောင့် အတ္တကိလမထဟုခေါ်ရသည့်တရားမှာ....

မြတ်စွာဘုရား ပွင့်တော်မမူမီ ရှေးအခါက သာဝတ္ထိ ရာဇဂြိုဟ်စသော တိုင်းကြီးပြည်ကြီး အသီးသီးတို့တွင် ရှိကြသည့် အတ္တကိလမထအကျင့်ကို ကျင့်သူတို့၌ စိတ်အကြံ ဖြစ်လာသည်ကား သတ္တဝါတို့၏ သန္တာန်၌ဖြစ်သော 'လောဘတဏှာ' သည် အလွန်ညစ်ညမ်းဆိုးရွားလှ၏၊ မိမိ၏အကြိုက် ဖြစ်သော အာရုံငါးပါးကာမဂုဏ်တရား၌ မြင်မှု ကြားမှုစသော အာရုံ၏အတွေ့ဖြင့် ပျော်မွေ့မြူးထူး ယစ်မူးမေ့လျော့၍နေရလျှင် ခညဲသည့်အခါမျှ တင်းတိမ်ခရောင့်ရဲခြင်း မရှိနိုင်၊ ပျင်းမုန်းငြီးငွေ့ခြင်းမရှိနိုင်ကြပေ၊ ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ကြံဆောင်သိမ်းဆည်းဒုက္ခတရားကြီးသာ နောက်အခါတွင် ပိုမိုကြမ်းထန်း ဆိုးရွားရှုံးသာ ဖြစ်လာကုန်လတ္တံ့။

ထို့ကြောင့် အပြင်အပ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံစသော အာရုံငါးပါး ကာမဂုဏ် တရားတို့မှလည်း ဝေးကွဲသည်ထက် ဝေးကွာအောင် ဖဲ့ခွါ၍ နည်းပါးသည်ထက်နည်းပါးအောင် ခြိုးခြံသိမ်းဆည်း၍ မိမိ၏အတွင်းအဇ္ဈတ္တသန္တာန်ဖြစ်သော ကိုယ်စိတ်နှစ်ပါးကိုလည်း ပျော်ပါး မြူးထူး ယစ်မူးမေ့လျော့ခွင့်မပေးဘဲ၊ ပင်ပန်းဆင်းရဲအောင်နှိပ်စက်ညှင်းပန်းရလျှင် ထိုတဏှာအကြိုက် 'လောဘစရိုက်' သည် ပူအိုက်ညှိုးနွမ်းခေါက်ကုန်ခမ်း၍ ဆိုးသွမ်းမြူးထူးခွင့်ကို မရဘဲ အစွမ်းသတ္တိတုံး၍ မီး၌အုံးအပ်သော ကြီမ်အတွေ့ကဲ့သို့ သိမ်မွေ့ခြင်း ဖြစ်ရာ၏ဟု နှလုံးပိုက်ကြလေကုန်သည်။

ထို့ကြောင့် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုက်စားခြင်း၊ မှုနည်းပါးသည်ထက် နည်းပါးအောင်၊ ဝေးကွာသည်ထက် ဝေးကွာအောင်....

၁၊ မိမိတို့စားနေကျဖြစ်သော အစားအစာတို့မှလည်း ခြိုးခြံ လျှော့ပေါ့စားခြင်း၊ လုံးဝမစားခြင်း၊

၂။ ဝတ်နေကျ အဝတ်တို့မှလည်း အကောင်း အမွန်ကို မဝတ်ရုံတော့ဘဲ ခြိုးခြံခေါင်းပါးစွာဝတ်ရုံခြင်း၊ လုံးဝ မဝတ်ခြင်း၊

၃။ ဆန္ဒရာဂ လောဘတဏှာ မကပ်ရောက် မဝင်လာနိုင်စေရန် ရေငုံတ်ခြင်း၊ မီးလှုံခြင်း၊ နေပူထဲတွင် အပူခံနေခြင်း၊ ဆူးပေါ်တွင် အိပ်ခြင်းစသော အာရုံငါးပါးဖြစ်ပေါ်ခွင့်မပေးသော မိမိကိုယ်ကို စိတ်ကို ဒုက္ခပေးသော 'အတ္တကိလမထ' အကျင့်ကို ကျင့်ကြကုန်သည်။

မြတ်စွာဘုရားသည် ဤအကျင့်ကို ဝေဖန်ပြစ်တင်ရာ၌ ...

၁။ (ဒုက္ခော)အကျိုးမဖြစ်ဘဲ ဆင်းရဲသာဖြစ်ခြင်း၊

၂။ (အနရိယော)အရိယာဖြစ်ကြောင်း လမ်းစဉ်မဟုတ်ခြင်း

၃။ (အနတ္ထသံဟိတော)ပစ္စုပ္ပန်တမလွန် ချမ်းသာကြောင်း၊ မဂ်ဖိုလ်အကျိုးစီးပွားနှင့် မစပ်ခြင်းတို့ဖြစ်လေသည်။

(ရှင်းလင်းဝေဖန်ချက်) ထိုအကျင့်ကြမ်းမျိုးကို ဗုဒ္ဓဘုရားရှင်သည် မိမိအတွက် ကောင်းကျိုးမရသော ပင်ပန်းဆင်းရဲလှသည့်

အကျင့်မျိုးဟု ကိုယ်တော်တိုင်ပင် သိတော်မူ မြင်တော်မူသဖြင့် 'အတ္တကိလမထာနုယောဂ' ဟု အမည်ပေးလေသည်၊ သို့ရာတွင် ထိုအကျင့်မျိုးကို ကျင့်ကြသူတို့အနေနှင့်ကား မိမိတို့သည်ယုတ်မာဆိုးဝါးသော လောဘတဏှာကို ကွာအောင် မဖြစ်အောင် စောင့်စည်းထိန်းသိမ်းနိုင်သောအကျင့်ဖြစ်၍ 'အကျင့်ကောင်း-အကျင့်မြတ်' ဟုစွဲမှတ်ကြလေသည်။

စဉ်းစားစရာကောင်းသည်မှာ-ဤအကျင့်မျိုးစဘင်စိတ်ကူး၍ထူထောင်သူတို့မှာ မှားသည်၊ မှန်သည်ကို တွက်ဆမနေတော့ဘဲ၊ (ဝါ)ဘုရားသာသနာမရှိသေး၍ အမှန်အကျင့်များ မထင်ရှားသေးသော အချိန်တွင်အမှန်ဟုယူဆ၍ ဆိုးသွမ်းညစ်ညမ်းလှသော အာရုံငါးပါး ကာမဂုဏ်တရားတို့သည် သတ္တဝါတို့ကို အမျိုးမျိုးနှိပ်စက်လေသည်၊ ဤလိုလောဘတဏှာ၏ အနှိပ်စက်ကို ခံနေရသော သတ္တဝါတို့မှာ ပစ္စုပ္ပန် သံသရာ ဤ ၂ ဖြာတွင် လောဘတဏှာ ဒုက္ခပေးမှုကို အလူးအလဲခံနေရသဖြင့် ထိုတဏှာလောဘ ဖြစ်ခွင့် မရလျှင် ချမ်းသာမှာဘဲဟု တွက်ဆသည်ကား အမှန်ပင်၊ ထိုတဏှာလောဘဖြစ်ခွင့်မရအောင် ကြံဆလာသောနည်းကား မှားနေလေသည်၊ သို့ရာတွင် ကျွန်ုပ်တို့ကား....ဗုဒ္ဓသာသနာ အမြင်ရှိ၍သာ၊ မှားနေသည်' ဟု ဆိုရသည်၊ ဗုဒ္ဓသာသနာနှင့်ဝေးကွာ၍သာသနာအလုပ်မသိသေးသော ထိုသူတို့အနေနှင့်ကား 'အကျင့်မြတ်' ဟု ပင်ထင်ကြမည်မှာ ကာမအာရုံတို့ကို ခွာထားနိုင်မှုတခုကိုကြည့်က မှန်ပေသည်၊ သဘာဝလည်းကျပေသည်။

''ယခုခေတ်မှာသတိထားစရာ'' ထိုအကျင့်ကို ဝေဖန်ရာ၌ မြတ်စွာဘုရားသည် အစွန်းတဖက်ဖြစ်သော 'ကာမသုခလ္လိကာ' ကဲ့သို့'ဟီနော၊ ဂမ္မော'စသည်ဖြင့် ယုတ်မာညစ်ညမ်းသည်ဟုမရှုံ့ချဘဲ ကိုယ်ပင်ပန်းဆင်းရဲခံနေရလျက် အကျိုးမရှိ၍သာ 'ဒုက္ခော၊ အနရိယော၊ အနတ္ထသံဟိတော'ဟု အပြစ် တင် တော်မူသည်၊ ဤအကျင့်ကို ဝေဖန်ရာတွင် တွေ့ရသည့် အချက်များမှာ ကျွန်ုပ်တို့၏ လက်ရှိ သာသနာနှင့် မလျော်သော၊ (ဝါ)မဇ္ဈိမပဋိပဒါ မဟုတ်သောအချက်များကို ရှင်းလင်းနိုင်ပါမှ အလုပ်သဘာဝကျမည်ဖြစ်သောကြောင့် တိတိကျကျဝေဖန်ဘို့လိုလာလေသည်၊ မဇ္ဈိမပဋိပဒါကို ကျွန်ုပ်တို့ဉာဏ်တွင် သိမှိုသလောက် အတတ်နိုင်ဆုံးဖေါ်ထုတ်မည်ဖြစ်ရာ သံသရာဝဋ်မှ လွတ်မြောက် လိုသူသည်....

၁။ ဆန္ဒရာဂဖြစ်စေသော အာရုံ ငါးပါးတို့ကို လိုက်စားခြင်း'ကာမသုခလ္လိကာ'မှ ရှောင်ကြဉ်ရခြင်း၊ ၎င်းအချက်မှာ သဘာဝကျပြီးသားဖြစ်၍ ဝေဖန်စိစစ်ဖွယ် မလိုပေ။

၂။ ကိုယ်ကို စိတ်ကို ပင်ပန်းညစ်နွမ်းအောင် နှိပ်စက်၍ကျင့်သော အကျင့်မှား၊အကျင့်ကြမ်းတို့ကိုကျင့်ခြင်း 'အတ္တကိလမထ'မှ ရှောင်ကြဉ်ခြင်း။

ယင်းအချက်ကား၊ သံဝေဂဉာဏ်ဖြင့် ကျင့်ပါလျက်၊အကျင့်မှန်မဟုတ်သောကြောင့် အစွန်းတဖက်မလွတ်ဘဲ 'ဥစ္ဆေဒဒိဋ္ဌိ'ဖြစ်ရသည်ကား၊ ရင်နာစရာ ကောင်းလှသည်နှင့်အမျှ ကျွန်ုပ်တို့အဖို့

သတိပြုစရာများဖြစ်နေသည့်အတွက် အဋ္ဌကထာလာစကားတို့နှင့် နှီးနှောရှင်းလင်းပေအံ့။

ထိုအတ္တကိလမထ၏ အင်္ဂါ ၃ ချက်ကို အဋ္ဌကထာပြရာ၌....

၁။ ဒုက္ခောတိ၊ကဏ္ဏကာ ပဿယသေယျာဒီဟိ အတ္တမာရ ဏောဟိ ဒုက္ခာ၀ဟော၊

၂။ အနရိယောတိ၊နအရိယော၊နဝိသုဒ္ဓေါ်၊ နဥတ္တမော၊ နဝါ အရိယာနံ သန္တကော၊

၃။ အနတ္ထသံဟိတောတိ၊ နအတ္ထသံဟိတော၊ ဟိတသုခါ ဝမာကာရဏံ အနိဿိတောတိအတ္ထော၊

၄။ အတ္တကိလမထာနုယောဂေါတိ၊ အတ္တနောကိလမထဿ အနုယောဂေါ အတ္တနော ဒုက္ခကရဏန္တိအတ္ထော။

(မဟာဝဂ္ဂဋ္ဌကထာ-၃၂၈)။

ထိုပုဒ်တို့၏အဓိပ္ပါယ်ကို ပေါင်း၍ယူလျှင်ဆူးပေါ်မှာအိပ်ခြင်း ထိုင်ခြင်းစသော ခန္ဓာကိုယ်ကို တနည်းနည်းနှင့် ပင်ပန်းဆင်းရဲ စေသော နှိပ်စက်မှုအမျိုးမျိုးကိုယူနိုင်လောက်သော'အာဒိ'သဒ္ဒါ ဖြင့် ပြထားပုံကိုထောက်လျှင် မဂ်ဖိုလ်နိဗ္ဗာန် ရစေနိုင်သော မဇ္ဈိမ ပဋိပဒါအကျင့်မျိုးသို့ မဆိုက်မရောက်သော ခန္ဓာကိုယ်ကိုနှိပ်စက် ဆင်းရဲအောင် ပြုလုပ်မှုများသည်'အတ္တကိလမထ'အစွန်းတဖက်သို့ ဝင်မည်ဖြစ်သည်။

တဖန်'အနရိယော'ဟူသောပုဒ်အရ၊ 'နအရိယာနံသန္တကော' ဟုဖွင့်ပြပါသောကြောင့် အရိယာဖြစ်ကြောင်း လမ်းစဉ်ဖြစ်သော

မဂ္ဂင်ရှစ်ပါး အကျင့်တရားသာ မဟုတ်လျှင် အရိယာတို့၏ဥစ္စာ မဟုတ်ချေ၊ အရိယာဖြစ်ရန် လမ်းစဉ်မဟုတ်ပေ၊ ထိုသို့အရိယာ လမ်းစဉ်မဟုတ်ဘဲ ကျင့်လေသမျှသည် 'အတ္တကိလမထ'အစွန်းသို့ ရောက်ဖို့ချည်းတည်း။

နောက် 'အနတ္တသံဟိတော' ပုဒ်အရ 'နအတ္တသံဟိတော' စသည်ဖြင့် ဖွင့်ပြသောကြောင့် ဤကဲ့သို့ဒုက္ခခံ၍ ကျင့်နေမှုသည် 'တဏှာမာနဒိဋ္ဌိတို့ဖြစ်ပေါ်ခွင့် မရတော့ဘဲ၊ ကိလေသာအားလုံး ချုပ်ငြိမ်း၍ အေးငြိမ်းသော နိဗ္ဗာန်ကိုရလိမ့်မည်'ဟူသော အမှား ယုံကြည်ချက်'ဒိဋ္ဌိ'ဖြစ်ပေရကား ဤပစ္စုပ္ပန်ဘဝ၌လည်း အမြင် မှားသောဒိဋ္ဌိကြောင့် ကိုယ်စိတ်နှစ်ပါး ညစ်နွမ်းဆင်းရဲရခြင်း၊ တမလွန်ဘဝ နောင်ကာလ၌လည်း အမြင်မှားမှုကြောင့် ဆင်းရဲ အကျိုးကိုသာ ခံစားရခြင်းစသည်ဖြင့် ဆင်းရဲသာ ဖြစ်လေသည်။

ဗုဒ္ဓသာသနာနယ်ပယ်တွင် အားထုတ်မှုများသည် မြတ်စွာ ဘုရား၏မဇ္ဈိမပဋိပဒါလမ်းကြောင်းအလုပ်များသာ ဖြစ်လေရ၊ မဇ္ဈိမလမ်းကြောင်းသို့ မဝင်သမျှသည် အစွန်းဖက် ရောက်နေမှု များသာတည်း။

မြတ်စွာဘုရား၏ အလိုတော်ကျ'ကာမသုခလ္လိက၊ အတ္တကိလ မထ'ဟူသည် သာမန် ဗုဒ္ဓဘာသာဝင်အတွက် မဆိုထားဘိ၊ ဝိပဿနာတရားအားထုတ်သော ပုဂ္ဂိုလ်များတွင်ပင် တရားအား ထုတ်နေဆဲ၌ ဝင်၍ဝင်၍ ဒုက္ခပေးတတ်သဖြင့် အထူးသတိထား ရလေသည်၊ အခြားသောအချိန်တို့တွင်ပြောစရာပင်မရှိတော့ချေ၊ ထို့ကြောင့်ပင် မြတ်စွာဘုရားသည် အရေးကြီးစွာ သတိပေးပယ် ရှင်းခိုင်းလေသည်။

၁။ ဇရာမသုံခလ္လိက ဖြစ်မှုတွင် သုခဝေဒနာ၊သောမနဿ ဝေဒနာ၊

၂။ အတ္တကိုလုမထ ဖြစ်မှုတွင် ဒုက္ခဝေဒနာ၊ ဒေါမနဿ ဝေဒနာ၊

၃။ မဇ္ဈိမပဋိပဒါ ကျမှုတွင် ဥပေက္ခာဝေဒနာ၊

ပရမတ်ဖြစ်သော ရုပ်နာမ်အပေါ်တွင် အထက်ပါဝေဒနာတို့နှင့်ဆိုင်ရာတွေ့သွားခြင်းဖြစ်လေသည် ပရမတ်သဘောဟူသည် သူ့ကိစ္စသူ ဆောင်ရွက်တတ်သည့် အနတ္တသဘော ဖြစ်၍ရှုသော ယောဂီသည် ထို'အနတ္တ'ဟူသော သူ့သဘောအတိုင်း (ဝါ) (ဒိဋ္ဌေဒိဋ္ဌမတ္တံစသည်အရ ဥပေက္ခာအနေနှင့် မရှုနိုင်လျှင် အစွန်းတဖက်ဖက်သို့ ကပ်ရောက်နိုင်လေသည်၊ (ဝါ)သုခသောမနဿသို့သော်၎င်း၊ ဒုက္ခဒေါမနဿသို့သော်၎င်း ရောက်သွားရန် သေချာလေသည်။ ပရမတ်ဖြစ်သော(ရုပ်နာမ်) 'ဖေါက်ပြန်သဘော၊သိသဘော'ကို ၎င်းတို့အတိုင်းသိနေက အနတ္တရုပ်နာမ်ကို၊ အနတ္တအနေနှင့်မြင်သည်မည်၏၊ ဤသူ့သဘော(ရုပ်နာမ်)၏ အနတ္တသည် 'အနတ္တ'ဟု သူ့သဘောသူပြနေပါလျက်၊ သူ့သဘောကိုကျော်လွန်၍'ချမ်းသာ-ဝမ်းသာ၊ ဆင်းရဲ-ဝမ်းနည်း' စသည်ထင်နေက ပညတ်သဘောဖြစ်၍ အစွန်းဖက်သို့ ရောက်သွားလေသည်၊ မြတ်စွာဘုရားသည် ထိုအစွန်းလွတ်စေရန် တရားပြရာ၌....

"မာလုံကျပုတ္တ၏ဥပေက္ခာ" မာလုံကျပုတ္တ-သင်သည် 'မမြင်ရဖူးကုန်သော၊ မြင်ဆဲလည်းမဟုတ်ကုန်သော' မြင်ဘို့ပင်စိတ်ကူး

မထည့်ရသေးသော(ရူပါရုံ)အဆင်းတခုခုတွင် သင်သည်လိုချင်မှု၊ စွဲမက်မှု၊နှစ်သက်မှု၊သာယာမှုတို့သည် သင့်အား ဖြစ်ပါမည်လော၊ မဖြစ်ပါအရှင်ဘုရား၊ မာလုကျပုတ္တ-သို့ဖြစ်လျှင် သင်သည် မြင်ဆဲကြားဆဲစသော ကိုယ်ထိလက်ရောက်ဖြစ်သော ဤအာရုံ ၆ ပါးတို့ကို သင်မြင်လျှင် သင်သည် မမြင်ရဖူးသော(ရူပါရုံ)အဆင်းတို့၌ သာယာတပ်မက်၊ စွဲလမ်းနှစ်သက်သကဲ့သို့ သင့်အားမဖြစ်ငြားအံ့ မဖြစ်အောင်ရှုနိုင်ငြားအံ့၊(ဝါ)မြင်ကာမျှ၊ ကြားကာမျှ၊နံကာမျှ စသည်ဖြင့် (ဥပေက္ခာ သဘောဖြင့်) ရှုနိုင်ငြားအံ့၊ သင်သည် ထိုအာရုံတို့အပေါ်၌ တပ်မက်မှုကင်းလတ္တံ့၊ တပ်မက်မှုကင်းသော သင့်အား ထိုအာရုံတို့သည်မညှင်းဆဲနိုင်လတ္တံ့၊ ထိုအခါသင်သည် ဤဘဝ-ထိုဘဝ အလုံးစုံသော ဘဝတို့၌ မဖြစ်လတ္တံ့၊ ထိုမဖြစ်ခြင်းသည်ပင်လျှင် ဆင်းရဲအဆုံးဖြစ်သော နိဗ္ဗာန်တည်း'ဟု ဟောတော်မူသည်။

(ဤနည်းအတိုင်း အာရုံ ၆ ပါးလုံးကို ဟောတော်မူသည်)

(မှတ်ချက်)။ ။ဤကား၊ သဠာယတန သံယုတ် ပါဠိတော် မာလုကျပုတ္တသုတ်-၂၉၅ ကို အလုပ်သဘောအရ၊ အကျဉ်းချုပ်၍ မြန်မာပြန်ဆိုခြင်းဖြစ်သည်၊ အဓိပ္ပါယ်ရမှု၊ အလုပ်ဖြစ်မှုကို အဓိကထားသည်၊ စာလိုပြန်ခြင်းမဟုတ်၊ စာလိုပြန်ခြင်းဖြင့် သိမှုရရန် အတော်ပင် ရှင်းရမည်၊ မြတ်စွာဘုရားသည် သိမှုရရန်အဓိက ဟောထားသောကြောင့် ဆိုလိုရင်း အဓိပ္ပါယ်ရမှုကိုသာ အလုပ်သဘောပြန်ခြင်းဖြစ်၍ စာ အာ နေ နှင့် မ ရှု သင့်ပေ၊ (အရှင်သာရိပုတ္တရာ (ဥပတိဿ) သည် ပရိဗိုဇ်ဘဝက အရှင်အဿဇိထံ

တရားတောင်းရာ၌ 'အပ္ပဝါ ဗဟုဝါ ဘာသဿ၊ အတ္ထံဃေဝ မေဗြူဟိအတ္တေနေဝမေအတ္တော၊ကိံ ကာဟသိဗျဉ္ဇနံဗဟု'အရှင်ဘုရား-နည်းနည်းများများဟောသာဟောပါ၊ အဓိပ္ပါယ်ကိုသာဟောပါ၊တပည့်တော်သည် အနက်အဓိပ္ပါယ်ကိုသာ အလိုရှိပါသည်၊သဒ္ဒါ တွေပုဒ်တွေ ဗျည်းတွေနှင့်ချဲ့ထွင်နေ၍ အကျိုးမရှိပါ) ဟုဆိုလေသည်၊ သို့အတွက် သိမှုလိုရာတွင် အသိရောက်ရန် အရေးကြီးပါသည်။

မြတ်စွာဘုရား၏အကျဉ်းမျှ ဟောပြသည်ကို မာလုကျပုတ္တလည်း သဘောပေါက်သည် ဖြစ်၍၊ ၎င်းသဘောပေါက်သည့်အတိုင်း မြတ်စွာဘုရားသို့ပြန်လျှောက်ပြသည်ကား....

"အဆင်း(ရူပါရုံ)တခုကို မြင်ဆဲတွင် စောင့်ရှောက်မှု သတိလွတ်သောသူအား နှလုံးသွင်းမမှန်မှုကြောင့် နှစ်သက်ဖွယ်အာရုံဟုမှတ်၏၊ သာယာဖွယ်အာရုံအဖြစ်ခံစား၏၊ထိုအဆင်း(ရူပါရုံ)သည် နှလုံးသွင်းမမှန်၍ သတိလွတ်သောသူအား စွဲလန်းလျက်၊ ထိုအာရုံထဲတွင်နစ်၏၊ ထိုသို့ အစွဲကြီးလာသောသူအား သူတပါးစည်းစိမ်ကို ရှေ့ရှုကြံစည်မှုတို့သည်၎င်း၊ စိတ်လက်ပင်ပန်းညှဉ်းဆဲခြင်းတို့သည်၎င်း ထိုသူအား နှိပ်စက်၏၊ ဤသို့သော ကိလေသာပွားစီးမှုဆင်းရဲကို ရှာမှီးနေသောသူအား ငြိမ်းအေးသော နိဗ္ဗာန်နှင့်ဝေးလှပါ၏"ဟု လျှောက်၏။

(အခြားအာရုံ ၅ ပါးတို့လည်း ထို့အတူ) ၎င်းပြင် မြတ်စွာဘုရား...."အဆင်း(ရူပါရုံ)တခုကို မြင်ဆဲတွင် စောင့်ရှောက်မှု သတိရှိသောသူအား နှလုံးသွင်းမှန်မှုကြောင့် ထိုအဆင်းစသည်

တို့၌ နှစ်သက်ဖွယ်ဟု မစွဲမက်၊ သာယာဖွယ်ဟုမရှု၊ သို့အတွက် ထိုသို့နှလုံးသွင်းမှုန်သောသူအား အဆင်း(ရူပါရုံ)သည် မနှိပ်စက် မလွှမ်းမိုးနိုင်၊ ထိုသို့မလွှမ်းမိုးနိုင်သောကြောင့် ထိုအဆင်းကိုမြင်သော်လည်း အဆင်း၌ အစွဲအလန်းမရှိသည်ဖြစ်၍ ဆင်းရဲတို့သည် မတိုးပွားဘဲ ကုန်ခမ်း၏၊ ထိုသို့သတိစောင့်ရှောက်မှုရှိ၍၊ အဆင်းစသော သဘာဝတရားတို့၌ သိသော ပုဂ္ဂိုလ်အား ဆင်းရဲတို့ကို ဖျက်ဆီးသောကြောင့် နိဗ္ဗာန်နှင့်နီး၏။

ဤသို့လျှင် အခြားအာရုံ ၅ ပါးတို့အားလည်း လျှောက်သော်အခါ၊ မြတ်စွာဘုရားသည် သာဓုခေါ်၍ ကောင်းချီး ပေး ပြီးလျှင်....

"ချစ်သား-မာလုကျပုတ္တ၊ သင်သည် ငါဘုရား ဟောအပ်သော အကျဉ်းချုပ်တရားကို အကျယ်အားဖြင့်သိပေ၏၊ ထိုသိသည့်အတိုင်း အားထုတ်လေလော့'ဟု မိန့်တော်မူပြီး သင့်လျော်ရာနေရာကိုယူ၍ တရားအားထုတ်လေရာ အရှင်မာလုကျပုတ္တသည် မကြာမီပင် ရဟန္တာဖြစ်လေသည်။

ဤမာလုကျပုတ္တသုတ်တွင်ဖော်ပြလိုရင်းကား....မြတ်စွာဘုရားသည် တရားအကျဉ်းပြရာဘွင်....

'မာလုကျပုတ္တ-သင်သည် ရှေးအခါကလည်း မမြင်ဖူး၊ ယခုလည်း မြင်ဆဲမဟုတ်၊ နောင်ကိုလည်း မြင်ရဖို့ မျှော်လင့်မထားသော အဆင်းရူပါရုံတခုခုတွင် သင်သည် ထိုအဆင်း ရူပါရုံ၌၊ နှစ်သက်မှု၊ စွဲလန်းမှု၊ သာယာမှုတို့ဖြစ်ပါမည်လော'ဟုမေးတော်မူရာ၊ မမြင်မတွေ့ရဖူးသော အာရုံဖြစ်၍ နှစ်သက်မှု စသည်တို့

မဖြစ်ပါဟု လျှောက်ရာအလွန်မှန်ကန်ပေသည်၊ ထိုနှစ်သက်မှု စွဲလန်းသာယာမှုတို့သည် ဝတ္ထုနှင့်အာရုံ တိုက်ဆိုမှပေါ်လာသော အသိစိတ်ပေါ်တွင် စွဲမှီ၍ ဖြစ်တတ်ပေရာ၊ အာရုံဝတ္ထုတို့ တိုက်တွေ့မှုမရှိသေးလျှင်စွဲမှီစရာမရှိသဖြင့် ထိုသာယာမှုစသည်မဖြစ်နိုင်ပေ၊ ထားဦး။

"မာလုကျပုတ္တ-သို့ဖြစ်လျှင် ဤသို့ဆိုလျှင် သင်သည် ထိုအဆင်းစသည်တို့ တိုက်ဆိုံ၍ ယခုတွေ့ဆဲ ဖြစ်သောအခါတွင်လည်း ယခင်က မတွေ့ဖူးသော အာရုံကို နှစ်သက်သာယာမှုမရှိသလို ယခုလည်း လစ်လျူသဘောနှင့်ထားနိုင်ပါမူ၊ ရှုနိုင်ပါမူ ထိုသာယာမှုစသည်ကြောင့် ဖြစ်သည့် ဆင်းရဲတို့သည် ဖြစ်မလာတော့ဘဲ ကုန်ဆုံးသောကြောင့် သင်သည်အေးငြိမ်းသောနိဗ္ဗာန်ရလတ္တံ့"ဟု ဟောတော်မူရာ၊ ဝိပဿနာလုပ်ငန်း အကွက် စင်သွား တော့သည်၊ မဇ္ဈိမပဋိပဒါ လမ်းကျ သွားတော့သည်၊ ဤနေရာတွင် မြတ်စွာဘုရား၏ဝါဒတော်သည် 'ဆန္ဒရာဂဝိနယ၊ ဆန္ဒရာဂပဟာန'ဖြစ်သည်ဟု ခန္ဓဝဂ္ဂသံယုတ်-ဒေဝဒဟသုတ်တွင် ဟောဖေါ်ထားရာ အဓိကအားဖြင့် သံသရာလည်မှုသည် ဆန္ဒရာဂအရင်းခံကြောင်းကို သိစေလိုသောကြောင့် ထိုတဏှာလောဘကို အဓိကပစ်ကွင်းထားသည်။

ဇင်းပြင် ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူရာ၌ 'သဠာယတနပစ္စယာဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ'စသည်ဖြင့်လောဘတဏှာသည် သံသရာပတ်ကြောင်း ဟောတော်မူသော်လည်း၊ 'သဠာယတန ပစ္စယာ

ဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာ ပဋိဃာ၊ ပဋိဃ ပစ္စယာ အဓိမောက္ခော’စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် ဝိဘင်းတွင် ဒေါသသည်လည်း သံသရာလည်ကြောင်း ဟောတော်မူထားရာ တွင် ပြန်စိစစ်လိုက်ပါက၊ လောဘတဏှာဖြင့် လိုချင်စွဲလန်းလာရာ တွင် သောက ပရိဒေဝစသော ဒေါသ၊ ဒေါမနဿတို့ ဖြစ်လာ တတ်သောကြောင့်ငင်း၊ ထိုဒေါသဒေါမနဿတို့သည် လောဘ တဏှာမှလာသောကြောင့်ငင်းလောဘတဏှာသာအရင်းခံကျပြီး ငင်းသည်သာ အဓိကပစ်ကွင်း ဖြစ်သောအကြောင်းကို ပဋိစ္စ သမုပ္ပါဒ်ဟောသော နိဒါနဝဂ္ဂသံယုတ်တွင် ကြည့်နိုင်ကြသည်။

ဤမာလုကျပုတ္တကို ဟောရာ၌ မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ ကြံသိမှု အာရုံ ၆ ပါးစလုံးတွင် မည်သည့် အာရုံတရား အပေါ်တွင်မှ ဆန္ဒရာဂ၊ ဒေါသစသော ‘ကာမသုခလ္လိကာ၊ အတ္တ ကိလမထ’အစွန်းသို့မရောက်လျှင်၊(ဝါ)ထိုတရားတို့ကို ငင်းတို့၏ (ယာထာဝသလက္ခဏာ) သူတို့ သူတို့၏ သဘာဝ လက္ခဏာ ‘ဖြစ်ပျက်’ကို ငင်းတို့၏ သဘာဝအတိုင်း ‘နှစ်သက်၊ မနှစ်သက်၊ ချမ်းသာ၊ ဆင်းရဲမပါဘဲ(ဉပေက္ခာနှင့်)ဖြစ်ပျက်ရှုနိုင်လျှင် မဇ္ဈိမ ပဋိပဒါသည်အထူးမပြုရဘဲ‘အံ့ဝင်ဂွင်ကျ’ဖြစ်သွားနိုင်လေသည်။

မြင်မှု ကြားမှုစသော ဝတ္ထုအာရုံ တိုက်ဆိုတိုင်းဖြစ်ပေါ်လာ သော ရုပ်နာမ်တို့၏ မူလသဘာဝ‘ဖြစ်ပျက်’ကိုလွန်လျက်၊ (သုခ ဒုက္ခ)ချမ်းသာ ဆင်းရဲခံစားမှုသည်၊ ထိုခံစားမှုအပေါ် နှစ်သက် မနှစ်သက်စသည်ဖြင့်အစွန်း ၂ ဖက်တွင် တဖက်ဖက်သို့ ဝင်သွား ကြောင်းဆိုခဲ့ပြီ၊ ထိုနှစ်သက်မှု မနှစ်သက်မှု စသည်သည် နေရာ

မရွေးဖြစ်တတ်ပေရာ ဖြစ်သော နေရာတိုင်းတွင် ကိလေသာဖြစ်ကြောင်း သတိမူရာသည်။

(ဥပေက္ခာရှုပုံအကျယ်ကို နောက်ပိုင်းတွင် ကြည့်ပါ)။

×+×+×

ကိလေသာဟူသည် ဖြူစင်သော စိတ်အပေါ်တွင် တနည်းနည်းနှင့် ညစ်နွမ်းမှုဖြစ်လာလျှင် ဖြစ်နေလျှင် ကိလေသာအညစ်အကြေးဖြစ်ပေသည်၊ ထိုအညစ်အကြေးမျိုးသည် ရတနာသုံးပါးနှင့်စပ်သော နေရာတွင်ပင်'နစ်သက်၊မနှစ်သက်' ကိလေသာသည် ဈာန်မဂ်ဖိုလ်အန္တရာယ်ဖြစ်နိုင်ကြောင်းမှာ....

"ဗြဟ္မဇာလသုတ်" "ဧဝံ မေသုတံ ဧကံ သမယံ ဘဂဝါ အန္တရာ စရာ ဇဂဟံ အန္တရာစနာဠန္ဒ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောဟောတိ ။လ။ ဘဂဝန္တံပိဋ္ဌိတောပိဋ္ဌိတော အနုဗန္ဓာဟောန္တိ ဘိက္ခုသံဃဥ္စ"

"အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်နှင့်နာဠန္ဒမြို့အကြားဝယ်၊ ရဟန်းငါးရာနှင့်အတူ ဒေသစာရီ ကြွချီတော်မူလေသည်၊ ထိုအခါ'သုပ္ပိယ'ပရိဗိုဇ်လည်း တပည့် 'ဗြဟ္မဒတ္တ' လုလင်အစရှိသော ပရိဗိုဇ်ပရိသတ်များနှင့်အတူ ထိုခရီးကိုပင်သွားလေရ မမြော်လင့်ဘဲ ဗုဒ္ဓဘုရားနှင့် ကြုံကြိုက် လေသောကြောင့် ခပ်လှမ်းလှမ်း နောက်မှပင် လိုက်သွားလေသည်။

ထို'သုပ္ပိယ' နှင့် 'ဗြဟ္မဒတ္တ' ဆရာတပည့် ၂ ယောက်တို့တွင် သုပ္ပိယပရိဗိုဇ်သည် ရှေးအခါကပင်လျှင် ဗုဒ္ဓမြတ်စွာ အပေါ်၌

ပြုစုဝန်တိုသူ ဖြစ်နေရကား....ရှင်း၏ရှေ့မှ ဇလန္ဓေရရ ကြွသွားတော်မူသော ဗုဒ္ဓဘုရားနှင့် သံဃာတော်များအား ကြည့်ရှုမိလေရာ၊ ဝမ်းတွင်း၌မနာလိုမှုကိုမျိုသိပ်၍မထားနိုင်တော့ဘဲ၊အပြင်သို့ကန်ထွက်၍'ရတနာသုံးပါး၏ မဟုတ်မမှန်သော အပြစ်အမျိုးမျိုးကိုရှာရှာဖွေဖွေ ပြောဆိုရေရွတ်၍လာလေသည်။

တပည့်ဖြစ်သော ဗြဟ္မဒတ္တလုလင်ကမူ၊ ဆရာပြောသမျှ အားလုံးကို ကန့်ကွက်မြစ်တားလျက်၊ ရတနာသုံးပါး၏ ဟုတ်မှန်သောဂုဏ်ကျေးဇူးကိုသာလျှင် ပြောဆိုလာလေသည်၊ ထိုအခါ ဗုဒ္ဓရှင်တော်ဘုရားသည် နာဠန္ဒမြို့သို့ မရောက်မီ၊ နေဝင်ကာနီးပြီဖြစ်၍'အမ္ဗလဋ္ဌိကာ'မည်သော သရက်ဥယျာဉ်တွင် မင်းတို့တည်းခိုနေထိုင်ရန် ဆောက်လုပ်ထားသည့် မင်းကွန်း(ဗိုလ်တဲ)သို့ဝင်၍တည၍တာမျှ ခေတ္တဝင်ရောက် တည်းခိုတော်မူလေသည်၊ သုပ္ပိယပရိဗိုဇ်လည်း နောက်လိုက်များနှင့်အတူ ထိုဥယျာဉ်သို့ပင် ဝင်ရောက်၍ တည်းခိုရပ်နားလေသည်၊ ထိုသို့တည်းခိုနေစဉ် ညအခါ၌လည်း ရှေးနည်းအတူ ဆရာလုပ်သူက ရတနာသုံးပါးကို အပြစ်ပြော၍ တပည့်လုပ်သူက ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုသာလျှင် ပြောဆိုကြလေသည်။

ဗုဒ္ဓရှင်တော်ဘုရား၏ နောက်ပါ သံဃာတော် များသည် ရတနာသုံးပါးနှင့် စပ်၍ သူတို့ ဆရာတပည့်တို့၏ အယူမတူသော ပြောဆိုချက်များကို ကြားနေရသဖြင့် နံနက် စောစောသ၍ တန်ဆောင်းဝိုင်းတွင် သံဃာတော်များ စုဝေး မိသောအခါ 'မြတ်စွာဘုရား၏ သတ္တဝါတဦးနှင့်တဦး ဓါတ်မတူ၊ အသို့ဆန္ဒ

မတူပုံကို ရှေးအခါကပင် ဟောတော်မူဖူးသောကြောင့် မြတ်စွာဘုရား၏'နာနာဓိ မုတ္တိကတာဉာဏ်'တော်သည်အံ့သြဖွယ်ကောင်းပေစွ၊ ယခုပင် သုပ္ပိယနှင့်ဗြဟ္မဒတ္တတို့ ဓါတ်မတူပုံကို ဆွေးနွေးပြောကြားရာသို့'ဒိဗ္ဗသောတ'ဖြင့် ကြားသိတော်မူသော မြတ်စွာဘုရားသည် ရဟန်းများ စုဝေးရာ တန်ဆောင်းစိုင်းသို့ ကြွတော်မူလာလျက်'ချစ်သားတို့-ယခုအခါ အဘယ်စကားဖြင့် ပြောဆိုနေကြသနည်း'ဟု သိလျက်နှင့် မေးတော်မူမြဲအတိုင်း မေးလေရာ၊ ရဟန်းတို့က....

"သုပ္ပိယပရိဗိုဇ်နှင့်ဗြဟ္မဒတ္တလုလင်တို့၏ အမူမတူ အယူမမျှကြဘဲ၊ အလိုဆန္ဒ တခြားစီရှိပုံကို အကြောင်းပြု၍၊ မြတ်စွာဘုရား၏(နာနာဓိမုတ္တိကတာ)ဉာဏ်တော်အကြောင်း ဆွေးနွေးပြောဆိုနေကြပါကြောင်း"လျှောက်ထားကြသောအခါ မြတ်စွာဘုရားက....

"မမံဝါဘိက္ခဝေ ပရေအဝဏ္ဏံ ဘာသေယျုံ့ ဓမ္မဿဝါ အဝဏ္ဏံဘာသေယျုံ၊ သံဃဿဝါအဝဏ္ဏံဘာသေယျုံ၊ တတြစေတုမှေအဿထ၊တုပိတာဝါအနတ္တမနာဝါ၊ တုမှံ ယေဝဿ တေန အန္တရာယော"

"ချစ်သားတို့၊မလိုလားသူတို့သည်၊ငါဘုရား၏အပြစ်ကိုသော်၎င်း၊ တရား၏အပြစ်ကိုသော်၎င်း၊ သံဃာ၏အပြစ်ကိုသော်၎င်း၊ ပြောဆိုကြလျှင် ထိုပြောသူ၏အပေါ်၌ ရန်ညှိုးမဖွဲ့ကြနှင့်၊ မနှစ်သက် မကျေနပ်သော အမူအရာမပြကြနှင့်၊အမျက်မထွက်ကြနှင့်၊ ထိုသူတို့အပေါ်၌သင်တို့က ဒေါသ၊ ဒေါမနဿ ဖြစ်နေကြလျှင်၊

မကျေနပ်မနှစ်သက်ကြလျှင်၊ထိုဒေါသ၊ ဒေါမနဿဖြစ်မှုကြောင့် သင်တို့အားသာလျှင် ဈာန်မဂ်ဖိုလ်တရား၏ အန္တရာယ်ဖြစ်ပေလိမ့် မည်”

(ဒေါသ ဒေါမနဿကြောင့် မဂ်တားပုံ)

“မမံ ဝါ ဘိက္ခဝေ ပရေဝဏ္ဏံ ဘာသေယျုံ၊ ဓမ္မဿ ဝါ ဝဏ္ဏံ ဘာသေယျုံ၊ သံဃဿ ဝါ ဝဏ္ဏံ ဘာသေယျုံ တတြစေတုမှေအာဿယ၊ အနန္ဒိနေဝသုမနာ ဥပ္ပိလာ ဝိတာ၊ တုမှံ ယေဝဿတေန အန္တရာယော”

“ချစ်သားတို့ရတနာသုံးပါးကိုကြည်ညိုယုံကြည်ကြကုန်သော နတ်လူတို့သည်၊ ဘုရား တရား သံဃာ၏ ဂုဏ်ကျေးဇူးကို ပြောဆို ကြလျှင် ထိုပြောခြင်းကြောင့် သင်တို့သည် နှစ်သက် သဘောကျ သော အမူအရာကို မပြုကြနှင့်၊ ဝမ်းသာအားရသော လက္ခဏာကို မပြုကြနှင့်၊ စိတ်ကက်ကြွသော သဘောမျိုး မဖြစ်စေကြနှင့်၊ ထိုသို့ နှစ်သက်ရွှင်ပြုံးတိုကြွကြနှင့် သဘောကျမှုကြောင့် ထိုလောဘနှင့် ယှဉ်သော နှစ်သက်သာယာမှုသည်၊ အကုသိုလ်ဖြစ်၍ သင်တို့အား ဈာန်မဂ်ဖိုလ်တရား၏ အန္တရာယ်ဖြစ်ပေလိမ့်မည်”

(လောဘ သောမနဿကြောင့် မဂ်တားပုံ)

ဤသုတ်တော်၌ လိုရင်းမျှသာ ထုတ်နုတ်၍ ဖော်ပြပါသည်၊ လောက၌ အထွဋ်အထိပ်ဖြစ်သော ရတနာသုံးပါးနှင့် စပ်သော နေရာမှာပင်၊ လောဘ ဒေါသသည် ဈာန်မဂ်ဖိုလ်၏ အန္တရာယ်

ဖြစ်နိုင်သည်ကို ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် ဟောတော်မူထားပေရာ၊ အခြားနေရာတို့တွင် ဖြစ်သော လောဘ ဒေါသကား၊ ဆိုဖွယ်ရာပင် မရှိတော့ပေ။ သို့ရာတွင် ပရမတ်တရားတို့မည်သည် မည်သည့်နေရာမှာဖြစ်သည့် လောဘ ဒေါသမဆို အတူတူချည်းသာတည်း၊ ဖေါက်ပြန်ပြောင်းလဲခြင်းမဖြစ်ကောင်းပေ။

ရတနာသုံးပါးနှင့်ပတ်သက်၍၊ သုပ္ပိယပရိဗိုဇ်၏ မဟုတ်မမှန်အပြစ်တင် ပြောဆိုခြင်းကို သင်တို့သည် ထိုပြောသူအပေါ်၌ ရန်ညိုးဖွဲ့ခြင်း၊ အမျက်ထွက်ခြင်း၊ နှလုံး မသာယာခြင်း၊ စိတ်ဆိုးခြင်း၊ စိတ်ပျက်ခြင်းတို့သည် စင်စစ် ဒေါသ၊ ဒေါမနဿ အကုသိုလ်တရားတို့သာဖြစ်၏၊ ထိုဒေါသ ဒေါမနဿ အကုသိုလ်တရားတို့ကို လက်ခံသိမ်းပိုက်ထားသောသူသည်—

"ကုဒ္ဓေါအတ္ထံ နဇာနာတိ၊ ကုဒ္ဓေါဓမ္မံ နပဿတိ၊
အန္ဓတမံ တဒါဟောတိ၊ ယံဒေါသောသဟတေနရံ"

"ဒေါသကောဓ ဒေါမနဿသည် အကျိုးအကြောင်းကို မသိတတ်၊ ထိုဒေါသကို လက်ခံထားသောသူသည် တရားသောလမ်းမှန်ကိုလည်း မမြင်တော့ပေ၊ ထိုဒေါသဒေါမနဿဖြစ်နေချိန်တွင် မိမိ၌ အမှန်ကိုမမြင်တော့ဘဲ၊ အမိုက်မှောင်တိုက်ကြီးသည်ဖြစ်၏ နောက်ဆုံး ထိုဒေါသ ဒေါမနဿသည် လက်ခံ သိမ်းပိုက်ထားသူအားသေအောင် သတ်ဖြတ်လေတော့သည်"။

ယင်းကဲ့သို့ ဒေါသ ဒေါမနဿမျိုးကို အမှန်တရားကို မြင်အောင် အားထုတ်နေသော ပုဂ္ဂိုလ်မျိုးတို့၌ အထူးပင် မဖြစ်စေရ၊

အောင် ဂရုစိုက်ရသည်၊ ထိုဒေါသကြောင့် မဂ်ဖိုလ်ကိုတားခြင်း ဖြစ်သည်။

"တုမှံ ယေဝ တေန အန္တရာယောတိ၊ တုမှာကံ ယေဝ တေန ကောပေန တာယစ အနတ္တ မနတာယ ပဌမဇ္ဈာနာဒိနံ အန္တရာယော ဘဝေယျ"

(သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ—၅၂)။

"သင်ချစ်သားတို့အား ချန်မဂ်ဖိုလ်တရားတား၏ ဟူသည်ကား....သင်ချစ်သားတို့အား ထိုသို့အမျက်ထွက်ခြင်း၊ စိတ်နှလုံးမသက်မသာရှိခြင်းစသော ဒေါသ ဒေါမနဿကြောင့် ချန်မဂ်ဖိုလ်တရားတို့၌ မရဘဲ အန္တရာယ်ဖြစ်ရာ၏" ဟု ဆိုသေသည်။

အစွန်းတရားနှစ်ပါးတွင် 'အတ္တကိလမထ' အစွန်းသို့ ရောက်သောကြောင့် မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်လေသည်၊ အတ္တကိလမထ၏တရားကိုယ်သည် ဒုက္ခဒေါမနဿဖြစ်လေရာ၊ ကိုယ်မှာသာဆင်းရဲသည်မဟုတ်၊ စိတ်တွင်လည်း ဒေါမနဿဖြစ်၍ နှလုံးမသာယာမှု စိတ်မချမ်းသာမှု၊ စိတ်ပျက်မှု စသည်သည် ထိုဒေါမနဿ၏ လက်ရာချည်းတည်း။

ထို့ကြောင့် အတ္တကိလမထကို ဖွင့်ဆိုရာ၌—

"အတ္တနော ကိလမထာနုယောဂေါ၊ အတ္တနော ဒုက္ခကရဏန္တိ အတ္ထော"

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ—၂၁၅)။

မိမိ၏ကိုယ်ကို၊ စိတ်ကိုပင်ပန်းနွမ်းနယ်စေရန် အားထုတ်ခြင်း၊ ဆင်းရဲစေခြင်း၊ ဆင်းရဲဖြစ်ကြောင်းကို အားထုတ်ခြင်း။

'အတ္တ'ဟူသောပုဒ်၌'ဒုက္ခ'ဟူသော ဆင်းရဲဖြစ်ရာတွင်'ကိုယ်' ဟု အနက်ယူ၍၊ ဒေါမနဿဟူသော နှလုံးမသက်သာမှု၊ စိတ်ပျက်မှု၊ ကသိကအောင့်ဖြစ်မှုစသည်တွင် 'စိတ်'ဟု အနက်ယူရသည်၊ ထို့ကြောင့် အတ္တကိလမထအရာ၌'ကိုယ်ညှင်းဆဲ ဒုက္ခဖြစ်မှု၊ စိတ်မသက်သာမှု'အားဖြင့် ဒုက္ခဒေါမနဿ သဘောပါဝင်စေရမည်။

'သပန္နမယမတ္တာနံ'ဟူသော ဘေရဂါထာ ပါဠိတော် 'ဟာရိတထေရ်'ဝတ္ထု၌ပါသော ဂါထာရှိ အတ္တသဒ္ဒါကို 'အတ္တာနန္တိ-စိတ္တံ''ဟု အဋ္ဌကထာ-၁၀၉ တွင်ရင်း၊

('အတ္တာတိ-စိတ္တံ''ဟု စူဠနိဒ္ဒေသကထာ-၁၄ နှင့် ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၄၀ တွင်ရင်း အသီးသီး ဖေါ်ပြထားလေသည်၊ ၎င်း ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာတွင်ပင် နေရာဌာနကို ကြည့်၍ဖွင့်ပြရာ၌ 'အတ္တာတိအတ္တဘာဝေါ'ဟု ၄၁ တွင်၊ 'ကိုယ်'ဟောပုံကိုပြလေသည်။ဤသို့သူ့နေရာနှင့်သူ နေရာတကျယူမှုလိုအပ်သာအစိပ္ပါယ်ကိုရလေသည်၊ မြန်မာနိုင်ငံ နိဿယတို့၌ကား 'အတ္တ' သဒ္ဒါကို 'ကိုယ်'အနက်ကလွဲ၍၊'စိတ်'ဟူ၍ပင် ယောင်ရမ်း၍ မတွေ့ရပေ၊ အတ္တပုဒ်နှင့်ပတ်သက်၍ ကိုယ်ဟုသာအနက်ပေးကြသည်ကိုမြဝတီဆရာတော်သည် ပါဠိ အဋ္ဌကထာများကိုဖေါ်ပြပြီးလျှင် အပြင်းအထန်ဝေဖန်၍ သူ့နေရာနှင့်သူသုံးပြထားသည်။)

"မဟာသိဝထေရ်" စာပေပရိယတ္တိနယ်တွင် အလွန်ထင်ရှား၍၊ ၁၈ ဂိုဏ်းချုပ်ဂဏာပါမောက္ခ၊ မဟာသိဝထေရ်သည် တပည့်များအား စာပေပို့ချခြင်း၊ တရားပြခြင်း တို့ကြောင့် တပည့်သုံးသောင်းမျှ ရဟန္တာ ဖြစ်ကြလေသည်၊ တနေ့သောအခါ တပည့်ရဟန္တာတပါးသည် ဆရာဖြစ်သော မဟာသိဝထေရ်၏ အကြောင်းကို ဆင်ခြင်ရာ၊ ဆရာသည် ပုထုဇ္ဇန်မျှသာ ဖြစ်သေး၍၊ တရားမရသေးသည်ကို တရားပြ၍၊ သတိပေးရန် ကောင်းကင်ခရီးမှ လာခဲ့ပြီးလျှင် ဆရာ့ထံ ရောက်သောအခါ ဥပါယ်တမည်ဖြင့် ပုစ္ဆာပြဿနာများ မေးလျှောက်လိုကြောင်း လျှောက်ထားရာ၊ မည်သည့်အချိန်မှ အားလပ်သည်မရှိ၊ အခွင့်မပေးနိုင်ကြောင်း ပြောသဖြင့် တပည့် ရဟန္တာက ...

"မရဏခဏမ္ပိ နလဘိဿထဘန္တေ"

'ဤသို့ဆိုလျှင် အရှင်ဘုရားသည် သေဘို့အချိန်ပင် မရတော့ပါတကား' ဟု လျှောက်၍ 'အရှင်ဘုရားသည် တပါးသူ၏အတွက်သာ အားထားရာ ဖြစ်လျက် မိမိအတွက်ကား အားထားရာမဖြစ်ပါတကား၊ အမှန်အားဖြင့် တပည့်တော်သည် အရှင်ဘုရာအား အနုမောဒနာတရားနာလို၍၊ ပုစ္ဆာများမေးလို၍ မဟုတ်ပါ'ဟု လျှောက်ပြီးလျှင်ကောင်းကင်မှ ပြန်ကြွသောအခါ၊ မဟာသိဝထေရ်သည် သတိတရားရ၍၊ ထိုညတွင်ပင် သပိတ်သင်္ကန်းတို့ကို ယူလျက် 'ငါကဲ့သို့သော ပုဂ္ဂိုလ်အားအရဟတ္တဖိုလ်သည်မခဲယဥ်း' ဟု သဘောထားလျက် '၂ ရက် ၃ ရက်မျှ အားထုတ်လျှင် ကိစ္စပြီးမည်'ဟု ထင်၍ မည်သူမျှ မပန်ကြားဘဲ တောသို့ ထွက်ခဲ့လေ

သည်၊ တောတွင် ကျောက်ဂူတခု၌ နေရာယူလျက် ဆွမ်းခံရွာကို မှတ်သားပြီးလျှင်....

> "အရဟတ္တံ အပတွာ နေဝ မဈေပိဿ ပသာရေဿာမိ၊ နပါဒေဗခေါဝိဿာမိ"

(မဟာဝဂ္ဂဋ္ဌကထာ-၃၂၁)။

"၂ ရက် ၃ ရက်နှင့် ရဟန္တာဖြစ်မည့် ငါသည်၊ ရဟန္တာ မဖြစ်မချင်း ညောင်စောင်းကို မခင်းအံ့၊ ကျောကိုမဆန့်အံ့၊ ခြေကိုလည်း မဆေးအံ့"ဟူ၍ စိတ်ကိုထားလျက် စင်္ကြံနည်းဖြင့်တရားအားထုတ်လေသည်၊ ဆွမ်းခံသွားသည်၊ ဝါဆိုလဆန်း ၁၃ ရက်နေ့ တောထွက်ခဲ့ပြီး လပြည့်နေ့ သုဒ္ဓိဥပုသ်ပြုအမှို ကြိုးစားထုတ်ပါသော်လည်း၊ မဂ်ဖိုလ် အရိပ်အရောင်မျှမရ၍ သုဒ္ဓိပဝါရဏာ (သီတင်းကျွတ်လပြည့်)နေ့တိုင်း တရားမရ၍ ငိုလေသည်၊ သို့နှင့် ပင် နှစ်ပေါင်း သုံးဆယ်ရှိချေပြီ၊ မိမိ၏အဓိဋ္ဌာန်ချက်အတိုင်း ကျောမဆန့်၊ ခြေမဆေးရသဖြင့် မထေရ်လည်း အတော်ပင် ပင်ပန်းလေပြီ၊ နှစ်ပေါင်း သုံးဆယ်ပြည့်သည့် တခုသောညတွင်....

"ငါသည် နှစ်ပေါင်း သုံးဆယ် ရှိလာသော ယခုအခါ၌ တရားကို အပြင်းအထန်အားထုတ်ပါသော်လည်း အရဟတ္တဖိုလ် မရပေ၊ စင်စစ် ငါသည် ဤဘဝတွင် ကျွတ်ထိုက်သော ပုဂ္ဂိုလ် ဟုတ်ဟန်မတူ၊ ပဒပရမပုဂ္ဂိုလ်မျိုးသာ ဖြစ်ပါလိမ့်မည်၊ ဤဘဝ ငါသည် တရားမရနိုင်တော့ချေတကား"ဟု စိတ်တွင်ဖြစ်ပြီးလျှင် အကြီးအကျယ်ငိုပြန်တော့သည်၊ ထိုကြောင့် အဋ္ဌကထာ၌-

"တဿေဝစိန္တယတော ဒေါမနဿံဥပ္ပဇ္ဇိ၊ အဿု
ဓာရာပဝတ္တန္တိ"

မဟာသီဝထေရ်သည်၊ ယခုဘဝတရားရတော့မည့်သူ မဟုတ်
ဟုကြံပြီးလျှင် နှလုံးမသာ ယာခြင်း၊ စိတ်ပျက် အားငယ်ခြင်း
ဒေါမနဿဖြစ်လေပြီ၊ မျက်ရည်တို့သည်လည်း ယိုစီးကျလေပြီ။

ထိုအခါတွင်မှနတ်သမီးတယောက်သည် မနီးမဝေးနေရာတခု၌
လာ၍ငိုသည်ကို မထေရ်ကြားလေသော် "ဤနေရာတွင် လာငို
နေသူကားမည်သူနည်း"ဟု မေးရာ၊ နတ်သမီးက'နတ်သမီး'ဖြစ်
ကြောင်း လျှောက်လေလျှင် 'အဘယ့်ကြောင့် ငိုသနည်း'မေး
သောအခါ၊ နတ်သမီးက–

"ရောဒမာနေန မဂ္ဂဖလံ နိဗ္ဗတ္တိတံ၊ တေနအဟမ္ပိ ဧက
ဒွေမဂ္ဂဖလာနိ နိဗ္ဗတ္တေဿာမီတိ ရောဒါမိဘန္တေ"

"မဂ်ဖိုလ်ရမည်မှတ်၍ငိုပါသည်၊ ထိုငိုခြင်းဖြင့် တမဂ်တဖိုလ်၊
နှစ်မဂ်နှစ်ဖိုလ်မျှရလျှင် တပည့်တော်အတွက် တော်ပါပြီ၊ ထို့
ကြောင့် ငိုပါသည်ဘုရား" ဟု လျှောက်သောအခါမှ မထေရ်
သည်....

"ငါငိုခြင်းကိုပင် နတ်သမီးက ပြောင်လှောင် နေပါတကား"
ဟု သတိရလျက် အငိုရပ်၍ ဝိပဿနာကို အစွန်းလွတ် အားထုတ်
လေရာ ရဟန္တာဖြစ်သွားလေသည်။

ဤမဟာသီဝထေရ်၏ အကြောင်းကိုကြည့်လျှင် တရားအား
ထုတ်နေပါလျက်၊ တရားနှင့် ဆန့်ကျင်ဖက် ဒေါမနဿကို(ဝါ)

မဇ္ဈိမပဋိပဒါနှင့် ဆန့်ကျင်ဖက် အတ္တကိလမထကို မပယ်မစွန့်ဘဲ လက်ခံထားသဖြင့် အစွန်းတဖက်ရောက်နေရကား၊ တရားမရရန် သေချာလေသည်၊ ထိုမဟာသိဝထေရ်သည် ထိုဒေါသ၊ ဒေါမနဿရှိသည့်အတွက်မြတ်စွာဘုရား၏'တုမှ ယေဝ တေန အန္တရာယော' ဟူသည်ကို သတိမထားဘဲ၊'ပညာရှိ-သတိဖြစ်ခဲ့' ဟူဘိသို့ အတ္တကိလမထ ဖြစ်နေသောကြောင့်သာ တရားမရ ရှိချေသည်၊ ထိုဒေါမနဿဖြစ်နေကြောင်းကို ဥပရိပဏ္ဏာသဋ္ဌကထာ၌လည်း....

> "ဂါမန္တ ပဗ္ဘာရဝါသိ မဟာသိဝတ္ထေရဿ ဝိယအဿု ဓာရာ ပဝတ္တန ဝသေန ဥပ္ပန္န ဒေါမနဿာနိဆနေက္ခမ္မသိတာံ ဒေါမနဿနီတိ ဝေဒိတဗ္ဗာနိ"

(၁၀၇)။

(ဂါမန္တပဗ္ဘာရဂူ၌သီတင်းသုံးအားထုတ်နေတော်မူသောမဟာသိဝထေရ်ကဲ့သို့ မျက်ရည်ယိုစီးခြင်းဖြင့်ဖြစ်သော (ဒေါမနဿ) စိတ်ပျက်၊ ဝမ်းနည်းခြင်းမျိုးသည် ခြောက်မျိုးသော (နေက္ခမ္မသိတ) ဒေါမနဿမျိုးတို့ဟူ၍မှတ်ပါ)ဟု မှတ်ချက်ပြုထားသည်။

ဝိပဿနာအလုပ်မျိုးသည် သဘာဝရုပ်နာမ်တို့၏ သဘောလက္ခဏာကိုသာ တရားသဖြင့် မှန်မှန်သိနေရသောအလုပ်မျိုးဖြစ်ရာ၊ ထိုသို့ မှန်မှန်သိမသွားဘဲ ဘေးအစွန်းသို့ ရောက်ရောက်သွားနေသဖြင့် တရားမရခြင်းဖြစ်ပေသည်၊ ယခုမဟာသိဝထေရ်သည် ဒေါမနဿ(အတ္တကိလမထ)ဟူသော တဖက်စွန်းသို့ ရောက်နေ၍ တရားမရသကဲ့သို့ သောမနဿ(ကာမသုခလ္လိက) အစွန်းရောက်နေပြန်ကလည်း တရားမရပုံကို ဆက်လက်၍ လေ့လာပါဦး....

"ဆန္ဒထေရ်" ဖြဟ္မဇာလသုတ်တွင် "ရတနာသုံးပါး၏ ဟုတ်မှန်သော ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုကြသောစကားမျိုးကို သင်ချစ်သားတို့-ကြားသိသောအခါ၊ ဝမ်းမမြောက်ကြနှင့် စိတ်တက်ကြွခြင်း မဖြစ်ကြလေနှင့်၊ ထိုကဲ့သို့ ဝမ်းမြောက်ခြင်း၊ စိတ်တက်ကြွခြင်းဖြစ်ကြလျှင် သင်ချစ်သားတို့အား စျာန်မဂ်ဖိုလ်အန္တရာယ်သည်ဖြစ်ရာ၏" ဟု ဗုဒ္ဓရှင်တော်ဆုံးမတော်မူရာ....

"ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေဘဝတိယာပီတိ၊
ဝရမေ ဝဟိသာပီတိ၊ ကသိဏေနာပိဇမ္ဗုဒီပဿ"

(ဓမ္မော—သံဃော) (သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ ၅၄)။

"လောက၌ ဘုရား တည်းဟူသောအသံ၊ တရား တည်း ဟူသောအသံ၊ သံဃာတည်းဟူသောအသံတို့ကို ကြားသိရသောသူအား အကြင်ဝမ်းမြောက် တက်ကြွသော နှစ်သက်မှုသည် တကိုယ်လုံး၌ ပျံ့နှံ့၍တည်၏၊ ထိုရတနာသုံးပါးနှင့်စပ်သော အသံကိုကြားရသဖြင့် ဖြစ်သော တက်ကြွသည့် ပီတိကုသိုလ်မျိုးသည် ဇမ္ဗုဒီပါ တကျွန်းလုံးကို အစိုးရသောမင်း၏ စည်းစိမ် ချမ်းသာထက်မြတ်သည်သာတည်း" ဟု 'မြတ်စွာဘုရားသည် များစွာသော သုတ်တို့တွင် အကြိမ်ကြိမ် ထုတ်ဖေါ်ဟောကြားတော်မူခဲ့သည်။ ချီးကျူးခဲ့သည် မဟုတ်လော' ဟု မေးရန်ရှိ၏၊ ဤမေးချက်ကို အဋ္ဌကထာဆရာ ဝန်ခံ၏၊ မှန်ပါသည် သို့ရာတွင် ဤနေရာ၌ မြတ်စွာဘုရားဟောသည်မှာ ကုသိုလ်ကိုညွှန်ပြသည့် နေရာမဟုတ်ဘဲ၊ သံသရာမှ ထွက်မြောက်ရေး အတွက်သာ ဟောထားချက်ဖြစ်၍၊ ကုသိုလ်ဖြစ်ရေးနှင့် မဆိုင်ပေ၊ ကုသိုလ်ဟူသည် ဘုံဘဝ

တို့၌ တကျိုးပေးသော တရားဖြစ်၍၊ မဂ်ဖိုလ်ဟူသည် ဘုံဘဝ သံသရာပြတ် တရားဖြစ်သောကြောင့် သံသရာ ဘဝပြတ်လို၍ တရားအားထုတ်သော သူတို့အတွက် ဖြစ်လေရကား....ကုသိုလ် ကိစ္စနှင့် မဂ်ဖိုလ်ကိစ္စကို ရောနှော၍ မရပေ။

မြတ်စွာဘုရားအလောင်းတော်နှင့် ဖွားဖက်တော် ဖြစ်သော ဆန္နသည် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုပြီးနောက်၊ မြတ်စွာဘုရား၏ ဘုရားသက်တမ်းတလျှောက်လုံးတွင် တရားအလုပ် အားမထုတ်ဘဲ....

> "အမှာကံဗုဒ္ဓေါ၊ အမှာကံဓမ္မော၊ အမှာကံသံဃောတိ အာဒိနာနယေန အာယသ္မတော ဆန္နဿ ဥပ္ပန္နသဒ္ဒိဿ ဂေဟဿိတံ ပီတိသောမနဿံ အဓိဂမတံ၊ ဣဒဥ္စဖြာနာဒိ ပဋိလာဘာယအန္တရာယကံရံဟောတိ"
>
> (သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ- ၅၄)။

"အရှင်ဆန္နသည် ဘုရားကို ငါ့သခင်ဘုရား၊ ငါ့သခင်တရား၊ ငါ့သခင်၏တပည့်သံဃာ၊ ဤသို့အစရှိသောနည်းဖြင့် ရတနာသုံး ပါးအပေါ်၌ တပ်မက်သော ပီတိသောမနဿ ဖြစ်လေသည်၊ ဤသို့ ဖြစ်ခြင်းသည်မင်လျှင် အရှင်ဆန္နအား ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၍၊ တရားမရချေ" ဘုရား၌၊ တရား၌၊ သံဃာ၌ မတရားသဖြင့် လောဘတဏှာပါသော ချစ်ခင် နှစ်သက်ခြင်းမျိုး သည်လည်း မဂ်ဖိုလ်၏ အန္တရာယ်ပင်ဖြစ်၍ အရှင်ဆန္နတရားမရ ခြင်းဖြစ်လေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူကာနီး၌ အရှင်မဟာကဿပအား "ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးသောအခါ၊ သံဃာသည် ဆန္ဒရဟန်းအား ဗြဟ္မဒဏ်ထား၍ အသိအမှတ်မပြုရ"ဟု မှာကြားတော်မူခဲ့သည်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် ကိစ္စအားလုံးပြီးစီးလျှင်၊ အရှင်မဟာကဿပသည် သံဃာအား စည်းဝေးစေ၍ မြတ်စွာဘုရား၏ မိန့်မှာတော်မူချက်အရ "အားလုံးသော သံဃာသည် ဆန္ဒရဟန်းအား အာမိသသမ္ဘောဂ၊ ဓမ္မသမ္ဘောဂအားဖြင့် ဆက်ဆံ ပေါင်းသင်းခြင်းမပြုဘဲ၊ ဗြဟ္မဒဏ်အားဖြင့် ကြဉ်ထားကြရမည်"ဟု အမိန့် ပေးလေရာ၊ သံဃာသည် အညီအညွတ် ထိုအမိန့်ကို ခံယူခြင်းဖြင့် အရှင်ဆန္ဒအား ကြဉ်ဖယ်ထားကြသောအခါ၊ အရှင်ဆန္ဒသည် ထိုအမိန့်ကို အံတုရန် အားကိုးအားထား ဘုရားလည်း မရှိတော့ပြီဖြစ်၍၊ အားထားရာမဲ့ပြီးလျှင် "အားမတန်-မာန်လျှော့"ဟူဘိသို့သံဃာတော်များအားသွားရောက်ကန်တော့တောင်းပန်ပြီးလျှင် "အရှင်ဘုရားများ တပည့်တော်ကို ဆုံးမကြပါ၊ တရားပြကြပါ" ဟု တောင်းပန်သဖြင့် သံဃာတော်များ ကျေနပ်ကာ တရားပြခဲ့သော်လည်း မာန်မကျမှုကြောင့် တရားမရခဲ့ပါပေ။

နောက်သတိရသည်ကား "ကောသမ္ဗီတွင်နေသော အရှင်အာနန္ဒာသည် ငါနှင့် ဖွားဖက်တော်ချင်းလည်းဖြစ်သည်၊ တရားအရာတွင်လည်း ဘုရားက ချီးကျူးရသည်၊ အပေါင်းအသင်းသီတင်းသုံးဖေါ်ချင်းလည်း ညာတာ ထောက်ထား တတ်သည်၊ ငါနှင့် သင့်တော်သော တရား၊ အရှင် အာနန္ဒာထံမှာ သွား

ကျောင်းမည်''ဟု ကြံလျက်၊ ကောသမ္ဗီသို့သွား၍ အရှင်အာနန္ဒာ အား အကျိုးအကြောင်းကို လျှောက်၍ တရားတောင်းရာ... အရှင်အာနန္ဒာက နိဒါနဝဂ္ဂသံယုတ်၊ ကစ္စာနဂေါတ္တသုတ်နှင့် တရားပြလေရာတွင်မှ....အရှင်ဆန္န ရဟန္တာဖြစ်ရလေသည် ထို့ ကြောင့်....

''ပရိနိဗ္ဗာန ကာလေ ပညတ္တေန ပန ဗြဟ္မဒဏ္ဍေန တဇ္ဇိ
တော တံပီတိသောမနဿံ ပဟာယ ဝိသောသံ နိဗ္ဗတ္တေသိ၊
တသ္မာ အန္တရာယ ကရံယေဝ သန္ဓာယ ဣဒံ ဝုတ္တံ''
(သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ=၅၄)။

''အရှင်ဆန္န တရားရသည်မှာ မြတ်စွာဘုရားသည် ပညတ်အပ် သော ဗြဟ္မဒဏ်ဖြင့် ခြိမ်းခြောက် ခံနေရသော အရှင်ဆန္နသည် ထိုဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အပေါ်၌ ဖြစ်သော ၎င်း၏ ချစ်ခင်နှစ်သက်ခြင်း တဏှာလောဘကို ပယ်ဖျက်ဖြတ် တောက်၍ အားထုတ်ရာတွင်မှ မဂ်ဖိုလ်တရားထူးကို ရလေသည်၊ ထို့ကြောင့် အရှင်ဆန္နသည် ၎င်း၌ဖြစ်သော ပီတိသောမနဿ ဟူသော (ကာမသုခလ္လိက) အစွန်းတရားသည်မဂ်ဖိုလ်၏အန္တရာယ် ကိုပြု၏ဟူသောအချက်ကိုရည်ရွယ်၍ ဤစကားကို မြတ်စွာဘုရား ဟောတော်မူခြင်းဖြစ်သည်''

ဟု အဋ္ဌကထာ၌ပြလေသည်၊ ထိုနှစ်သက် ဝမ်းမြောက်ခြင်း သည် 'လောဘသဟဂတာပီတိ၊ ရာဂသဟဂတာပီတိ' ဟူ၍ အဋ္ဌ ကထာများပြရာ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းသည် ဆန္ဒရာဂ

လောဘပင်ဖြစ်၍၊ သံသရာလှုတ် ကိလေသာပြတ် တရားရှာသူ တိုင်း ကြည့်ရှောင်ပယ်ထားအပ်သော အစွန်းတဖက် ဖြစ်လေသည် ထိုဆန္ဒရာဂ ပီတိဟူသော လောဘသည်....

"လုဒ္ဓေါအတ္ထံ နဇာနာတိ၊ လုဒ္ဓေါဓမ္မံ နပဿတိ၊
အန္ဓတမံ တဒါဟောတိ၊ ယံလောဘောသဟ တေနရံ"

"လောဘဟူသည် အကျိုးအကြောင်းကို မသိတတ်၊ လိုချင် နှစ်သက်မှု လောဘသည် တရားမှန်ကိုလည်းမမြင်တတ်၊ ထိုလိုချင် မှုဖြစ်လာလျှင် ဉာဏ်အလင်းရောင်မရဘဲ အမိုက်မှောင်ကြီး ဖြစ် လေသည်၊ အကြင်လိုချင်မှု၊ နှစ်သက်မှု လောဘသည် ၎င်းကို လက်ခံထားသူအား သေအောင်ပင် သတ်တတ်၏"

လိုချင်မှု၊ နှစ်သက်စွဲလန်းမှု၊ သာယာမှုစသည်ဖြစ်သောအခါ ထိုသတ္တဝါ၌ အကျိုးအကြောင်း ဆင်ခြင်တတ်သောတရားမှန်မရှိ မသိတော့ပေ၊ ထိုလိုချင်မှုသည် အမှန်အမှားကိုလည်း မမြင်မသိ၊ အမိုက်မှောင်အတိဖြစ်လျက် ၎င်းကိုလက်ခံသိမ်းပိုက်ထားသူအား သေသည်အထိ ဒုက္ခပေးလေသည်။

ဘုရား၊ တရား၊ သံဃာနှင့် စပ်သော နေရာမျိုးတွင်ပင် နူးညံ့သော လောဘဖြစ်သည့် ပီတိသောမနဿဟူသည် လောဘဟုပင်၊ မသိစေဘဲ ဒုက္ခပေးလေသည်၊မဂ်ဖိုလ်အန္တရာယ်ဖြစ်သောကြောင့် မဂ်ကိုစားကာမှ သူသည် လောဘ ကိလေသာ ဖြစ်ကြောင်း မြတ်စွာဘုရားဟောမှပင် သိရသည်ဖြစ်ရာ၊ သာမန်လူတို့အနေနှင့် ပီတိသောမနဿကို ကုသိုလ်နေရာတွင် 'လောဘ'ဟု မမြင်နိုင် လောက်အောင်ပင် သိမ်မွေ့လှပေရာ၊ မြင်နိုင်သိနိုင်ခဲ့စွ။

တရားအားထုတ်နေသော ယောဂီတို့၌ အရောင် အလင်း စသည်တွေ့၍နှစ်သက်ဖွယ်ရာဟုစိတ်ဖြစ်လျှင် ၎င်းနှစ်သက်မှုသည် ဝိပဿနာဉာဏ်၏အညစ်အကြေးဖြစ်၍၊ပယ်စွန့်ရမည်ပြောရာ၊ သဘောပေါက်လက်ခံသော်လည်း၊ ဝိပဿနာပိုင်းရောက်၍ 'ဖြစ်မှုပျက်မှု' သဘောကလေးများကို တရွရွတလှုပ်လှုပ်နှင့် ရှု၍နေရသည်မှာ အလွန်ရှုကောင်းကြောင်း ပြောသောအခါ '၎င်းသည်လည်း နှစ်သက်သဘောကျမှု ပါလာသောကြောင့် ပီတိသောမနဿ(ကာမသုခလ္လိက)အစွန်းသို့ဝင်နေသဖြင့် 'ဖြစ်ပျက်သာရှုမြဲရှုရမည်'ဟု ဆိုသောအခါ၊ ကာမသုခလ္လိက ဖြစ်နေသည်ဆိုသည်ကို သဘောမကျတတ်ပေ၊ 'တရားကို သဘောကျခြင်းသည်ကား အန္တရာယ်ပင်'။

"အဒုက္ခမသုခံသန္တံ၊ ဘူရိပညေန ဒေသိတံ၊
တဇ္ဇာပိအဘိနန္ဒတိ၊ နေဝဒုက္ခာ ပမုစ္စတိ"
(သဠာယတနသံယုတ်ပဟာနသုတ်-၄၀၇)။

"အဒုက္ခမသုခံ၊ သုခဒုက္ခ ချမ်းသာဆင်းရဲကို မရှုဘဲ ဖြစ်ပျက်သိနေရုံရှုသော ဥပေက္ခာကို သန္တံ၊ ငြိမ်သက်၏ ဣတိ၊ ဤသို့ ဘူရိပညေန၊ မြေကြီးအထုနှင့် တူသော ပညာ ရှိတော်မူသော မြတ်စွာဘုရားသည် ဒေသိတံ၊ ဟောတော်မူအပ်၏၊ တဇ္ဇာပိ၊ ထိုဖြစ်ပျက်ကိုသိရုံရှုရသော ဥပေက္ခာ ရှုချက်ကိုသော်လည်း အဘိနန္ဒတိ၊ ရှုကောင်းချက်ဖြင့် နှစ်သက်သေး၏၊သော၊ထိုဖြစ်ပျက်ကို နှစ်သက်စွာ ရှုနေသော ယောဂီသည်၊ ဒုက္ခာ၊ ဆင်းရဲသံသရာမှ နေဝပမုစ္စတိ၊ မလွတ်"

ဆင်းရဲသံသရာမှလွတ်ခမြောက်ရန်အတွက်အားထုတ်အပ်သော ဝိပဿနာအလုပ်သည် ရုပ်နာမ်ခန္ဓာငါးပါး ပရမတ်တရားတို့ အပေါ်၌ ကိလေသာ မည်မျှလွတ်အောင် ရှုသွားရသည်ကို သတိပြုစရာပင်ဖြစ်သည်၊ တနည်းနှစ်သက် သဘောကျမှု၊ မနှစ်သက် သဘောမကျမှုစသော အစွန်းမလွတ်သည့် သဘောမျှပါလာသည်ကိုပင်'မဇ္ဈိမပဋိပဒါ'မဂ္ဂင်ညာဏ်သည် 'ဥပေက္ခာ သဘောမျှလွဲ၍ လက်မခံပေ၊ ဥပေက္ခာသဘောကို လက်ခံသည်ဆိုသော်လည်း၊ဥပေက္ခာ၊ သဘောအားဖြင့် ရုပ်နာမ်တို့အား' 'ဖြစ်ပျက်' ရှုနေရခြင်းပင်။

"ဣန္ဒြိယဘာဝနာသုတ်" ဝိပဿနာ ရှုမှု ဟူသည် တရားထိုင်မှု၊ စကြံန်လျှောက်မှုစသော တခုခုသော ဣရိယာပုတ်ကို သတ်မှတ်ထား၍မဖြစ်ပေ၊ မြတ်စွာဘုရား၏အလိုသော် ရုပ်နာမ်ခန္ဓာ၌ အကုသိုလ် ကိလေသာဝင်ပေါက်များကို ပိတ်ဆို့ရသော သဘောပင်ဖြစ်၏ ခန္ဓာကိုယ်တွင် ကိလေသာ ဝင်ဘတ်သော တံခါးပေါက် ၆ ပေါက်ရှိလေသည် ထိုတံခါးပေါက်တို့မှာ....

၁။ မျက်စိ တံခါးပေါက်၊
၂။ နား တံခါးပေါက်၊
၃။ နှာခေါင်း တံခါးပေါက်၊
၄။ လျှာ တံခါးပေါက်၊
၅။ ကိုယ် တံခါးပေါက်၊
၆။ စိတ် တံခါးပေါက်တို့ဖြစ်သည်။

| | | | | | |
|---|---|---|---|---|---|
| မျက်စိတံခါးပေါက်မှ | + | မြင် | = | ကောင်း—မကောင်း၊ |
| နားတံခါးပေါက်မှ | + | ကြား | = | ကောင်း—မကောင်း၊ |
| နှာခေါင်းတံခါးပေါက်မှ | + | နံ | = | ကောင်း—မကောင်း၊ |
| လျှာတံခါးပေါက်မှ | + | စား | = | ကောင်း—မကောင်း၊ |
| ကိုယ်တံခါးပေါက်မှ | + | ထိ | = | ကောင်း—မကောင်း၊ |
| စိတ်တံခါးပေါက်မှ | + | သိ | = | ကောင်း—မကောင်း၊ |

ဤ၌ မြင်၊ကြား၊နံ၊စား၊ထိ၊ သိ သည် ပရမတ်သဘောဖြစ်၍၊ ကောင်း-မကောင်း သတ်မှတ်ချက်သည် ပညတ် ကိလေသာတို့ ဖြစ်လေသည်၊ 'ကောင်း'ဟု သတ်မှတ်ရာတွင် 'လောဘ' ကိလေသာဖြစ်၍'မကောင်း'ဟု ဆုံးဖြတ်ရာတွင် 'ဒေါသ' ဒေါမနဿ ကိလေသာဖြစ်လေသည်၊သို့အတွက်ဤခန္ဓာကိုယ်တွင် ကိလေသာ ဝင်တတ်သော တံခါးခြောက်ပေါက်ကို၊ကိလေသာဝင်ခွင့်ဖြစ်ခွင့် မရစေရန် 'စက္ခုနာ သံဝရော သာဓု၊ သာဓုသော တေနသံဝရော' စသော ဒေသနာတော်များဖြင့် ၎င်းတံခါးပေါက် ပိတ်ဆို့နည်း များကို ဟောကြားပေရာ....ယခုဣန္ဒြိယဘာဝနာသုတ်သည်လည်း မျက်စိစသော ဣန္ဒြေတို့ကို ကိလေသာ ဖြစ်ခွင့်မရစေဘဲ ပိတ်ဆို့ နည်း၌ အကောင်းဆုံးဟူ၍ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော်မူသည်။

မြတ်စွာဘုရားသည်'ဂဇင်္ဂလ' နိဂုမ်း 'သုဝေဠု' တောအုပ်၌ သီတင်းသုံးတော်မူစဉ်၊ ပါရာသိဝိယပုဏ္ဏား ဆရာကြီး၏တပည့် ဥတ္တရလုလင်ကို အကြောင်းပြု၍ မြတ်စွာဘုရား၏ အရိယ သာသ နာတွင် မျက်စိ အစရှိသော ဣန္ဒြေတို့ ပွားများရှုမှတ်ရပုံကို ဟော တော်မူခြင်းဖြစ်လေသည်။

ချစ်သား အာနန္ဒာ-ဤသာသနာ၌ ကိလေသာတို့ကို မဖြစ်စေမူ၍ ထိုကိလေသာတို့ကို ပယ်ဖျက်သတ်ဖြတ်လိုသော ယောဂီသည်မျက်စိဖြင့်အဆင်းကိုမြင်၏၊ထိုအခါနှစ်သက်ခြင်း၊မနှစ်သက်ခြင်းတို့တွင် တမျိုးမျိုးဖြစ်တတ်၏၊ ထိုသို့ဖြစ်သောအခါ နှလုံးသွင်းရမည်ကား 'ဤယခု မျက်စိဖြင့် အဆင်းကို မြင်ရ၍ ငါ့အား နှစ်သက်မှု၊ သို့မဟုတ် မနှစ်သက်မှုဖြစ်လေပြီ၊ ထိုနှစ်သက်၊ မနှစ်သက်ဟူသော သဘောသည် အကြောင်းတရားတို့ ပြုပြင်အပ်သော သဘောရှိ၏၊ ကိလေသာဖြစ်၍လည်း ကြမ်းထန်း၏၊ အကြောင်းကိုစွဲ၍ ဖြစ်သော အကျိုးတရား ပဋိစ္စသမုပ္ပါဒ်မျိုးဖြစ်၏၊ ထိုသဘောတို့သို့ မလိုက်ဘဲ ၎င်းတို့၏ သဘောတို့ကိုသိနေရသော 'ဥပေက္ခာ'သည် ငြိမ်သက်၏၊ မြတ်၏၊ မကြမ်းထန်း၊ သို့အတွက် ငါသည် သိစရာရှိသည်ကိုသာသိနေမည်'ဟု နှလုံးသွင်း၍ ကိလေသာတို့ကို လစ်လျူရှုသော ယောဂီအား နှစ်သက်၊ မနှစ်သက်စသော ကိလေသာတို့သည် ထိုခဏ၌ပင်ချုပ်၍ 'ဥပေက္ခာသည်' မျက်စိမှိတ်ရာမှ ဖွင့်သကဲ့သို့-ဖွင့်ရာမှမှိတ်သကဲ့သို့'သော အချိန်အတွင်း တည်လာလေသည်။

'အာနန္ဒာ-ဤဟောပြချက်သည် အရိယာတို့၏ အဆုံးအမသာသနာ၌ မျက်စိတံခါးပေါက်မှ ဝင်လာသော ကိလေသာတို့ကို ပိတ်ဆို့ရှုမှတ်ခြင်း၌ အတုမရှိကောင်းသော ဣန္ဒြေပွားခြင်းပေတည်း' (နားဖြင့်အသံ၊နှာခေါင်းဖြင့်အနံ့၊လျှာဖြင့်စား၊ကိုယ်ဖြင့်ထိ၊ စိတ်ဖြင့်သိတို့ကိုလည်း) ဤနည်းအတိုင်း ပါဠိတော်တွင် အပြည့်အစုံဟောထားသည်၊ အကျယ်ကိုရင်းတွင်ကြည့်ပါ(ဤနေရာတွင် ကား သဘောကိုသာ ဝေဖန်ဖေါ်ပြပါအံ့။)

ဤ၌ တရားအားထုတ်သူသည်၊ မည်သည့် ကိလေသာ ဝင်ပေါက်ကမှ ဝင်ခွင့်မပေးခြင်း၊ မဝင်နိုင်စေရန် ပိတ်ဆို့ခြင်းကို တရား အားထုတ်သည်ဟု ခေါ်ရပေရာ ထိုင်နေမှသာမဟုတ်၊ စင်္ကြံသွားနေမှသာမဟုတ်၊ မျက်စိစသောတံခါးတို့မှကိလေသာ ဝင်ခွင့်ဖြစ်ခွင့်မပေးလျှင် အကောင်းဆုံးပင်၊ ယခုထိုင်ခြင်းဖြင့် ကာယဟူသောကိုယ်မှ ကိလေသာကို စောင့်ကြည့်သောအားဖြင့် (ကာယဝိညာဏ်)ကိုယ်သိဖြင့် သိရာ၌ ကိလေသာ မဝင်ပုံကား....

"ထိုင်လိုက်သောအခါ တိုက်တွေ့မှုတို့သည် ဖြစ်မြဲပင်၊ ထိုတွေ့လာသော ကိုယ်သိတွင် ချမ်းသာ၊ ဆင်းရဲတခုခုကို အကြောင်းပြု၍ (နှစ်သက်၊ မနှစ်သက်)တမျိုးမျိုး ဖြစ်လာသောအခါ၊ အဆက်ပါ မျက်စိနှင့်အဆင်းတွေ့သကဲ့သို့ ၎င်းတို့သည် ကိလေသာဖြစ်၍ ကြမ်းထန်းသော သဘောစသည်ဖြစ်၏၊ ထိုသဘောတို့ကို ဂရုမပြု လစ်လျူရှု၍ သိရမည့် တရားတို့ကိုသာ သိနေရသော ဥပေက္ခာမှသာလျှင်ကောင်းမွန်ပေသည်"ဟုစိတ်ပြောင်း၍ရှုလိုက်လျှင် ကိလေသာတို့သည် ဆက်လက်၍ ဖြစ်ခွင့်ဝင်ခွင့်မရတော့ပေ၊ အလိုလိုဥပေက္ခာဖြစ်လာလေသည်။

ကျွန်ုပ်တို့သည် မဇ္ဈိမပဋိပဒါဖြင့် ဥပေက္ခာရှုနည်းကို တိုက်တွန်းညွှန်ပြရာ၌ ဒေသနာတော်၏ သဘောအရ၊ ရှုခြင်းသာ ဖြစ်ရာ နည်းသစ်နည်းဆန်းမဟုတ်ပေ၊ ဥပက္ခောဟူသည် ဤသို့ ရှုမှတ်နေစဉ်၌'ဝိပဿနုပေက္ခာ'ဟု ခေါ်သည်၊ ၎င်းသည် ကိလေသာဖြစ်သည့်'နှစ်သက်၊ မနှစ်သက်'သဘောများကိုပယ်သတ်၍၊ ခွါ၍ ရှုရလေရာ၊ ဤဥပေက္ခာနည်းနှင့် မရှုဘဲ၊ ကိလေသာကွာမည် မ

ဟုတ်ပေ၊ မဂ်ရမည်မဟုတ်ပေ၊ ဝိပဿနာရှုသော ယောဂီသည် အနည်းဆုံး အောက်တန်းမဂ်တခုခုကိုရရန် အားထုတ်လျက်ရှိရာ၊ မဂ်ဟူသည်မှာလည်း....

"ကိလေသေ မာရေတွော ဂစ္ဆတိတိ မဂ္ဂေါ"

ဝိဂ္ဂဟ်အရ၊ 'ကိလေသေ၊ ကိလေသာတို့ကို မာရေန္တော၊ ပယ်သတ်လျက် ဂစ္ဆတိ နိဗ္ဗာန်သို့ သွားတတ်၏။ ဣတိ၊ထို့ကြောင့် မဂ္ဂေါ၊ မဂ်မည်၏" ဆိုရာ၌ မဂ်ဟူသည်ကိလေသာသတ်တတ်သော တရားဖြစ်၍၊ မိမိ၌ နှစ်သက်၊ မနှစ်သက်ဟူသည် သိမ်မွေ့သော အနုသယကိလေသာတို့ဖြစ်ပေရကား၊ ထိုကိလေသာကို မသတ်လျှင် (၀၁)ဥပေက္ခာနည်းနှင့်မျှ မဆုံးမ၊ မသတ်ဖြတ်နိုင်လျှင် မည်သည့်မဂ်မျှရမည်မဟုတ်ပေ၊ ဤကား သဘာဝကျသောနည်း ဖြစ်၏၊ ထိုကိလေသာကို မဖြတ်မပယ်နိုင်သေးသမျှ မဂ်မရဟု ဆိုလျှင် ထိုသို့သော အနုသယကိလေသာမျိုးကို မည်သည့်နည်း နှင့်သတ်မည်နည်း။ ထို့ကြောင့်....

"တဒုဘယံ၊ ထိုနှစ်သက် မနှစ်သက်၊ ဝမ်းသာ ဝမ်းနည်း ကိလေသာ ၂မျိုးကို အဘိနိဝေဇ္ဇေတွာ၊ကြဉ်ဖယ်၍၊ဝိဟရိတုကာမော၊ ရှုကာနေလိုသော ယောဂီသည် ကိုကရောတိ၊ အဘယ်ကဲ့သို့ရှုရမည်နည်းဆိုသော်ဣဋ္ဌာနိဋ္ဌေသု၊ ကောင်းသောနှစ်သက် စရာချမ်းသာအာရုံ၊ မကောင်းသော မနှစ်သက်စရာ ဆင်းရဲအာရုံ တို့၌၊ အာပါထဂတေသု၊ ဖြစ်ပေါ်လာ ထင်လာကဲ့သည်ရှိသော် နေဝသောမနဿိကော၊ ဝမ်းမမြောက် မနှစ်သက်ပါလေနှင့်၊

နဒေါမနဿိကော၊စိတ်ပျက်ဝမ်းနည်းမရှိလိုက်ပါနှင့် ဣတိ၊ဤသို့ ရှုပါ''ဟူ၏။

(ဥပရိပဏ္ဏာသဋ္ဌကထာ ၂၅၁)

ရှုပုံကား၊ မိမိ၏(စက္ခု-သောတ) မျက်စိ နားစသော တံခါး ပေါက်တခုခုတွင် အပြင်အာရုံ၊ အဆင်း၊ အသံစသည်တို့နှင့် တိုက် တွေ့ကဲ့သော်၊ ကောင်း-မကောင်း၊ နှစ်သက်-မနှစ်သက် တခုခု ဖြစ်လာမည်၊ ဝင်ရောက်လာမည်၊ သို့ဖြစ်လာလျှင် ယောဂီသည် ထိုဝင်လာ ဖြစ်လာသောကိလေသာတို့ကို အာရုံမပြု ဂရုမစိုက်ပါ ဘဲ၊ မိမိသိစရာ ဖြစ်သော ရုပ်နာမ်အာရုံကို သိနေကာမျှနှင့်ပင် 'ဥပေက္ခာ'ဖြစ်နိုင်လေသည်။ ထိုဥပေက္ခာဟူသည် ရုပ်နာမ်တို့၏ ပင်ကို အရှိသဘောဖြစ်ပျက်ကို ၎င်း၏ပင်ကို အရှိအတိုင်း 'ဖြစ် ပျက်'ဟု အသိရောက်နေမှသာလျှင် 'ဝိပဿနုပေက္ခာ'ဖြစ်၍၊ ထို ပင်ကို 'ဖြစ်ပျက်'ကို မသိဘဲနေလျှင်ကား၊(အဝိဇ္ဇာ) မောဟသာ ဖြစ်ပေလိမ့်မည်။

အဋ္ဌကထာတွင် မျက်စိနှင့် မြင်ရာ၌၎င်း၊ နားနှင့် အသံစသည် ဖြင့် တိုက်တွေ့ကြရာ၌၎င်း ထိုတွေ့တိုင်းသိတိုင်းတို့တွင်နှစ်သက်ဖွယ် ရာဟုတွေ့လျှင်'ရဇ္ဇတိ'ဝါ၊ နှစ်သက် စွဲငြိတပ်မက်မှုကိုလည်း အဒ တွာ၊ မပေးမူ၍-မဖြစ်စေမူ၍ မနှစ်သက်ဖွယ်တွေ့လာလျှင်လည်း ဒုဿတိဝါ၊ မနှစ်သက် မသက်သာမှုကိုလည်း အဒတွာ၊ မပေးမူ၍ မဖြစ်စေမူ၍ မေ့လျော့၍ မသိသည်ကိုလည်း မုယှတိဝါ၊ မေ့ လျော့ခြင်းကိုလည်းအဒတွာ၊မပေးမူ၍ပရိဂ္ဂဟေတွာ၊မူလရုပ်နာမ် ပရမတ်ကိုသိမ်းဆည်း၍ဝိပဿနံ၊ ရုပ်နာမ်တို့၏ သဘောမှန်ကိုရှုသိ

နေရသော ဝိပဿနာကို မဇ္ဈေတ္တော၊ လောဘ ဒေါသ ကိလေသာ အစွန်းလွတ်သော မဇ္ဈိမပဋိပဒါအလယ်လမ်း၌ ဌပေတိ၊ထား၏”

ဟူ၍ ညွှန်ပြ ထားသောကြောင့် ဘေးအစွန်း ကိလေသာ တဖက်တချက်မှလွတ်လျှင် အလယ်လမ်းကြောင်း မဇ္ဈိမပဋိပဒါ ရုပ်နာမ်၏ သဘောသို့သာ ဝင်သွားမည်ကို ဖေါ်ပြထားပေသည်။ ၎င်းပြင်=

“ဝိပဿံနံ မဇ္ဈေတ္တော ဌပေတီတိ မဇ္ဈိမပဋိပဒါအားဖြင့် ရုပ်နာမ်တို့၏ သဘာဝကို ရှုသော အလယ်လမ်းကြောင်း၌ ဝိပဿနာကို ထား၍ဟူသည်ကား အနုက္ကမေန၊ အစဉ်အားဖြင့် ဝိပဿနုပေက္ခံ ဝိပဿနာရှုရာ ဥပေက္ခာကို နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍ တံ၊ ထိုရှုစိတ်ကို သင်္ခါရုပေက္ခံ၊ ရှုဉာဏ်၏အဆုံးသင်္ခါရုပေက္ခာသို့ ပါပေတွာ ရောက်စေ၍ ဌပေတိ၊ထား၏။

ဥပရိပဏ္ဏာသဋ္ဌကာ-၄၅၅ တွင်ဆိုထားရာ၊ ဝိပဿနာယောဂီသည် ဝိပဿနာရှုဉာဏ်၏အထွဋ်အထိပ် သင်္ခါရုပေက္ခာ ရုပ်နာမ်ဖြစ်ပျက် သင်္ခါရကို လစ်လျူရှု စွန့်ပစ်သည်အထိ ရှုသွားရမည်ဖြစ်ရာ၊ ထို သင်္ခါရုပေက္ခာ)ဉာဏ်သို့ ရောက်ရန် ဝိပဿနုပေက္ခာ ဟူသော ဥပေက္ခာရှုနည်းဖြင့်သာ ရောက်စေအပ်သည်ဖြစ်၍ ထိုထို လောဘ ဒေါသစသော နှစ်သက်၊ မနှစ်သက် သဘောတို့ကို ခွါပစ်၍ ရှုရသော ကိလေသာမကပ်သည့် လမ်းဖြစ်သော မဇ္ဈိမပဋိပဒါ ဥပေက္ခာဖြင့်သာလျှင် ရှုရမည်ဖြစ်လေသည်။

**“ဥပေက္ခာရှုနည်းသည်အဆန်းမဟုတ်”** ထိုသို့ဥပေက္ခာအားဖြင့် ရှုရခြင်းသည် ကိလေသာဖြစ်သော အစွန်း ၂ ဖက်ကို လွတ်

အောင် မဖြစ်အောင် ရှုသွားရခြင်းဖြစ်၍ မည်သည့် ဝိပဿနာ သတိပဋ္ဌာန်နည်းမဆို၊ ကိလေသာ အစွန်းလွတ်အောင် မရှုနိုင်က၊ လိုအပ်သော ပန်းတိုင်သို့ရောက်မည်မဟုတ်ပေ၊ဆိုလိုသည်မှာ မည်သည့် သတိပဋ္ဌာန်နည်း အားထုတ်စေကာမူ၊ ရှုဉာဏ်သည် မဇ္ဈိမ ပဋိပဒါဥပေက္ခာမရှုဘဲ၊ ထိုရှုဉာဏ် မှန်ပြီဟုမဆိုရ၊ မဇ္ဈိမမကျလျှင် ဥပေက္ခာမဖြစ်လျှင်၊ ကာမ၊ အတ္တအစွန်းတဖက်ဖက်၊ နှစ်သက်-မ နှစ်သက် အစွန်းတဖက်ဖက်သို့ ကပ်ရောက်နေမည်၊ အစွန်းတဖက် ဖက်သို့ ကပ်ရောက်နေပါကလည်း မိမိတို့အလိုရှိသော မဂ်၏ဆန့် ကျင်ဖက်ဖြစ်သွားလေသည်၊သို့ဖြစ်၍ ဥပေက္ခာရှုပုံသည် အဆန်းမ ဟုတ်ပေ၊ မိမိတို့ ရှုနေကျ ဖြစ်သော ရုပ်နာမ် အ ပေါ် တွင် ၎င်းရုပ်နာမ်၏ သဘာဝလမ်းကြောင်းအတိုင်းပင် ရှုရကြောင်းကို

> "ရူပါနံတွေဝ အနိစ္စတံ ဝိဒိတွာ ဝိပရိဏာမ ဝိရာဂနိရောဓံ ပုဗ္ဗေစေဝရူပံ ဧတရဟိစ၊ သဗ္ဗေတေရူပါ အနိစ္စာ ဒုက္ခာ-ဝိပရိဏာမ ဓမ္မာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော ဥပ္ပဇ္ဇတိဥပေက္ခာ၊ ယာဧဝ ရူပါ ဥပေက္ခာ၊ ရူပံသာအတိဝတ္တတိ၊ တသ္မာ သာဥပေက္ခာ နေက္ခမ္မ သိတာတိ ဝုစ္စတီတိ"

(ဥပရိပဏ္ဏာသပါဠိတော်သဠာယတနဝိဘင်္ဂသုတ်–၂၆၁)။

"မြင်အပ်သောအဆင်းစသည်တို့၏သာလျှင်မမြဲခြင်း၊ဖေါက် ပြန်ခြင်း၊ ကင်းခြင်း၊ ချုပ်ခြင်း၊ စသည်ကိုသိ၍ ရှေးအခါ၌၎င်း၊ ယခုသိဆဲအခါ၌၎င်း ထိုအလုံးစုံသောအဆင်းစသည်တို့သည် မမြဲ ကုန်၊ ဆင်းရဲကုန်၊ အနှစ်သာရမရှိ ဖေါက်ပြန် ပျက်စီးသောသ

ဘောရှိကြကုန်၏ဟု မဖေါက်မပြန် မှန်ကန်သော မဇ္ဈိမပဋိပဒါ ညာဏ်ဖြင့်ကောင်းစွာရှုမြင်နေသောယောဂီအားဥပေက္ခာသဘော သည်ဖြစ်၏၊ ဤသို့သဘောရှိသော ဥပေက္ခာသည် အဆင်းစသည် ကို လွန်၍မဖြစ်၊ ထိုအဆင်းစသည်၌ တည်၍ သိနေသောဥပေက္ခာ သည် ထွက်မြောက်ရာကို မှီ၍ဖြစ်သော ဥပေက္ခာဟုဆိုအပ်၏”

ဤသို့ဟောတော်မူထားလေရာ မိမိတို့သည် ထိုဥပေက္ခာဖြစ် အောင် တပါးအခြားရှာကြံ၍ရှုရ၊ အားထုတ်ရသည်မဟုတ်ကုန်၊ ရုပ်နာမ်တို့၏ ပင်ကိုယ်သဘောကို ယထာဘူတကျအောင် မဇ္ဈိမ ပဋိပဒါဖြစ်အောင် ရှုနိုင်ခြင်း၊ ကိလေသာ အစွန်းလွတ်အောင် ရှုနိုင်ခြင်းသည်သာလျှင် ပဓါနကိစ္စဖြစ်၍ ထိုမဇ္ဈိမပဋိပဒါ ကျ လာသည်နှင့် ဥပေက္ခာသည် အလိုလိုဖြစ်လေသည်။

(အာရဒ္ဓဝိပဿက)ဝိပဿနာ ရှုအားသန်သော ယောဂီသည် ရုပ်နာမ်ခန္ဓာ၌ ဖြစ်ပေါ်နေသော ပရမတ်ဖြစ်သည့် သဘောတရား တို့ကို ရှုညာဏ်မှန်မှန်နှင့် ရှုနေရာဝယ် 'ဝိပဿနုပေက္ခာ' ဖြစ်၍ အစဉ် အတိုင်း ဆက်လက်၍ သိသင့်သည်တို့ကို မှန်မှန်ဆက်သိသွားပါက 'သင်္ခါရုပေက္ခာ' သဘောသို့ ရောက်ကြောင်းကို...

“အာရဒ္ဓဝိပဿကဿ ဝိပဿနာဉာဏေန လက္ခဏတ္တယေ ဒိဋ္ဌေ သင်္ခါရာနံ အနိစ္စဘာဝါဒိ ဝိစိနနေ မဇ္ဈတ္တတာ ဥပ္ပဇ္ဇတိ၊ အယံဝိပဿနုပေက္ခာနာမ၊ လက္ခဏတ္တယဿ ဒိဋ္ဌတ္တာ အာဒိတ္တေဝိယတယော ဘဝေသင်္ခါရဂ္ဂဟဏေ မဇ္ဈတ္တတာ အယံသင်္ခါရုပေက္ခာနာမ၊ဣတိဝိပဿနုပေက္ခာ ယ သိဒ္ဓါယ သင်္ခါရုပေက္ခာပိ သိဒ္ဓါဝဟောတိ”

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ—၁၅၇)(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ—၁၇၅)။

"ဝိပဿနာရှုအားသန်သော ယောဂီအား ရုပ်နာမ်ပရမတ်ကို မှန်မှန်မြင်သော ဝိပဿနာဉာဏ်သည် ထိုသင်္ခါရတို့၏ မမြဲသော၊ ဆင်းရဲသော၊ အနှစ်မဲ့သော သဘောတို့ကို မြင်သောအခါ၌ ထိုဖြစ်ပျက်သင်္ခါရတို့၏ မမြဲခြင်းစသော သဘောတို့ကို တွေ့မြင်စိစစ်ပြီး 'ဤသင်္ခါရတို့သည် ဤသဘောမျှပါတကား' ဟု ရှုမြင်သော ဉာဏ်သည်၊ ဝိပဿနုပေက္ခာဖြစ်သည်၊ ထိုသို့မမြဲခြင်း၊ ဖြစ်ခြင်း၊ ပျက်ခြင်းစသည်ကို ဉာဏ်ဖြင့်မြင်သော ယောဂီအား ထိုသဘောတို့ကို မြင်သဖြင့် 'ဤသင်္ခါရတို့သည် ဤကဲ့သို့ သဘောမျိုးရှိလေသောကြောင့် ဤရုပ်နာမ် သင်္ခါရ ဖြစ်လျက်ရှိသော ဘုံသုံးပါးသည် မီးတောက်ကြီးကဲ့သို့ ပူလောင် ဆင်းရဲလှပေ၏' စသည်ဖြင့် ရုပ်နာမ်သင်္ခါရတို့၌ ဉာဏ်ဖြင့် ရှုကြည့်သိမ်းဆည်းလျက် သံဝေဂဉာဏ်ဖြင့် ထိုဖြစ်ပျက်လျက်ရှိသော ရုပ်နာမ် သင်္ခါရတို့ကို တရားသဘောအတိုင်း မဈ္ဈိမပဋိပဒါကျစွာ မျှတအောင် ရှု၍ လွတ်အောင်နှလုံးသွင်းနိုင်မှုသည်၊ သင်္ခါရုပေက္ခာဖြစ်လေသည်။

ထို့ကြောင့် ရုပ်နာမ်ဖြစ်ပျက်သင်္ခါရတို့ကို ကိလေသာ မကပ်အောင် ရှုနိုင်ခြင်းသည် 'ဝိပဿနုပေက္ခာ' ဖြစ်၍ ထိုရှုချက် ဝိပဿနုပေက္ခာ မှန်သွားလျှင် ရုပ်နာမ်ခန္ဓာကို အပြစ်မြင်ရာမှ ဘုံသုံးပါးလုံး ရှိ ရုပ်နာမ်သင်္ခါရဖြစ်ပျက်မှုသည်မီးကြီးမီးတောက် အသွင် ထင်မြင် စွန့်ခွာသည့် သင်္ခါရုပေက္ခာ ကိစ္စပြီးပါသည်၊ တနည်း မဂ်ရောက်နိုင်သည်ကို ပြခြင်းဖြစ်ပေသည်" ဟု....

အဋ္ဌကထာတို့က ဆိုထားပေရာ၊ ဝိပဿနာ ရှုဉာဏ်သည် မည်သည့် သတိပဋ္ဌာန်နည်းနှင့်ရှုရှု ရုပ်နာမ် သင်္ခါရအပေါ်၌

၎င်းတို့၏ လက္ခဏာသဘောကို 'ဖြစ်ပျက်'သဘော မြင်နိုင်လျှင် 'ဝိပဿနုပေက္ခာ'ဖြစ်သည်၊ ထိုရုပ်နာမ်သင်္ခါရတို့ကိုဖြစ်ပျက်မြင်ပြီးနောက်၊ ၎င်းတို့ကိုမြင်သဖြင့် ဘုံသုံးပါးလုံး၌ ဖြစ်ရှိနေကြသော ပရမတ္ထရုပ်နာမ်တို့သည်လည်း အလိုမရှိအပ်သော အလွန်ပူလောင်သည့် မီးကြီးမီးတောက်အသွင် ထင်မြင်လျက် မရချင် မလိုချင်၍ စွန့်ပစ်လိုသည့် သဘောမျိုး သံဝေဂဉာဏ်ထင်လျက် ရုပ်နာမ်ခန္ဓာကို စွန့်လွှတ်ရာတွင် သံသရာလွှတ်တရားဖြစ်၍ ခန္ဓာသံသရာမှ လွှတ်မြောက်နိုင်ပေသည်။

မိမိတို့၏ ဝိပဿနာဉာဏ် ရှုချက်သည် အ ဘယ် သို့ လျှင် ဥပေက္ခာဖြစ်ပါမည်နည်းဟု တွေးတော၍ ပူပန်နေစရာမလိုပေ၊ ကျွန်ုပ်တို့ထံသို့ စာဖြင့် ဆွေးနွေးသော ယောဂီတဦးအတွက် ရည်ညွှန်းပါသည်(မဇ္ဈိမပဋိပဒါရှင်းချက်စာအုပ် စာမျက်နှာ ၅၅ တွင် 'ဒိဋ္ဌေဒိဋ္ဌမတ္တံ' ရှုသော ဗာဟိယ၏ ရှုနည်းကို အလွန်သဘောကျပ'၍၊ ၎င်းဥပေက္ခာသည် ဝိပဿနာရှုရာ၌ မည်ကဲ့သို့ ရှုရမည်ကို မေတ္တာရပ်ခံ တောင်းပန်ချက်အရ) ညွှန်ပြရသော် ထိုဗာဟိယအကြောင်း ဥပေက္ခာရှုပုံကို ထိုစာအုပ်ထဲတွင် မပါပါ သည်၊ မိမိအနေနှင့် ဥပေက္ခာသိရန်မှာ....

"အဒုက္ခမသုခန္တိဒုက္ခာ ဘာဝေန အဒုက္ခံ၊သုခါ ဘာဝေန အသုခံ၊ ဧတေနေတ္ထ ဒုက္ခသုခ ပဋိပက္ခဘူတံ တတိယ ဝေဒနံ ဒီပေတိ၊ နဒုက္ခသုခါ ဘာဝမတ္တံ တတိယဝေဒနာ နာမ အဒုက္ခမသုခါ ဥပေက္ခာတိပိ ဝုစ္စတိ"

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၁၃၉)။

"အဒုက္ခမသုခဟူသော ဥပေက္ခာသည်၊ ဆင်းရဲမဖြစ်သော ကြောင့် အဒုက္ခ ချမ်းသာ မဖြစ်သောကြောင့် အသုခ၊ ဤ ဥပေက္ခာနေရာ၌၊ ထိုဆင်းရဲမဟုတ်ခြင်း၊ ချမ်းသာမဟုတ်ခြင်းသည် ဆင်းရဲချမ်းသာတို့၏ ဆန့်ကျင်ဖက်ဖြစ်၍ဖြစ်သော သုံးခုမြောက် တတိယဝေဒနာဖြစ်၏၊ ဆင်းရဲချမ်းသာ မဖြစ်ကာမျှကား မဟုတ်၊ တတိယဝေဒနာဆိုသည်ကား၊ ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ် သော ပရမတ်တို့ကိုသိရှိသော ခံစားသောဥပေက္ခာကိုပင် ခေါ်ဆို ခြင်းပေတည်း"

ဤ၌ ရုပ်နာမ်ခန္ဓာအား 'သတိ'ဖြင့် ရှုသိနေသောအခါ ဆင်းရဲ ကို တွေ့နေချိန်တွင် 'ဒုက္ခဝေဒနာ'ဖြစ်၍ ချမ်းသာဟု တွေ့နေချိန် တွင်'သုခဝေဒနာ'ဖြစ်နေပေသည်၊ မဇ္ဈိမပဋိပဒါဉာဏ် ဝင်လာ သော'ပညာ'ဖြင့် သိနေချိန်တွင် ထိုဆင်းရဲကိုလည်း ဆင်းရဲဟူ၍ မရှု၊ ချမ်းသာကိုလည်း ချမ်းသာဟူ၍ မရှုဘဲ အလယ်လမ်း ကြောင်း မှန်မှန်ယထာဘူတ သဘာဝအားဖြင့် ဆင်းရဲလည်းဖြစ် ပျက်၊ ချမ်းသာလည်းဖြစ်ပျက်ဟု ရှုမိ သိမိသောအခါ ထိုဆင်းရဲ (ဒုက္ခဝေဒနာ)နှင့်ချမ်းသာ(သုခဝေဒနာ)တို့မှတပါးဖြစ်၍ တတိယ မြောက်(ဥပေက္ခာဝေဒနာ)ဖြစ်လာလေသည်၊ သို့အတွက် သုံးခု မြောက်'တတိယဝေဒနာ'သဘောသည် ဆင်းရဲချမ်းသာ မဟုတ် သော ကိလေသာ မကပ်သည့် အလယ်လမ်းကြောင်း အကျင့် အသိဖြစ်သောကြောင့် ဝိပဿနာရှုသော ယောဂီသည် ဤ ဥပေက္ခာသို့ ရှုဉာဏ် မရောက်လျှင် မဖြစ်သော ကိစ္စဟု ဆိုအပ် သည်။

ဥပေက္ခာဟူသည် လောကတွင် အများလူတို့ ပြောကြား သုံးစွဲကြသကဲ့သို့ 'အမှတ်မဲ့နေမှုမျိုး'မဟုတ်၊ ကိလေသာဖြစ်တတ်သည့်တရားတို့ကို မဖြစ်စေရန်အတွက် နှစ်သက် မနှစ်သက်စသော ချမ်းသာဆင်းရဲ ကိလေသာတို့ကို ဖြစ်ခွင့်မပေးဘဲ အသိဉာဏ်သည် ရုပ်နာမ်ပရမတ်ပေါ်သို့တင်၍ ထိုပရမတ်၏သဘောတရားတို့ကို ၎င်းတို့၏ သဘောတရားအတိုင်း သိနေမှုကို 'ဥပေက္ခာရှုသည်'ဟု ခေါ်ရလေသည်။

×+×+×

"ဒုက္ခတာ ၃ မျိုး" မဇ္ဈိမပဋိပဒါနည်းနှင့် ဥပေက္ခာရှုရပုံကို ဖေါ်ပြရာ၌ ရုပ်နာမ်အရှုခံနှင့်ပတ်သက်၍ ဆင်းရဲဖြစ်ပုံသုံးမျိုးကို ဆွေးနွေးထားကြသော ပုဂ္ဂိုလ်များအတွက်'ဒုက္ခတာ ၃ မျိုး' ဟု မှတ်စေလိုသည်၊ မြတ်စွာဘုရား၏ သာသနာအလုပ်ကို မိမိတို့ သဘောအရသာ အဟုတ်ထင်ပြီး ဒေသနာတော်ကို မညှိဘဲ ဇွတ်ပြောနေသူများလည်း ရှိပေရာ၊ ကျွန်ုပ်တို့မှာ မည်သူ၏တရားဟူ၍မျှ သဘောမထားဘဲ၊ တရားဟူသည်'ယထာဓမ္မ၊ ယထာသဘာဝ' ဖြစ်က ဘုရားသာသနာအတွင်းမို့ ဘုရား၏တရားတော်ချည်းဟု သဘောထားရသည်၊ အချို့တို့မှာ ဘုရား၏တရားဟုပင် အမည်မတပ်လိုဘဲ၊ မိမိတို့အနေနှင့် သာသနာစင်ပြိုင်လုပ်လာသည်များကိုလည်း ဝမ်းနည်းစွာ တွေ့ရသည်။

၎င်းတို့သည် မြတ်စွာဘုရား၏တရားတော် တပုဒ်ကို မူတည်လျက်၊ မိမိတို့လိုရာဖက်သို့ ဆွဲ၍ရအောင် လိုရာပုဒ်တို့ကို ဖြည့်စွက်

လျက်ရင်း၊ ထုတ်နှုတ်၍ရင်း၊ တဦးတည်း ထ၍ထ၍ ငြင်းလေသည်၊ အော်လေသည်၊ ဤသာသနာတွင်းရှိ ရဟန်းပညာရှိ၊ လူပညာရှိတို့လည်း ဆိတ်ဆိတ်နေ၍ လစ်လျူရှုကြလေသည်။

ကျွန်ုပ်တို့လည်း ငြင်းခုန်ရမှုမျိုးကို မလိုလားပေ၊ မြတ်စွာဘုရား၏ သာသနာအလုပ်တွင် အလုပ်မှန်ကန်မှုသာ ဂရုစိုက်ရမည့်အစား၊ ငြင်းခုန် စကားများနေမှု၊ အသံကျယ်လောင်စွာ အော်နေမှုသည် မြတ်စွာဘုရား၏ သာသနာ ကြီးပွား တိုးတက်သော လက္ခဏာများမဟုတ်ပေ၊ တရားသဘော ယထာဘူတ ကျမှုသာ အရေးကြီးသေသည်၊ ဒုက္ခတာ ၃ မျိုးမှာ....

"တိဿော ဒုက္ခတာ ဒုက္ခ ဒုက္ခတာ၊ သင်္ခါရဒုက္ခတာ၊ ဝိပရိဏာမဒုက္ခတာ၊ တတ္ထလောကော ဩဓသော ကဒါစိ ကရဟာစိဒုက္ခ ဒုက္ခတာယမုစ္စတိ၊ တထာဝိပရိဏာမဒုက္ခတာယ။ တံကိဿဟေတုဟောန္တိ လောကေ အပ္ပဗါဓာဒီဃာယုကာပိ၊ သင်္ခါရဒုက္ခတာပန လောကော အနုပါဒိသေသာယ၊ နိဗ္ဗာနဓာတုယာမုစ္စတိ၊ တသ္မာ သင်္ခါရဒုက္ခတာ ဒုက္ခံ လောကဿာတိကတွာ ဒုက္ခမဿမဟဗ္ဗယန္တိ"

(နေတ္တိပါဠိတော်—၁၂)။

(ဤဒုက္ခတာ ၃ မျိုးနှင့်ပတ်သက်၍ အချို့ အငြင်းအခုန် စကားပြောနေကြသည့်အတွက် တတ်နိုင်သမျှ ပြည့်စုံအောင် ရှာဖွေ၍ရေးသားဖေါ်ပြပေအံ့၊ သာသနာ လုပ်ငန်းတွင် သဘာဝကျသော ညွှန်ပြချက် အဆုံးအဖြတ်များကိုတွေ့၍မှ မိမိတို့အယူကိုမစွန့်ပါက၊ ထိုပုဂ္ဂိုလ်များအတွက်ဘုရားသော်မှမတတ်နိုင်ရာ)။

"တိဿောဒုက္ခတာ၊ ဒုက္ခတာ သုံးမျိုးတို့သည် ဒုက္ခ ဒုက္ခတာ၊ ဒုက္ခဒုက္ခဘာသည်၎င်း၊ သင်္ခါရဒုက္ခတာ၊ သင်္ခါရဒုက္ခတာသည်၎င်း၊ ဝိပရိဏာမဒုက္ခတာ၊ ဝိပရိဏာမဒုက္ခတာသည်၎င်း၊ ဣတိ၊ ဤသို့၊ တိဿော၊ သုံးမျိုးတို့တည်း"

"တတ္ထ၊ ထိုသုံးမျိုးသော ဒုက္ခတာတို့တွင် လောကော၊ လူအပေါင်းသည် ဩဠာရိကသော၊ အပိုင်းအခြားအားဖြင့် ကဒါစိ(အတ္တုပက္ကမ၊ မိမိလုံ့လဖြင့်)ရံခါ၊ ကရဟစိ(ပရူပက္ကမ၊ သူတပါးလုံ့လဖြင့်)ရံခါ၊ ဒုက္ခဒုက္ခတာယ၊ ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းမှ မုစ္စတိ၊ လွတ်မြောက်နိုင်၏"

ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာတွင် နောက်ဆက် ဒုက္ခ ဖြစ်သော ခေါင်းကိုက်၊ ဗိုက်နာစသော အနာရောဂါမျိုးစုံ လောကဒုက္ခ အဖုံဖုံအားဖြင့် နှိပ်စက်တတ်သောအနာမျိုး၊ ရောဂါမျိုးတို့သည် ဒုက္ခဟူသော ဆင်းရဲ ခန္ဓာကိုယ်အပေါ်တွင် အပိုထပ်ဆင့် ဒုက္ခဖြစ်သော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ဖြစ်စေတတ်သော အပိုဒုက္ခတခုသည် 'ဒုက္ခဒုက္ခတာ' မည်၏၊ ထိုဒုက္ခဒုက္ခတာမျိုးကို မိမိ၏ လုံ့လပယောဂ အပြုအပြင်ဖြင့်၎င်း၊ သူတပါးတို့၏ ဆေးဝါး မန္တယား အပြုအပြင် အစီအရင်ဖြင့်၎င်း၊ မိမိတွေ့ကြုံ ခံစားနေရသော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းစသည်မှ လွတ်မြောက်နိုင်သေး၏ဟု ဆိုလိုသည်။

"တထာ၊ ထိုဒုက္ခဒုက္ခတာကဲ့သို့အတူ၊ ဝိပရိဏာမဒုက္ခတာယ၊ အိုခြင်း သေခြင်း အစရှိသော အပြောင်းအလဲ ဆင်းရဲဘေးမှ မုစ္စတိ၊ လွတ်မြောက်နိုင်၏"

ဒုက္ခဒုက္ခတာ ဟုဆိုအပ်သော ရောဂါ အနာစသည်တို့ကို မိမိ၏လုံ့လပယောဂ အပြုအပြင်ဖြင့်၎င်း၊ ဘုတပါးတို့၏ ဆေးဝါးမန္တယား အစီအရင်ဖြင့်၎င်း၊ အနာရောဂါ ပျောက်နိုင်သေးသကဲ့သို့ အိုခြင်း သေခြင်းစသော ဝိပရိဏာမဒုက္ခ မျိုးကိုလည်း မိမိ၏ကျန်းမာရေးလိုက်စားသဖြင့်၎င်း၊ သူတပါးတို့၏ အသက်ရှည်စွာ အနာကင်းကြောင်းဆေးဝါးကောင်းကို မှီဝဲရသဖြင့်၎င်း အမြဲအစဉ်မဟုတ်စေကာမူ၊ ယာယီအားဖြင့် လွတ်အောင် တားနိုင်သေး၏ဟု ဆိုလိုသည်။

"တကိုဿဟေတု၊ ဘယ်အကြောင်းကြောင့် လွတ်မြောက်နိုင်ပါသနည်းဟူမူ၊ ယသ္မာ၊ အကြင်ကြောင့် လောကေ၊ လောကၡ အပ္ပါဗါဓော၊ အနာရောဂါကင်းအောင် ကုနိုင်ခြင်းတို့သည်လည်း ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏၊ ဒီဃာယုကာပိ၊ အသက်တာရှည်တည်နေရခြင်းတို့သည်လည်း ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏ တသ္မာ၊ ထို့ကြောင့် မုစ္စတိ၊ လွတ်နိုင်၏"

အ ဘယ့်ကြောင့် ဒုက္ခဒုက္ခတာ၊ ဝိပရိဏာမဒုက္ခတာမှ သတ္တဝါတို့ လွတ်နိုင်ကြပါသနည်းဟူမူ၊ လောကတွင် အနာရောဂါဖြစ်လာပါက၊ ထိုအနာရောဂါအား လျော်သော ဆေးဝါးဓါတ်စာတို့သည်ရှိကုန်၏၊ ထိုဆေးဝါးဓါတ်စာ စသည် တို့သည် အမြဲတစေ မဟုတ်စေကာမူ၊ တဖြည်းဖြည်း သက်သာပျောက်ငြိမ်းစေနိုင်လေသည်၊ အိုခြင်း၊ နာခြင်း၊ သေခြင်းစသော ဝိပရိဏာမဒုက္ခမျိုးကိုလည်း အသက်ရှည်စေတတ်သောဆေးဝါး အိုခြင်းကို တားဆီးစေတတ်သောဆေးဝါးတို့သည်၊ ကမ္ဘာ့နိုင်ငံ

ကြီးတို့တွင် ခွဲစိပ်ကုသခြင်း ဆိုင်ရာတို့၌ အလွန် တိုးတက် နေရကား၊ အိုခြင်း သေခြင်းကိုလည်း အမြဲမအိုရန်၊ အမြဲမသေရန် မတတ်နိုင်စေကာမူ၊ ယာယီအားဖြင့် ခပ်ကြာကြာပင် တားဆီး နိုင်ပေရကား လွတ်မြောက်နိုင်ကြသေး၏ဟု ဆိုလိုသည်။

"သင်္ခါရဒုက္ခတာ ပန၊ ရုပ်နာမ်တို့၏ အစဉ်မပြတ် ဆက်စပ် ဖြစ်ပျက်နေသော သင်္ခါရဒုက္ခသည်ကား လောကော၊ လူအ ပေါင်းသည် အနုပါဒိသေသာယနိဗ္ဗာနဓါတုယာ၊ ခန္ဓာမကြွင်း အပ်၊ နိဗ္ဗာနဓါတ်ဖြင့် မုစ္စတိ၊ လွတ်မြောက်နိုင်တော့၏၊ တသ္မာ၊ ထိုသို့ သင်္ခါရလောကမှ လောကဲ၌ ရံခါမှ မလွတ်သောကြောင့်၊ သင်္ခါရဒုက္ခတာ၊ ရုပ်နာမ်တို့၏ ဥပါဒ်,ဋ္ဌီ,ဘင် အားဖြင့် အစဉ် မပြတ် ဆက်စပ်၍ ဖြစ်ပျက်နေသော ဒုက္ခသည် လောကဿ၊ လူ အပေါင်း၏၊ ဒုက္ခံ ဆင်းရဲပင်မြစ် အမှန်ပင်ဖြစ်သတည်း၊ ဣတိ မနသိကတ္ဝာ၊ ဤသို့နှလုံးပြု၍ ဒုက္ခံ၊ ရုပ်နာမ်တို့၏ဥပါဒ်,ဋ္ဌီ,ဘင် အားဖြင့် အစဉ်မပြတ် ဆက်စပ်ဖြစ်ပျက်နေသောဒုက္ခသည် အဿ လောကဿ ထိုလူအပေါင်း၏ မဟဗ္ဘယံ၊ ဘေးကြီးစင်စစ်အမှန် ပင်ဖြစ်သတည်း၊ ဣတိ၊ ဤသို့ ဘဂဝါ၊ မြတ်စွာဘုရားသည် ဝိဿဇ္ဇေသိ၊ အဇိတ လုလင်၏ အမေးကို ဖြေတော်မူပြီ"

ရုပ်နာမ်တို့၏ မရပ်မနား ဒလစပ် ဖြစ်ပျက်နေသော သင်္ခါရ ဒုက္ခတာသည်ကား၊ ရုပ်နာမ်လက်ရှိ ရယူထားသော သတ္တဝါ အပေါင်းသည်၊ ရဟန္တာဖြစ်ပြီးနောက် ခန္ဓပရိနိဗ္ဗာန်စံမှပင် ထို သင်္ခါရဒုက္ခမှလွတ်မည်ဖြစ်သည်၊ ရဟန္တာ၏ ခန္ဓ ရိနိဗ္ဗာန် မစံရ သေးသမျှသော ဤရုပ်နာမ်သည် သင်္ခါရဒုက္ခဖြင့် ဖြစ်ပျက်လျက်

အနှိပ်စက်ခံရဦးမည်သာ ဖြစ်လေသည်၊ ထို့ကြောင့် ထိုသုံးမျိုးသော ဒုက္ခတာတို့တွင် ဤသင်္ခါရဒုက္ခသည်သာ ရံခါမျှလွတ်ခွင့်၊ သက်သာခွင့်မရလေသောကြောင့် အကြီးဆုံးသော ဆင်းရဲပင်ရင်း ဖြစ်လေသည်၊ ထို့ကြောင့်ပင် 'အဇိတမာဏဝ'၏ အမေးကို မြတ်စွာဘုရား ဖြေတော်မူရာ၌ 'ဒုက္ခမဿမဟဗ္ဘယံ' ဆင်းရဲတို့တွင် အကြီးဆုံးဟု ဟောတော်မူပေရာ၊ ခန္ဓာကိုယ်မှာ အမြဲရှိ၍ အမြဲ ရှုရမည့် ဒုက္ခသည် ဤသင်္ခါရ ဒုက္ခသာ ဖြစ်ကြောင်း ထင်ရှား လေပြီ။

တချို့က 'ဒုက္ခ-ဒုက္ခ'ကို ဝိပဿနာရှုရမည်ဟု ပေ၍ ငြင်းသည် 'ဒုက္ခဝေဒနာကိုခွါ၍ရှုပုံများဟု' ခေါင်းစဉ်တပ်ထားသောအပိုင်းကို ဤစာအုပ်တွင်တွေ့နိုင်၏၊ ထိုသူတို့၏ မျက်စိမှိတ်ငြင်းမှုသည် ဘုရားနှင့် အရိယာသံဃာများကို ငြင်းမိက ဒုက္ခဖြစ်မည်၊ အနာရောဂါတခုခုကို ဝိပဿနာနည်းဖြင့် အဘယ်သို့ ရှုနိုင်အံ့နည်း၊ ထို အနာရောဂါဒုက္ခဖြစ်နေသော ပရမတ် ရုပ်နာမ်အပေါ်မှာသာ ရှုရမည်ဖြစ်၍ ထိုရောဂါဝေဒနာ ဒုက္ခဒုက္ခတာကို ခွါပြီးမှ ရှုနိုင်တော့သည်၊ ထိုရောဂါအနာဟူသည် ပညတ် ဖြစ်သောကြောင့် ဝိပဿနာရှုရန် အာရုံလုံးဝမဟုတ်ပေ။

အချို့လည်း 'ဝိပရိဏာမဒုက္ခ'ကို ဝိပဿနာရှုကြသည့် အိုခြင်း သေ ခြင်း မှာ ပညတ် ဖြစ်၍ 'ဇရာဓမ္မောမှိဇရံအနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ''ဟူသောအဘိဏှသုတ်နှင့်ဆင်ခြင်သည်က လွဲ၍ ဝိပဿနာရှုရန် မဖြစ်ပေ၊ ဝိပဿနာ၏ အာရုံလည်းမဟုတ်၊ သံဝေဂဖြစ်ရန် ဘုရားဟောခြင်းဖြစ်သည်၊ ၎င်းအပြင် အနာ

ရောဂါဟူသော ဒုက္ခဒုက္ခတာနှင့် အိုခြင်းသေခြင်း ဝိပရိဏာမ ဒုက္ခတာတို့သည် လောက၌ သိပ္ပပညာထွန်းကားနေသော ဤခေတ်ဝယ် အမျိုးမျိုးသော ဆေးအစွမ်းကောင်းတို့ဖြင့် ခွဲစိပ် ကုသကာ ချက်ခြင်းအိုခြင်းနာခြင်း သေခြင်းမှပင် တားဆီးနိုင် သေးရကား၊ အနာရောဂါပျောက်ငြိမ်းကဲ့သော်၊ အိုခြင်း သေခြင်း ခေတ္တ လွတ်ကဲ့သော် မည်သည်ကို ဝိပဿနာရှုမည်နည်း၊ ရှေးအခါ ကလည်း ဝိဇ္ဇာမယဆေးတို့ဖြင့် နုပျိုစေရန် အသက်ရှည်စေရန် စွမ်းနိုင်ကြောင်းကို....

"သက္ကတေဝ ဇရာယပရိကမ္မံ ကာတုံ၊ န ပန သက္ကတေ မရဏဿ ပဋိကမ္မံ ကာတုံ အညတြေဝ ဣဒ္ဓိမန္တာနံ ဣဒ္ဓိဝိသယာ"

(နေတ္တိပါဠိတော်—၂၁)။

(ယုတ္တိဟာရဝိဘင်္ဂအဋ္ဌကထာ = ၈၄)။

အိုခြင်းကို တားဆီးခြင်းငှာ စွမ်းနိုင်၏၊ သေခြင်းကိုကားတား ဆီးခြင်းငှါမစွမ်းနိုင်၊ သို့ရာတွင် ဣဒ္ဓိတန်ခိုး အမျိုးမျိုးရှိသော ပုဂ္ဂိုလ်တို့ကား အမြဲမဟုတ်စေကာမူ၊ အတော်ကြာအောင်ပင် တားနိုင်၏၊ ဝိပဿနာရှုရာတွင် အရင်းခံဖြစ်သော ပရမတ် ရုပ်နာမ်တို့၏ အမှန်ရှိနေသော သဘောကို အမှန်သိအောင် ဉာဏ်ဖြင့် ရှုသိရခြင်းဖြစ်ရာ၊ အမှန်မရှိသော အခိုက်အတန့်ပညတ်ဒုက္ခမျိုးကို အမြဲရှိပရမတ်အနေနှင့် ရှု၍မရပေ။

"ဒုက္ခတာ ၃ မျိုး၏သဘော"

"ဒုက္ခဒုက္ခတာ တိ ဒုက္ခဘူတာဒုက္ခတာ၊ ဒုက္ခဝေဒနာယေတံနာမံ"

"ဒုက္ခဒုက္ခတာ ဟူသည် ဆင်းရဲဖြစ်၍ ဖြစ်သော ဒုက္ခတည်း၊ ဒုက္ခဝေဒနာဟူသော အမည်ဖြစ်၏"

"သင်္ခါရဒုက္ခတာ တိ သင်္ခါရ ဘာဝေန ဒုက္ခတာ၊ အဒုက္ခမသုခါ ဝေဒနာယေတံနာမံ၊ သာဟိသင်္ခတတ္တာ ဥပ္ပါဒဇရာဘင်္ဂပိဠိတာ တသ္မာ အည ဒုက္ခသဘာဝဝိရဟ တော သင်္ခါရ ဒုက္ခာတိဝုတ္တာ"

"သင်္ခါရဒုက္ခတာဟူသည် ဖြစ်ပျက်ရုပ်နာမ်တို့၏ သဘော ကြောင့်ဖြစ်သော ဆင်းရဲတည်း၊ ဥပေက္ခာဝေဒနာ ဟူသော အမည်ဖြစ်၏၊ ထိုသင်္ခါရဒုက္ခသည် အကြောင်းတရား တို့သည် ပြုပြင်စီရင်ခြင်းကြောင့်၎င်း၊ ဖြစ်ခြင်း၊ရင့်ခြင်း၊ပျက်ခြင်းတို့သည် မပြတ်မလပ် နှိပ်စက်အပ်သောကြောင့်၎င်း၊ တပါးတခြားသော ဒုက္ခဝေဒနာစသည်တို့မှ ကင်းသည်၏ အဖြစ်ကြောင့်၎င်းသင်္ခါရ ဒုက္ခတာဟု ခေါ်ဆိုအပ်၏"

"ဝိပရိဏာမဒုက္ခတာတိ ဝိပရိဏာမေ ဒုက္ခတာ၊ သုခဝေ ဒနာယေတံနာမံ၊ သုခဿဟိ ဝိပရိဏာမေဒုက္ခံ ဥပ္ပဇ္ဇတိ၊ တသ္မာသုခံ ဝိပရိဏာမ ဒုက္ခတာတိဝုတ္တံ"

"ဝိပရိဏာမဒုက္ခဟူသည် ပြောင်းလဲ ဖေါက်ပြန်တတ်သော ဆင်းရဲတည်း၊ သုခဝေဒနာ၏အမည်ဖြစ်၏၊ ချမ်းသာဟု ဆိုသော်လည်း ဖေါက်ပြန် လာသောအခါ ဆင်းရဲဖြစ်၏၊ ထို့ကြောင့် ဝိပရိဏာမဒုက္ခတာဟု ခေါ်ဆိုအပ်၏"

"အပိစဌပေတွာ ဒုက္ခဝေဒနံ သုခဝေဒနဉ္စ သဗ္ဗေပို တေ ဘူမကာ ဓမ္မာ 'သဗ္ဗေသင်္ခါရာဒုက္ခာ' တိဝစနတော သင်္ခါရ ဒုက္ခတာ တိဝေဒိတဗ္ဗာ"

“စင်စစ်သော်ကား၊ ဆင်းရဲခံစားခြင်း(ဒုက္ခဝေဒနာ) ချမ်းသာခံစားခြင်း(သုခဝေဒနာ)တို့ကို ဖယ်ထား၍ အလုံးစုံ ဘုံသုံးပါး၌ဖြစ်သော ရုပ်တရား-နာမ်တရား အားလုံးတို့သည် ‘သဗ္ဗေ သင်္ခါရာဒုက္ခာ’ဟု မြတ်စွာဘုရား ဟောတော် မူသောကြောင့် သင်္ခါရဒုက္ခဟူ၍သာ မှတ်ရမည်။

(ဤကား ပါထိကဝဂ္ဂဋ္ဌကထာ-၁၇၄ ၌လာသော စကား ရပ်တည်း)ဖော်ပြလိုက်သော အဋ္ဌကထာစကား အဓိပ္ပါယ်ကို လိုရင်းချုပ်၍ဆိုရသော်....

‘ဒုက္ခဒုက္ခတာ’ဟူသည်—ဆင်းရဲကိုခံစားသော (ဒုက္ခဝေဒနာ) သဘောဖြစ်၍—

‘ဝိပရိဏာမဒုက္ခတာ’သည်—ချမ်းသာကို ခံစားသော (သုခဝေဒနာ)သဘောဖြစ်ပြီးလျှင်....

‘သင်္ခါရဒုက္ခတာကား- ဆင်းရဲချမ်းသာ မဟုတ်သည်ကို ခံစားသော (ဥပေက္ခာဝေဒနာ)သဘောဖြစ်ရကား၊ ဤမဇ္ဈိမပဋိပဒါ ရှုချက်တို့ကိုပြခဲ့ရာတွင် သင်္ခါရဒုက္ခကိုသာ ဥပေက္ခာနည်းဖြင့် ရှုပုံများကို ဖော်ပြထားသဖြင့် ရှင်းနေပေသည်။

‘ဝေဒနာ’ဟူသော ခံစားမှုသည် ဝေဒနာစေတသိက်၊ နာမ်တရားသက်သက်ဖြစ်၍ ပရမတ္ထသဘာဝဖြစ်လေသည်၊ ထိုပရမတ္ထသဘာဝကို ချမ်းသာ—ဆင်းရဲ ပညတ် တွဲလာသဖြင့် သာလျှင် ‘သုခဝေဒနာ—ဒုက္ခဝေဒနာ’ဟုဖြစ်၍ (ဒုက္ခဒုက္ခတာ၊ ဝိပရိဏာမဒုက္ခတာ)ဖြစ်လာရကား....ပညတ်တွဲထားသော တရားကို မည်သို့

မျှ ဝိပဿနာမရှုရပေ၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်တွင် 'ချမ်းသာခံစားခိုက် ချမ်းသာခံစား၏၊ ဆင်းရဲခံစားခိုက်ဆင်းရဲခံစား၏' ဟု သိဆဲရှုဆဲတွင် သတိပဋ္ဌာန်သာဖြစ်၍၊ ဝိပဿနာ ဘာဝနာ မဖြစ်သေးပုံကို အစပိုင်းတွင် ဖေါ်ပြခဲ့ပြီးဖြစ်သည်၊ ပြန်၍ လှဲ့လာကြည့်နိုင်သည်၊ ဘာဝနာပိုင်း ဝိပဿနာပိုင်း ရောက်သောအခါတွင် မြတ်စွာဘုရားသည် ထိုထို ချမ်းသာဆင်းရဲ ဟူသည့် ပညတ်တို့ကို မတွဲတော့ဘဲ ပရမတ်သက်သက်ကိုသာပြ၍....

'ဝေဒနာသု၊ ခံစားသောသဘောတို့၌၊ သမုဒယဝယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်းပျက်ခြင်း သဘောတို့ကို ရှုလေ့ရှိသည်ဖြစ်၍ ဝိဟရတိ၊ နေ၏၊ စသည်ဖြင့် သတိပဋ္ဌာန် ပါဠိတော်တွင် အတိအလင်း ဟောတော် မူထားပေရာ 'ချမ်းသာ-ဆင်းရဲ' ဟူသည် ပညတ်ဖြစ်၍၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော ပရမတ်တို့၏ သဘာဝ ရှုရာတွင် လက္ခဏာမဝင်ရကား၊ လက္ခဏာဝင်သော ပရမတ်ခံစားမှုသက်သက်ကိုသာလျှင် ဖြစ်ပျက် ဝိပဿနာရှုရကြောင်း ဟောတော်မူထားပေသည်၊ သို့ဖြစ်၍ အထက်ကပြခဲ့သည့် 'ပါထိကဝဂ္ဂ ဋ္ဌကထာ' အတိုင်း....

"ဒုက္ခဒုက္ခတာ ဟူသည် ဒုက္ခဝေဒနာ၏ အမည်ဖြစ်၍ ပညတ်အာရုံဖြစ်ရကား ဝိပဿနာမရှုရ"

"ဝိပရိဏာမဒုက္ခတာ ဟူသည် သုခဝေဒနာ၏အမည်ဖြစ်၍ ပညတ်အာရုံဖြစ်ရကား ဝိပဿနာမရှုရ"

"သင်္ခါရဒုက္ခတာသည်ကား ဥပေက္ခာဝေဒနာ၏အမည် ဖြစ်၍ ပရမတ်အာရုံဖြစ်သောကြောင့် ဝိပဿနာ ရှုရသည်" ထို့ကြောင့်--

"သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါပညာယပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ"
သဗ္ဗေသင်္ခါရာဒုက္ခာတိ၊
သဗ္ဗေဓမ္မာအနတ္တာတိ၊
(ဓမ္မပဒပါဠိတော်—၅၃)။

"အလုံးစုံသော ရုပ်နာမ်ဓမ္မ ဖြစ်ပျက် သင်္ခါရတရားတို့သည်၊ ထိုထိုဖြစ်ရာနေရာ၌သာလျှင် ချုပ်ပျောက် ပျက်စီး ကြလေသောကြောင့် မမြဲပါတကားဟူ၍ အကြင်ယောဂီအား၊ အကြင်အခါ၌ ဝိပဿနာပညာဖြင့် ရှုမြင်၏၊ ထိုသို့ရှုမြင်ခြင်းကြောင့် ရုပ်နာမ်ဒုက္ခအပေါ်၌ နှစ်သက်မှုဖြစ်မလာတော့ဘဲ ငြီးငွေ့ လာတော့၏၊ ဤသို့ ရုပ်ဒုက္ခ—နာမ်ဒုက္ခကို ဖြစ်ပျက်နေသည်ကို မြင်ခြင်းကြောင့် ငြီးငွေ့ဆန့်ကျင် မပျော် ရွှင်နိုင်ခြင်းသည်၊ ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားကြောင်း လမ်းကောင်း (မဂ်)မည်၏"

ဝိပဿနာရှုရမည့်တရားသည် ရုပ်နာမ်ဖြစ်၍ 'ရုပ်သင်္ခါရ-နာမ်သင်္ခါရ' ဟု ပြောနေကြ၊ သိနေကြပါလျက်၊ ဝိပဿနာရှုရာတွင် ထိုသင်္ခါရကိုလွှတ်၍ 'ဒုက္ခဒုက္ခတာ' ဟူသောသညတ်၊ 'ဝိပရိဏာမဒုက္ခတာ' ဟူသော ပညတ်ကို အခိုင်အမာပြု၍ ရှုနေကြသည်ကား အံ့သြဘွယ်ကောင်းလှ၏၊ ပရမတ္ထ သဘာဝမည်သည် ဤသို့သော ပညတ်သိမျိုး ပညတ်မြင်မျိုးနှင့် တွေ့သိရန် ခဲယဉ်းလှသည် 'သိမ်မွေ့နူးညံ့'စွာသော သားမြီးဖျားကို အလည်တည့်တည့်မှ ကွဲအောင် ပစ်ခွဲနိုင်သော ပညာမျိုး-ဉာဏ်မျိုးလိုကြောင်း ဟောတော်မူချက်ရှိပေသည်၊ ဉာဏ်မပါသော တုံးတိုက်သဘောမျိုးနှင့် ပရမတ်တို့၏ သင်္ခါရသဘောတို့ကို လုံးဝမသိနိုင်ပေ။

'ဝိပဿနာအလုပ်သည် ဉာဏ်အလုပ် ဖြစ်ကြောင်း' ကျွန်ုပ်တို့ အထပ်ထပ်ဆိုခဲ့ပြီ၊ ပရမတ်ကို ဉာဏ်အားသန်ပါမှ သိရသော တရားဖြစ်ရာ၊ သူသိုင်ါသိ 'ခေါင်းကိုက်၊ ဗိုက်နာ'စသော ဒုက္ခမျိုး ကို သိနေသော အသိမျိုးနှင့် ဝိပဿနာဉာဏ်ကား အလှမ်းကွာလှ ၏၊ သံသရာတလျှောက်လုံးတွင် ဤအသိမျိုးဖြင့် ကျင်လည် ခဲ့ရ ပေါင်း များလှလေပြီ၊ သို့အတွက် သူသိုင်ါသိ ဒုက္ခတာမျိုးကား ဝိပဿနာနယ်ပယ်တွင် လုံးဝရှုရမည့် အာရုံမဟုတ်ပေ၊ ဉာဏ်သိရ မည့် ပရမတ်တို့၏ သဘာဝသင်္ခါရ သဘောကိုသာ 'ခန္ဓာသံသရာ ကိုဖြစ်ပျက်နှင့် ဖန်တီးနေသည် သံသရာချဲ့တရား (ဒုက္ခသစ္စာ) ဆင်းရဲအမှန်ပါတကားဟု သိစေရန် သင်္ခါရဒုက္ခကိုသာ ဝိပဿနာ ရှုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

## "ဒုက္ခဝေဒနာရှာသူများ"

အချို့က ဒုက္ခဝေဒနာကို ရှာ၍ ရှုကြသောသူတို့လည်း ရှိပေ သေးသည်၊ ခန္ဓာကိုယ်မှာတရားရှာရာ၌'ဒုက္ခဝေဒနာတွေ့မှတရား တွေ့သည်' အယူရှိပြီး ထိုဒုက္ခဝေဒနာတခုခု တွေ့ရန် ဖြစ်လာစေ ရန် အားထုတ်ပြုလုပ်၍သော်၎င်း၊ ကြာကြာထိုင်၍၊ ကြာကြာ ရပ်၍သော်၎င်း၊ တနည်းနည်းဖြင့် ရှာတတ်ကြပေရာ၊ မြတ်စွာ ဘုရား၏ မဇ္ဈိမပဋိပဒါနှင့်လုံးဝ ဆန့်ကျင်လေသည်၊ ဤရုပ်နာမ် ခန္ဓာသည်၊ ယခုပစ္စုပ္ပန်ကာလ နာမ်ရုပ်စတင်ဖွဲ့စည်းစဉ်ကပင်ခန္ဓာ ငါးပါးသည် သူ့ကိစ္စသူဆောင်ရွက်၍ကြီးပွားလာရ၏၊ ရူပက္ခန္ဓာ သည် ဖောက်ပြန်ပြောင်းလဲလျက်၊ ဝေဒနက္ခန္ဓာသည်ခံစားလျက်၊ သညာက္ခန္ဓာသည်မှတ်လျက် သင်္ခါရက္ခန္ဓာသည်ပြုပြင်လျက်၊ဝိညာ

ဏက္ခန္ဓာသည်သိလျက် ဆောင်ရွက်နေကြ၍ ကန့်ကွက်၍မရ၊တား ဆီး၍ မရချုပ်ချယ်၍ မရသော 'ပဉ္စက္ခန္ဓာအနတ္တ' တို့သာဖြစ်၍၊ ဣရိယာပုထ်ကြီးလေးမျိုးတို့ဖြင့်၎င်း၊ ကွေးခြင်း–ဆန့်ခြင်းစသော ဣရိယာပုထ်ငယ်များစွာတို့ဖြင့်၎င်း ပြုပြင်နေ၏၊ ထိုပြုပြင်ချက်တို့ ကို သတိနှင့်ဂရုစိုက်၍ညာဏ်ပညာနှင့်မှန်ကန်စွာ သိရုံ သိနေမှုသည် သာ ဝိပဿနာအလုပ်ဖြစ်ပေရာ၊ ထိုထိုဣရိယာပုထ်ကြီးပုတ်ငယ် တို့၏ပြုလုပ်ဆောင်ရွက်မှုတို့ကို မိမိက ညာဏ်နှင့်သိနေရုံမဟုတ်ဘဲ၊ထို ရုပ်နာမ်တို့၏ အနတ္တသဘော ဆောင်ရွက်ချက်တို့ကို အတ္တအနေ နှင့် ချုပ်ချယ်သည့် သဘောရောက်အောင် ဣရိယာပုထ်တို့ကို ပြုလုပ်ဆောင်ရွက်ခွင့် မပေးဘဲ၊ မလှုပ်မယှက် ကြာကြာထိုင်နေ ခြင်း၊ ကြာမြင့်စွာရပ်နေစေခြင်းသည်(ဒုက္ခဒုက္ခတာ)နှိုက်ရုပ်နာမ် ဒုက္ခအပေါ်တွင် အပိုဒုက္ခတခု တိုးတက် ခံစားရသည်ကလွဲ၍ အကျိုးကျေးဇူးမရှိပေ၊ တနည်း မိမိကိုယ်ကို စိတ်ကို ဒုက္ခဒေါ မနဿ(အတ္တကိလမထ) အစွန်းထဲသို့ ဆွဲသွင်းသည်ကလွဲ၍ အခြား မရှိပေ၊ မိမိတို့လိုအပ်သော ဒုက္ခဝေဒနာကားထွေ၏၊ တရား မဟုတ်ကြောင်းကို....

"တတ္ထ ဟတ္ထပါဒေ အတ္တိစိရံ သမိဉ္ဇေတွာ ပသာရေတွာ
ဝေဝါဠိတသ္သ ခဏေခဏေ ဝေဒနာ ဥပ္ပဇ္ဇန္တိ၊
စိတ္တံကေဂ္ဂ္ဂ နလဘတိ၊ ကမ္မဋ္ဌာနံ ပရိပတတိ၊ ဝိသေသံ
နာဓိဂစ္ဆတိ" (အဘိဓမ္မာဝိဘင်းအဋ္ဌကထာ–၃၄၂)။
(သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ –၁၇၆)။
(မူလပဏ္ဏာသဋ္ဌကထာ –၂၆၀)။
(မဟာဝဂ္ဂသံယုတ္တဋ္ဌကထာ –၂၂၀)။

“တတ္တ၊ ထိုသတိပဋ္ဌာန်အလုပ် အားထုတ်ရာ၌ ဟတ္ထပါဒေ၊ လက်ခြေတို့ကို အတိစိရံ၊ အလွန်ကြာမြင့်စွာ သမိဉ္ဇေတွာဝေ ဝါ ကွေးထားသောအတိုင်းသာလျှင်ဇင်း၊ ပသာရေတွာဝေ ဝါ၊ ဆန့်ထားသော အတိုင်းသာလျှင်ဇင်း၊ ဌိတဿ၊ တည်ရှိသော အားထုတ်ဆဲယောဂီအား၊ ခဏေခဏေ၊ ခဏတိုင်းခဏတိုင်း (ဝါ)တချိန်ထက်တချိန် ဝေဒနာ၊ အခံခက်သော ဆင်းရဲခံစားမှုတို့သည် ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏၊ စိတ္တံ၊ ယောဂီ၏ ရှုစိတ်သည် ဧကဂ္ဂံ၊ ငြိမ်သက်ခြင်းကို နလဘတိ၊ မရ၊ ကမ္မဋ္ဌာနံ၊ မိမိရှုအပ်သောကမ္မဋ္ဌာန်းမှု ပရိပတတိ၊ လည်ကျ၏၊ ဝိသေသံ၊ မဂ်ဖိုလ်တရားအထူးကို နာဓိဂစ္ဆတိ၊ မရ၊” အဋ္ဌကထာများတွင် တညီတညွတ်တည်းပြထား၏၊ လက်တွေ့တွင်လည်း ငြင်းနိုင်စရာမရှိပေ၊သို့ရာတွင် မိမိတို့ဂိုဏ်းဂဏအုပ်စုအနေနှင့်အတည်ပြုပြဌာန်း၍လူကြိုက်များအောင်ပြုလုပ်နေကြသူတို့အတွက် မြတ်စွာဘုရား၏သာသနာတော်အနေနှင့်ကား၊ ဘာသာတပါးတို့အထင်အမြင်သေးလောက်အောင် အရှုပ်ဆိုးလှ၏၊ ရုပ်ပျက်ဆင်းပျက်ဖြစ်ရ၏၊ သိမ်မွေ့နက်နဲလှသော ‘သဏှသုခုမ’တရား၊ ပညာရှိတို့၏ ဉာဏ်၌သာလျှင် သက်ဝင်ရမည့်တရားမျိုးကိုသာ မြတ်စွာဘုရားသည် မဇ္ဈိမပဋိပဒါကျကျ၊ ကြမ်းထန်းသော ကိလေသာအစွန်းလွတ်သည့် တရားကို ပြင်းထန်သောဒုက္ခ၊ ဒေါမနဿကိလေသာများ ဖြစ်ပွားနေပါက ‘နိယျာနိက’ ဝဋ်မှ ထွက်ရာ သာသနာသည် ‘အနိယျာနိက’ ဝဋ်ဆင်းရဲ ကိလေသာ ဖြစ်နေသော သာသနာဟုဘာသာခြားတို့ ယူဆကဝမ်းနည်းဖွယ်ပင်ဖြစ်နေသည်၊ထို့ကြောင့်မိမိ၌ ဤတရား အားထုတ်သောအားဖြင့် လောဘစသော ကိလေသာ ဖြစ်-မဖြစ် ရိုးသားစွာ စီစစ်ပါ၊

အကယ်၍ စိတ်တွင် ညစ်နွမ်းမှုကိလေသာတခုခုဖြစ်နေက၊ ဤအလုပ်သည်မြတ်စွာဘုရား၏တရားမဟုတ်၊မြတ်စွာဘုရား၏တရားမှာ ကိလေသာသတ်တရားဖြစ်သည်ကို မိမိ ရိုးသားစွာ ယုံကြည်လျှင် မိမိအကျိုးငှါ မြတ်စွာဘုရား၏ စစ်မှန်သော တရားကိုသာ ရှာဖွေအားထုတ်ကြပါကုန်။

× × × × ×

"ဘဒ္ဒေကရတ္တသုတ်အဆို" ဝိပဿနာအလုပ်ဟူသည် ဝတ္ထုအာရုံတို့ တိုက်ဆိုင်ဆဲတွင် ဖြစ်ခိုက်· ပေါ်ခိုက်သော ရုပ်နာမ်တို့၏ အမှန်သဘာဝကို အမှန်သိရန်သာ နှလုံးသွင်း ရှုမှတ်ရသော အလုပ်ဖြစ်ရာ၊ ဖြစ်ဆဲ သိဆဲအာရုံကို သိရုံ သိဘို့ မကျိုးစားဘဲ၊ ဒုက္ခဝေဒနာတခုခုပေါ်လာမှုကို စောင့်၍ရှုခြင်း၊ ဖြစ်ပေါ်လာစေရန် ဖန်တီးပြုလုပ်၍ ရှုခြင်း စသည်တို့ကား ပစ္စုပ္ပန်ကျရန်ခဲယဉ်းလှ၏၊ ပစ္စုပ္ပန်မကျလျှင်လည်း 'ဒိဋ္ဌပစ္စက္ခ' ဝိပဿနာမဟုတ်ပေ၊မြတ်စွာဘုရားသည်လည်း....

"အတီတံနာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ၊
ယဒတီတံပဟီနံတံ၊ အပ္ပတ္တဉ္စအနာဂတံ၊
ပစ္စုပ္ပန္နဉ္စယောဓမ္မံ၊ တတ္ထတတ္ထဝိပဿတိ၊
အသံဟီရံအသံကုပ္ပံ၊ တံဝိဒွါမနုဗြူဟယေ၊
အဇ္ဇေဝကိစ္စမာတပ္ပံ၊ ကော်ဇညာမရဏံသုဝေ၊

နပ်ဟိနေ့သဂ်ရံတေန၊ မဟာသေ့နေန မစ္ဆုနာ၊
ဝေ၀ိဟာရိ အာတာပိ၊ အဟောရတ္တမတန္ဒိတံ၊
တံဝေ ဘဒ္ဒေကရတ္တော'တိ၊ သန္တော အာစိက္ခတေမုနိ”
(ဥပရိပဏ္ဏာသပါဠိတော်၊ ဘဒ္ဒေကရတ္တသုတ်—၂၂၆)။

“လွန်ခဲ့ပြီးသော အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ်ခန္ဓာတို့သည် ချုပ်ကြ၊ ပျက်ကြကုန်ပြီးပြီ၊အနာဂတ်ခန္ဓာသည်လည်း မဖြစ်မရောက်သေးပေ”

လက်ရှိ ဖြစ်ဆဲဖြည်ဆဲ ပစ္စုပ္ပန်ဖြစ်သောအကြောင်းသဘောတရားကို ထိုထိုဖြစ်ဆဲ တိုက်တွေ့ဆဲခဏ၌သာလျှင် တွေ့ကာမျှ- သိကာမျှဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်အား ရာဂ ဒေါသ စသောကိလေသာတို့၏ တွန့်တိုခြင်း၊ နှောက်ယှက်ဖျက်ဆီးခြင်းမရှိသောထိုဝိပဿနာရှုမှုကို အဖန်ဖန်ပွားများရာ၏။

ပြုဖွယ် လုပ်ဖွယ် အားထုတ်ဖွယ် မှန်သမျှကို ယခုပစ္စုပ္ပန်လက်ရှိအခါ၌သာလျှင် ပြုလုပ်အားထုတ်အပ်၏၊ နက်ဖြန်မှသေမည်ဟူ၍ဒ ဘယ်သူသိနိုင်မည်နည်း၊ များစွာသော အနာရောဂါ စစ်သည်အခြံအရံဖြစ်သော ထိုသေမင်းနှင့် ငါတို့မှာ အချိန်းအချက်အဆက်အသွယ်သည် မရှိသည်သာတည်း၊

ဤသို့ အတိတ် အနာဂတ်ကို ဖယ်ခွာ၍ လက်ငင်း ပစ္စုပ္ပန်သိမှုကိုသာ အားကိုးတခု လက်ကိုင်ပြု၍ ဒိဋ္ဌမစက္ခုအားဖြင့်ဖြစ်ဆဲတိုက်ဆဲ ရုပ်နာမ်ကိုသာ မပျင်းမရိသတိမပြတ်နေ့ညဉ့်မလပ်အောင် အားထုတ်တတ်သော ထိုယောဂီအား စင်စစ် 'ကောင်း

သောညဥ့်တညဥ့်ရှိသောယောဂီ’ဟူ၍ ကိလေသာအပူဘေးမှငြိမ်း အေးတော်မူပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏”

လွန်ပြီး ချုပ်ပြီးသော ဖေါက်ပြန်ဖြစ်ပျက် သဘောတရားတို့ သည်၊ လွန်ကုန် ချုပ်ကုန်ပြီးလေသောကြောင့် ရှုဉာဏ်မဂ္ဂင်သည် ရှု၍မရပေ၊ မဖြစ်သေး-မရောက်သေးသော ဖေါက်ပြန်ဖြစ်ပျက် သဘောတရားတို့လည်း ဖြစ်ပင် ဖြစ်မလာ သေးသည့်အတွက် ၎င်းကိုလည်း ရှု၍မရပေ၊ လက်ငင်းတိုက်တွေ့ဆဲဖြစ်သော ဖေါက် ပြန်ဖြစ်ပျက်ကိုမှ သာလျှင် တွေ့ဆဲတွင် သိရသည် ဖြစ်သော ကြောင့်....

“ယဒါ၊ အကြင်အခါ၌၊ ပညာယ၊ ဝိပဿနာ ပညာဖြင့် ပဿတိ၊ မြင်၏”

“အထ၊ ထိုသို့ဝိပနာပညာဖြင့် မြင်ဆဲဖြစ်ရာ ထိုအခါ၌၊ ဒုက္ခေ၊ ဖေါက်ပြန်ဖြစ်ပျက် ဆင်းရဲနက်ကို နိဗ္ဗိန္ဒတိ၊ ငြီး ငွေ့၏”

(ဤ‘သဗ္ဗေသင်္ခါရာ အနိစ္စာ’ဟူသော ဂါထာ၌ ဝိပဿနာရှုပုံ ကိုပြရာတွင် ဝိပဿနာဉာဏ်ပညာဖြင့်‘ပဿတိ’မြင်၏၊ မြင်ဆဲ၊ မြင် ခိုက်၊ မြင်နေတုန်း ပစ္စုပ္ပန်ကို ဟောသောအာချာတ်‘တိ-ဝိဘတ်’ ဖြစ်သည်‘ပဿိ”မြင်ပြီးပြီဟုအတိတ်ကိုလည်းမဟော‘ပဿိဿတိ’ မြင်လတ္တံ့၊ မြင်လိမ့်မည်ဟု အနာဂတ်ကိုလည်းမဟော၊‘ပဿတိ’ မြင်ပြီ၊ မြင်၏၊ မြင်ဆဲ၊ မြင်ခိုက်၊ မြင်ကာမျှ၊ မြင်နေတုန်းဟု အဓိပ္ပါယ်ရသည်၊ သို့မြင်ဆဲ၊ သိဆဲဖြစ်သောကြောင့် ဖေါက်ပြန် ဖြစ်ပျက် ဆင်းရဲနက်သည့် ရုပ်နာမ်ကို ‘နိဗ္ဗိန္ဒတိ’ ငြီးငွေ့၏ဟု

ပစ္စုပ္ပန်'တိဝိဘတ်'ပင်ပြုရသည်၊ ထိုကဲ့သို့ ရုပ်နာမ်ဆင်းရဲကို မြင်သိရသောကြောင့် 'နိဗ္ဗိန္ဒိ' ငြီးငွေ့ပြီးပြီဟု အတိတ်ကိုလည်း မဟော၊ 'နိဗ္ဗိန္ဒိဿတိ' ငြီးငွေ့လတ္တံ့ဟူသော အနာဂတ်ကိုလည်း မဟော၊ 'နိဗ္ဗိန္ဒတိ' ငြီးငွေ့၏ဟု ပစ္စုပ္ပန်ကိုသာလျှင် ဟောသောကြောင့် ဝိပဿနာရှုရာတွင်(ပစ္စုပ္ပန်နှင့်ညွန်ပြသည်ကို ပစ္စုပ္ပန်ရှုနိုင်မှု၊ ရှုတတ်မှု အရေးကြီးပေသည်)။

အတိအကြဆိုရမူ—ဝိပဿနာ အားထုတ်ခြင်းဟူသည် ကိလေသာကို ဖျက်ဆီးချေမှုန်းခြင်းအလုပ်ဖြစ်ရာ၊ ဤရုပ်နာမ်ခန္ဓာတွင် ကိလေသာ ဖြစ်တတ်၊ ဝင်တတ်သော တံခါးခြောက်ပေါက်မှ အာရုံခြောက်ပါးနှင့် ကပ်၍ ကိလေသာ ဖြစ်တတ်၊ ဝင်တတ်လေသောကြောင့် ထိုဝင်လာသော ကိလေသာတို့ကို စောင့်၍ သတ်နိုင်ရန်'သဠာယတနသံယုတ်တွင် သုတ်ပေါင်းများစွာ' ခန္ဓာကိုယ်တွင် ကိလေသာသတ်ရန် 'ခန္ဓဝဂ္ဂသံယုတ်တွင် သုတ်ပေါင်းများစွာ' ဟောထားလေသည်၊ ထိုဝင်ပေါက် ခြောက်ခု (မြင်ခိုက်၊ ကြားခိုက်၊ နံခိုက်၊ စားခိုက်၊ တွေ့ထိခိုက်၊ သိခိုက်)တွင် မြင်ဆဲ၌ လက်ငင်းသတ်၊ ကြားဆဲတွင် လက်ငင်းသတ် စသောအားဖြင့် ပစ္စုပ္ပန်ကျကျသာ ရှုမှတ်ခြင်းဖြင့် ကိလေသာမဝင်အောင်၊ သေအောင် သတ်ရခြင်းဖြစ်လေရာ မိမိခန္ဓာကိုယ်ပေါ်မှာ'ဝေဒနာအပေါ်ကို စောင့်၍ ရှာဖွေသတ်ရသည်မဟုတ်ကြောင်း'ကို သတိပြုရာသည်။

"ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထတတ္ထ ဝိပဿတိ"

ဟု ဟောတော်မူရာ၌....အဋ္ဌကထာတွင်....

"တတ္ထတတ္ထေဝစနံ အနိစ္စာ နုပဿနာဒီဟိ သတ္တဟိ အနုပဿနာဟိ ယောဝိပဿတိ"

ဟု ဖွင့်ဆိုထားရာ၊ ထိုထိုအာရုံဝတ္ထုတိုက်ဆုံဆဲအခါတွင် ထိုသဘောတရားတို့၏ ၎င်းတို့၏လမ်းစဉ်အတိုင်း 'မမြဲသောသဘော၊ ဆင်းရဲသောသဘော၊ အစိုးမရသောသဘော၊ ငြီးငွေ့ဖွယ်ရာ သဘော၊ ကင်းရာသဘော၊ ချုပ်ရာသဘော၊ လွတ်ငြိမ်းရာသဘော' ဟူသည့်'အနုပဿနာ' ရချက်နှင့်ညီလျော်စွာ ဉာဏ်နှင့် ထင်မြင်အောင် ပစ္စုပ္ပန်ကျကျရှုရမည်ဟု ဖွင့်ပြတော်မူထားသည်၊ ယင်းသို့ ကိလေသာဝင်ခိုက်တွင် ဒိဋ္ဌလက်ငင်း ရှုနိုင်ပါမှ၊ ရာဂ,ဒေါသစသော ကိလေသာတို့သည် ဝင်ရောက်၍ ဖိစီးနှိပ်စက်ခြင်း မပြုနိုင်ဘဲ တွန့်တိုဆုတ်နစ်၍သွားမည့်အကြောင်း၊ ထို့ကြောင့် ကိလေသာကို သတ်ဖြတ်ဖျက်ဆီးလိုသော ယောဂီသည် ထိုဝိပဿနာ ကိလေသာဖျက် လက်နက်ကိုသာ ကိုင်ဆောင်ပွားများအားထုတ်ရမည်ဟု မြတ်စွာဘုရား တိုက်တွန်းထားပေသည်။

ထိုပစ္စုပ္ပန် အာရုံတိုက်ခိုက်၊ သိခိုက်ကိုဂရုမမူဘဲ ခန္ဓာကိုယ်မှာသာ ဒုက္ခဖြစ်အောင်ရှာကြံ၍၊ အထိုင်ကြာမှုကြောင့် ရပ်ခြင်း၊ သွားခြင်း၊ လျောင်းခြင်း ကြာမှုကြောင့်ရလာ၊ ပေါ်လာသော ဒုက္ခဒုက္ခတာကို စောင့်၍ရှုခြင်းသည် ဒေသနာတော်နှင့် ဆန့်ကျင်လှရကား၊ စိတ်သဘောရိုးဖြင့် သံသရာပြတ်လိုသူ နိဗ္ဗာန်ရလိုသူ ယောဂီတို့သည် သတိထား၍ ဝေဖန်အားထုတ်နိုင်ကြပါစေ။

.... × ....

"ဒိဋ္ဌေဒိဋ္ဌမတ္တံ" ထိုသို့အာရုံ၀တ္ထု တိုက်တွေ့ဆဲ ၎င်းတို့၏ သဘောတရားကိုသာ ရှုသိနေရခြင်းဖြစ်ရာ ဝိပဿနာဟူသည် ဖြစ်ပေါ်လာသော သဘောတရားမျှကိုသာ နှစ်သက်မှု၊မနှစ်သက်မှုစသည်မပါသော 'ဉပေက္ခာ' သဘောဖြစ်ကြောင်း ရေးခဲ့ပြီ၊ ကိလေသာသတ်သော ဝိပဿနာ အလုပ်မှန်လာပါက'ဉပေက္ခာ' ချည်းသာဖြစ်လေသည်၊ ဉပေက္ခာသဘောရောက်အောင် မရှုနိုင်အားမထုတ်နိုင်ပါက၊ ဝိပဿနာအစစ်မဖြစ်တော့ပေ။

ဝိပဿနာရှုရာတွင် ဉပေက္ခာသဘောဖြစ်ရန် ညွှန်ပြရေးသားခဲ့ပြီ၊ မာလုကျပုတ္တသုတ်အရလည်း ဖေါ်ပြခဲ့ပြီ၊ ခန္ဓာကိုယ်တွင် ကိလေသာ ဝင်တတ်သည့်(ဒွါရ ၆ ပေါ်း)တံခါး ၆ ပေါက် တွင် မျက်စိတံခါးပေါက်မှ ဝင်တတ်သည့် ကိလေသာကို မဝင်နိုင် အောင် ပိတ်ဆို့ရမည်(စက္ခုန္ဒြိယသံဝရော ဘာ ဝ ) ရှုနိုင်လျှင် ထိုကိ လေသာသေအောင်၊မဖြစ်အောင်သတ်နိုင်ရမည်၊ 'နား၊နှာ၊ခေါင်း လျှာ၊ကိုယ်၊စိတ်'တို့လည်း ထိုနည်းအတူ၊ ရှေးဦးစွာ ဆုံးမရမည်၊ (ဆန္ဒရာဂဝိနယ)နောက် ထိုကိလေသာသေအောင်ပယ်နိုင်အောင် မဖြစ်ပေါ်အောင် ရှုရမည်(ဆန္ဒရာဂပဟာန) ယင်းသို့ကိလေသာ သတ်သည့်ဝိပဿနာသည်ထိုကိလေသာတို့မဝင်နိုင်၊ ဒုက္ခမပေးနိုင် အောင် နိုင်နင်းမှ ထိုကိလေသာတို့ အဆင့်အဆင့်သေပြီး၊ မဂ်ဖိုလ် နိဗ္ဗာန်ရမည်ဖြစ်သောကြောင့် ထိုကိလေသာတို့ကို အဘယ်ပုံကွာ အောင် သေအောင် မည်သည့်နည်းဖြင့် ရှုရမည်နည်းဆိုသော်.... ထိုကိလေ္လသာတို့ကို ဉပေက္ခာသဘောနှင့် မဖြစ်အောင် တားဆီး၍ နောက်တွင် အပြီးသေအောင် အားထုတ်သွားရလေသည်၊ ထိုတွင်

ဒါရုစီရိယ ဟူသော ‘ဗာဟိယ’ အား ’ဟောသော ဥပဒေက္ခာရှုနည်း သည် သဘာဝအကျဆုံးဖြစ်လေသည်။

**“ဒါရုစီရိယခေါ် ဗာဟိယ”** ဥဒါန်းပါဠိတော်လာ ဒါရုစီရိ ယခေါ် ဗာဟိယသည် သုပ္ပါရကဆိပ်ကမ်း၌ (ကဿပမြတ်စွာ ဘုရား၏ သာသနာနောက်ပိုင်းတွင် တရား အားထုတ်ဖက် ဖြစ် သော)အနာဂါမ်ပြဟ္မာလာ၍ ဘုရားပွင့်တော်မူခြင်း အကြောင်း နှင့်တကွ မြတ်စွာဘုရား သီတင်းသုံးရာ သာဝတ္ထိပြည်ကိုပါ ညွှန် ပြလျက်၊ ညတွင်းချင်းအသွားခိုင်းသောကြောင့် ယူဇနာ ၁၂၀ ဝေးသောအရပ်သို့ မအိပ်မနေ၊ မရပ်မထိုင် လာခဲ့ရာ၊ သာဝတ္ထိ ပြည်သို့ရောက်၊ ဆွမ်းခံကြွနေသော ဘုရားကိုရှာ၍ မြို့တွင်း လမ်း တခုတွင် တွေ့လေသောအခါ—

“စိရဿံ ဝတ သမ္မာသမ္ဗုဒ္ဓေါဒိဋ္ဌော”တိ ဟဋ္ဌတုဋ္ဌော ပဉ္စဝဏ္ဏာယပီတိယာနိရန္တရံဖုဋ္ဌသရီရော”

(ဥဒါနဋ္ဌကထာ—၇၈)။

မြတ်စွာဘုရားကို အလွန်ကြာမြင့်မှ ဖူးရပေပြီဟု ဝမ်းမြောက် ဝမ်းသာ ငါးမျိုးသော ပီတိတို့လျှမ်းဖြာ၍ ‘၎င်း၏ကိုယ်သည် အ ဆက်မပြတ် ပီတိတို့ဖြန်းပက်လျက်’ (ဟူသော အဋ္ဌကထာ ပြသည် ကို မှတ်သားထားပါ)။

“မြတ်စွာဘုရား... သံသရာအကျိုးချမ်းသာရန် မြော်ကိုးလျက် တပည့်တော်အား တရားဟောတော်မူပါ”ဟု တောင်းပန်ရာတွင် မြတ်စွာဘုရားက....

"ဗါဟိယ-ငါ ဆွမ်းခံဝင်နေဆဲဖြစ်သည်၊ တရားဟောချိန် မဟုတ်"ဟု ပယ်လိုက်လေသည်၊ ဗါဟိယလည်း မြတ်စွာဘုရားကို ကြည်ညိုသဒ္ဓါနှင့်ပီတိဖြာ၍ဖူးနေဆဲ နောက်တဖန် သတိရပြန်၍ မြတ်စွာဘုရားနောက် အမှီလိုက်ပြီးလျှင်....

"မြတ်စွာဘုရား-တပည့်တော်ကို တရားဟောတော်မူပါ" ဟု ဒုတိယအကြိမ် လျှောက်ပြန်ရာ....မြတ်စွာဘုရားသည် ဗါဟိယ၏ အကြောင်းကို ဆင်ခြင်လျက်....

"ဗါဟိယ-ငါ ဆွမ်းခံ ဝင်နေဆဲဖြစ်သည်" ဟုပင် မိန့်ဆို၍ ဒုတိယအကြိမ် ပယ်ပြန်ရာ....ဗါဟိယလည်း–

"အန္တိမဘဝိကတ္တာပန ဥပနိဿယ သမတ္တိယာ စောဒိယမာနော"

"ရဟန္တာဖြစ်ရမည့် နောက်ဆုံး ဘဝရသော ပုဂ္ဂိုလ်တို့ကား ရှေးကဆည်းပူးခဲ့သော အကြောင်း အထောက်အပံ့တို့ ပြည့်စုံခြင်းသည် နှိုးဆော်တိုက်တွန်းလေရကား....ဗါဟိယသည်....

"မြတ်စွာဘုရား-သံသရာ တလျှောက်လုံးတွင် သတ္တဝါတိုင်း အစာအာဟာရရှာဖွေခဲ့ကြပါသည်၊ ဤသို့ ရှာဖွေစားသောက်ကြလျက် သေခဲ့ကြရပါသည်၊ အစာအာဟာရသည် အရေးမကြီးပါ မြတ်စွာဘုရား၏အသက်သည်ရှင်း၊ တပည့်တော်၏ အသက်သည်ရှင်း၊ သေမည့်အချိန်ကို မသိနိုင်ပါ၍၊ ယခုမသေမီ တရားဟောတော်မူပါ" ဟု သံဝေဂဉာဏ်ဖြင့်လျှောက် သောအခါ၊ မြတ်စွာဘုရားက-ဤသို့ဖြစ်လျှင် ဗါဟိယ....

"ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေသုတမတ္တံ ဘဝိဿတိ၊ မုတေမုတမတ္တံ ဘဝိဿတိ၊ ဝိညာတေဝိညာတမတ္တံ ဘဝိဿတိ၊ ဧဝဥ္စတေ ဗာဟိယ သိက္ခိတဗ္ဗံ"
(ဥဒါနပါဠိတော် ၇၅)။

"ဗာဟိယ-မြင်သည်ရှိသော် မြင်ကာမျှ၊ ကြားသည်ရှိသော် ကြားကာမျှ၊ နံသည့်,စားသည့်,ထိတွေ့သည်ရှိသော် ထိတွေ့ကာမျှ သိသည်ရှိသော် သိကာမျှဟု ကျင့်ကျင့်ပါ၊ ယင်းကဲ့သို့မြင်လျှင် မြင်ရုံ၊ ကြားလျှင်ကြားရုံ၊ ထိတွေ့လျှင် ထိတွေ့ရုံ၊ သိလျှင်သိရုံ (ဥပေက္ခာသဘောနှင့်)သင်ရှုနိုင်လျှင် သင့်အား နှစ်သက်မှု-မနှစ်သက်မှု၊ တွေဝေမှုစသော ကိလေသာတို့မဖြစ်လတ္တံ့၊ ထိုအခါ သင်သည် ထိုမြင်အပ်၊ ကြားအပ်သော အာရုံတို့ အပေါ်၌ ရာဂစသော ကိလေသာတို့ဖြင့် မဘည်လတ္တံ့၊ ထိုသို့ ရာဂ, ဒေါသ, မောဟ ဟူသောကိလေသာတို့ မတည်သော သင့်အားဤပစ္စုပ္ပန်ဘဝ၌ရင်း၊ တမလွန်ဘဝ၌ရင်း၊ ယခုဘဝ နောင်ဘဝ နှစ်ပါးစုံ ဘဝ၌ရင်း မဖြစ်လတ္တံ့၊ ဗာဟိယ-ဤသည်ပင်လျှင် သင့်အား ဆင်းရဲအဆုံးဖြစ်သော နိဗ္ဗာန်ပင်တည်း"ဟု ဟောတော်မူလေရာ တရားတော်၏ အစဉ်သို့ ဉာဏ်လိုက်၍ သိလာသော ဗာဟိယသည် တရားဆုံးလျှင် ဉာဏ်ဆုံးသဖြင့် ရဟန္တာအဖြစ်သို့ ရောက်လေသည်။

**"စိစစ်ဝေဖန်ရန်"** အချို့ပုဂ္ဂိုလ်တို့ ယူဆသည်မှာ 'ဒိဋ္ဌေဒိဋ္ဌမတ္တံ''စသည်ဖြင့် ဟောသောတရားသည် မြတ်စွာဘုရား၏ တလက်ထက်တော်လုံးတွင် 'ဗာဟိယဓါရုစီရိယနှင့် မာလုကျ

ပုတ္တာ ၂ ဦးသာ တရားရသော သုတ်ဖြစ်၍အခြားသူများအတွက် မဟုတ်’ဟု ယူဆကြရာ၊ တရား၏သဘောကို မကြည့်ဘဲ ပုဂ္ဂိုလ်အနေနှင့်သာ ကြည့်သော ယူဆချက်ဖြစ်၍မမှန်ပေ၊တရား၏သဘောကိုကြည့်လျှင်‘ဒိဋ္ဌေဒိဋ္ဌမတ္တံ’’အရ မြင်သောအခါ မြင်ခိုက်၊ ကြားသောအခါ ကြားခိုက်၊ နံသောအခါ နံခိုက်၊ စားသောအခါ စားခိုက်၊ တွေ့ထိသောအခါ တွေ့ထိခိုက်၊ သိသောအခါ သိခိုက် ရှုရသောနည်းဖြစ်ရာ၊ ပစ္စုပ္ပန်ကျရန် ညွှန်ပြသော တရားဖြစ်၍....

“အတီတံနာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ၊
ယဒတီတံပဟီနံတံ၊ အပ္ပတ္တဉ္စ အနာဂတံ၊
ပစ္စုပ္ပန္နဉ္စယောဓမ္မံ၊ တတ္ထတတ္ထဝိပဿတိ၊
အသံဟီရံအသံကုပ္ပံ၊ တံဝိဒ္ဓါမနုဗြူဟယေ”

ဟူသော ဥပရိပဏ္ဏာသပါဠိတော် ဘဒ္ဒေကရတ္တသုတ် (ရေးခဲ့ပြီး)ကို သတိထားဘို့ ကောင်းလေသည်၊ ‘ဗါဟိယနှင့်မာလုကျပုတ္တတို့ကို ပစ္စုပ္ပန်ကျအောင် ရှုစေ၍ တရားရသည်ဟု ဆိုပါလျှင် အခြားသော တရားရသူတို့မှာ အတိတ်ကိုသော်၎င်း၊ အနာဂတ်ကိုသော်၎င်း ရှု၍ တရားရကြပါသလော’ဟု မေးဖွယ်ရှိ၏၊ သာသနာတလျှောက်လုံးတွင် ပစ္စုပ္ပန်ရှုတရားချည်းတည်း။

ဤ၌ ဗါဟိယအား ဒွါရ ၆ ပါး ကိလေသာဝင်ပေါက်များတွင် ကိလေသာဝင်မလာစေရန် မြင်လျှင်မြင်ခိုက်မြင်ကာမျှ၊မြင်ရုံသာထားက(စက္ခုနာသံဝရောသာဓု) ကိလေသာဆက်၍မဖြစ်နိုင်ကြောင်း၊ ကြားရာ၊ နံရာ၊ စားရာ၊ တွေ့ထိရာတို့၌လည်း ကြားရုံ၊

နံရံ၊ စားရုံ၊ တွေ့ထိရုံ၊ သိရုံမျှသာ ထားနိုင်လျှင် ထိုကိုလေသာတို့ ပြတ်၍ 'ဧသေဝန္တောဒုက္ခဿ'ဆင်းရဲဆုံးရာ နိဗ္ဗာန်အထိ ညွှန်ပြထားသည်၊ မြင်မှု၊ ကြားမှုစသော အာယတနနှင့် ပတ်သက်လာလျှင်'သဠာယတနသံယုတ်'တကျမ်းလုံးသည် ဤနည်းမျိုးချည်းသာတည်း(ရူပါရုံ)အဆင်းကို(စက္ခုဝိညာဏ်)မြင်သိ သိရာ၌....

> ယထာအာပါထဂတေ ရူပေ စက္ခုဝိညာဏံ နရဇ္ဇတိ နဒုဿတိ၊နမုယှတိ၊ ဧဝံရာဂါဒိဝိရဟေန စက္ခုဝိညာဏ မတ္တမေဝ မေဇာနံ ဘဝိဿတိ၊ စက္ခုဝိညာဏပ္ပမာဏော နေဝဇဝနံ ဌပေဿာမိတိ"
>
> (ဥဒါနဋ္ဌကထာ-ဂ၁)။

"စက္ခုဝိညာဏ်ဖြင့် အဆင်းကို အာရုံ၌ထင်လာသောအခါ မြင်သိစိတ်သည် ထိုအဆင်း၌ ရာဂအားဖြင့် မတပ်မက်၊ ဒေါသအားဖြင့်မပြစ်မှား၊ မောဟအားဖြင့် မတွေဝေဘဲ မြင်သိ၊ မြင်ကာမတ္တသာလျှင်ထား၏၊ မြင်သိ၊သိသည့်အတိုင်းသာလျှင် ထား၏"။

ဤနေရာ၌ အာရုံ ၆ ပါးရှိသောတရားတိုင်းတွင် ဤစည်းမျဉ်းကိုမည်သည့် ယောဂါဝစရပုဂ္ဂိုလ်မှကျော်လွှန်၍မရပေ၊ မြင်ခိုက်တွင် မြင်ရုံနှင့်မရပ်ဘဲ ရှေ့ဆက်သွားက၊ ရာဂ, ဒေါသ, မောဟတို့သို့ရောက်၍'ကာမသုခလ္လိက၊ အတ္တကိုလမထ' အစွန်း ၂ ဖက်တွင် တဖက်ဖက်သို့ ဝင်ချောတော့မည်၊ ထိုအခါတွင် မြတ်စွာဘုရား၏ မဇ္ဈိမပဋိပဒါလမ်းစဉ်မှ သွေဖီသွားမည်ဖြစ်လေသည်။

**ယခုဘဝ** ဘုရားနှင့်တွေ့နေဆဲ အချိန်ပိုင်းလောက်သာ အသက်ရှင်နေသေးသည့် ဗါဟိယအား မြတ်စွာဘုရားသည် ဤအချိန်မှနောက် ဗါဟိယ၏အသက်ပိုင်း မရှိတော့သည်ကို သိတော်မူပြီးဖြစ်၍ အစွန်း၂ဖက်သို့ အရောက်မခံဘဲ၊ အချိန်ရသလောက် အစွန်းကို ပယ်နိုင်စိမ့်သောငှာ၊ ခေတ္တမျှ တရားမဟောသေးဘဲ....

"ဤဗါဟိယသည် ငါဘုရားကို မြင်သည်မှစ၍ ၎င်း၏တကိုယ်လုံးသည် နှစ်သက်ခြင်း၊ ဝမ်းသာခြင်းပီတိတွေ့ ဖုံးလျက်ရှိသည်၊ ဤပီတိလှိုင်း တံပိုးရိုက်၍ နှစ်သက်နေချိန်တွင် (ကာမသုခလ္လိက) အစွန်းထဲဝင်ရောက်နေသဖြင့် ငါဘုရား တရားဟောသော်လည်း တရားကို ထိုးထွင်း၍ သိမည်မဟုတ်ချေ" သို့ကြောင့်....

"ယာဝ ပန မဇ္ဈတ္တုပေက္ခာ သဏ္ဌာတိ၊ တာဝတိဋ္ဌတု"

"အကြင်မျှလောက် နှစ်သက်မှု (ကာမသုခလ္လိက) အစွန်းလွတ်၍ မဇ္ဈိမပဋိပဒါ ဥပေက္ခာဖြစ်စေဦး၊ ထိုအစွန်းလွတ်သော မဇ္ဈိမပဋိပဒါ ဥပေက္ခာ ရှုနိုင်သည့်တိုင်အောင် ဆိုင်းဦးမည်" ဟု သတိပြု၍ 'တရားမဟော' ဟု ပဋိမငြင်းလိုက်ခြင်း ဖြစ်လေသည်။ နောက်တကြိမ်လည်း—

"ဝိသယောဇနေသတံ မဂ္ဂံ အာဂတတ္တာ ဒုရထောပိသာ
ကာယေဗလဝ ါ၊ သောပိတာဝ ပဋိပ္ပဿမ္ဘတု"

"ယူဇနာ ၁၂၀ ရှိသော ခရီးကြမ်းကို လာခဲ့ရသည်ဖြစ်၍ ဗါဟိယ၏ ခန္ဓာကိုယ်သည် အလွန်ပင်ပန်းလျက်ရှိသည်၊ ထိုပင်ပန်းချက်လည်း ငြိမ်းစေဦး၊ ဟူသော 'အတ္တကိလမထ' မှ လွတ်အောင်

စောင့်သော အနေဖြင့်အားဖြင့် သတိပြု၍ ဒုတိယအကြိမ် တရားဟောရန် ငြင်းပယ်လိုက်ခြင်း ဖြစ်လေသည်၊ ဗါဟိယလည်း မြတ်စွာဘုရား၌ တက်ကြွသော ပီတိသောမနဿလည်း လျော့ကျလာစဉ်....ပင်ပန်းမှုကြောင့် မသက်မသာရှိသောကိုယ်သည်လည်း သက်သာလာဆဲ၊ သံဝေဂဉာဏ်နှင့် တတိယအကြိမ်တရားတောင်းပန်သောအခါမှ ဗါဟိယ၏ဣန္ဒြေလည်း ရင့်ကျက်သဖြင့် သေမည့်ဘေးကို မြင်တတ်သဖြင့် ဉာဏ်ရင့်လာသောအချိန်တွင် မြတ်စွာဘုရားသည် ဤ 'ဒိဋ္ဌေဒိဋ္ဌမတ္တံ' စသော ဒေသနာတော်ကိုမဇ္ဈိမပဋိပဒါဥပဒေသအကျဉ်းချုပ်ဟောတော်မူသည်။

မည်သည့် တရားဒေသနာကိုမဆို မြတ်စွာဘုရားသည် အဓိကဦးတည်၍ ဟောရမည့်ပုဂ္ဂိုလ်၏အလို (အဇ္ဈာသယ)ကိုကြည့်၍၊ နည်းပရိယာယ်သာ ပြောင်းသွားမည်၊ သဘောကားအတူတူပင်ဖြစ်သည်။

ဤဒိဋ္ဌေဒိဋ္ဌမတ္တံ စသော ဒေသနာတော်ကို ဗာဟိယနှင့်မာလုကျပုတ္တ ၂ ဦးကိုသာ ဟောသည်ဟုဆိုရာ၌ဗါဟိယကို ဟောပုံနှင့် မာလုကျပုတ္တကို ဟောပုံနည်းပရိယာယ်မတူဘဲ ကွဲပြားပုံကို လေ့လာကြည့်ပါ....ဗါဟိယကိုဟောရာ၌....

"ဗါဟိယ-မြင်သည်ရှိသော် မြင်ကာမျှ၊ ကြားသည်ရှိသော် ကြားကာမျှ၊ တွေ့ထိသည်ရှိသော်တွေ့ထိကာမျှ၊ သိသည်ရှိသော် သိကာမျှ၊ သင်ရှုနိုင်လျှင်။ လ။ သင်သည် ဆင်းရဲဆုံးရာ နိဗ္ဗာန်ကို ရလတ္တံ." ဟု ဟောတော်မူသည်။

ထိုတရားကိုပင် မာလုကျပုတ္တကို ဟောရာ၌....

"မာလုကျပုတ္တ-သင်သည် မမြင်ရဖူးကုန်သော မြင်ဆဲလည်း မဟုတ်ကုန်သော၊ မြင်ဘို့ပင် စိတ်မကူး ရသေးကုန်သော အဆင်း (ရူပါရုံ)တခုခုတွင် သင်သည် စွဲမက်မှု၊ နှစ်သက်မှု၊ သာယာမှုတို့ ရှိပါမည်လော"

"မဖြစ်ပါအရှင်ဘုရား"

(အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အသိ)

မာလုကျပုတ္တ—ထိုသို့ဖြစ်လျှင် သင်သည် မြင်ဆဲ မြင်ခိုက်သော အဆင်းတခုခုတွင် ကိုယ်ထိလက်ရောက် မြင်သောအခိုက်၊ ပဌမ သင်မမြင်ဖူးသော အဆင်း၌စွဲမက်မှု၊ နှစ်သက်မှု၊ သာယာမှုတို့ မဖြစ်သကဲ့သို့ ယခုမြင်ဆဲတွင်လည်း မဖြစ်အောင် (ဥပေက္ခာသဘော)နှင့်ရှုနိုင်ငြားအံ့။လ။ သင်သည် ဆင်းရဲဆုံးရာနိဗ္ဗာန်ကို ရလတ္တံ့"ဟုဟောတော်မူသည်။

မြတ်စွာဘုရား၏ အလိုတော်မှာ ကျွတ်ထိုက်သော သတ္တဝါ၏ စရိုက်၊ ဣန္ဒြေ စသည်တို့အတွက်သာ ဓမ္မက္ခန္ဓာပေါင်းများစွာ ဟောရသော်လည်း အနှစ်သာရသဘောကား ရာဂငြိမ်းကြောင်း ဒေါသငြိမ်းကြောင်း၊ မောဟငြိမ်းကြောင်းသာဖြစ်သည်။

"ရာဂ,ဒေါသ,မောဟဖြစ်လျှင်ဘုရားတရားမဟုတ်"၌'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ' ဒေသနာတော်၌ လိုရင်းကိုထုတ်ကြည့်လျှင် မြင်ရာ၊ကြား ရာစသော ကိလေသာဝင်ပေါက်တို့တွင် ရာဂ၊ ဒေါသ၊ မောဟ ကိလေသာတို့ မဝင်နိုင်အောင်၊ မဖြစ်အောင်၊ သေအောင်၊သတ် သော သဘောသာတွေ့ရသည့်၊ မည်သည့်တရားလုပ်ငန်းတွင် ရာဂ

ဒေါသ၊ မောဟ ဖြစ်စေသနည်း၊ မည်သည့်သံသရာလွတ် တရား တခုမျှ ရာဂ၊ ဒေါသ၊မောဟဖြစ်အောင် အားပေးသော တရား များ မဟုတ်ချေ။

(သုခသောမနဿ) ချမ်းသာ ဝမ်းသာ ခြင်းသည် 'ကာမ သုခလ္လိက'ရာဂဖြစ်၍ (ဒုက္ခဒေါမနဿ) ဆင်းရဲဝမ်းနည်းခြင်း သည်'အတ္တကိလမထ' ဒေါသ၊ မောဟဖြစ်ရကား၊ ဘုရားသာသ နာ ဘုရား၏ တရားမဟုတ် 'နသေဝိတဗ္ဗာ' မမှီဝဲအပ်ကုန်ဟု ဗုဒ္ဓ ဘုရား ကိုယ်တော်တိုင် ပယ်ခိုင်းသည်၊ အကြောင်းမူ ရာဂ၊ဒေါ သ၊ မောဟသတ်တရားနှင့် ရာဂ၊ ဒေါသ၊ မောဟဖြစ်သော တရား သည် ဆန့်ကျင်နေသောကြောင့်ဖြစ်၏။

သို့အတွက် အစွန်းတရား ၂ ပါးသည် ရာဂ၊ ဒေါသ၊ မော ဟတို့ဖြစ်သောကြောင့် မဇ္ဈိမပဋိပဒါ အကြောင်း ဖေါ်ပြရာ၌၊ ကျွန်ုပ်တို့အထပ်ထပ်အခါခါဆိုနေရခြင်းဖြစ်ပေသည်၊ မည်သည့် တရားမျှ ရာဂ၊ဒေါသ၊မောဟဖြစ်အောင် အားပေးသောတရား များမဟုတ်ကုန်၊ ခန္ဓဝဂ္ဂသံယုတ်တွင်လည်း ခန္ဓာငါးပါးနှင့် ပတ် သက်၍ဖေါက်ပြန်မှု(ရုပ်)၌ ရာဂ၊ ဒေါသ၊ မောဟငြိမ်းရန် ခံစား မှု၌၊ မှတ်မှု၌၊ ပြုပြင်မှု၌၊ သိမှု၌၊ ရာဂ,ဒေါသ,မောဟငြိမ်းရန်သာ အဓိကအားဖြင့်ဟောတော်မူထားရကား၊ ရာဂ၊ ဒေါသ မကပ်နိုင် သော ထိုထိုခန္ဓာ၊ အာယတန၊ ဓါတ်တို့အပေါ်၌ ပရမတ်သဘော မြင်မှ သိမှ ကိစ္စပြီးနိုင်သောကြောင့် မည်သူ့ကို ဟောသော မည်သည့်တရားကား ငါတို့နှင့်မဆိုင်ဟု မမှတ်မယူရာ။

သတိပဋ္ဌာန်လေးပါး ဘုရားဟောရာ၌လည်း မိမိတို့ ဉာဏ်နှင့် သိမှီသလို ရှုနိုင် သိနိုင်ရန်အတွက် 'ကာယနည်း၊ ဝေဒနာနည်း၊

စိတ္တနည်း၊ ဓမ္မနည်း ခွဲခြား ဟောသော်လည်း ပရမတ်ပိုင်းသို့ ရောက်လာသောအခါ အားလုံးသော သတိပဋ္ဌာန်တို့သည်၊ သဘာဝဖြစ်ပျက်သို့သာ ရောက်ကြလေသည်။ ထိုသဘာဝ ဖြစ်ပျက်သို့ရောက်အောင်မရှုနိုင်၊ မသိနိုင်က 'မည်သည့်သတိပဋ္ဌာန် အားထုတ်သူမှ မဂ်မရနိုင်' အကြောင်းကား ထိုပရမတ် ဖြစ်ပျက်မမြင်က ရာဂ၊ ဒေါသ၊ မောဟ ကိလေသာ မသတ်နိုင်သော ကြောင့်တည်း၊ ၎င်းပြင် အထင်အရှားဆုံး တရားတပုဒ်မှာ ပုဂ္ဂိုလ် ရည်ညွှန်းချက်မပါသော ဥပရိပဏ္ဏာသပါဠိတော် ဣန္ဒြိယဘာဝနာသုတ်ဖြစ်သည်။

## "ကိလေသာကိုဥပေက္ခာသာသတ်သည်"

"ချစ်သား အာနန္ဒာ—ငါဘုရား အဆုံးအမ သာသနာ၌ ကိလေသာကို ခွါလို, ဖျက်လိုသော ယောဂီသည် မျက်စိဖြင့် အဆင်းကိုမြင်၍၊ ထိုအခါ နှစ်သက်မှု, မနှစ်သက်မှု တခုခု ဖြစ်တတ်သည်၊ ထိုသို့ဖြစ်သောအခါ ဤကဲ့သို့ သတိပြု၍ နှလုံးသွင်းရမည်" ဤယခု မျက်စိဖြင့် အဆင်းကိုမြင်သဖြင့် ငါ့အား နှစ်သက်မှု၊ သို့မဟုတ် မနှစ်သက်မှုဖြစ်ပြီ၊ထိုနှစ်သက်, မနှစ်သက်မှုဟူသော သဘောသည် အကြောင်းတရားတို့ ပြုပြင်အပ်သော သဘော ရှိ၏၊ ကိလေသာ ဖြစ်၍လည်း ကြမ်းထန်း၏၊ အကြောင်းကိုစွဲ၍ ဖြစ်သော အကျိုးတရား 'ပဋိစ္စသမုပ္ပါဒ်'မျိုးဖြစ်၏၊ ထိုသဘော တို့သို့မလိုက်ဘဲ၊ ၎င်းတို့ကိုသိနေရသော'ဥပေက္ခာ'သည် ငြိမ်သက် ၏၊ မြတ်၏၊ မကြမ်းတန်း၊ သို့အတွက် ၄ါသည် သိစရာရှိသည်ကို

သော သိနေမည်ဟု နှလုံးသွင်း၍ ကိလေသာတို့ကို လစ်လျူရှုသော ယောဂီအား နှစ်သက်မှု, မနှစ်သက်မှုစသော ကိလေသာတို့သည် ထိုခဏ၌ပင် ချုပ်၍၊ဥပေက္ခာသည်'မျက်စိမှိတ်ရာမှ ဖွင့်သကဲ့သို့– ဖွင့်ရာမှမှိတ်သကဲ့သို့' သောအချိန်အတွင်း တည်လာလေသည်။

"အာနန္ဒာ- ဤဟောပြချက်သည် အရိယာတို့၏ အဆုံးအမ သာသနာ၌ မျက်စိဟူသောတံခါးပေါက်မှ ဝင်လာသော ကိလေသာတို့ကို ပိတ်ဆို့ ရှုမှတ်ခြင်း၌ အတုမရှိ ကောင်းသောဣန္ဒြေ ပွားခြင်းပေတည်း"ဟုဟောတော်မူသည်။

မျက်စိဖြင့် အဆင်းကိုမြင်ရာ၌ ထိုမြင်သိ သဘာဝကို သိရုံ ရှုရသည်ကား-ကိလေသာ မဖြစ်အောင်, မဝင်အောင် ရှုရသော ကြောင့် 'ဒိဋ္ဌေဒိဋ္ဌမတ္တံ' သဘောပင်ဖြစ်၏၊ မည်သို့ပင်မြင်စေ၊ ကိလေသာသတ်တရားသည် ကိလေသာ မဖြစ်ရန်အရေးကြီးပေ သည်။

ကျွန်ုပ်တို့ရှုသော ဓမ္မာနုပဿနာ သည်လည်း ရုပ်ဓမ္မ နာမ်ဓမ္မ တို့၏ သဘောတရား ပရမတ်သတ်သတ်ကိုရှုရာ၌ ခန္ဓာကိုယ်တွင် ကာယနှင့်ဖောဋ္ဌဗ္ဗတိုက်တွေ့မှုအခိုက်တွင် ပေါက်ပြန်မှု သဘော တရားတို့၏ ဖြစ်ပျက်ကို သိရုံ ရှုရသောကြောင့် 'မုတေမုတမတ္တံ', ဝိညာတေဝိညာတမတ္တံ''အရ ဖြစ်လေသည်၊ ဤဣန္ဒြိယဘာဝနာ သုတ် အလိုအားဖြင့်လည်း 'ကာယေနဖောဋ္ဌဗ္ဗံဖုသိတွာ ဥပ္ပဇ္ဇတိ မနာပံ'စသော အရလည်းဖြစ်သည်၊ လိုရင်းမှာ ဝိပဿနာ အလုပ် ဟူသည် မိမိ၏ ခန္ဓာကိုယ်၌ ဆန္ဒရာဂ မဖြစ်အောင်ခွါ၍၊ နောက် တွင် 'ဥပေက္ခာသဘောနှင့်ရှုရသည်ချည်း'ဖြစ်သည်။

"ဣတိ ဝိပဿနုပေက္ခာယ သိဒ္ဓါယ သင်္ခါရုပေက္ခာပိ သိဒ္ဓါဝဟောတိ"

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ–၁၅၇)။

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ–၁၇၅)။

"ဤသို့သင်္ခါရရုပ်နာမ်တို့ကို ၎င်းတို့၏ မမြဲသောသဘော၊ ဆင်းရဲသောသဘော၊ ငါမဟုတ်သော သဘောတို့ကို ဉာဏ်ဖြင့် သိမြင်ရသော ယောဂီ၌ ရာဂ, ဒေါသ, မောဟစသော ကိလေသာတို့ကို လစ်လျူရှုသော မဇ္ဈိမပဋိပဒါဖြင့် ဥပေက္ခာသည် ဖြစ်လာ၏၊ ၎င်းသည် ဝိပဿနုပေက္ခာဖြစ်၍၊ ယင်းဝိပဿနုပေက္ခာ ဟူသောဉာဏ်ဖြင့် အမှန်အကန် ရှုသွားနိုင်လျှင် ဖြစ်ပျက်မျှသာ ဖြစ်သော သဘောတရား သင်္ခါရကိုပင်လျှင် လစ်လျူရှု ပယ်ခွါမည့်'သင်္ခါရုပေက္ခာ'သည် ကိစ္စပြီးစီးအောင် ဆောင်ရွက် နိုင်ပေသည်။

"အနုက္ကမေန ဝိပဿနုပေက္ခံ နိဗ္ဗတ္တေတွာ တံသင်္ခါရုပေက္ခံ၊ ပါပေတွာဌပေတိ"

(ဥပရိပဏ္ဏာသဋီကာ–၄၄၀)။

"ဝိပဿနာရှုသော ယောဂီ၌ ရုပ်နာမ်တို့၏ ဟုတ်မှန်သော လက္ခဏာအချက်တို့ကို သိမြင်ရသဖြင့် တွယ်တာကပ်ငြိမှု စသော ကိလေသာတို့ကို သဘာဝအားဖြင့် လစ်လျူရှု စွန့်ခွါမြဲ၊ သို့ဖြင့် အစဉ်အတိုင်း ရှုသိသွားရာ ဝိပဿနာရှုဉာဏ်အဆုံး သင်္ခါရုပေက္ခာ ဉာဏ်သည် ထိုဖြစ်ပျက်သဘောမျှကိုပင် လစ်လျူရှု စွန့်ခွါ၍၊ဖြစ်ပျက်အဆုံးဟူသော မဂ်သို့ ရောက်အောင် ပို့ခြင်းသည်လည်း

'ဥပေက္ခာ'ပင်ဖြစ်ကြောင်း ပါဠိတော်အဋ္ဌကထာ ဋီကာတို့ စုံစွာပြထားသဖြင့် ဝိပဿနာအလုပ်နှင့် ဥပေက္ခာကိစ္စကို သိနိုင်လေသည်။

ထိုသဘောမျိုးချည်း ဟောထားပါသော်လည်း 'ဗါဟိယ၊ မာလုကျပုတ္တ'တို့ကို ဥပေက္ခာတိုက်ရိုက် ဟောထားသည်မျှကိုသာ ကြည့်၍'ထိုပုဂ္ဂိုလ် ၂ ပါးထည်း ရဟန္တာ ဖြစ်သောတရား' ဟု မှတ်ယူမှုကား၊ ကျဉ်းမြောင်းလှသည်၊ 'ထို ၂ ပါးသည် ဥပေက္ခာရှု၍ ရဟန္တာဖြစ်သည် 'ဆိုလျှင် 'မြတ်စွာဘုရား၏ သာသနာတော်ခေတ်အတွင်းရှိ အရိယာပေါင်းများစွာသည် ဥပေက္ခာလွတ်၍ မည်သည့်တရားမျိုးအားထုတ်ခဲ့သနည်း'ဟုမေးခဲ့သော်အဖြေခက်ပေလိမ့်မည်၊ အဘယ့်ကြောင့်ဆိုသော် ဥပေက္ခာ မပါခဲ့သော် သင်္ခါရကိုပင် လစ်လျူရှု၍ မရသဖြင့် သင်္ခါရရုပ်နာမ် မချုပ်ကမည်သူမျှ မဂ်မရနိုင်သောကြောင့်ဖြစ်၏၊ သင်္ခါရုပေက္ခာ ဉာဏ်သို့ပင်ရောက်မည် မဟုတ်ချေ။

ဥပေက္ခာဖြစ်ပုံကား– ပဋ္ဌမကိလေသာကို ဥပေက္ခာပြုသော 'ဝိပဿနုပေက္ခာ'ဖြစ်အောင် ဖြစ်ပျက်ရှုရသည်၊ ထိုသင်္ခါရ ရုပ်နာမ်၌ ဖြစ်ပျက်မြင်နေချိန်တွင် 'ဝိပဿနုပေက္ခာ'ဖြစ်၍ အစဉ်အတိုင်း ရှုသွားက ထိုဖြစ်ပျက်သင်္ခါရကို လစ်လျူရှုသော'သင်္ခါရုပေက္ခာ'ဉာဏ်သည် ဖြစ်ပျက်သင်္ခါရကို လစ်လျူပြု စွန့်ပစ်လျက် 'အပ္ပဝတ္တ'နိဗ္ဗာန်'ဟူသော ဖြစ်ပျက်သင်္ခါရတို့ မဖြစ်ရာ၊ ချုပ်ရာနိဗ္ဗာန်သို့ ထိုဥပေက္ခာဉာဏ်က ပို့ဆောင်လေသဖြင့် သောတာပန်အရိယာမှအစ၊ အရဟတ္တဖိုလ်ရဟန္တာဖြစ်အောင် ဥပေက္ခာမပါ

လျှင် လုံး၀မဖြစ်သဖြင့် 'ဥပေက္ခာ၀ိပဿနာရှုနည်း' မဇ္ဈိမပဋိပဒါကို ယထာဘူတကျအောင် လေ့လာသင့်လေသည်၊ ၀ိပဿနာရှုအားသန်သော (အာရဒ္ဓ၀ိပဿက) ပုဂ္ဂိုလ်၌ နိဗ္ဗိန္ဒဉာဏ်မှအထက်(ဗလ၀၀ိပဿနာ)ရောက်လာလျှင် ဥပေက္ခာ သဘောကိုများစွာ သဘောပေါက်လာမည်ဖြစ်၍ အလုပ်သဘောနှင့်လည်း စမ်းသပ်အားထုတ်ကြည့်ကြစေလိုပါသည်။

"မဂ်မရသူငြင်းခုန်သည်" မြတ်စွာ ဘုရား၏ တကြောင်းတည်းသော အရိယာဖြစ်ကြောင်း၊ သစ္စာသိကြောင်း၊ နိဗ္ဗာန်ရကြောင်းဖြစ်ပါလျက်၊ ငြင်းခုန်စကားများခြင်းသည် မိမိတို့၌ အရိယာမဂ် မရသေးကြောင်း ထင်ရှား ပြခြင်းသာဖြစ်သည်၊ သတိပဋ္ဌာန်သည် ကာယနမဂ် တကြောင်းတည်းသော လမ်းသာဖြစ်သည်၊ သတိပဋ္ဌာန်လေးမျိုး၊ ၂၁ ပါးသော အခြင်းအရာအားဖြင့် သတိပဋ္ဌာန်သည် မည်မျှ သရုပ်သကန် များစေကာမူ၊ ပညတ်တွဲသော အစ၌သာ ၂၁ မျိုး ပြားသော်လည်း ပရမတ်သဘောတရား ရောက်လာလျှင် တမျိုးတည်းသာဖြစ်၍၊ သစ္စာတမျိုးတည်းသာ ထိုးထွင်းသိလျက်၊ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်တခုတည်းသို့သာလျှင် ရကြ, ရောက်ကြသည်သာတည်း။

ပညာပိုင်း၊ ၀ိပဿနာပိုင်း၊ ဘာ၀နာပိုင်းသို့ ရောက်လာလျှင် ပရမတ်သဘောတရားချည်းဖြစ်၍ ငြင်းခုန်စရာ လုံး၀မရှိတော့ချေ၊ လောကုတ္တရာမဂ်သို့ရောက်လျှင်ကား အထူး ပြောစရာမရှိဖြစ်သည်။

"လောကုတ္တရမဂ္ဂံ ပတွာ ဝိဝါဒေါ နဘိသမ္ဘဝေ
ဝူပသမ္မတိ၊ နတ္ထိအဓိဂတမဂ္ဂါနံ ဝိဝါဒေါ"
(ဥပရိပဏ္ဏာသဋ္ဌကထာ-၂၅)။

"လောကုတ္တရာမဂ်သို့ ရောက်လျှင် အလုံးစုံငြင်းခုန်ခြင်းသည် မရှိတော့ချေ၊ ငြင်းခုန်နေကြခြင်းမှာ မဂ်ကို မရသော သူတို့၏ ကိစ္စသာဖြစ်သည်"

ဝိပဿနာအလုပ်၊ သတိပဋ္ဌာန်အလုပ် အားထုတ်ကြခြင်းမှာ မိမိ မိမိတို့၏ ဒုက္ခသံသရာမှ လွတ်မြောက်ရေးအတွက် မိမိကိစ္စ မိမိဆောင်ရွက်ခြင်း ဖြစ်သည်ကို သတိမမေ့အပ်ပေ၊ မြတ်စွာဘုရားသည် သတ္တဝါအထွေထွေအတွက် 'အနေကပရိယာယ မမ္မ' များကို မိမိတို့ဉာဏ်ဖြင့်အားလုံးခြုံမိသိဘို့ အလွန်ခဲယဉ်းလေသည်၊ သတိပဋ္ဌာန် အောက်အခြေခံတွင် သတ္တဝါအလိုက် မည်သို့တည် ခဲ့စေကာမူ၊ပရမတ်ဉာဏ်သို့ရောက်လာလျှင်တမျိုးတည်း သဘာဝ သစ္စာတခုတည်းဖြစ်၍သာ မဂ်လမ်းကြောင်း တခုတည်းသို့ ဝင်ရ ရောက်ရလေသည်။ ငြင်းခုန်စကားများနေခြင်းသည်၊ မိမိတို့မှာ ပရမတ်ဉာဏ်သို့ပင် မရောက်သေးကြောင်း ဖေါ်ပြပြီးဖြစ်သည့် အပြင်၊ မိမိဉာဏ်မမှီသော တရားကို ငြင်းခုန်မိသဖြင့် ထိုတရားကို ဟောသော ဗုဒ္ဓဘုရားကိုလည်း စွပ်စွဲရာကျလေသည်။

"ကိံ သုကောပမသုတ်" တခုသောအချိန်အခါတွင် ရဟန်း တပါးသည် အခြားသော ရဟန်းတပါး၏ထံသို့ ကပ်၍....'အရှင်ဘုရား-အဘယ်မျှလောက်ဉာဏ်ဖြင့် သိလျှင်,မြင်လျှင် ထိုပုဂ္ဂိုလ်အား စင်ကြယ်သော လောကုတ္တရာ တရားရပါမည်လဲ'ဟု မေးသောအခါ ထိုရဟန်းက....

"ငါ့ရှင်–အာယတန ၆ ပါးတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို သိလျှင် စင်ကြယ်သော လောကုတ္တရာ တရားရပါသည်"ဟု ဖြေလေသည်၊ ထိုမေးသော ရဟန်းသည် ဤဖြေချက်ကို မကျေနပ်သဖြင့် အခြားသော တရားရပြီးဖြစ်သည့် ရဟန်းတပါးထံသို့ ကပ်၍....

"အရှင်ဘုရား–အဘယ်မျှလောက် ဉာဏ်ဖြင့် သိလျှင်,မြင်လျှင် ထိုပုဂ္ဂိုလ်အား စင်ကြယ်သောလောကုတ္တရာတရားရပါမည်လဲ'ဟု မေးပြန်ရာ၊ ထိုအမေးခံရသော ရဟန်းက....

"ငါ့ရှင်–အစုံအလန်းကြောင့်ဖြစ်သော (ခန္ဓာငါးပါး)အစုအပုံငါးခုတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကိုသိလျှင် စင်ကြယ်သော လောကုတ္တရာ တရားကို ရပါသည်'ဟု ဖြေလေသည်၊ မေးသော ရဟန်းသည် ဤဖြေချက်ကိုလည်း မကျေနပ်သဖြင့် အခြားသော တရားရပြီးဖြစ်သည့် ရဟန်းတပါးထံသို့ကပ်လျက်....

"အရှင်ဘုရား–အဘယ်မျှလောက် ဉာဏ်ဖြင့် သိလျှင်, မြင်လျှင် ထိုပုဂ္ဂိုလ်အား စင်ကြယ်သော လောကုတ္တရာတရား ရပါမည်လဲ'ဟု မေးလေလျှင် ထိုအမေးခံရသော ရဟန်းက....

"ငါ့ရှင်–မဟာဘုတ်ဓာတ်ကြီးလေးပါးတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို သိလျှင်, မြင်လျှင် စင်ကြယ်သော လောကုတ္တရာတရားကို ရပါသည်'ဟု ဖြေလေသည်၊ မေးသော ရဟန်းသည် ဤမျှဖြင့် မကျေနပ်သေးရကား အခြား တပါးသော ရဟန်းအထံသို့ ချဉ်းကပ်ပြီးလျှင်....

"အရှင်ဘုရား–အဘယ်မျှလောက်ဉာဏ်ဖြင့် သိလျှင်,မြင်လျှင် ထိုပုဂ္ဂိုလ်အား စင်ကြယ်သော လောကုတ္တရာ တရားရပါမည်လဲ' ဟု မေးသောအခါ၊ ထိုအမေးခံရသော ရဟန်းက....

"ငါ့ရှင်–ဖြစ်ခြင်း သဘောရှိသော တရား အားလုံးသည် ချုပ်ခြင်း ပျက်ခြင်း သဘောရှိ၏ဟု သိလျှင်, မြင်လျှင် စင်ကြယ်သော လောကုတ္တရာ တရားကို ရပါသည်'ဟု ဖြေလေသောအခါ ထိုရဟန်းသည် အမျိုးမျိုးသော ဖြေချက်တို့ကို မကျေနပ်၍ မြတ်စွာဘုရားထံ သွားရောက် လျှောက်ထားသောအခါ 'ပေါက်ပင်ဥပမာ'ဖြစ်သော 'ကိံသုကောပမသုတ်'ကို ဟော တော်မူသည်။

ပေါက်ပင်သည် အခါကာလကိုလိုက်၍ 'မီးလောင်ငုတ်ကဲ့သို့' မြင်ရသော သူလည်းရှိသည်၊ ပွင့်သောအခါတွင် 'သားတစ်ကဲ့သို့' နီနီရဲရဲ မြင်ရသူလည်းရှိသည်၊ သီးသောအခါတွင် 'ကုက္ကိုပင် ကဲ့သို့' အသီးတွဲရရွဲနှင့် မြင်ရသူလည်းရှိသည်၊ အပွင့်အသီး ကြွေ ပြီးရွက်နုရွက်ရင့်တို့ဖြင့် ပြည့်သောအခါတွင် 'ပညောင်ပင်ကဲ့သို့' အရွက်စိပ်လျက် အရိပ်ကောင်းသည်ကို မြင်ရသူလည်းရှိသည်။ စင်စစ် ထိုမြင်ချက်အားလုံးသည် ပေါက်ပင်အမှန်ကို မြင်ခြင်း ဖြစ်၍–အနှစ်သာရကား တမျိုးတည်း, တခုတည်းသာလျှင် ဖြစ် ၏ဟု ဟောတော်မူသည်။

(သဠာယတနသံယုတ်ပါဠိတော်–၃၆၉)၊

**"သဘောတရားကိုစစ်ရန်"** ဤသုတ်၌ တရား အားထုတ်လို သဖြင့် တရားရပြီးသော ပုဂ္ဂိုလ်တို့အား မေးလျှောက်သော

ရဟန်းသည်-၄ ပါးကိုမေးရာ၌၊၄ မျိုး အဖြေတခုတည်းရသည်ကို မကျေနပ်ပေ၊ ဘုရားတရားတော်သည် တပါးတည်းသာ ဖြစ်ရမည်ဟု သူသိထားသည်၊ သူ့စိတ်တွင် တပါးတည်းဖြစ်လျက် ငြင်းခုန်နေသည်-မကျေနပ်၊ အဘယ့်ကြောင့် ဤသို့ ဖြစ်ရသနည်းဟု မတင်မကျရှိလေသည်။

တရားတမျိုးစီ အားထုတ်၍ တရားရပြီးသော ပုဂ္ဂိုလ် ၄ ဦးတို့ကမူ အချင်းချင်း မငြင်းခုန်ကြချေ၊ စတင်၍ အကျင့်ချစဉ်က မိမိတို့သဘောပေါက်နားလည်သည့် တရားကို တမျိုးစီအားထုတ်ခဲ့ကြသော်လည်း တရားသဘောကား အတူတူ၊ တခုတည်းသာဖြစ်သည်ကို သိနိုင်သည်၊ ပဌမ အမေးခံရသော ရဟန်းကဖြေသည်မှာ....

"ဆန္နံဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ"ဖြစ်၏။

"အာယတန ၆ ပါးတို့၏ ဖြစ်ပျက်ကို အမှန်အတိုင်း ဉာဏ်ဖြင့်သိ၏"

ဒုတိယ ရဟန်း အဖြေကား–

"ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံသမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ"ဖြစ်၏။

"အစွဲအလန်းကြောင့်ဖြစ်သော ခန္ဓာငါးပါးတို့၏ဖြစ်ပျက်ကို အမှန်အတိုင်းဉာဏ်ဖြင့်သိ၏။

တတိယ ရဟန်း၏ အဖြေကား–

"စတုန္နံ မဟာဘူတာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ"ဖြစ်၏။

"ဓါတ်ကြီးလေးပါးတို့၏ ဖြစ်ပျက်ကို အမှန်အတိုင်း ညာဏ်ဖြင့်သိ၏"

စတုတ္ထ ရဟန်း၏အဖြေကား—

"ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံ နိရောဓဓမ္မန္တိ ယထာဘူတံ ပဇာနာတိ" ဖြစ်၏။

"ဖြစ်ခြင်းသဘောရှိသော တရား အားလုံးသည် ပျက်ခြင်းသဘောရှိ၏ဟု အမှန်အတိုင်း ညာဏ်ဖြင့်သိ၏"ဟု အသီးသီး ဖြေဆိုကြရာ၊ မတူပုံ တူပုံကို ခွဲခြားလိုက်လျှင်....

| မတူပုံ | | တူပုံ |
|---|---|---|
| 'အာယတန ၆ ပါး' | .... | ဖြစ်ပျက်။ |
| 'ခန္ဓာ ၅ ပါး' | .... | ဖြစ်ပျက်။ |
| 'ဓါတ်ကြီး ၄ ပါး' | .... | ဖြစ်ပျက်။ |
| 'သင်္ခါရအားလုံး' | .... | ဖြစ်ပျက်။ |

အစတည်၍ ရှုရာတွင် ပညတ်အာရုံ မလွတ်သေးဘဲ နေသည့်အတွက် မတူကွဲပြားပေသည်၊ ပရမတ်အာရုံအစစ် ရောက်လာလျှင်ကား—ဖြစ်တတ်ပျက်တတ်သော သဘောတရားသာ ရှိသည့်အတိုင်း ရှုညာဏ်သည်၊ ထိုဖြစ်ပျက်ကိုသာလျှင် ပရမတ်သဘောအရ မြင်တော့သည်၊ မည်သည့် သတိပဋ္ဌာန်မျိုးနှင့် အခြေတည်လာသည်ဖြစ်စေ၊ သဘောတရားကို ညာဏ်ဝင်လာသောအခါ၊ ဖြစ်မှုပျက်မှု သဘောတရားကလွဲ၍ ရှုစရာမရှိတော့ချေ၊ ထိုသဘောအသိသို့ ညာဏ်ရောက်ပြီး, ရောက်ဆဲ ပုဂ္ဂိုလ်တို့အတွက်

အမြင်အသိတမျိုးတည်းသာရှိတော့ရကား ငြင်းခုန်စရာလုံးဝမရှိတော့ပေ၊ အောက်ခြေကိုသာကြည့်လျှင် 'အာယတန ၆ ပါး' ရှုနေသူက 'ခန္ဓာငါးပါး' ရှုသူကို ငြင်းမည်၊ မှားသည်ဟုဆိုကောင်း ဆိုမည်၊ အပြန်အလှန် ငြင်းကြခုန်ကြသူတို့မှာ အောက်ခြေတွင် ငြင်းနေသူတို့ဖြစ်၍၊ မိမိတို့သည် မငြင်းမခုန်ရသော ပရမတ် စင်စစ်သို့ မရောက်သေးပါတကားဟု သတိပြုရန်ပင်ဖြစ်သည်၊ ငြင်းခုန်ကြသည်ကား၊ တရာ ကမမှား၊ ထိုမိမိငြင်းနေသော တရား၏ သဘောကို မိမိသဘောပေါက် နားလည်မှု မရှိခြင်းကြောင့် ဟူသော စကားအတိုင်းအမှန်ဖြစ်နေလေသည်၊ မိမိတို့၏ နားမလည်မှုဟူ၍ သိရန် အထူးအရေးကြီးပေသည်။

"**သစ္စာသို့ဦးတည်ရန်**" ကျွန်ုပ်တို့သည် သံသရာဝဋ်မှ လွတ်မြောက်လိုသဖြင့် တရားအလုပ်ကို အားထုတ် ကြခြင်းဖြစ်ရာ၊ သတိပဋ္ဌာန်အမျိုးမျိုးကို မိမိတို့ နားလည် သဘောပေါက်သလို ဒေသနာတော်ညွှန်းချက်အရ အားထုတ်သမျှသည် မဂ်ဖိုလ်နိဗ္ဗာန် ဟူသော သံသရာလွတ်လောကုတ္တရာ တရားရမှုအတွက်ချည်းသာ ဖြစ်လေသည်၊ ဤမဂ်ဖိုလ်နိဗ္ဗာန်ဟူသည် တရားအားထုတ်သော ပုဂ္ဂိုလ်၏ ရအပ်သော (ဆုလာဒ်) အကျိုးတရားဖြစ်ရာ လုပ်ငန်း အတွက် အရေးကြီးသောကိစ္စမဟုတ်ပေ၊ လုပ်ငန်း မှန်လာလျှင် မလွဲမသွေ ရရှိမည့် အကျိုးတရားဖြစ်သောကြောင့်တည်း။

ထိုမဂ်ဖိုလ်နိဗ္ဗာန်ရရန်အတွက် လုပ်ငန်း၏ အရေးအကြီးဆုံး ကိစ္စမှာ 'သစ္စာသိရန်' ကိစ္စသည် လုပ်ငန်း၏ အရေးအကြီးဆုံး သိရမည့်ကိစ္စဖြစ်သည်၊ သတိပဋ္ဌာန်အလုပ် မဂ္ဂင်အလုပ် ဟူသမျှသည်

သစ္စာသိမှုကို ဦးတည်သွားရ၏၊ သစ္စာဟူသည် အားထုတ်သော ယောဂီ၏ညာဏ်ထိုးထွင်းသိမှုဖြစ်သည်၊ သိရမည့် သစ္စာမသိက သံသရာမှ မည်သူမဆို ထွက်ခွင့် မရကြောင်းကို 'မဟာပရိနိဗ္ဗာန သုတ် ပါဠိတော်' အရဖြင့်၎င်း၊ 'မဟာဝဂ္ဂသံယုတ် ကောဋိဂါမ သုတ်' အရအားဖြင့်၎င်း ကိုယ်တော်တိုင် ဟောတော် မူထား၏၊ ၎င်းပြင်....

"သစ္စဝိနိမုတ္တာဟိ ဘဂဝတော ဒေသနာနတ္ထိ"

(နေတ္တိဋ္ဌကထာ–၅၆)။

"မြတ်စွာဘုရား၏ တရားတော်ဟူသည် သစ္စာ လွတ်တရား မရှိ" ဟူ၍၎င်း....

"ဘဂဝတော ဝစနံ ကေဂါထာ မတ္တမ္ပိ သစ္စဝိမုတ္တံ နတ္ထိ"

(နေတ္တိဋ္ဌကထာ–ဂ၁)။

"မြတ်စွာဘုရား၏ စကားတော်သည် ဂါထာ တပုဒ်စာမျှ သော်လည်း သစ္စာလွတ်သည်မရှိဟူ၍၎င်း....

"စာတုပ္ပဒိကံ ဂါထံ ကထေန္တောပိ စတုသစ္စ ဝိမုတ္တံ နာမနကထေသိ"

(မဇ္ဈိမပဏ္ဏာသဋ္ဌကထာ–၂၉၄)။

"၄ ပါဒမျှရှိသော ဂါထာကို ဟောသော်လည်းသစ္စာ၄ပါး လွတ်၍မဟော" ဟူ၍၎င်း....

"သစ္စဝိမုတ္တာယ နိယျာနဿ အဘာဝတော"

(မဇ္ဈိမပဏ္ဏာသဋီကာ–၁၉၇)။

"သစ္စာလွတ်လျှင် ဝဋ်မှထွက်ခြင်း မဖြစ်သောကြောင့်"ဟူ၍ရှင်း....

"နဟိ စတုသစ္စ ကမ္မဋ္ဌာန ကထာယ ဝိနာသာဝကာနံ
အရိယမဂ္ဂဓိဂမောအတ္ထိ"

(မဟာဝဂ္ဂဋ္ဌကာ—၂၈၂)၊
(မူလပဏ္ဏာသဋ္ဌကာ—၃၃၃)။

"သာဝကတို့အား သစ္စာလေးပါး ကမ္မဋ္ဌာန်း တရားမှတပါး အရိယမဂ်ကို ရခြင်းမရှိ"

စသောအားဖြင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့အဆိုအရ သံသရာဝဋ်မှ လွတ်လိုသူတို့သည် လွတ်လောက် ကျွတ်လောက် ထွတ်မြောက်လောက်သော သစ္စာဉာဏ် အခြေခံ၍ လုပ်ငန်းလုပ်ချက် ကိစ္စဉာဏ်နှင့်ပြည့်စုံစွာ အားထုတ်လျှင် ကတဉာဏ်အားဖြင့် သစ္စာသိပြီး ကိစ္စပြီးမြောက်နိုင်မည်ဖြစ်သည်။

"ဒုက္ခသစ္စာသိစရာ" သစ္စာသိရမည်ဆိုသဖြင့် သစ္စာလေးပါး စလုံး သိရမည်မဟုတ်ပေ၊ သစ္စာလေးပါးသည် သူ့ကိစ္စသူရှိသည်။

"ဒုက္ခသစ္စာ"ဆိုသည်မှာ "ပိုင်းခြား၍ ပိုင်နိုင်စွာ သိရမည့် အမှန်တရားဖြစ်သည်"

"သမုဒယသစ္စာ"ဆိုသည်မှာ "ပယ်ရမည့် အမှန်တရားဖြစ်သည်"

"နိရောဓသစ္စာ" ဆိုသည်မှာ" မျက်မှောက်ပြုရမည့် အမှန်တရားဖြစ်သည်"

"မဂ္ဂသစ္စာ" ဆိုသည်မှာ "ပွားများအားထုတ်ရမည့်အမှန်တရားဖြစ်သည်"

ရှေးဦးစွာ 'ဒုက္ခသစ္စာ' ၌ 'ဒုက္ခ' ဆိုသည်မှာ 'ဆင်းရဲ' ဖြစ်၍ 'သစ္စာ' ဟူသည်မှာ 'အမှန်' ဖြစ်သည်၊ ၂ ပုဒ်ပေါင်းသော် 'ဒုက္ခသစ္စာ' 'ဆင်းရဲအမှန်' လောက၌ ဆင်းရဲပေါင်းစုံ မရေမတွက်နိုင်အောင် များလှချေ၏၊ ၎င်းဒုက္ခပေါင်းစုံ ဆင်းရဲပုံကို အကုန်ဖေါ်ပြနေဖွယ် မလိုပါချေ၊ ဆင်းရဲအားလုံး၏ အခြေခံသည် 'ဇာတိ' ဟူသော(ရုပ်နာမ်)အဖြစ်ရခြင်း၊ ဖြစ်ပေါ်ခြင်းသည်သာ အရင်းခံဖြစ်သည်၊ ဘုရားရှင်သည်လည်း နောက်ဆုံး အကျဉ်းချုပ်အားဖြင့် အစွဲအလန်း၏ အာရုံဖြစ်သော ဉာဏ်ခန္ဓာငါးပါးရခြင်း၊ ဖြစ်ရခြင်းသည် ဆင်းရဲအမှန် ဖြစ်၏ဟု ဟောတော်မူသည်၊

နိဒါနဝဂ္ဂသမ္မသသုတ်တွင် "ချစ်သားတို့–သင်တို့သည် အိုခြင်းသေခြင်းတရားတို့၏ သဘောကို အတွင်းကျကျ သုံးသပ်ခဲ့သော် 'ဇာတိ' အဖြစ်ရခြင်း၊ ဖြစ်ပေါ်ခြင်းကို တွေ့ရှိရပေသိမ့်မည်" ဖြစ်ပေါ်ခြင်းကြောင့် အိုရ၊သေရသည်၊ အိုခြင်းသေခြင်းသည် အရင်းခံမဟုတ်၊ 'ဖြစ်ခြင်း' သာလျှင် အရင်းခံဖြစ်သည်၊ မအိုလိုမသေလိုလျှင် ဖြစ်ခြင်း 'ဇာတိ' ကိုသာ မဖြစ်အောင်၊ ချုပ်အောင် နည်းလမ်းရှာရချေမည်။

ဖြစ်ခြင်းသည် သေခြင်း၏အကြောင်းဖြစ်သည် အဖြစ်ကိုရှာသောသူသည်၊ ဆင်းရဲကိုရှာသည်မည်၏၊ ဇာတိအဖြစ်ကို၊ မရဏသေပျောက်ခြင်းဖြင့် နိဂုံးချုပ်သည် 'ဇာတိဒုက္ခ' ဖြစ်ရခြင်း၏

ဆင်းရဲကို မသိသောသူသည်၊ အဖြစ်ကိုပင် နည်းအမျိုးမျိုးဖြင့် ရှာဖွေသည်၊ ရလာလျှင် ဆင်းရဲကလွဲ၍ အခြား ဘာမျှမရခဲ့ပေ၊ ဤရုပ်နာမ်ခန္ဓာငါးပါးရခြင်းသည် ဆင်းရဲအမှန် (ဒုက္ခသစ္စာ) ဟူ၍ ဟောတော်မူသည်။ ဒုက္ခသစ္စာကို သိလိုသောသူသည် ဤခန္ဓာငါးပါးကို သိရမည်ဖြစ်၏။ ခန္ဓာငါးပါးဟူသည် အကျဉ်းချုပ် အလုပ်သဘောအားဖြင့် ရုပ်နာမ်သာလျှင်ဖြစ်၏။ ဆိုလိုသည်မှာ(ရုပ်)'ဖောက်ပြန်သဘော'(နာမ်)'သိသဘော'။

(ရုပ်နာမ်)ကိုသိရမည်ဆိုရာ၌'ဖောက်ပြန်သဘော-သိသဘော' ကို သိရမည်ဖြစ်၏။

'ဖောက်ပြန်သဘော'သည် ခန္ဓာကိုယ်မှာရှိ၍၊ 'သိသဘော' လည်း ခန္ဓာမှာပင်ရှိသည်။

'သိရမည်'ဆိုသည်ကား အဘယ်နည်း၊ မဇ္ဈိမပဋိပဒါနည်းအရ သိရမည့် မဂ္ဂင်ဉာဏ်တည်း'

ပေါင်း၍ဆိုရမူ၊ ဤခန္ဓာကိုယ်၌ 'ဖောက်ပြန်သဘောနှင့် သိသဘော'သာ ရှိသည်ကို ဉာဏ်နှင့် မြင်အောင် ကြည့်နိုင်ဖို့လိုသည်။

ဖောက်ပြန်သဘော'ဟူသည် ခန္ဓာကိုယ်တွင် နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးနှင့် ဖောက်ပြန်နေသည်၊ ပြောင်းလဲနေသည်၊အမျိုးမျိုးအဖုံဖုံဖြစ်နေသည်၊ ဤသည်ကို ပညတ်အမြင်ဖြင့် ကြည့်လျှင် ထုံသည်၊ ကျင်သည်၊ ပူသည်၊ အေးသည်၊ ညောင်းသည်၊ ကိုက်သည် စသည်ဖြင့်မှတ်မည်၊ ပရမတ်ဟူသော အမှန်ကား ထုံသည် ကျင်သည်မဟုတ်၊ 'ဖောက်ပြန်နေသည်၊ ပြောင်းလဲနေသည်'ဟု

အမှန်ကို မြင်တတ်လျှင် ပရမတ်သဘောကို မြင်ပြီဟု မှတ်ရာ၏၊ ထိုသဘောတို့သည် ခန္ဓာကိုယ်၌ မရပ်မနား အမြဲမပြတ် ပြောင်းလဲဖောက်ပြန်နေသည့် သဘောတို့ဖြစ်၍၊ ထိုသဘောကိုပင်လျှင် ဉာဏ်အမြင်၌ အလွန်လည်း ဆင်းရဲသည်၊ အမှန်လည်းဖြစ်နေသည့် ခန္ဓာကိုယ်တွင် ဉာဏ်နှင့်မြင်တိုင်း ချမ်းသာဟူ၍ရှာမရ၊ သက်သက်ဆင်းရဲအမှန်ဖြစ်နေသည်။

ထိုဆင်းရဲတို့သည် ဣရိယာပုထ်ကြောင့်ရှင်း၊ တစုံတရာသောအကြောင်းကြောင့်ရှင်း၊ ခန္ဓာကိုယ်အပေါ်မှာ အခံခက်သော ဒုက္ခဒုက္ခတာမျိုးမဟုတ်ချေ၊ ကျင်နာခံခက် နှိပ်စက်သည်ကို ခံစားသော ဝေဒနာ နာမ်သိမျိုးလည်းမဟုတ်၊ ထိုဖောက်ပြန်တတ်သော သဘော(ရုပ်)ကိုရှင်း၊ ခံစားသော ဝေဒနာ(နာမ်)ကိုရှင်း ထိုရုပ်နာမ် ၂ မျိုးစလုံးကို သိနေသောဉာဏ်သည် ထိုနာမ်သိတို့မှ တပါးတခြားသာဖြစ်သည်၊ ဉာဏ်ဟူသည် ဘုံသုံးပါး၌ ဖြစ်တတ်သော ဖောက်ပြန်သဘော(ရုပ်)သိသဘော(နာမ်)တို့ကို ရှင်းသဘောတရားတို့၏ ဖြစ်ပျက်ကို မြင်နေရ, သိနေရသဖြင့် အပြစ်မြင်ကာ မပျော်မွေ့တော့ဘဲ စွန့်လွှတ်ချင်လောက်အောင်ငြီးငွေ့နေသော သဘောနှင့် ထပ်ကာထပ်ကာ သိပေးနေရသော သဘောဖြစ်၏။

အရှုခံ,အကြည့်ခံ,အသိခံနေသော ရုပ်နာမ်သည် 'သူ့ဟာသူပင် ဆင်းရဲနေသည်' ထိုဆင်းရဲဟူသည် 'ဖောက်ပြန်တတ်သော သဘောနှင့် သိတတ်သောသဘော' တို့သာဖြစ်၍၊ ထိုဖောက်ပြန်ဖြစ်ပျက်နေခြင်း(ဘူတ)ကိုပင် ရှင်းအတိုင်း(ဘူတတော)ဉာဏ်က သိ

နေရခြင်းသည်'ဖေါက်ပြန်ဖြစ်ပျက်သည် ဆင်းရဲတာအမှန်'ဟု သိသောဉာဏ်သည် ကိစ္စဉာဏ်ဖြစ်သည်၊ ယင်းကဲ့သို့ ဖေါက်ပြန် ဖြစ်ပျက်သဘောကိုသာ အစဉ်တစိုက်ဆက်သိ၊ ထပ်ကာထပ်ကာသိခြင်းသည်၊ ထိုသိနေရသဖြင့် ရုပ်နာမ်ခန္ဓာ၏အဖြစ်မှန် အမှန်ဆုံးကို သိနေရသဖြင့် ထိုဆင်းရဲရုပ်နာမ်ကို ပိုင်းခြားသိနေသည်၊ ပိုင်ပိုင်နိုင်နိုင်သိနေသည်၊ တကယ်ပင် ဆင်းရဲပါကလားဟု သေသေချာချာ သိနေခြင်းသည်'ဒုက္ခသစ္စာကို ပိုင်းခြား သိခြင်း'ဖြစ်၍ သိရမည့်တရားကို မိမိတာဝန်အရ သိခြင်းဖြစ်သည်။

ဤသည်လျှင် အမှန်တရား သစ္စာလေးပါး၌၊ မဂ္ဂသစ္စာ(မဇ္ဈိမပဋိပဒါ)ဖြင့် တာဝန်အရ၊ အရှုခံသည့်ရုပ်နာမ်ကို ၎င်း၏ (ဒုက္ခသစ္စာ) ဆင်းရဲသဘောအမှန်ကို သိနေရာ၌ မိမိ ဝတ္တရားအရဆောင်ရွက်ခြင်းဖြစ်သည်၊သမုဒယသစ္စာကိုပယ်ဘို့၊ နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ဘို့ကား မိမိအလုပ်မဟုတ်ပါချေ၊ နိရောဓသစ္စာကို မျက်မှောက်ပြုရန်ကား၊ တဏှာဟူသော သမုဒယသစ္စာကို ကုန်အောင်ပယ်နိုင်မှသာဖြစ်ရကား၊ နိရောဓသစ္စာ(နိဗ္ဗာန်)ကို မျက်မှောက်ပြုလိုသူသည် နိဗ္ဗာန်၏ ဆန့်ကျင်ဖက်၊ သမုဒယသစ္စာ (တဏှာ)ကုန်မှဖြစ်ရာ၊ ထို(တဏှာ)သမုဒယကို ပယ်နိုင်ရန် ဒုက္ခသစ္စာမြင်ဘို့ မဂ္ဂသစ္စာ အလုပ်အားထုတ်ရသည်။

မဂ္ဂသစ္စာဘာဝနာဖြင့် ရုပ်နာမ် ဒုက္ခသစ္စာကိုသာ အမှန်အတိုင်း သိနိုင်မြင်နိုင်အောင် ကြိုးစားအားထုတ်ရသည်၊ လုပ်ငန်းစဉ်တွင် ဒုက္ခသစ္စာ(ရုပ်နာမ်)ခန္ဓာကိုယ်တွင်းသို့ မဂ္ဂသစ္စာ (မဇ္ဈိမပဋိပဒါ)ဖြင့်သိအောင်မြင်အောင်သိနေရှုနေရခြင်းသည်သာလျှင် ယောဂီအလုပ်ဖြစ်သည်၊ ထို့ကြောင့်....

"ယော၊ အကြင်ယောဂီပုဂ္ဂိုလ်သည်၊ ဒုက္ခံ၊ ဒုက္ခသစ္စာကို၊ ပဿတိ၊ မြင်၏၊ သော၊ ထိုဒုက္ခသစ္စာကို မြင်သိသော ယောဂီ ပုဂ္ဂိုလ်သည်၊ ဒုက္ခသမုဒယမ္ပိ၊ ဒုက္ခသမုဒယသစ္စာ ကိုလည်း၊ ပဿတိ၊ မြင်သည်မည်၏၊ ဒုက္ခနိရောဓမ္ပိ၊ ဒုက္ခနိရောဓသစ္စာကို လည်း၊ ပဿတိ၊ မြင်သည်မည်၏၊ ဒုက္ခနိရောဓဂါမိနိံ ပဋိပဒမ္ပိ၊ မဂ္ဂသစ္စာကိုလည်း၊ ပဿတိ၊ မြင်သည်မည်၏"

(မဟာဝဂ္ဂသံယုတ်ပါဠိတော်-၃၈၂)။

တရားအားထုတ်သော ယောဂီသည်၊ မဇ္ဈိမပဋိပဒါ လမ်းစဉ် အတိုင်း မဂ္ဂသစ္စာ ဘာဝနာဖြင့် ရုပ်နာမ်ကိုကြည့်၍ 'ဆင်းရဲအမှန် ဤရုပ်နာမ်'ဟု သိ၏၊ ထပ်ကာထပ်ကာ သိခြင်းသည် ထိုဒုက္ခသစ္စာ ဆင်းရဲအမှန် ခန္ဓာကိုယ်ကို တွယ်တာငြိကပ်စွဲလန်းမှု ပြတ်နေခြင်း ဖြစ်၍၊ ထိုတွယ်တာမှု ပြတ်သွားသည်နှင့် (ရာဂက္ခယောနိဗ္ဗာနံ) အရ နိရောဓသစ္စာ နိဗ္ဗာန်ဖြစ်တော့သည်။

သို့အတွက် ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် ပိုင်းပိုင်း ခြားခြား သိမှု ဖြစ်သည်နှင့်တပြိုင်နက်၊ သစ္စာလေးပါးသည် သူ့ကိစ္စသူ ဆောင် လျက် နိဗ္ဗာန် မျက်မှောက် ပြုသွားပေရာ တပြိုင်နက်သာ ဖြစ် ကြောင်းကို....

"ဒုက္ခသမုဒယမ္ပိ သောပဿတိတိ အာဒိကေ ပဋိဝေဓ ဝသေန ဝုတ္တံ၊ ဣမသ္မိံ ဟိသုတ္တေ ကေပဋိဝေဓေဝ ကထိ တော" (မဟာဝဂ္ဂသံယုတ္တဋ္ဌကထာ-၃၃၀)။

"တသ္မိံ ခဏေစတ္တာရိ သစ္စာနိ ကေပဋိဝေဓေနေဝ ပဋိ ဝိဇ္ဈတိ၊ ကောဘိသမယေ နအဘိသမေတိ"

(မူလပဏ္ဏာသဋ္ဌကထာ-၇၆ နှင့်၊ ဣတိဝုတ္တကဋ္ဌကထာစသည်များ)

'သိစရာဖြစ်သော 'ရုပ်နာမ်ဖြစ်ပျက်-ဒုက္ခသစ္စာ' တခုကို မဂ္ဂသစ္စာ ဘာဝနာဉာဏ်ဖြင့် မှန်မှန်သိနေသည်နှင့် ကျန်သစ္စာ ၂ ပါး တပြိုင်နက် ကိစ္စပြီးကြောင်းကို အဋ္ဌကထာများစွာ ဖော်ပြကြသည့်, ၎င်းပြင် ကျေးဇူးရှင် လယ်တီဆရာတော်ကြီးကလည်း....

"သစ္စာလေးချက်၊ တပြိုင်နက်၊ မဂ်၏ကိစ္စသာ"ဟု စပ်ဆိုတော်မူသည်။

စင်စစ် ဤသဘောတို့ကို စာညွှန်းနှင့်သာ ပြောနေရသဖြင့် 'စာသဘော'လောက်၊ သာဟု မယူမိကြစေလိုပေ၊ အလုပ်မှန်လာလျှင်(ပါဠိတော်အဋ္ဌကထာ) စသော အညွှန်းတို့နှင့် ကိုက်ညီကြောင်း၊အညွှန်းတို့မှာအလုပ်သဘောမှ လာကြောင်း ကြိုတင်သိထားက အထူးကောင်းပေသည်၊ ထိုနောက်တွင်လည်း ...

"ဒုက္ခေ ဒိဋ္ဌေ စတ္တာရိ သစ္စာနိ ဒိဋ္ဌာနိ ဟောန္တီတိ အာမန္တာ"

(ကထာဝတ္ထုပါဠိတော်)။

"ဒုက္ခေ၊ ဒုက္ခသစ္စာကို၊ ဒိဋ္ဌေ၊ မြင်အပ်သည်၊ သတိ၊ ရှိသော်၊ စတ္တာရိ၊ လေးပါးကုန်သော သစ္စာနိ၊ သစ္စာတို့ကို၊ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်သလော၊ ဣတိပုစ္ဆာယံ၊ဤသို့သောအမေးသည်၊ သတိ၊ ရှိသော်၊ အာမန္တာ၊ မှန်၏ ဒုက္ခသစ္စာကိုသိလျှင်သစ္စာလေးပါးကို အားလုံးပင် သိပါ၏"

ကျွန်ုပ်တို့ ခန္ဓာကိုယ်တွင် သတိပဋ္ဌာန်ဖြစ်သော ရုပ်နာမ်တို့ကို (မဇ္ဈိမပဋိပဒါ)လမ်းစဉ်အရ၊ မဂ္ဂသစ္စာ ဘာဝနာအလုပ်ကို အားထုတ်နေရသည်မှာ 'ဒုက္ခသစ္စာသိဘို့ချည်းသာ'ဖြစ်သည်၊ ထိုဒုက္ခ

သစ္စာ (ဆင်းရဲအမှန်) ကို သိပါမှ၊ သမုဒယသစ္စာ ပယ်မည်ဆိုသည်မှာ၊ လူက, ပါးစပ်က, ပယ်နေရ၍ရသည်မဟုတ်၊ (ဥဒါန်းပါဠိတော် ဗါဟိယသုတ်၊ သဠာယတနသံယုတ်ပါဠိတော်၊ မာလုကျပုတ္တသုတ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ ဣန္ဒြိယဘာဝနာသုတ်) ဖော်ပြခဲ့ပြီးသော သုတ်တို့တွင် သက်ဆိုင်ရာ အဋ္ဌကထာတို့၏ ညွှန်ပြချက်အရ၊ ပရမတ်ဖေါက်ပြန်မှု(ရုပ်)သိမှု (နာမ်) တို့ကို ၎င်းတို့၏ အမှန်သဘာဝကိုသာ မြင်သိနေရသော ယောဂီသည် ထိုပရမတ်သဘာဝတို့အပေါ်၌ 'နရဇ္ဇတိ၊ မငြိကပ်၊ နဒုဿတိ၊ မပြစ်မှား၊ နမုယှတိ၊ မတွေဝေ' ဟူသည်ပင်လျှင် (ရာဂ, ဒေါသ, မောဟ) ကိလေသာတို့ဖြင့် မရှုမမြင်၊ မစွဲမလန်းရကား၊ ထိုစွဲလန်းမှု, တွယ်တာနှစ်သက်မှု, 'ဆန္ဒရာဂ၊ လောဘ၊ တဏှာ၊ သမုဒယသစ္စာ' တို့ တဖြည်းဖြည်း ခေါင်းပါးလျက်....ဤခန္ဓာ၏ ဆင်းရဲသဘော၊ သံသရာဘခုလုံး၏ ဆင်းရဲအမှန် ဖြစ်ပုံတို့ကို ကြာလေသိလေ သိသည်နှင့် အမျှ တွယ်တာမှု သမုဒယသည်လည်း ကြာလေပြတ်လေ ပြတ်ခလသည်၊ သမုဒယတဏှာ ကွာတိုင်း ပြတ်တိုင်း၊ နိရောဓသစ္စာ နိဗ္ဗာန်သည် ကြာလေနီးလေဖြစ်ရကား–

> "သိရမည့် ဒုက္ခသစ္စာကို၊မဂ္ဂသစ္စာဘာဝနာဖြင့် မှန်မှန် သိပေးပါ"....ဤကား ယောဂီတာဝန်၊ ပယ်ရမည့် သမုဒယသစ္စာနှင့် မျက်မှောက်ပြုရမည့် နိရောဓ သစ္စာကား.... တရားတာဝန်။

သို့အတွက်၊ မိမိတာဝန် ဒုက္ခသစ္စာသိဘို့အတွက်သာ မဂ္ဂသစ္စာ အလုပ်မှန်မှု လိုအပ်လေသည်၊ နိဗ္ဗာန်ဟူသော နိရောဓသစ္စာသည်

အလုပ်သစ္စာမဟုတ်သောကြောင့်၊ အလုပ်အားထုတ်သောယောဂီတို့အတွက် နှလုံးမသွင်းရ၊ စိတ်မဝင်စားအပ်ပေ၊ အလုပ်သဘောမှန်လာလျှင် အလုပ်မှန်မှရမည့် နိဗ္ဗာန်သည် မိမိအတွက် ပြေးမလွတ်နိုင်၊ အလုပ်သဘောနှင့် တွေ့နိုင်သည့် နိဗ္ဗာန်ဟူသည်မှာလည်း....

"နိဗ္ဗာန်" နိဗ္ဗာန်ဟူသည် 'ဝါနတော နိက္ခန္တန္တိနိဗ္ဗာနံ' လိုချင်မှု၊ ရချင်မှု၊ ဖြစ်ချင်မှု၊ တွယ်တာမှု၊ စွဲလန်းမှု၊ သာယာမှုစသော အပူအလောင် မျိုးစုံတို့ငြိမ်း၍၊ ထိုအပူအလောင်တို့ကို အပူအလောင်မှန်းသိ၍၊ မပူချင်, မလောင်ချင်သဖြင့် ငြိမ်းအောင်, ကင်းအောင်,ပြတ်အောင်, ချုပ်အောင်၊ ကင်းကြောင်း, ပြတ်ကြောင်း,ငြိမ်းကြောင်း, ချုပ်ကြောင်း အလုပ်ကို အားထုတ်လုပ်ကိုင်သောသူအတွက် တရား နည်းလမ်းမှန်အောင် အားထုတ်သဖြင့်၊ ကင်းသွား, ပြတ်သွား,ငြိမ်းသွား,ချုပ်သွားခြင်း နောက်ထပ်တဖန် ပြန်၍မပူရတော့ခြင်းကို 'အပူငြိမ်းသည်' 'လိုချင်ရချင်မှုချုပ်သည်,နိဗ္ဗာန်ရသည်'ဟု ဆိုရသည်။

နိဗ္ဗာန်ဟူသည်၊ ဆုတောင်းသောသူတို့ တဏှာဖြင့် လိုချင်တောင့်တနေသော 'ရွှေပြည်ကြီး'ကား ဟုတ်-မဟုတ် အလုပ် သဘောနှင့် တိုင်းထွာကြည့်တတ်ဖို့လိုသည်၊ နိဗ္ဗာန်သည်....

"ယောခေါ အာဝုသော ရာဂက္ခယော, ဒေါသက္ခယော,
မောဟက္ခယော, ဣဒံ ဝုစ္စတိ နိဗ္ဗာနံ"
(သဠာယတန ဇမ္ဗုခါဒကသံယုတ်ပါဠိတော်–၄၄၇)။

"နိဗ္ဗာန်သည် ရာဂကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာကို ထိုအပူအလောင်တို့ ကုန်သွား, ငြိမ်းသွားခြင်းကို နိဗ္ဗာန်"ဟု ဟောတော်မူသည်။

"သိရမည့် သစ္စာလေးပါး သိအောင် တရားအားထုတ်သော ပုဂ္ဂိုလ်အားလည်း ရအပ်သော နိဗ္ဗာန်ကိုဖော်ပြရာ၌ '....

"ဘန္တေ နာဂသေန သဗ္ဗေဝလဘန္တိ နိဗ္ဗာနန္တိ၊ နခေါ မဟာရာဇ၊သဗ္ဗေဝ လဘန္တိ နိဗ္ဗာနံ၊ အပိစခေါ မဟာရာဇ ယော သမ္မာပဋိပန္နော အဘိညေယျေ ဓမ္မေ အဘိဇာနာတိ၊ ပရိညေယျေ ဓမ္မေ ပရိဇာနာတိ၊ ပဟာတဗ္ဗေ ဓမ္မေ ပဇဟတိ၊ ဘာဝေတဗ္ဗေ ဓမ္မေ ဘာဝေတိ၊ သစ္ဆိကာတဗ္ဗေ ဓမ္မေ သစ္ဆိကရောတိ၊ သောလဘတိ နိဗ္ဗာနံ"

(မိလိန္ဒပဥှပါဠိတော်-၇၁)။

"အရှင်ဘုရား-နာဂသေန၊ အလုံးစုံသော လူတို့သည် နိဗ္ဗာန်ကို အလိုရှိတိုင်းရကြကုန်ပါသလော" ဟုမေးလျှောက်သောအခါ၊ အရှင် နာဂသေနက၊ "မင်းကြီး-အလုံးစုံသော လူတို့သည် နိဗ္ဗာန်ကို မိမိတို့အလိုရှိသည့်အတိုင်း မရနိုင်ကြကုန်၊ မင်းကြီး-အမှန်စင်စစ်မှာကား၊ အကြင်သူသည် မဂ္ဂင်ရှစ်ရပ်၊ အကျင့်မြတ်ဖြင့် ကောင်းစွာ ကျင့်အပ်သည်ဖြစ်၍၊ သိအပ်သော 'ရုပ်နာမ်' ဒုက္ခသစ္စာတရားတို့ကို ညာဏ်ဖြင့် မိမိအမှန်သိ၍၊ ပိုင်းခြား၍ သိအပ်သောတရားတို့ကို၊ ပိုင်းခြားလျက်သိ၍၊ ပယ်အပ်သော သမုဒယသစ္စာတရားတို့ကို ပယ်စွန့်၍၊ ပွားများအပ်သော မဂ္ဂသစ္စာတရားတို့ကို ပွားများ၍၊ မျက်မှောက်ပြုအပ်သော နိရောဓသစ္စာတရား

တို့ကို မျက်မှောက်ပြု၏၊ ထိုသူသည်သာ နိဗ္ဗာန်ကိုရ၏”ဟု ဖြေလေသည်။

တရားအလုပ်အားထုတ်သဖြင့် ‘ဆင်းရဲအမှန်’ဒုက္ခသစ္စာ ဉာဏ်မြင်လာသော ယောဂီ၌(ကောပဋိဝေဓ)သဘောနှင့် ရာဂ,ဒေါသ,မောဟ ချုပ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏ ရာဂ,ဒေါသ,မောဟကုန်သော နိဗ္ဗာန်ကို ရာဂ, ဒေါသ, မောဟတို့ ကင်းအောင်ကုန်အောင်၊ ချုပ်အောင်၊ ငြိမ်းအောင်ကား အားမထုတ်မူ၍ ထိုကိလေသာချုပ်သည့် နိဗ္ဗာန်ကို၊ အလိုအလျောက်ရမည်ထင်၍ ဆုတောင်းရုံနှင့်နေသော ပုဂ္ဂိုလ်တို့ကား၊ မည်သည့်ဘဝတွင်မှ၊ မည်သည့် နိဗ္ဗာန်မှရမည်မဟုတ်ချေ။

“နိဗ္ဗာနတိ ကိလေသာနံ နိဗ္ဗာပနတော ကိလေသက္ခယာတိ အတ္ထော”

(ထေရဂါထာအဌကထာ—၉၀)

“နိဗ္ဗာန်ဟူသည်၊ ပူပန်စေတတ်, နှိပ်စက်တတ်သော ကိလေသာတို့၏ ကုန်ခြင်း,မရှိခြင်းကို ခေါ်သည်”

ကိလေသာဟူသော အညစ်အကြေး၊ လောဘ,ဒေါသ,မောဟ မြေးထူ အကြောင်သို့သော သူတို့ လိုချင်မှုဆန္ဒနှင့် တောင့်တကြသည်မှာ ကိလေသာ ငြိမ်းသည့် နိဗ္ဗာန်နှင့် ဆန့်ကျင်လှသည်၊ ထိုနိဗ္ဗာန်ကို အလိုရှိလျှင် ရာဂ,ဒေါသ,မောဟ စသောကိလေသာတို့ပြတ်လျှင် ရပြီဟူ၍မှတ်ပါ၊ ထိုပြတ်ကြောင်း အလုပ်ကား၊ရာဂ,ဒေါသ,မောဟပယ်သတ်သည့်သတိပဋ္ဌာန်ကို မဂ္ဂင်ဉာဏ်ဖြင့် မဇ္ဈိမပဋိပဒါလမ်းစဉ်ကျကျ အားထုတ်ပါက မုချရမည်သာတည်း။

"ရဟန္တာနှင့်အပ္ပိစ္ဆဂုဏ်" ကျွန်ုပ်တို့ ဤစာ ရေးနေစဉ် အင်းစိန်မှ တရားဆွေးနွေးစာတစောင် ရောက်လာပါသည်၊ ၎င်း၏ စာတွင်'ရဟန္တာဖြစ်ပြီ၊ နိဗ္ဗာန်ရပြီ'ဟု ကြွေးကြော် နေသော ပုဂ္ဂိုလ်အချို့တို့ရှိပါသည်၊ ထိုပုဂ္ဂိုလ်တို့သည် တကယ်ပင် ရဟန္တာ ဖြစ်၍ နိဗ္ဗာန်ကိုမြင်ပြီးဖြစ်ပါလျှင်၊ ဤကဲ့သို့ နည်းအမျိုးမျိုးဖြင့် ကြော်ငြာခြင်း၊ ဘေးတီးပေးခြင်းစသည်ဖြင့်၊ ဘုရား လက်ထက် ကလည်း ရှိပါသလား၊ ရှိ-မရှိ သိချင်ပါသည်၊ ဟူ၍ဖြစ်၏။

ယခင်က သိဘူးသော ဓမ္မမိတ်ဆွေပင်ဖြစ်သည်၊ ၎င်း၏စာအရ မိုသာဖေါ်ပြရပါသည်၊ အမှန်မှာ ကျွန်ုပ်တို့လည်း ကြားနေ သိနေရပါသည်။

မြတ်စွာဘုရား လက်ထက်တော်တွင် ဤသို့သတင်းကြီးအောင် ပြုသူ အရိယာများမရှိပါ၊ အလိုနည်းခြင်းဟူသော မကျော်ကြား လိုသောသဘော၊ မထင်ရှားလိုသောသဘော၊ ပကာသနမလို သော သဘောကို၊ 'အပ္ပိစ္ဆဂုဏ်'ဟု ခေါ်သည်၊ ထိုအပ္ပိစ္ဆသည် ၄ မျိုးရှိသော်လည်း လိုအပ်သော မဂ်ဖိုလ်နှင့် ပတ်သက်၍ လျှို့ ဝှက် သိပ်သည်းမှုသည် (အဓိဂမအပ္ပိစ္ဆ)ရသော တရား၌ အလို နည်းခြင်း—

"အပ္ပိစ္ဆတာ ဘိက္ခဝေ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တတိ"

(ကေင်္ုတ္တရပါဠိတော်– ၁၈)။

"ချစ်သားတို့—အလိုနည်းခြင်းရှိသော ပုဂ္ဂိုလ်သည် သူတော် ကောင်းတရား၏ကြာမြင့်စွာ တည်ခြင်း, မပျက်စီးခြင်း, မကွယ် ပျောက်ခြင်းငှာ ဖြစ်၏'ဟု ဟောတော်မူသည်။

အလိုနည်းခြင်း, မပေါ်လွင်လိုခြင်း, ရသောတရား၌ကျစ်လစ်သိပ်သည်းခြင်းသည် သာသနာတော်၏ကြာရှည်တည်ရာ,မပျက်စီးရာ,မကွယ်ပျောက်ရာ ဖြစ်သကဲ့သို့၊ အလိုကြီးသော၊ ပေါ်လွင်လိုသော ထင်ရှားကျော်ကြားလိုသော သဘောထားရှိသော ပုဂ္ဂိုလ်မျိုးသည် 'မဟိစ္ဆတာ' ပုဂ္ဂိုလ်မျိုးဖြစ်၏၊ ထိုတရားကြောင့်, ထိုပုဂ္ဂိုလ်များကြောင့်၊ သူတော်ကောင်း တရားတည်းဟူသော သာသနာသည် ကြာမြင့်စွာမတည်၊ ပျက်စီး၏၊ ကွယ်ပျောက်မည်ဟု တဆက်တည်း ဟောတော်မူထားသည်။

"အနန္တရ ဓာနာယ သံဝတ္တတီတိ ဝစနတော ပန အပ္ပိစ္ဆော သာသနံ စိရဋ္ဌိတိ ကံ ကရောတိနာမ"

(အင်္ဂုတ္တရဋ္ဌကထာ-၃၇၅)။

"အပ္ပိစ္ဆ အလိုနည်း လျှို့ဝှက်သိပ်သည်းစွာ ကျင့်ကြံနေထိုင်ကြသူတို့အတွက် သာသနာ မကွယ်မပျောက်ဟူ၍ မြတ်စွာဘုရား ဟောတော်မူသောကြောင့် အလိုနည်းခြင်း၊ မထင်ပေါ်လိုခြင်း၊ မကျော်ကြားလိုခြင်း စသော အပ္ပိစ္ဆဂုဏ်ရှိသူများသည်၊ဤကဲ့သို့ ရိုးရိုးမတ်မတ် နေကာမျှနှင့်ပင် သာသနာမပျက်အောင် ကြာမြင့်စွာတည်အောင် နေသော သူတို့မည်ကုန်၏"ဟု အဋ္ဌကထာ ဆရာ ပြသည်။

မြတ်စွာဘုရား သာသနာသုံးရပ်တွင် အရင်းခံဖြစ်သော ပရိယတ္တိသာသနာကိုပင် ပေါ်လွင် စေလိုသောသဘော၊ လာဘ်ရလိုသောသဘော၊ ငါစာတတ်လျှင် တပါးသူကို နှိမ်နင်းမည် ဟူသော'မဟိစ္ဆ'တရားမျိုးဖြင့် မသင်အပ်ကြောင်း၊ စတုက္ကအင်္ဂုတ္တိုရ်

တွင် ဟောထားချက်၊ မူလပဏ္ဏာသပါဠိတော် 'အလဂဒ္ဒူပမသုတ်' တွင် 'မကောင်းသဖြင့် အဆိပ်ပြင်းသော မြွေကိုဖမ်းသည့်ဥပမာဖြင့် ဟောထားသည်လည်း တဖုံ" မကောင်းသောစိတ်နှင့် ပေါ်လွင်လိုမှု ထင်ရှားလိုမှု၊ လာဘ်များလိုမှုစသော ကိလေသာ အလုပ်တို့ကို မြတ်စွာဘုရားသည် အသွန် စက်ဆုပ်တော်မူသဖြင့် အဋ္ဌကထာဆရာတို့ကလည်း....

"တတ္ထယော ဗုဒ္ဓဝစနံ ဥဂ္ဂဟေတွာ စီဝရာဒီနိ ဝါ လဘိဿာမိ၊ စတုပရိသမဇ္ဈေ ဝါ မံ ဇာနိဿန္တီတိ လာဘသက္ကာရ ဟေတု ပရိယာပုဏာတိ၊ တဿသာ ပရိယတ္တိ အလဂဒ္ဒ ပရိယတ္တိနာမ၊ ဧဝံပရိယာ ပုဏာတောဟိ ဗုဒ္ဓဝစနံ အပရိယာပုဏိတွာ နိဒ္ဒေါက္ကမနံ ဝရတရံ"

(မူလပဏ္ဏာသဋ္ဌကထာ-၁၃)။

"တတ္ထ၊ ထို ရိယတ်သင်နည်း သုံးမျိုးတို့တွင်၊ ယော၊ အကြင်သူသည်၊ ဗုဒ္ဓဝစနံ၊ ဘုရားရှင်စကားတော်ဖြစ်သော ပရိယတ္တိကို ဥဂ္ဂဟေတွာ၊ သင်ယူ၍၊ ဧဝံ၊ ဤသို့ သင်ကြားနာယူခြင်းဖြင့်၊ စီဝရာဒီနိ သက်န်းစသော ပစ္စည်းဝတ္ထုတို့ကို၊ လဘိဿာမိ၊ ရပေလိမ့်အံ့၊ မံ၊ ငါ့ကို၊ စတုပရိသမဇ္ဈေဝါ၊ ပရိသတ် ၄ ပါး တို့၏ အလယ်၌မူလည်း၊ ဇာနိဿန္တိ၊ လူသိများ၍ကျော်ကြားထင်ရှားပေလတ္တံ့၊ ဣတိ၊ ဤသို့သောစိတ်ထားဖြင့် လာဘသက္ကာရဟေတု၊ လာဘ်၊ လာဘ်အပူဇော်ခံလိုသော အကြောင်းကြောင့်၊ ပရိယာပုဏာတိ၊ သင်ယူ၏၊ တဿ၊ ထိုစိတ်မျိုးရှိသောပုဂ္ဂိုလ်၏၊ သာပရိယတ္တိ၊ ထိုအလိုဆိုးနှင့် သင်ယူမှုသည်၊ အလဂဒ္ဒပရိယတ္တိနာမ၊

အလွန်အဆိပ်ထန်သော မြွေကို မကောင်းသဖြင့် ဖမ်းယူခြင်း ဥပမာရှိသော သင်ယူခြင်းမည်၏၊ ဟိ၊ ထိုမကောင်းသော သင်ယူခြင်း၏အပြစ်ကိုပြဦးအံ့၊ စေ၊ ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း၊ ပရိယာပုဏာတော၊ မြွေဖမ်းသကဲ့သို့ မကောင်းသော စိတ်ထားနှင့် သင်ယူခြင်းထက်၊ ဗုဒ္ဓဝစနံ၊ ဘုရားစကားတော်ပရိယတ်ကို၊ အပရိယာပုဏိတွာ၊ အလျှင်းပင် သင်ယူခြင်း၊ ပို့ချခြင်း၊ ကြည့်ရှုခြင်း မပြုပါဘဲ၊ နိဒ္ဒေါက္ကမနံ အိပ်ခမာကျအောင် အိပ်၍နေခြင်းကား၊ (ဝါ) စားပြီးအိပ်, အိပ်ပြီးစားနေခြင်းသည် (ဝါ)အိပ်၍နေသောသူက ဝရတရံ၊ အလွန်အကြူး အထူးအားဖြင့် မြတ်ပေသေး၏”

သာသနာ၏အခြေခံ ပရိယတ္တိကို သင်ခြင်း၌ပင်လျှင် ကောင်းသောစိတ်, လွတ်မြောက်လိုသောစိတ်နှင့်မဟုတ်ဘဲ၊ ထင်ရှားပေါ်လွင် လာဘ်များချင်သော စိတ်ထားနှင့်သင်ခြင်းသည်၊ မသင်ဘဲ အိပ်မောကျကျ အိပ်နေခြင်းက အိပ်နေသောသူက အထူးသဖြင့် မြတ်သေး၏ဟု ဆိုထားပေရာ၊ အလွန်သတိထားဖို့ ကောင်းလှသည်၊ ဤနေရာတွင် စားပြီးအိပ်နေခြင်းထက်၊ ဘုရားတရာ တော်များကို သင်အံလေ့ကျက် ရွတ်အံ့နေခြင်းသည် ပို၍ မကောင်းပါလောဟု မေးဖွယ်ရာရှိသည်၊မှန်ပါသည်၊သို့ရာတွင် စားပြီးအိပ်နေခြင်းသည်အိပ်နေသောသူအတွက်သာမကောင်း၊ သာသနာမပြန့်ပွား၊ သာသနာလည်း မပျက်ပေ၊ မကောင်းသောစိတ်ထားနှင့် သင်အံ့လေ့ကျက်ရွတ်အံနေခြင်းသည်၊မိမိအတွက်လည်းမကောင်း သာသနာလည်း ပျက်စီးသဖြင့် အလွန် မကောင်းလွန်းသဖြင့် အဋ္ဌကထာ၌မျှဆိုသိုက်ခြင်းဖြစ်သည်။

**"ပရိယတ်သည်ကိလေသာမသတ်သေး"** ဆိုရေးရှိရှိသာဆိုရသည် စင်စစ်မှာ ပရိယတ်သင်နေဆဲပုဂ္ဂိုလ်သည် အလုပ်ခွင်သင်တန်းသို့ တက်နေခြင်းသာဖြစ်သည်၊ အလုပ်ခွင်သို့ မဝင် ရသေးသဖြင့် မည်သည့်ကိလေသာမှ ထိထိရောက်ရောက် အလုပ်နှင့် မသတ်ရ သေးရကား၊ ပုထုဇ္ဇန်သဘာဝမို့ ကိလေသာစိတ်နှင့် သင်ခြင်း ကြားခြင်းလည်း ဖြစ်ကောင်း ဖြစ်တတ်ပေသည်။

သို့ရာတွင်—အလုပ်ခွင်ဝင်သော လက်တွေ့အလုပ်လုပ်ပြီး ဖြစ် သော (ပဋိပတ်)ဝိပဿနာ သမားများ၏ ထိုကိလေသာသတ် အလုပ်တွင် ကိလေသာ ဖြစ်နေမှုတို့ကား ထို့ထက်ဆိုးဝါးလှ၏၊ ၎င်းပြင် တိုက်ပွဲဝင်ပြီးပြီ၊ ကိလေသာသတ်ပြီးပြီ ဆိုသော ပုဂ္ဂိုလ် တို့၏၊ လောဘကိလေသာ၊ ထင်ရှားလိုမှု၊ လာဘ်ရလိုမှု၊ သူတပါး အထင်ကြီးအောင် ကြော်ငြာမှုတို့သည်ကား၊ ကျင့်ဆဲကိလေသာ တိုက်ပွဲ ဝင်ဆဲပုဂ္ဂိုလ်များထက်ပင် အလွန်အကြူး အထူးသဖြင့် ဆိုးဝါးလှလေသည်။

**"မဟာဖုဿရေဝထေရ်"** ရဟန်းများမှာ မိမိတို့တရားသဖြင့် အမှန်အကန် ရရှိထားသော တရားကိုပင် လူတို့အား မပြောရ၊ တန်ခိုးမပြရ၊ သိက္ခာပုဒ် ပညတ်ချက်ရှိသည်၊ အရိယာ ပုဂ္ဂိုလ်တို့ သည် မိမိတို့ရရှိသော အရိယာဂုဏ်ကို ထုတ်ဖေါ်ပြောဆိုခဲ၏"ဟု မြို့မိဆရာတော်ဆိုသည်။

မဟာဖုဿရေဝထေရ်သည်၊ ဖြစ်ပျက်တရားကို အားသုတ်ရာ နှစ်ပေါင်း ၂၀ ကြာမှ ရဟန္တာဖြစ်သည်၊ ရဟန္တာဖြစ်သည့်ညဉ့် မထေရ်မြတ် စင်္ကြံသွားသောအခါ၊ စင်္ကြံစောင့်နတ်သားသည်

လက်ချောင်းတို့ဖြင့် မီးရောင်ကိုဖြစ်စေလျက်၊ ရပ်၍ မထေရ်ကို ပူဇော်၏၊ ထိုအရောင်ကိုမြင်လျှင်၊ မနီးမဝေး တောကျောင်းတခု တွင်နေသော မဟာတိဿသည်၊ နံနက်အချိန်တွင် ရောက်လာ၍ 'ညအချိန်က ငါ့ရှင်၏အထံမှ အရောင်အလင်းကိုမြင်ရ၏၊ အဘယ် အရောင်နည်း' ဟု မေးသောအခါ၊ မဟာဖုဿဒေဝထေရ်က၊ 'အ ရောင်တို့မည်သည်ဆီမီးရောင်လည်းဖြစ်တတ်၏၊ ပတ္တမြားရောင် လည်းဖြစ်တတ်၏' ဟုလှည့်လွှဲ ပြောဆိုရာ မဟာတိဿထေရ်က' 'အရှင်တို့သည် ဖုံးလွှမ်းကြကုန်၏' ဟု ဆိုလေသည်။

စိတ္တလတောင်နေ ရဟန္တာမထေရ်တပါး၏ ထံတွင် ဝတ်ကြီး ဝတ်ငယ်ပြုနေသော တောထွက်ရဟန်းကြီးတပါးသည် မထေရ်၏ သပိတ်၊ သင်္ကန်းတို့ကိုယူလျက် အတူသွားအတူနေ ဖြစ်ပါသော် လည်း ရဟန္တာမထေရ်သည် ၎င်း၏ ရဟန္တာဖြစ်ကြောင်း တခါမျှ ပင် ပြောကြားဖို့မဆိုထားဘိ၊ အရိပ်နိမိတ်ပင်မပြရကား၊ 'အရှင် ဘုရား အရိယာတို့သည် ဘယ်လိုနေပါသလဲဘုရား' ဟု မေးသည် အထိ လျှို့ဝှက်ကြလေသည်၊

"ခီဏာသဝေါ သမာနော၊ ခီဏာသဝေါ တိ မံ ဇနော
ဇာနာတူ' တိ နက္ကစ္ဆတိ၊ သေယျထာပိ မဇ္ဈန္တိကတ္ထေရော"
(အင်္ဂုတ္တရဋ္ဌကထာ-၅၇)။
(မဟာနိဒ္ဒေသဋ္ဌကထာ-၂၇၆)။
(မူလပဏ္ဏာသဋ္ဌကထာ-၄၅)။

"ခီဏာသဝေါ၊ ရဟန္တာပုဂ္ဂိုလ်သည်၊ သမာနော၊ ဖြစ်ပါ လျက်၊ မံ၊ ငါ့ကို၊ ဇနော၊ လူအများသည်၊ ခီဏာသဝေါ တိ၊

ရဟန္တာပုဂ္ဂိုလ်ဟူ၍၊ ဇာနာတု၊ သိစေသတည်း ဣတိ၊ ဤသို့ နဇ္ဇုန္တ တိ၊ အလိုမရှိ၊ သေယျထာပိ၊ ဥပမာအဘယ်သို့နည်း ဟူမူကား၊ မဇ္ဈန္တိကတ္ထေရော၊ မဇ္ဈန္တိက မထေရ် ကဲ့သို့တည်း”ဟု သက်သေ ထူလိုက်သည်။

“မဇ္ဈန္တိကမထေရ်” ထိုမထေရ်သည် ရဟန္တာကြီးဖြစ်သည်၊ မထေရ်၏ သပိတ်သင်္ကန်းတို့သည် အဖိုးမတန် အလွန်ညံ့သော ခေါင်း ပါး သည့် တန်ဖိုးမရှိသော ပစ္စည်း များသာ ဖြစ်၏၊ ထိုမထေရ်ကြီးသည်၊ သီရိဓမ္မာသောကမင်းကြီး၏ ကျောင်းအလှူပွဲ ကြီးတွင် အကြီးဆုံး သံဃထေရ်ဖြစ်၍၊ ကြွလာရာတွင် ကျောင်း အလှူ ပွဲကြီး ပွဲကောင်းဖြစ်၍ အဝတ်အစား သစ်လွင်တောက် ပြောင်သော အမတ်များ၊ သူဌေးစသောချက်နှာကြီးပုဂ္ဂိုလ်များ ကတွေ့သောအခါ....အလှူပွဲကြီးသို့ ပင့်ထားသော ပုဂ္ဂိုလ်တော့ မဟုတ်၊ တောင်းရမ်းအလှူခံရန် လာသော အလှူခံမှတ်၍—

“ဘန္တေ ထောကံ ဗဟိဟော ထ”

“အရှင်ဘုရား၊ ခဏအပြင်ဘက်သို့ ကြွပါ”ဟု သက်သက်သာ သာနှင်ထုတ်လေရာ၊ မထေရ်သည် ‘ငါကား ဤအလှူပွဲသို့ ပင့်ထား သဖြင့် ကြွလာသော ရဟန္တာတည်း’ဟု မပြောမဆိုမူ၍ ‘ငါကဲ့သို့ သော ရဟန္တာမထေရ်ကို မင်းမှ မသိ မချီးမြှောက်လျှင် အခြား ဘယ်သူဘာပြုလိမ့်နည်း’ဟုဆင်ခြင်လျက် မြေသို့ငုတ်လျှိုးပြီးလျှင် သံဃာတော်များ၏ သွီးသန့်နေရာ သံဃထေရ်၏ပလ္လင်သို့ ဝင်

ထိုင်လျက် ကပ်လှျုအပ်သော ဆွမ်းကိုခံယူ၏' သို့မှုပရိယာယ်တို့လည်းသံသထေရ်သည် ရဟန္တာကြီးတည်းဟု သိကြကုန်၏။

× × × ×
× × × ×
× × × ×

"ယောပန သောတာပန္နာဒီသု အညတရော ဟုတွာ သမ္ပြဟမ္မစာရိနမ္ပိ အတ္တနော သောတာပန္နာဒိဘာဝံ ဇာနာပေတုံ နဋ္ဌစ္စတိ၊ အယံအဓိဂမ အပ္ပိစ္ဆောနာမ"

(ဥဒ္ဒါနဋ္ဌကထာ- ၂၀၇)။
(မဟာနိဒ္ဒေသဋ္ဌကထာ—၂၈၆)။
(မူလပဏ္ဏာသဋ္ဌကထာ-၄၇)။
(ကေင်္ဂုတ္တရဋ္ဌကထာ—၅၉)။

"သောတာပန်စသော ပုဂ္ဂိုလ်သည်ပင်လျှင် မိမိ၏ သိတင်းသုံးဖေါ်များသော်မှ မိမိ၏ ရအပ်သော မဂ်အဆင့်အတန်း၊ လောကုတ္တရာ တရားကို ပြောကြားဖို့ အလိုမရှိကြောင်း၊ ဤသည်လျှင် 'အဓိဂမအပ္ပိစ္ဆ'မည်၏"

ဟု အဋ္ဌကထာပေါင်းများစွာ သတိပေးထားသည်ကိုလည်း ဂရုမပြု အလေးမမူဘဲ၊ မိမိတို့၏ အဖွဲ့အစည်း အဆောက်အအုံ

ကြီးထွားရန်(လာဘသက္ကာရ)ကို စုဆောင်းပြုလုပ်နေကြသော ပုဂ္ဂိုလ်များကား အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဟု သိနိုင်ရန်....

"အပ္ပိဆသာ ပုဂ္ဂလသာ အယံနဝလောကုတ္တရာဓမ္မော သမ္ဘဝတိ၊ နော မဟိစ္ဆသာ"

(ပါတိကဝဂ္ဂဋ္ဌကထာ—၂၄၇)။

(အင်္ဂုတ္တရဋ္ဌကထာ-၂၂၆)။

"မိမိ အားထုတ်အပ်သော တရား၌ဖြစ်စေ၊ ပစ္စည်းလာဘ် လာဘ၌ဖြစ်စေ၊ ပေါ်လွင်ထင်ရှားအောင်မပြု၊ မထင်ပေါ်လို သော အပ္ပိဆပုဂ္ဂိုလ်သည်သာ လောကုတ္တရာတရားကိုးပါးပြည့် စုံနိုင်သည်(မဂ်ဖိုလ်တရားပြည့်စုံနိုင်သည်) အလိုကြီးသော, ထင် ရှားလိုသော၊ ပေါ်လွင်လိုသော သူတပါးတို့အထင်ကြီးစေလို၍ ကြော်ငြာနေသော 'မဟိစ္ဆ' ပုဂ္ဂိုလ်မျိုးကား၊ လောကုတ္တရာ မဂ်ဖိုလ်တရားများ မရနိုင်ကြောင်း ဖေါ်ပြခြင်းဖြစ်သည်"။

မြတ်စွာဘုရားသည်လည်း သောတာပန်မျှသော အောက် တန်းအရိယာတို့ကိုပင်လျှင် တရားမှန်(ကြေးမုံ) အနေဖြင့် 'ဓမ္မ ဒါသ'ကို ဟောထားခဲ့ပေသည်။

"အတ္တနာ ၀ အတ္တာနံ ဗျာကရေယျ"

"ငါသည် အပါယ်လွတ်သော သောတာပန်ဖြစ်သည်ကိုပြော လိုလျှင် မိမိကိုယ်ကိုမိမိသာလျှင် ပြောကြားရမည်"ဟူသော သတ် မှတ်ချက်သည်၊ ဤလောကုတ္တရာ တရား၏ 'မိမိအတွက်သာဟု'

သိစေလိုရင်းဖြစ်၍ 'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ 'ဟူသော တရား ဂုဏ်တော်၌၊ 'မဂ်ပညာ ဖိုလ်ပညာရှိသူသည်၊ အသီးသီး မိမိ၏ တရားကို မိမိသာလျှင် ခံစားရ၏, ဟူသော အတိုင်း ဖြစ်သည်၊ ဤမဂ်ဖိုလ်ကို ရည်ရွယ်၍ လူသောအလှူမျိုးကိုပင် အရိယာတို့ မခံမယူကြောင်း 'မဇ္ဈိမပဏ္ဏာသ-ဃဋိကာရသုတ်'ကို ထုတ်ဆောင် သင့်သော်လည်း အလွန်ကျယ်ဝန်းလှပြီဖြစ်၍ မထုတ်ဆောင် တော့ပေ။

**"သတိပြုစရာ"** ကျွန်ုပ်တို့ မျက်မှောက်ခေတ်တွင်မှ ဤလို အရိယာကြော်ငြာမျိုး အများအပြား တွေ့ရှိလာရသည်၊ မကြာ သေးသော တချိန်ကလည်း ဖလသမာပတ် ဝင်စားပြပုံများ သ တင်းစာများ၌ပင် တွေ့ရှိရ၏၊ ယခုလည်း အရိယာ အတင်းလုပ် ပေးသောနေရာများ ၂ မင်မှတက်လျှင် ၃ မင် ကူးသောအခါ၊ သားသမီးတွေနှင့် ဒုက္ခရောက်မည်စိုး၍ ဆရာက မတက်ပေးကြောင်း ထူးဆန်းထွေလာ ဖြစ်လာရသည်ကား၊ ကဿပသံယုတ် 'သဒ္ဓမ္မ ပဋိရူပကသုတ်'တွင် ဘုရားဟောထားသည့်အတိုင်း၊ သာသနာ ဆုတ်ယုတ်လာပြီဖြစ်၍ မဂ်တု,ဖိုလ်တု,တရားတုတွေ ပေါ်ပေါက် လာရလေပြီ။

ကျွန်ုပ်တို့ခေတ်မရောက်မီ၊ တောင်လေးလုံးဆရာတော်, မင်း ကွန်းဆရာတော်, လယ်တီဆရာတော် စသောဆရာတော်ကြီးများ မှာ ရဟန္တာဟူ၍ ဘင်ပေါ်အောင် ပြုလုပ်သွားကြသည်၊ ပစ္စည်း လာဘ်လာဘ စုံဆောင်းသွားကြသည်များကို လုံးဝ မတွေ့ရပေ၊

သို့ရာတွင် ရေးသားခဲ့သည့် ထိုဆရာတော်ကြီးတို့၏ အရည်အသွေးကား၊ ရဟန္တာတရား၊ အရိယာ အသုံးအနှုန်းမျိုးသာ တွေ့နေရသည်၊ထိုပုဂ္ဂိုလ်ကြီးများ စံလွန်တော်မူမှ ထူးဆန်းအံ့သြဖွယ်သော ရဟန္တာအဖြစ် သိကြရလေသည်။

ကျွန်ုပ်တို့ ပစ္စက္ခကာလတွင်ကား၊ တရား အားမထုတ်မိက၊ ရဟန္တာ စိတ်ကူး ထားကြသည့်လွှားမသိ၊ မိမိ ကိုယ်တိုင်လည်း ကြော်ငြာ၊ အခြား လိုလားသူများကလည်း ဘေးတီးပေးသဖြင့် ရဟန္တာတွေ ပေါများနေရကား 'နေဝင်ကာနီးမှ စပါးလှုန်းသူသည်+ခဏခဏမွှေပေးမှ နေရာကျမည်'ဖြစ်ရကား၊ သာသနာ နှောက်ပိုင်းလည်းဖြစ်၊ တရားတုတွေလည်းများ၊ ရဟန္တာတုတွေလည်း ပေါများသောကာလတွင် တရားစစ်တရားမှန်ကို ရှာဖွေနိုင်မှ, စိစစ်နိုင်မှ နေရာကျမည်၊ မိမိအတွက် လွတ်လမ်းတွေ့မည် ဖြစ်သောကြောင့် အင်းစိန်မှ ဓမ္မဒိတ်ဆွေအား ဘုရားရှင်လက်ထက်က ဤလို မရှိကဲ့ကြောင်း၊ ယခုအခါ ရဟန္တာဆိုတိုင်း၊ ကြော်ငြာကောင်းတိုင်း ယောင်၍မလိုက်ပါဘဲ၊ ဓမ္မက္ခန္ဓာ ဆရာကောင်းကိုသာ ရှာဖွေဆည်းကပ်ပါမှ' မိမိအတွက် လိုအပ်သော တရားရမည်ဖြစ်ကြောင်းတိုက်တွန်းအပ်ပါသည်။

"နိဂုံးချုပ်' ကျွန်ုပ်တို့သည်'အမှန်တရားရရန်' ဟူသော မဇ္ဈိမပဋိပဒါအကြောင်းနှင့် ပတ်သက်၍ အိပ်ဆောင် စာအုပ်ငယ်တအုပ် ရိုက်နှိပ်ထုတ်ဝေလိုက်ရာတွင် ထိုစာအုပ်ငယ်ကိုအကြောင်းပြု၍၊ မဇ္ဈိမပဋိပဒါနှင့် ပတ်သက်သော အချက်အလက်တို့ကို

ဆွေးနွေးရန် ဦးထွန်းလွင်ဆိုသူ ပုဂ္ဂိုလ်ကြီးတဦးနှင့် ၎င်း၏တပည့် ကိုတင်ဝင်းဆိုသူ ၂ ယောက်တို့သည် ကျွန်ုပ်နေရာ အိမ်သို့ တန်းတန်းမတ်မတ် ရောက်လာကြလျက်၊ သိလိုသော အချက်ပေါင်းများစွာ မေးမြန်းဆွေးနွေးသည်မှ 'မဇ္ဈိမပဋိပဒါ ရှင်းချက်' စာအုပ်တခု ထပ်မံပေါ်လာရသည်။

ထိုစာအုပ် ထွက်လာ၍ တလကျော်အချိန်တွင်၊ စာနှင့်တမျိုး လူကိုယ်တိုင်တဖုံ မေးမြန်းဆွေးနွေးကြသောအချက်တို့ကို တခုစီ တယောက်စီ ရှင်းပေးမနေတော့ဘဲ၊ စာအုပ်တခု ပြုစုခြင်းဖြင့် ထိုအမေး အားလုံး အဖြေပေးပြီးဖြစ်ပါသည်။

ထိုသို့ ဖြေကြားဆွေးနွေးရာ၌၊ မေးမြန်း ဆွေးနွေးကြသော အချက်မျိုးစုံကို မူတည်၍ အဖြေပေးရသောကြောင့် အချို့သော နေရာတို့တွင် ပုဂ္ဂိုလ်အနေအားဖြင့် မဟုတ်ခဲ့စကာမူ၊ တရား သဘောအရ၊ ထိခိုက်ကောင်း ထိခိုက်မည်ဖြစ်သည်ကို သဘောထားမိသည်၊ ထိုအခါ မိမိအဖြေကို မိမိ ပြန်စစ်ကြည့်သောအခါ၊ ခမ္မလမ်းကြောင်းသို့သာ ဝင်နေပါ၍ ပုဂ္ဂလ-အတွက် ခမ္မသည် လမ်းဖယ်ပေးရရိုး မရှိလေသောကြောင့် တွေ့ထိကောင်း တွေ့ထိမည် ဖြစ်သည်။

× × × ×
× × × ×
× × × ×

မြတ်စွာဘုရား၏ ဓမ္မက္ခန္ဓာ၊ ဒေသနာတော်များသည် အလုပ်လုပ်လာပြီး၊ ပြီးမြောက်အောင်မြင်ပြီးသော ဘုရားက၊ လုပ်နည်းလုပ်ကွက်ကို ပြန်ဟောထားခြင်းဖြစ်၍၊ စာအနေနှင့်ကြည့်လျှင် စာဖြစ်၍၊ အလုပ်အနေနှင့် လုပ်က အလုပ် ဖြစ်လေသောကြောင့် အလုပ်ကလည်းသောစာ ဒေသနာဖြစ်ကြောင်း ကျွန်ုပ်တို့ အကြွင်းမရှိ၊ မမှိတ်မသုံ့၊ မသွေမဖီ ခံယူ ထားခြင်းဖြစ်သည်၊ ထိုကြောင့် ကျွန်ုပ်တို့၏ခံယူချက် အားထုတ်နေသောတရားကို ဓမ္မက္ခန္ဓာ မှတ်ကျောက်တွင် အတိုက်ခံသည့် သဘောနှင့် ကိုးကားထားသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၏ နံပါတ်များပါ ဖေါ်ပြထား၏၊ ၎င်းတို့တွင် အကျယ်တဝင့် ရှာဖွေတိုက်ဆိုင်ကြည့်နိုင်ရန် ညွှန်ပြထားခြင်းဖြစ်ပါသည်(သမားဂုဏ်ပြ)ဟူ၍ သဘောမထားပါရန် အထူးတောင်းပန်ပါသည်။

× × × ×

× × × ×

× × × ×

ကျွန်ုပ်တို့မှာ မြတ်စွာဘုရား၏ တရား မူရင်း "ဓမ္မစက္ကပဝတ္တန" သုတ်တော်အတိုင်း၊ သတိပဋ္ဌာန် အခြေခံကို မဂ္ဂင်ဉာဏ်မှန်ရန် မဇ္ဈိမပဋိပဒါသမ်းစဉ်-တိကျရန် စိစစ် သုတေသနလုပ်ငန်းဖြင့် အားထုတ်ခြင်းဖြစ်ရာ၊ အခြေခံ ရုပ်နာမ် ပရမတ်မှန်ရေး၊ မဂ္ဂင်ဉာဏ်မဇ္ဈိမပဋိပဒါကျရေးသည် အလွန်ပင် အရေးကြီးသည့်

အလျောက်၊ ယင်းမဇ္ဈိမပဋိပဒါကို ဓမ္မက္ခန္ဓာအရ၊ စိစစ်၍ညှိနှိုင်း၍သာလျှင်၊ မိမိသည်လည်း အမှန်ကိုသိမြင်လျက်၊ အမှန်ကိုရှာဖွေလိုသော ယောဂီ သူတော်စင်များ တို့အားလည်း အမှန်ကိုရင်း၊ ကိုလေသာ အစွန်းအငြိကင်းသော မဇ္ဈိမပဋိပဒါကျကျ ရှုမြင်နိုင်ပါစေရန်ရင်း စေတနာထား၍ ရေးသားရသည်ဖြစ်ပါသည်။

ဤကောင်းမှုကြောင့် ဒုက္ခသစ္စာ ဆင်းရဲစုသော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ မဖြစ်ဝေးစွာ ချုပ်ငြိမ်းရပါစေသား.........။

ဆရာဦးကြည်
သစ္စာဒီပက–မူလဓမ္မာစရိယ။

မူလ ဓမ္မာစရိယ ဆရာဦးကြည်

၏

★ အရိယာလမ်း-မဂ်စခမ်း ★

မကြာမီ ထွက်တော့မည်။